စိတ်ကူးချိုချိုအနုပညာ

# သော်တာဆွေ

# ပပဝတီ



စတုတ္ထအကြိမ်

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ပပဝတီ
## သော်တာဆွေ

စတုတ္ထအကြိမ်၊ ၂၀၂၁

ပပဝတီ၊ သော်တာဆွေ
မျက်နှာဖုံးပန်းချီ - ထက်မိုး
စာမျက်နှာ ၂၁၅ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၁၊ စက်တင်ဘာလ၊ စတုတ္ထအကြိမ်၊ စိတ်ကူးချိုချို၏ တတိယအကြိမ်မှု၊ အုပ်ရေ ၅၀၀၊
ဒုတိယအကြိမ် - ပြုံးစာပေ၊ ၂၀၀၁၊

ရောင်းဈေး ၃ ၀ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

ဗုဒ္ဓေါမေ သရဏံ
ဓမ္မောမေ သရဏံနဲ့
ထွဋ်သံဃာ ရှင်တော်မြတ်ကို
ဆီးကပ်ရည်သန်။
ဘပီတာ မာတာမိရယ်နဲ့
အာစရိယပဥ္စနံ
ဆယ်ပြန်တဲ့ ထိပ်မိုး။
ကာယဝစီ
မနောငယ်တင်ချီလို့
အဉ္စလီ ဂါရဝရယ်နဲ့
ဦးချညွှတ်ကျိုး။

အနှီသို့လျှင် အနန္တောအနန္တငါးပါးကို ရှိခိုးပြီးသကာလ ယခု ကျွန်တော်၏ဝတ္ထုတွင် ဂေါမစွန်ဇာတ်လိုက်များပါဝင် အသုံးတော်ခံရမည် ဖြစ်ပေရကား၊ တာဝတိံသာ နတ်ထုတစ်ရပ်လုံး နားကြားပြင်းကပ်အောင် ဗေလုဝနတ်စောင်းကို အပြင်းအထန်ဆော်၍ သူရိယဒေဝစ္ဆနတ်သမီးကို နင်းကန်ဂေါ်နေသော ဂေါမစွန်နတ်သား ပဥ္စသိခ်သည် ကျွန်တော်၏ ကလောင်ကိုစောင်မပါစေသား။

# အခန်း (၁)

ဘာနုရာဓာ ဒေါင်းစကြာသည် အရှေ့ကပင်ထွက်ခဲ့၍ အနောက်သို့ပင် ဝင်မည်ဖြစ်သောနေ့တစ်နေ့ဝယ် ကျွန်တော်သည် သွားနေကျ 'မူးလိုက်ဘား'၌ ဘီယာသောက်ရင်း ဘီလိယက်ထိုးခဲ့၍ ညနေစောင်းသည်တွင် အိမ်သို့မပြန်သေးဘဲ လွတ်လပ်ရေးကျောက်တိုင်ကြီးတည်ရှိရာ ဗန္ဓုလပန်းခြံတွင်းသို့ လေညင်းခံရန် ရောက်ခဲ့ပါသည်။

ချိန်ရာသီမှာ ခါနွေကျူး၍ မိုးဦးကို ဖိတ်ခေါ်နေပြီဖြစ်ပေရကား၊ မိုးသားမိုးလိပ် မိုးရိပ်မိုးငွေ့တို့သည် ကောင်းကင်အာကာထက်မိုးပြာတွင် အမြွာလိုက် အစိုင်လိုက်၊ ဟိုငိုက်သည်ယိမ်း၊ တိမ်းကာကူးကာ၊ ရွေ့လျောကာဖြင့် သာယာပြန့်ပြူး၊ တောင်လေရူးလည်း တဖြူးဖြူးတိုက်ခတ်လျက် ရှိသည်ကို...။

ယင်းသို့ကြည်နူးဖွယ်ရာ လောကဓာတ်နှင့် ဇောမနဿကပ်ငြိပြီဆိုလျှင် လူတို့တွင် ဟိုရောက်သည်ရောက်၊ စိတ်ရူးပေါက်တတ်ကြသည် ဖြစ်ပေရာ၊ မိတ်ဆွေသာ ကျွန်တော့်နေရာ၌ ဖြစ်ဘိမူ အသို့ရှိမည် မသိသော်လည်း ကျွန်တော်မူကား ယင်းသည့်အခိုက်မှာ မိမိကိုယ်ပင်မိမိ အံ့ဩလိုက်မိပါသည်။ အကြောင်းမှာ ကျွန်တော်သည် မိတ်ဆွေသိသည့်အတိုင်းပင် အစဉ်သဖြင့် မြာကိုစိတ်ကူးနေသော မြာရူးတစ်ယောက်မဟုတ်ပါဘဲလျက်၊ ဤသာတောင့်သာယာအချိန်ကလေးတွင် အလွန်တရာချောမောလှပသော မိန်းမ

ပျိုကလေးတစ်ယောက်ကို တမ်းတလိုက်မိပါသည်။

ထိုမိန်းကလေးသည် ကျွန်တော်နှင့်မနီးမဝေးမှ "အမယ်လေး ကယ်တော်မူပါရှင့်"ဟု အော်သံကြားရ၍ ကျွန်တော်ကြည့်လိုက်သောအခါတွင် လူဆိုးတစ်ယောက်က သူ၏လက်ဝတ်လက်စားကို လုယူလျက်ရှိသည်။ ကျွန်တော်က ဇာတ်လိုက်စတိုင်အတိုင်း အင်္ကျီလက်မောင်းကိုပင့်၍ သူတို့ဆီပြေးသွားသောအခါ လူဆိုးက "ဟေး ... မဆိုင်သူမကပ်နဲ့ကွ" ဟုဆိုပြီး ခလုတ်နှိပ်မောင်းချဓားကြီးကို ဖျောက်ခနဲဖွင့်လိုက်ကာ ကျွန်တော့ရင်ကို တအားစိုက်လိုက်လေ၏။ သို့သော် ကျွန်တော်က ကျင်လည်စွာရှောင်၍ သူ့လက်ကိုဖမ်းလိမ်လိုက်ရာ ဓားမြေပေါ်သို့ ကျသွားသည်။ ဤအခါ၌ ကျွန်တော်က ပထမလက်သီးနှင့် သူ့ဗိုက်ကိုဆော်လိုက်၍ သူအင့်ခနဲရှေ့ငိုက်အလာ၌ ညာလက်သီးနှင့်မေးကို ပင့်ကော်လိုက်ရာ နောက်သို့တုံးခနဲကျသွားလေ၏။ ထိုမှ ကျွန်တော်က ဒိုင်ဗင်ထိုး၍ အုပ်လိုက်ရာ၌ အမယ် သူကလည်းမခေ၊ ခြေနှင့်ဆီးကန်လိုက်သဖြင့် ကျွန်တော်ခမျာလေး နောက်သို့ ပက်လက်လန်လဲကျသွားသည်။ သူအလျင်အမြန်ထ၍ ကျွန်တော့်ကို ဒိုင်ဗင်ထိုး၍အုပ်ပြန်သည်။ (ကျွန်တော့်လို ကောင်ကလည်းဘယ်ရမလဲ) ကျင်လည်စွာရှောင်လိုက်ခြင်းဖြင့် မြေပေါ်၌တစ်ယောက်တည်း မှောက်လျက်ဖြစ်နေလေ၏။

ထို့နောက်၌ကား ကျွန်တော်တို့ ပြိုင်တူထ၍ တစ်ယောက်နှင့်တစ်ယောက်အကြိတ်အနယ် တွယ်ကြတော့သည်။ သူတစ်ချက်၊ ငါတစ်ချက်ပါး စပ်က သွေးတွေဘာတွေထွက်လို့ အမေရိကန်ရုပ်ရှင်ဇာတ်လိုက်တို့အတိုင်း နံ့လိုက်ကြတာ အကြာကြီး။

ဤအခါ၌ သူငယ်မက ကျွန်တော့်အတွက် သဲထိတ်လို့ကိုဖိုဖြစ်နေရှာသည်။ မျက်လုံးကလေး ပြူးပြူး၊ ရင်ကလေး တမမနှင့်ပေါ့ခင်ဗျာ၊ အမယ်လေး ... ကျွန်မကယ်တဲ့လူ နိုင်ပါစေ၊ ကျွန်မကယ်တဲ့လူ နိုင်ပါစေ။

နောက်ဆုံး၌ကား မိတ်ဆွေမျှော်လင့်သည့်အတိုင်းပင် သူကလေး၏ဆုတောင်းပြည့်ပေတော့သည်။ လူဆိုးရှုံးကာ လက်လျှော့ထွက်ပြေးလေ၏။ ထိုအခါ၌ မချောချောကလေးသည် မောကြီးပန်းကြီးနှင့် ဟောဟဲဟောဟဲဖြစ်နေသော ကျွန်တော့ကိုယ်ကို သူ့ရင်ခွင်၌သွင်းကာ အင်မတန်မှ အင်မတန်ကရုဏာသက်လှသော အမူအရာနှင့် ကျွန်တော့်မျက်နှာက သွေးစသွေးနများကို သုတ်ပေးနေလေ၏။

ကျွန်တော်သည် ခေတ္တမျှ ကလေးမ၏ ပေါင်ပေါ်၌ မှိန်းနေပြီးနောက် အတော်အတန်အမောပြေသည်တွင် သူကလေး၏ပခုံးကိုလက်ဖြင့် ဖေးကာအားယူ၍ ထမည်ပြုလိုက်သည်၌

ကျွန်တော်၏ နောက်မှ

'ဟော့ ... အေးဆွေ'

ဟု ခပ်ဆောင့်ဆောင့်ခေါ်လိုက်သံကို ကြားရသည်၌ လူမှာ အိပ်မက်ကောင်းမက်နေတုန်း ရုတ်တရက် ဖနောင့်နှင့်ပေါက်အန္တိုးခံရဘိသို့ ရင်ထဲဒိတ်ခနဲဖြစ်သွားကာ လှည့်ကြည့်လိုက်သည်တွင် ကျွန်တော့်သူငယ်ချင်းဂြိုဟ်ကောင် တင်မောင်ကို...

"ဟော့ကောင် လန့်လိုက်တာကွာ"

"အောင်မလေး ... မင်းက နောက်ကနေခေါ်တာနဲ့များ လန့်နေရင် သခင်နုလို သိန်းငါးသောင်းတန် ကျည်ဆန်အာမခံ ကားဝယ်စီးနေလားကွ..."

"အံမာ... ငါသာ သူ့လို တိုင်းပြည်ကငွေကို ထင်သလိုသုံးနိုင်မယ်ဆိုရင်ကွာ မြို့ထဲဟိုနားသည်နား သွားတာတောင် မြေပြင်က မသွားဘူးကွ၊ ဟယ်လီကော့ပတာ(ရဟတ်ယာဉ်ပျံ) တစ်စီး ဝယ်ထားအုံးမယ်ကွ"

"ဒါဖြင့် .... မင်းသူ့လို... ဝန်ကြီးချုပ်ဖြစ်အောင် လုပ်ပါလားကွ"

"မင်းလို... ငါ့သူငယ်ချင်းက ဗိုလ်ချုပ် အောင်ဆန်းလို လူဆိုရင်ဖြစ်တာပေါ့ကွာ"

"အောင်မယ်လေး... ငါကပဲ မင့်အတွက် သေပေးနေရအုံးမှာလားကွာ၊ တော်စမ်းပါ"

"ငါ့ဗိုက်ထဲ ဘီယာတွေနဲ့ကွာ။ ကော်ဖီနဲ့ မဖြစ်ပါဘူး"

"မင့် ငါ ကော်ဖီတိုက်ဖို့ မဟုတ်ပါဘူးကွာ၊ ပြောစရာရှိလို့ပါ"

"လူရှုပ်တယ်ကွ၊ ငါ့ကိစ္စအရေးကြီးလို့"

"အင်း ... မင့်ကိစ္စမှန်သမျှ တုတ်တုတ်ခဲခဲကြီးချည်းပေါ့"

တင်မောင်ကို ကို မိတ်ဆွေသိပြီးဖြစ်ပေလိမ့်မည်။ ဒီကောင်မှာ ဂေါ်ကောင်သက်သက်ဖြစ်ပါသည်။ လူ့ဘဝသို့ ဤကိစ္စအတွက် သက်သက်ရောက်လာဘိသို့ ဆယ့်နှစ်ရာသီ ဤဂေါ်မှုနှင့် အလုပ်ရှုပ်လျက်ရှိပါသည်။ ဘယ်တော့မှ စွံတာလည်းမတွေ့ရသေး။ သူ့ဂေါ်ပွဲမှာ အစဥ်လည်းကောင်း၊

အလယ်၌လည်းကောင်း၊ အဆုံး၌လည်းကောင်း၊ တစ်နေရာရာတွင် တစ်နည်းနည်းဖြင့် အဆင်မပြေ၊ အခြေမလှဖြစ်၍ နေတတ်၏။ တစ်ခါတစ်ရံ၌ သူ့ဂေါ်ကိစ္စတွေမှာ ကျွန်တော့ကိုပင်လာရောက် ဂယက်ရိုက်တတ်လေရာ၊ မန္တလေးရွှေမြို့တော်မှာပင် နှစ်ကြိမ်မျှပေါ်ဦးကသူ့အတွက် ဆောင်ရွက်ပေးခဲ့ရပါသည်။ မိတ်ဆွေမှတ်မိဦးမလားတော့မသိ။ တစ်ကြိမ်က တောင်ပြုံးပွဲတော်မှာ နောက်တစ်ခါက ၅၁နှစ်နိုင်ငံတော် သင်္ကြန်တွင်း ရွှေခြေကျဉ်းမှု...။

ယခုလည်း ဤဂေါ်ကိစ္စမျိုးပင်ဖြစ်ရချေမည်။ သူ့၌ အခြား ဘာအလုပ်မှမရှိ။

ထို့ကြောင့် ရန်ကုန်မြို့တွင် နေရာသန့်သလောက် လူအရှင်းဆုံးဖြစ်သော ဘားမားကော်ဖီဟောက်စ်သို့ရောက်၍ နှစ်ယောက်သား ထိုင်မိကြသည်တွင် ကျွန်တော်က ...

"ကဲ တင်မောင်ကို မင့်ဟာ ဂေါ်ကိစ္စချည်းပဲ မဟုတ်လား"

သို့သော် ဒီကောင်မှာ ထုံးစံအတိုင်း မျက်နှာကိုရှုံ့ကာ

"မင်းပြောလိုက်ရင် ပေါ့ပျက်ပျက်ချည်းပဲ၊ ဒီတစ်ခါ တကယ်အရေးကြီးတယ်ကွ"

"အင်း မင့်ကိစ္စမှန်သမျှ သေးသေးသွယ်သွယ်ကို မရှိဘူး။ ဆင်နဲ့ဝေလငါးနဲ့ စပ်ကျတာချည်းပဲ"

"ဟေ့ကောင် တော်စမ်းကွာ၊ ဒီမှာ အေးဆွေ၊ မင်းအချစ်ရဲ့ သဘောတရားကို ဘယ်လောက်နားလည်သလဲ"

"ဟကောင်ရ၊ ငါ့ကိုယ်ကိုငါ ဟိုစာရေးဆရာတွေလို အချစ်အဘိဓမ္မာဆရာရယ်လို့လဲ တစ်ခါမှ မကြွားဖူးပါဘူးကွာ"

"တယ် အေးဆွေ စကားညွှန့်ရှည်လိုက်တာကွာ၊ ဒီမှာ ဟေ့ကောင် အချစ်စစ် အချစ်မှန်ဆိုရင် အဆင့်အတန်းမခွဲခြားဘူး မဟုတ်လား၊ အကောင်းပြောစမ်း ...."

"အင်း .... Love is blind အချစ်မှာ မျက်စိမရှိဘူးလို့တော့ ကြားဖူးတာပဲ"

ဤနေရာ၌ သူသည် ကိုယ်ကိုကြွ၍ စားပွဲကိုပင် လက်ဝါးစောင်းနှင့်ခုတ်လိုက်ကာ ...

"အေး ဒီစကားဟာ အင်မတည့် အင်မတန်မှန်တယ်ကွ၊ တကယ့်

ပညာ ရှိတွေရဲ့ စူးစမ်းလေ့လာချက်ပဲဟေ့၊ ဒီမှာ ငါအခု ဘယ်သူ့ကိုချစ်နေသလဲ မင်းသိရဲ့လား ...”

“ဘယ်သိမလဲကွ”

“ဆိတ်မကိုကွ”

“ဟယ်”

ကျွန်တော် မျက်လုံးကို ဖြဲလိုက်ကာ

“အဲဒါ အက်စ်ပီစီအေက မသိစေနဲ့ မင်းဒုက္ခရောက်လိမ့်မယ်”

“မင်းကကွာ ဆိတ်မဆိုတာ ငါတို့အိမ်က ကောင်မလေးကို ပြောတာကွ”

“ငါမှ မသိတာပဲကွာ”

“ထမင်းချက်တဲ့ ကောင်မလေးကွ”

“ဟင် မင်းဟာက အိမ်ကအစေခံ”

“အင်း၊ ဒါကြောင့် အချစ်စစ် အချစ်မှန်ဆိုတာ အဆင့်အတန်းမခွဲခြားဘူးမဟုတ်လားလို့ မင့် ငါမေးတာပေါ့ကွ၊ ဒီမှာ အချစ်စစ်အချစ်မှန် ဆိုတာလဲ ငါပြောပြဦးမယ်၊ မဒီတွေရှိုးပေးတဲ့နေရာမှာ မြာချော့ချော့ကိုရှာပြီး တမင်္ဂလာဂေါ်တဲ့ အချစ်မျိုးကို ခေါ်တာမဟုတ်ဘူးကွ၊ သူ့အလိုလိုမသိမသာ ဖာသိဖာသာပေါ်လာတဲ့ဟာမျိုးကိုမှ ခေါ်တာကွ၊ ဘယ်လိုလဲဆိုရင် ငါအခုချစ်နေတဲ့ ကောင်မလေးဟာ ငယ်ငယ်ကလေးကတည်းက ငါတို့အိမ်မှာ နေခဲ့တာကြာလှပြီ။ ဟိုတုန်းက ငါ သူ့ကိုဘယ်လိုမှ မအောက်မေ့ခဲ့ဘူး။ ဘယ်လိုမှ စိတ်မကူးခဲ့ဘူး။ ဒါပေမဲ့ နောက်သီတင်းနှစ်ပတ်လောက်ကမှ ငါသူ့ကိုကြည့်ရင်းကြည့်ရင်းနဲ့ ဘယ်လိုဖြစ်လာမှန်းမသိဘူး။ သနားသလိုလို တို့ခိုင်းစေရတာအားနာသလိုလိုကွဲ၊ သူ့ကိုမြင်ရင်လဲ ရတ်တရက်မျက်စိ မခွာနိုင်ဘူး။ စိုက်စိုက်ကြည့်နေမိတယ်ကွ ...”

“ကောင်မလေးက ဘယ်အရွယ်ရှိပြီမို့လဲ”

“၁၆နှစ်၊ ၁၇နှစ်ပေါ့ကွ”

“အင်း မင့်ဟာက တယ်ထူးဆန်းတာပဲ”

“အေး ဒါနဲ့ ငါ့ကိုယ်ငါ သေသေချာချာ စီစစ်ဝေဖန်ကြည့်တော့လားလား ငါသူ့ကို ချစ်နေတာကိုးကွ၊ အဲဒါမှ ထူးဆန်းတာကွ၊ ဖူးစာပဲလို့ အောက်မေ့တာပဲကွာ”

"အေး အဲဒါ မင်းဘယ်လိုလုပ်မလို့လဲ"

"ဒါ မင့်ခေါ်ပြီး တိုင်ပင်တာပေါ့ကွ"

"ယူသင့် မယူသင့်လား"

"မဟုတ်ဘူး၊ ဘယ်လိုရအောင် ယူရမလဲလို့"

"ဟာ ဒါက ကိုယ့်အိမ်ကကြက်၊ ကိုယ့်လက်ထဲနေတာဟာပဲ"

"မင်းက ဒါလောက်လွယ်တယ် မထင်နဲ့"

"မင်း စကြည့်ပါလား"

"ငါအတိအလင်းဖွင့်ပြောပြီးပြီ"

"ဒီတော့ ဘာပြန်ပြောလဲ"

"သူ့အမေပြောတဲ့"

"မင်းသူ့အမေ မပြောဝံ့ဘူးလား"

"ပြောတာပေါ့ကွ"

"ဒီတော့ ဘာပြန်ပြောလဲ"

"ငါ့ဦးကြီးပြောတဲ့"

"သူ့ဦးကြီးက ဘယ်မှာနေတာမို့လဲ"

"အို ငါ့အိမ်က ငါ့ဦးကြီးကို ပြောတာကွ"

"သြော် ဆောရီး"

ဒီကောင်မှာ မိဘမရှိ၊ ပစ္စည်းချမ်းသာသော ဦးကြီးတစ်ယောက်၏ အအုပ်အထိန်းနှင့်နေရသူ ဖြစ်ပါသည်။

"ဒီတော့ မင်းဦးကြီးက ဘာပြန်ပြောလဲ"

"ဟ ဦးကြီး ငါ ဘယ်ပြန်ပြောဝံ့မလဲဟ၊ ငါ့အိမ်က အစေခံယူမယ့်ဟာကို ဘယ်နည်းနဲ့မှ သဘောတူမှာမဟုတ်ဘူး"

"ဒါဖြင့် မင်းဘယ့်နှယ့်လုပ်မလဲ"

"အဲဒါတိုင်ပင်တာပေါ့ကွ"

"သြော် မင်းဦးကြီးကို ငါက နားချပေးစေချင်တယ် ဆိုပါတော့၊ ဒါပေမယ့် မင့်ဦးကြီးနဲ့ ငါနဲ့လည်းမရင်းနှီးပါလားကွာ"

"အမယ်လေး မင့်ကိုယ်မင်း ကြီးကျယ်လိုက်တာကွာ၊ ရင်းနှီးကောရမှာလားကွ၊ မင်းနဲ့ငါ ဘာထူးလို့လဲ ဒီမှာ ငါစိတ်ကူးရတာက မင့်လူ ပေါ်အူးဆီ အကြံဉာဏ်တောင်းရရင် ဟန်မလားလို့"

"အေး အဲဒါ ကောင်းသားပဲ"

"ဒါဖြင့် လုပ်စမ်းကွာ"

* * *

ထိုည ကျွန်တော်ပြန်ရောက်၍ ညစာ စားသောက်ပြီး စီးကရက် လက်ကြားညှပ်ကာ ဆိုဖာပေါ်မှာ ပက်လက်လှန်ရင်း ...

"ပေါ်အူးရေ"

"ဆရာ"

"မင်း ဘာလုပ်နေလဲဟေ့"

"စာဖတ်နေတယ်ဆရာ"

"ဘာစာတွေများလဲကွယ်"

"ကာလပေါ် မဂ္ဂဇင်းဝတ္ထုတွေပဲ ဆရာ"

"အေး ကောင်းတာပေါ့ကွာ ဒါနဲ့ ခဏလောက်ဟေ့"

"ဟုတ်ကဲ့ ဆရာ"

ပေါ်အူး ကျွန်တော့်အနီးသို့ ရောက်လာသောအခါ

"မင်းဦးနှောက်တော့ အညောင်းပြေရလိမ့်ဦးမယ်ဟေ့"

"ဘာလဲဆရာ"

"တင်မောင်ကို ကိစ္စ"

"အမိန့်ရှိပါ ဆရာ"

ကျွန်တော် တင်မောင်ကို၏ ပြဿနာကို ပြောပြီးနောက် ...

"အဲဒါပဲကွာ၊ ငါတော့ ဒီကောင်မိန်းမရသွားရင် အေးမှာပဲထင်တယ်။ နို့မဟုတ်ရင် ဒီကောင်က ဂေါ်ရောဂါ ခဏခဏထပြီး ငါတို့ကို လာလာဒုက္ခပေးတယ်ကွ၊ ဒီကောင်တော့ ရသွားစေချင်တာပဲကွာ၊ ကျွန်မပဲဖြစ်ဖြစ်၊ အစေခံမပဲဖြစ်ဖြစ် ..."

"ဘဝအခြေအနေအလျောက် အစေခံသာဆိုတယ်၊ ဒီသူငယ်မလေးက တော်တော်ချောတယ် ဆရာ၊ ဥပဓိရုပ်ကလည်း ကောင်းတယ်"

"ဒီသူငယ်မ မင်းသိတယ်လား"

"ကျွန်တော့်မိတ်ဆွေ ဒေါ်လိပ်မရဲ့ သမီးကလေးပဲဆရာ၊ ကျွန်တော့်ကို ဦးလေး၊ ဦးလေးနဲ့ အင်မတန်ခင်တယ်"

"ဒါဖြင့် ဒီကောင်မလေး တင်မောင်ကိုလို ပစ္စည်းချမ်းသာတဲ့ကောင်နဲ့ ရသွားရင် မင်း ဝမ်းသာမယ်ပေါ့"

"အိမ်ကြီးရာကြီးကို စီမံနိုင်တဲ့ စွမ်းရည်သတ္တိလည်းရှိပါတယ်ဆရာ၊ ကိုတင်မောင်ကို ဦးကြီး ဦးကျော်မင်းလို ဂျီယိပတ္တိများတဲ့ လူကြီးမျိုးတောင် သဘောကျဖြစ်အောင် ဆောင်ရွက်နိုင်တာ"

"ဟော မင်းဦးကျော်မင်းကြီး သဘောလည်း သိတယ်လား၊ ဒီလူကြီးက ဘယ်လိုလဲကွ"

"အရင် သူ့အိမ်မှာ ထမင်းချက်လုပ်သွားတဲ့ အခု ကောင်မလေးရဲ့ ဆရာပေါ့၊ ဒေါ်ဖွားမှီ ရှိတုန်းကတည်းက ကျွန်တော်သိရတာဖြင့် ဒီလူကြီးက အင်မတန် ထမင်းကောင်း ဟင်းကောင်းကြိုက်တယ်။ အစားအသောက်မက် မောတယ်"

"ဟာ ဒီလိုဆိုရင် ငါစိတ်ကူးရတယ်ဟေ့၊ မင်း ငါ့အဒေါ် အန်တီမြ သိတယ်မှုတ်လား၊ အေး သူ့ယောကျ်ားလဲ ဒီလိုပဲ အစားကြူးတဲ့လူပဲကွ၊ဒီ တော့ အန်တီမြက သူ့ဆီက တစ်ခုခုနှုးချင်ပြီဆိုရင် သူထမင်းစားသောက် ကောင်းပြီး ကျေနပ်တဲ့အချိန်အခါမှာ ပြောရသတဲ့ကွ၊ အဲဒီအခါမှာ ဆိုရတာပဲ တဲ့၊ အဲ သူဟင်းစိတ်ကြိုက်မတွေ့လို့ စားသောက်မကောင်းဘူးဆိုရင်ဖြင့် "ကို ကို ညဥ့်နက်လှပြီ အိပ်ရအောင်"ဆိုတာတောင် စိတ်ဆိုးသတဲ့ကွ၊ ဒီတော့ ဦးကျော်မင်းကြီးလည်း သူထမင်းစားမြိန်လို့ဇိမ်တွေ့နေတဲ့အခါ တင်မောင်ကို ကိစ္စပြောရရင်လွယ်လိမ့်မယ်လို့ မင်းစိတ်ကူးရတယ် မဟုတ်လား"

"ဖြစ်နိုင်တဲ့ သဘောတရားပါပဲဆရာ၊ ဒါပေမဲ့ ကျွန်တော်သိရတာက အခု ဦးကျော်မင်းမှာ နာမကျန်းဖြစ်နေလို့ ဆရာဝန်ပေးတဲ့ဓာတ်စာပဲ စား နေရသတဲ့ဆရာ"

"ဟော ဘာရောဂါတဲ့လဲကွ"

"ဘာရောဂါလဲတော့ ကျွန်တော်မသိဘူး ဆရာ၊ အစားပျက်အသောက် ပျက်နဲ့ အိပ်ရာထဲလဲ့လဲ့နေပြီး နေ့လည်နေ့ခင်းမှာဆိုရင် သူစိတ်ပြေလက် ပျောက်ဆိုပြီး ကာလပေါ်ဝတ္ထုတွေ ဖတ်ဖတ်ပြရသတဲ့ ဆရာ"

"ဘယ်သူက ဖတ်ပြရတာတဲ့လဲ"

"သူ့ ကားဒရိုင်ဘာကတဲ့ ဆရာ"

"အင်း ဒီအခြေအနေကတော့ အခက်ပဲ၊ လတ်တလောဆိုတော့ မင်း

ဘယ်လိုသဘောရသလဲကွ"

"စာဖတ်ပေးတဲ့နေရာမှာ ဒရိုင်ဘာအစား ကိုတင်မောင်ကိုဖတ်ရင် ကောင်းမယ်ထင်တယ် ဆရာ"

"အေး ဒီလို နာမကျန်းဖြစ်တဲ့အခါမှာ သူက ဂရုတစိုက်ပြုစုတယ်ဆို တော့ ဟိုကိစ္စပြောကောင်းတာပေါ့ကွယ်၊ မင့်အကြံကောင်းတယ်ဟေ့"

"ကျွန်တော့်ရည်ရွယ်ချက်က ဒါတင်မဟုတ်သေးဘူး ဆရာ၊ အရေး ကြီးတာက ဖတ်တဲ့စာအုပ်ကို ကိုတင်မောင်ကို ရွေးဖို့လိုတယ် ဆရာ"

"ဘယ်လို စာအုပ်ရွေးရမှာလဲ"

အခု ကိုတင်မောင်ကို ကိစ္စက အိမ်ကအစေခံ လက်ထပ်ခွင့်ပြုဖို့ နှုး ရမှာဆိုတော့ လူ့အဆင့်အတန်းမခွဲဘဲ အောက်တန်းစား အလုပ်သမားကို အသားပေးတဲ့ ဝတ္ထုမျိုးကို ဆရာ"

"အေး ဒီစာအုပ်မျိုးက အခုခေတ်မှာ ရှိသေးရဲ့လားကွ၊ ငါ ငါ့ သူငယ်ချင်း စာရေးဆရာအောင်မြသွင်ဆီက ကြားဖူးတာဖြင့် ခုခေတ်ဝတ္ထုတွေဟာ အရပ် ငါးပေ ဆယ်လက်မ ရင်အုပ်တစ်ထောင့်ထွာ ဘိလပ်ပြန်ကောင်နဲ့ အရေးပိုင် သမီးညားသွားတာတို့၊ လင်ကအယူသီး မယားကထူထိုင်းထိုင်းနဲ့ ယောက်ျားက ကပ်တီးကပ်ဖဲ့ အပြစ်ရှာနေတာပဲ အဟုတ်ကြီးလုပ်ပြီး သင်ခန်းစာပေးနေတာတို့၊ မိန်းကလေးကြိုက်ချင်ရဲ့ ယောက်ျားလေးက မဂေါ်တတ်လို့ မျက်ရည်တရွဲရွဲ ကျနေတာတို့၊ နောက်ပိုးလို့ မစွံတာနဲ့ ဒီလူနေမှုစံနစ်ကြီးက မကောင်းပါ ဘူးဆိုပြီး တောခို သွားတာတို့၊ အဲဒါမျိုးတွေပဲများသတဲ့"

"ဟုတ်တော့ ဟုတ်ပါတယ် ဆရာ၊ ဒါပေမဲ့ ဆရာ 'ချစ်တာမေတ္တာ ပဓာနမို့' ဆိုတဲ့ ဝတ္ထုတွေ့ဖူးလား ဆရာ"

"တွေ့ဖူးပေါင်ကွယ်"

"နို့ပြီး 'မီးဖိုချောင်ထဲက မိန်းမပျို' ဆိုတာကော ဆရာ အဲဒီစာရေး ဆရာပဲ"

"ကြားဖူးပေါင်ကွယ် စာရေးဆရာနာမည်က ဘယ်သူလဲ"

"ပပဝတီတဲ့ ဆရာ"

"ဟေ ပပဝတီ မိန်းမစာရေးဆရာလား"

"အသေအချာတော့ မသိဘူး ဆရာ၊ အများအားဖြင့်တော့ မိန်းမလို့ ထင်ကြတာပဲ ခုခေတ်မှာ တော်တော်လူကြိုက်များတယ်။ သူရေးတဲ့ ဝတ္ထု

တွေမှာဆိုရင် အများအားဖြင့် ဈေးရောင်းတဲ့ ခေါင်းရွက်သယ်ကလေးတို့ ဆေးလိပ်ခုံကလေးမတို့ အပ်ချုပ်သယ်မလေးတို့ အစေခံမကလေးတို့ အဲသလိုအားနည်းတဲ့အဆင့်အတန်းကို အင်မတန်အသားပေးတယ် ဆရာဝန်ကြီးတစ်ပါး၏ ရွှေမေတ္တာဆိုတဲ့ ဝတ္ထုများ အစေခံတန်းလျားက ဒရိုင်ဘာ အဘိုးကြီးသမီးကလေးကို တစ်ခါတည်း အဆင့်အတန်းမြင့်အောင် ရေးထားလိုက်တာ ဇာတ်ကွက်ယူပုံ၊ သယ်ပုံဟာ တယ်အံ့ဩစရာ ကောင်းတာပဲ၊ သူ့ဝတ္ထုမကြိုက်တဲ့ လူမရှိဘူး၊ လူတိုင်း လက်ခံနိုင်တယ်၊ သူများဆိုရင် အမြဲတမ်းအပြစ်ရှာနေချင်ကြတဲ့ လက်ဝဲစာရေးဆရာဆိုတဲ့လူတွေတောင်မှ အဲဒီဝတ္ထုကျတော့ချီးမွမ်းစာရေးကြတယ် ဆရာ၊ အဲဒီတော့ ဦးကျော်မင်းကို ဒီပပဝတီရေးတဲ့ ဝတ္ထုတွေ ဖတ်ဖတ်ပြမယ်ဆိုရင် ကြာတော့ အောက်တန်းစားကို နှိမ့်ချတဲ့ စိတ်ပျောက်ပြီး သူ့တူကို သဘောတူလာနိုင်စရာ အကြောင်းရှိပါတယ်"

"အား ကောင်းတယ်ဟေ့၊ မင့်စိတ်ကူး၊ ဒါနဲ့ ဒီစာအုပ်တွေ လွယ်လွယ်ရမလား"

"ဆိုင်တွေမှာတော့တွေ့ဖို့ခဲယဉ်းတယ်ဆရာ၊ ပပဝတီ စာအုပ်ဆိုရင် ထွက်လိုက်ရင် ပြိုက်ခနဲကုန်တာပဲ၊ ဒါပေမဲ့ ကျွန်တော့် အသိမကလေး မစမ်းမြင့်ဆီမှာ ပပဝတီဝတ္ထုဆိုရင် အကုန်လိုလိုပဲ ရှိတယ်ဆရာ"

"သူ့ဆီက ဝယ်လို့ရမယ်တဲ့လား"

"ဝယ်လို့တော့မရဘူးဆရာ၊ သူက ဖတ်ရုံတင် မဟုတ်ဘူး။ အမြတ်တနိုးသိမ်းထားတာပဲ၊ ငှားလို့တော့ရမယ်။ ကျွန်တော် သူ့ဆီက မကြာခဏငှားနေတာပဲ"

"ဒါဖြင့် မင်းငှားပေးနိုင်မယ်ပေါ့"

"ဟုတ်ကဲ့ ဒါပေမဲ့ ကောင်မလေးက ဆင်းရဲတယ်။ အပ်ချုပ်ကြယ်သီးတပ်စားရတော့ သူ့မုန့်ဖိုးကလေးရအောင် ကိုတင်မောင်ဆီက ..."

"ငါနားလည်ပါပြီကွယ်၊ မင်းလဲ ပပဝတီစာတွေ ဖတ်တာနဲ့ အောက်တန်းစား သနားတဲ့စိတ်၊ မ,စချင်တဲ့စိတ် ရှိလာပြီထင်တယ်"

"ဆိုပါတော့ ဆရာ"

"ကဲ ဒါဖြင့် မင်း စာအုပ်ငှားဖို့ တာဝန်ယူကွယ်၊ မနက်တော့ ငါ တင်မောင်ကိုဆီ အကြောင်းကြားလိုက်မယ်"

"ကောင်းပါပြီ ဆရာ"

* * *

စာအုပ်လေးအုပ်မျှ ငှားပေးလိုက်ပြီးနောက် သုံးရက်မျှအကြာတွင် တင်မောင်ကိုဆီက သတင်းရောက်လာပေသည်။

"ပေါ်အူးရေ"

"ဆရာ"

"တင်မောင်ကို အခြေအနေတော့ အတော်ဟန်လာပြီဆိုပဲကွဲ့"

"ဟုတ်ကဲ့ဆရာ"

"နှစ်အုပ်ပဲဖတ်ရသေးတယ်၊ ဒီစာရေးဆရာ ဘယ်သူလဲ သူရေးတဲ့ စာအုပ်တွေ ရသမျှရှာဝယ်ပါလို့ ပြောသတဲ့ကွ"

"ပပဝတီက ပရိသတ်အတော်စွဲတယ်ဆရာ"

"နို့ပြီး ဝန်ကြီးတစ်ပါးရဲ့ ရွှေမေတ္တာဝတ္ထုမှာ ကောင်မလေးရဲ့ လွမ်းခန်းက တယ်ထိဆိုပဲ သူဖတ်ပြနေတုန်းမှာပဲ အိပ်ရာထဲကအဘိုးကြီးဟာ မျက်စိ ဝါးရင်းတုတ်မှန်တဲ့ နွားအိုကြီးလိုမျက်ရည်တွေ တွေတွေ တွေတွေ ကျလာ တယ်ဆိုပဲကွ"

"ဟုတ်လားဆရာ"

"အေးတဲ့ကွ နို့ပြီး 'ချစ်မေတ္တာပဓာနမို့' ဆိုတဲ့ ဝတ္ထုကျတော့ အဘိုးကြီး အိပ်ရင်းတောင် မဟုတ်ဘူး။ တစ်ခါတည်း တစ်စောင်းကြီးထပြီး နားထောင် တော့သတဲ့၊ ချစ်ခန်းကြိုက်ခန်း တယ်ဆန်းဆိုပဲကွ"

"ပပဝတီဝတ္ထုမှာ မက်စရာအများကြီးပါတယ် ဆရာ"

"ပုစွန်ဆိတ်ကလေး ငယ်ပေမယ့်"ဝတ္ထုကျတော့ သူတယ်အံ့သြဆိုပဲ၊ လည်ချောင်းထဲ လောက်စလုံးနင်သလို မျက်လုံးကြီးပြူး ပါးစပ်ကြီး ဖြဲဖြဲ ပြီး "ဟင် ဖြစ်နိုင်ပါ့မလား ဟုတ်နိုင်ပါ့မလားနဲ့ စုတ်တသတ်သတ်ရင်တမမ ဆိုပဲကွ"

"အတော်ထိဟန်တူရဲ့ ဆရာ"

"အေးကွ နို့ပြီး ဒီစာအုပ်တွေလည်း ဘယ်ကရလာလဲ ငှားလာတာ ဆိုတော့ ပြန်မပေးပါနဲ့ တောင်းသမျှဈေးနဲ့ဝယ်ပါလို့ ပြောသတဲ့ကွ၊ တစ်ချို့ နေရာမှာ အောက်ကမင်နဲ့ခြစ်ခိုင်းထားပြီး သူကိုယ်တိုင် တစ်ယောက်တည်း

ပြန်ပြန်ဖတ်သေးသတဲ့ကွ၊ အဲဒါ မင့်သူငယ်မလေး မေးလိုက်ပေတော့၊ တစ်အုပ်ဘယ်လောက်ရ ရောင်းမလဲလို့"

"ဒီကောင်မလေးတော့ အကျိုးဖိုးရအောင် လုပ်ပေးလိုက်ဦးမှပဲ ဆရာ"

"မင်းသဘောရှိကွာ ဦးကျော်မင်းက သူ့ငွေးပဲ၊ နို့ပြီး နောက်ထပ်စာအုပ်လည်း ယူပေးလိုက်ဦးကွ၊ အရင်ပေးလိုက်တဲ့လေးအုပ်ဟာ သုံးအုပ်ဖတ်ပြီးပြီ၊ တစ်အုပ်ပဲ ကျန်တော့သတဲ့"

"ကောင်းပါပြီ ဆရာ"

"ကောင်းမလေးဆီမှာ စာအုပ်များများ ရှိသေးလား"

"ပပဝတီရေးတာတွေ အကုန်ပဲရှိတယ်ဆရာ"

"အေး ဦးကျော်မင်းက ဒရိုင်ဘာငွေပေးပြီးတော့ ပပဝတီဝတ္ထုတွေဆိုင်တွေမှာ လျှောက်ရှာခိုင်းသတဲ့၊ မရတဲ့စာအုပ်ဆိုရင်ဖြင့် မင့်ကောင်မလေးဈေးကောင်းနဲ့ ရောင်းရမှာပဲ"

"မနေ့ကပဲ ဒရိုင်ဘာကိုမြဟန်ကို စာအုပ်ဆိုင်တန်းမှာ တွေ့လို့ အကျိုးအကြောင်းပြောတာနဲ့ လျှောက်ရှာချင်ယောင်ဆောင် အချိန်ဖြုန်းပြီး တစ်အုပ်မှမတွေ့ဘူးလို့ ပြောခိုင်းလိုက်တယ် ဆရာ"

"မင်း တယ် ကြံ့တင်မြော်မြင်တဲ့ကောင်ပဲကွ"

"ဆင်ရဲသူမလေး အကျိုးရှိမယ်ဆိုရင် ကျွန်တော် ဆောင်ရွက်ရမှာပဲ"

"တယ် .... ကွန်မြူနစ် ဆန်သကွာ"

❑

## အခန်း (၂)

ဤမှ သီတင်းတစ်ပတ်မျှအကြာတွင် ဝမ်းသာရွှင်မြူး ကမူးရှူးထိုး မျက်နှာနှင့် တင်မောင်ကိုရောက်လာကာ ပပဝတီဝတ္ထုတွေ သူ့ဦးကြီးသဘော ကျပုံ၊ ယခု အတော်အတန် ကျန်းမာလာပုံ၊ သူ့ကိုလည်း တောင်းသမျှပိုက်ဆံ ပေးပုံတို့ကို ပြောပြပြီးနောက်

"ဒါထက် အေးဆွေ၊ ငါ့ ဦးကြီးက မင့်ကိုမနက်ဖန်ခါမနက် ထမင်း စား ဖိတ်လိုက်တယ်ကွ"

ကျွန်တော် အံ့အားသင့်ကာ ...

"ဘာ ငါ့ကို ထမင်းစားဖိတ်တယ်"

"အေး မင်းမလာရင်တော့ သူ စိတ်မကောင်းဖြစ်မှာပဲတဲ့"

"ဟ မင့်ဦးကြီးနဲ့ငါနဲ့လဲ သိတာမဟုတ်ပဲနဲ့"

"အခု သိနေပြီကွ၊ ငါပြောလို့"

"မင်းဘာတွေပြောလဲ"

"အိုကွာ ဒီမင်းနဲ့ငါနဲ့ဟာ ကျောင်းနေဖက်သူငယ်ချင်းဖြစ်တယ် တစ် ယောက်နဲ့တစ်ယောက်ဟာ အင်မတန်ချစ်ခင်တယ် ဘာညာပေါ့ကွာ"

"ဟ ဒါလောက်နဲ့လည်း ငါလာရင် စိတ်မကောင်းဖြစ်ရမယ့် အခြေ အနေ မရောက်သေးပါဘူးကွာ"

"နို့ပြီးကွာ မင်းနဲ့ငါက ကျောင်းဘော်ဒါတုန်းကဆိုရင် တစ်ယောက် ပစ္စည်းတစ်ယောက် ယူပေါင်တောင်၊ စိတ်မဆိုးကြဘူးဆိုတာတွေလည်း ပြောသေးတာကိုးကွ"

"အို ဒါနဲ့လည်း မဟုတ်နိုင်သေးပါဘူးကွာ"

"ဟုတ် ဟုတ် မဟုတ်ဟုတ်ကွာ အေးဆွေ မင်းငါ့အတွက် လာရမယ်ကွာ"

"မလာချင်ဘူးကွာ၊ ငါနဲ့မရင်းနှီးတဲ့သူရဲ့ထမင်းကို မစားတတ်ဘူးကွာ"

"မင့်အတွက် တမင်လုပ်တာပဲကွာ"

"ငါ့အတွက် တမင်လုပ်ရအောင်လည်း အကြောင်းမရှိပါဘူးကွာ၊ နို့ပြီး နက်ဖန်ခါ ဘိလိယက်ချိန်းဝိုင်းရှိတယ်ကွ၊ သိပ်ကြည့်ကောင်းမယ်"

"မင်း ဘိလိယက်နေ့တိုင်းမြင်နေရတာပဲကွာ၊ ငါ့ ကောင်မလေးချက်တဲ့ထမင်းဟင်းစားရင်းနဲ့ မင်းသူငယ်ချင်းရဲ့ ဇနီးလောင်းကလေး ကြည့်ရအောင်လာပါကွာ၊ အင်မတန် ချောတယ်ကွ၊ ရွှံ့ညွန်ထဲက ကြာပွင့်"

"ရွှံ့ညွန်ထဲက ကြာပွင့်မကလို့ တော်ဝင်တဲ့သဇင်ပန်းပဲဖြစ်ဖြစ် သက္ကလပ်ဖျင်စိမ်းပေါ်က ဘိလိယက်ဘောလ်လောက် ကြည့်ကောင်းမယ် မထင်ပါဘူးကွာ"

သို့သော် ဒီကောင်မှာ ကျွန်တော်က အေးအေးဆေးဆေး ပြောသလောက် သူ့မှာ အရေးတကြီးဖြစ်ကာ ကျွန်တော့် ဒူးကိုဆုပ်ကိုင်ပြီး ...

"ဒီမှာ အေးဆွေ မင်းနဲ့ငါနဲ့ဟာ ကျောင်းနေဖက် သူငယ်ချင်းပါ"

"ဒါ ငါမငြင်းပါဘူးကွာ"

"နို့ပြီး အချစ်ဆုံးသူငယ်ချင်း"

"ဆိုပါတော့"

"ဒီတော့ မနက်ဖြန် လာဖြစ်အောင် လာပါကွာ"

"မလာနိုင်ဘူးကွာ၊ ငါနက်ဖြန်ခါ ချန်ပီယန်ကိုဂေါ်ရာဘက်က ငွေငါးဆယ်တောင် လောင်းထားတယ်"

"လောင်းကောကွာ မင်းနိုင်ရင် ရမှာပဲ မဟုတ်လား"

"ကြည့်ရတဲ့အရာသာ ခံစားချင်သေးတာကိုးကွ"

"ဒီမှာ အေးဆွေ ကျောင်းနေတုန်းက မင်း ငါ့ဘန်ကောက်လုံချည်ယူပေါင်တော့ ငါဘာပြောလဲ"

"အောင်မာ အောင်မာ မင်းငါ့နာရီကို ယူရောင်းပစ်လိုက်တာကော"

"နို့ပြီး ငါမင့်အသက်ကို ကယ်ဆယ်ဖူးတာကော"

"ဟော ဘယ်တုန်းကလဲ"

"မင်း ကန်တော်ကြီးမှာ ရေနစ်တုန်းကလေ"

"အလို ငါ ကန်တော်ကြီးမှာ တစ်ခါမှ ရေမချိုးဖူးပါလား"

"ဒါဖြင့် အင်းလျားမှာ ဖြစ်ပါလိမ့်မယ်"

"ဟော ငါဘယ်မှာမှ ရေမနစ်ခဲ့ပါဘူးကွ၊ ရေထဲဆင်း ကမြင်းတဲ့ ကောင်းစားမျိုးလည်း မဟုတ်ဘူး"

"ဒါဖြင့် မင်းမဟုတ်ရင် ငါကယ်ဆယ်ခဲ့တာ တို့သူငယ်ချင်းထဲက တစ်ယောက်ယောက် ဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ မင်းကျောင်းမှာ တုပ်ကွေးဖြစ်တုန်းက ဆရာဝန်ခေါ်ပေးတာတော့ ငါပဲကွ၊ ဒါကို မင်းငြင်းဦးမှာလား"

"မငြင်းပါဘူးကွာ၊ ဟုတ်ပါတယ်၊ ကဲ နားငြီးတယ်ပြန်ပါတော့ မြင်းမိုရ်တောင်ဦး မကကျူးတဲ့ ကျေးဇူးရှင်ကြီးရယ်"

"မင်း နက်ဖြန်လာမယ်တဲ့လား"

"မလာဘူးလို့ဆိုနေ"

သူ ကျွန်တော့်ဒူးကို ပွတ်ပြန်ကာ ...

"ဒီမှာ အေးဆွေ မင်းနဲ့ငါနဲ့ဟာ ကျောင်းနေဖက် သူငယ်ချင်းပါကွာ"

ဒီကောင်မှာ ပြောစရာအပေါက်အစကုန်လျှင် ယခုတင်က စကားတွေ ပင်ပြန်ကောက်တော့မည်ဖြစ်ကြောင်း သူ့ဓာတ် ကျွန်တော်သိပြီးသည်နှင့်၊ ထို့ပြင်လည်း ဒီကောင်မှာ ကျွန်တော့်ကိုဆိုလျှင် သူ့ဆန္ဒမပြည့်မချင်းတောက်တဲ့ကပ်သလို ပူဆာတတ်သောကြောင့် ကျွန်တော်ကိုယ်တိုင်မှာလည်း ဘယ်နေရာမှထပ်ပြီး ခေါင်းမာလှသူ မဟုတ်ရကား....

"ကဲ ... ကဲ နောက်ကြောင်းပြန်မနေနဲ့တော့ လာမယ်ဟေ့ လာမယ်ကြွတော်မူတော့"

"ဒါဖြင့် စာရေးပေးလိုက်ဦးကွာ"

"ဟ ဘာစာရေးရမှာလဲ"

"မင်းလာမယ့်အကြောင်းပေါ့"

"ဟ လိုသေးသလားဟ လာမယ်ဆိုမှပဲ"

"လိုတယ်ကွာ၊ အခြေအနေအရ လိုနေလို့ပါ"

"ဘာအခြေအနေလဲ"

"ငါ့အတွက် အခြေအနေပါ"

"ရှုပ်လိုက်တာကွာ"

"ရော့ ရေးပါ"

စာရွက်နဲ့ဖောင်တိန် ဖွင့်ပေးပါသည်။

"ဘယ်လိုရေးရမှာလဲ"

"ဦးမင်းရဲ့ဖိတ်ခေါ်ချက်ကို ဝမ်းသာအားရလက်ခံပါသည် ဆိုပြီး မင့်ဆိုင်းထိုးရုံပေါ့ကွာ"

"ရှုပ်တယ်ကွာ ဒီကောင့်နှယ်"

ဟုဆိုပြီး ကျွန်တော် အေးမှ အေးစေတော့ဟု ရေးပေးလိုက်ရပါသည်။

သူသည် စာရွက်ကို မင်ခြောက်အောင်မှုတ်၍ သပ်ရပ်စွာခေါက်ပြီး အိတ်ထဲထည့်ကာ ...

"နက်ဖြန်ခါ ဆယ်နာရီရောက်အောင် လာခဲ့ကွနော်"

"အေးပါကွာ၊ သွားစမ်းပါမြန်မြန်၊ ငါမင့်အတွက် ခေါင်းရှုပ်ကရော"

ကျွန်တော်မှာ နောက်တစ်နေ့မနက်၌ ဒီကောင့်အတွက် ဘိလိယက်ချိန်းပွဲကြီးကိုမှ မသွားနိုင်ဘဲ ကျွန်တော့်ထုံးစံအတိုင်း အဝတ်အစားကို စမတ်ကျကျဝတ်ကာ သူ့ဦးကြီးအိမ်သို့ လာခဲ့ရပါတော့သည်။

ဘယ်လိုအခြေအနေများဖြစ်ဦးမလဲဟု ရင်ထဲမှာတော့ တထိတ်ထိတ်..

အမယ်လေး တကယ်ပဲ အံ့သြရပါတော့သည်။ ဖြစ်ရပုံများ ...

အကြောင်းမှာ သူတို့တိုက်ပေါ်တီကိုအောက် ကျွန်တော့်မော်တော်ကားရပ်လိုက်လျှင်ရပ်လိုက်ခြင်း ဦးကျော်မင်းကြီးကိုယ်တိုင် ကားတံခါးလာဖွင့်ပေးပြီး ...

"ကြွပါဆရာ ကြွပါ ကျုပ်တူနဲ့ပတ်သက်ပြီး ဒီလိုဂုဏ်ပြုတာ ဝမ်းသာလှပါတယ်။ မင်္ဂလာရှိတဲ့ နံနက်ခင်းပါပဲ၊ ဆရာ့ကို တွေ့ချင်တဲ့ သူငယ်တွေလည်း အထဲမှာစောင့်နေကြပါတယ်။ သြော် အသက်ကလည်း ငယ်ငယ်ပဲရှိပါသလား"

ကျွန်တော် ရုတ်တရက် ဘာပြန်ပြောရမှန်း ဘယ်မျက်နှာထားရမှန်းမသိ၊ အူကြောင်ကြောင်ဖြစ်နေရာ လူကြီးကပင် ဆက်လက်၍ ...

"ဆရာ ဦးထုပ်ပေးပါဆရာ"

ကျွန်တော့်လက်ထဲ ဆွဲယူပါသည်။

ခက်ချည့်ရဲ့ ...

ကျွန်တော် ဒီအသက်အရွယ်ထိ ဒီလိုကြီးမျိုး၏အရိုအသေကို တစ်ခါ

မှုမခံစားဖူးသေးပါ။ ကိုရင်ဝတ်တုန်းကလည်း ဤရိုသေမှုမျိုးကို မန္တလေး အဘွားကြီးတွေထံမှပင် မရခဲ့ဘူး။ ထူးပေ၏။ ဆန်းပေ၏။ ထူးတာဆန်းတာ ထက် အဘယ့်ကဲ့သို့ ဂြိုဟ်ဆိုးများဝင်လာဘိသနည်း။ အကောင်းလော၊ အဆိုးလေ။

"ညှော့ခန်းသို့ ရောက်သောအခါလည်း နှုတ်ခမ်းပါးနီ အမောက်ထောင် ကလေးမ လေးယောက်က ကျွန်တော့်အား တောင်တန်းသားများ ဝန်ကြီးချုပ် ကို ဖူးမြော်ကြသလို ရှုပေးနေကြပါသည်။

ကျွန်တော် ဆိုဖာတစ်ခုတွင်ထိုင်မိလျှင် ဦးကျော်မင်းကြီးက လက်ယာ ဘက်ဆုံးက ရင်ကြီးကြီးနဲ့ သူငယ်မကို ညွှန်ပြ၍...

"ဒါက ကျူပ်တူမ မာဂရက် ခင်သန်းမြင့်ပါပဲ၊ ဆရာ့ကို တွေ့ချင်တာနဲ့ သူ့အဖော်တွေနဲ့ လာနေကြတာ"

ကျွန်တော်က သွားကိုဖြဲပြ၍ မာဂရက်ခင်သန်းမြင့်က ပြုံးအက်အက် နှင့်ဦးညွှတ်ပြီး သူ့နံဘေးက အမောက်ထောင် မိန်းမပျိုကို ညွှန်ပြကာ ...

"ဒါက ရိုစီခင်ဖြူဖွေးပါ၊ သူငယ်ချင်းတွေက 'ဗိုလ်မ' လို့လည်း ခေါ် တယ် မြင့်တို့ ဘင်တန်ဟောကပါပဲ"

ခင်ဖြူဖွေးသည် သူ၏ဖြူဖွေးသော သွားတို့ကို လေသလပ်စေလျက်..

"ဆရာ့ကို မြင်ဖူးချင်နေတာ ကြာလှပြီ၊ အခုလို တွေ့ရတာ ဝမ်းသာ လှပါတယ်၊ ဟောဒါက ..."

သူ့နံဘေးက ကလေးမ ညိုညက်ထွားကြီးကို ညွှန်ပြလျက် ....

"သူက နယ်လီနေမျိုးပါ၊ 'ဖက်တီးမ' လို့လည်း ခေါ်တယ်။ မော်လ မြိုင် သူဆိုတော့ ဆရာ၊ စာဆိုနဲ့အညီပဲ၊ ကုလားထိုင်ပြည့်နေတာပဲ ဆရာ၊ ကြည့်ပါတော့"

ကျွန်တော် အားမနာပါးမနာနှင့်ပြုံးရသည်၌ ဖက်တီးမသည် ခင်ဖြူ ဖွေး၏ပေါင်ကို မနာမကျင် လိမ်ဆွဲလိုက်ပြီးနောက် ကျွန်တော့်ကို ပြုံးပြဦး ညွှတ်ကာ ...

"ရိုစီက သိပ်နောက်တတ်တာပဲ ဆရာ၊ ဒါကြောင့် နယ်လီတို့ ဟောလ်မှာဆိုရင် သူ့ကို 'မိန်းမပျော်'လို့ ခေါ်ကြတယ်ဆရာ"

ဟု ပြောရင်း ရိုစီကို ကျေနပ်ဟန်နှင့် တစ်ချက်မျှကြည့်လိုက်ပြီးနောက် သူ့လက်ယာဘက်က ရိုးကပ်သားကပ်မလေးကို ညွှန်ပြ၍....

"သူ့နာမည်ကတော့ စကားထာနဲ့ပြောရရင် 'မှောင်ထဲ မီးခြစ်ပျောက်' တဲ့....."

ဤတွင် ပိန်ညှောင်မလေးက တံတောင်နှင့်တွက်လိုက်ပြီး ...

"နယ်လီကလည်း အခုမှတွေ့ရတဲ့ ဆရာကို ရိုးရိုးပြောပါဟဲ့ ..."

ထိုမှ ဖက်တီးမက ...

"စမ်းစမ်းတဲ့ ဆရာ၊ ပညာလည်းတော်တော်ကြိုးစားပါတယ်။ ဒါပေမဲ့ ဘီအက်စီဖြေတာ နှစ်နှစ်ရှိပြီ။ စာမေးပွဲဖျက်တဲ့လူနဲ့ သူနဲ့သဘောမတိုက်ဆိုင်မှုတွေ ဖြစ်ဖြစ်နေတယ်။ ဒါနဲ့ သူငယ်ချင်းတွေကပြောကြတယ်။ ညည်းစာသင်နေတာထက် မယ်ဗမာပြိုင်ပွဲဝင်ဖို့ ကြိုးစားတာကမှ သေချာလိမ့်ဦးမယ်" လို့ ...

စမ်းစမ်းခမျာမှာ ပြောမည်ဆိုလဲ ပြောစရာ၊ သူ့မှာ တင်မဟောက်၊ ရင်မကြွ၊ သူ့အတွက် တင်တို့ရင်တို့ကို မော်လမြိုင်သူ နယ်လီနေမျိုးနှင့် မာဂရက်ခင်သန်းမြင့်တို့က ဝေယူထားဘိသကဲ့သို့ သူတို့နှစ်ယောက်မှာသာ တစ်ယောက်မှာက တင်၊ တစ်ယောက်က ရင်၊ အိုဗာဖြစ်နေကြသည်။ ထို့ပြင် စမ်းစမ်းမှာ အမောက်လည်းမရှိ။ ဒါကတော့ အမောက်ကြီးမ မာဂရက်ခင်သန်းမြင့်က အပိုင်စီးထားသည်ဟု မဆိုနိုင်။ အကြောင်းမှာ စမ်းစမ်းသည် သူ့ခေါင်းပေါ်၌ အမောက်တည်ဆောက်မည်ဆိုရင် သူ့မျက်နှာအရိုးအရေကပ်ကလေးမှာ နွားမခေါင်းပေါ် ကောက်ရိုးထွေး တင်လာသကဲ့သို့ ရှိချိမ့်မည်။

သို့ရာတွင် စမ်းစမ်းသည် ဘင်တန်ဟောလ်သူပီပီ ဟာသဉာဏ်တွင် မခေ၊ အားကျမခံ သူ့ကိုယ်သူ အသားယူလိုက်သေးသည်။

"ဟော့ ငါက ညည်းတို့လို ဆန်ကုန်မြေလေး ကိုယ်ကြီးတွေနဲ့ ကိုယ့်ကျေးဇူးရှင်မြေကြီးကို ညှဉ်းဆဲနေတာ မဟုတ်ဘူးကွ၊ အေးအေးဆေးဆေး ပေါ့ပေါ့ပါးပါးနဲ့ လောကကြီးမှာ လောဘမကြီးဘဲ နေရာကျဉ်းကျဉ်း ယူနေတာကွ"

ဦးကျော်မင်းအိမ်မှာ ဒီသူငယ်မတွေ လာရောက်လည်ပတ်နေကျနှင့် တူပါသည်။ ဦးကျော်မင်းကြီးသည် သူတို့ရွှတ်နောက်နောက်နေကြသည်ကို ရယ်မော၍ ကျွန်တော်ပင်လျှင် ကလေးမတို့ ဟာသဉာဏ်ကြောင့် ကိုယ့်ကိုကိုယ်ဘာကောင်အဖြစ်နှင့်မှန်းမသိ၊ အရှိအသေခံနေရခြင်း အူကြောင်ကြောင်ဖြစ်မှုတောင်ပျောက်သလို ဖြစ်နေပါသည်။

သို့ရာတွင် သူတို့အသီးသီး စကားပြောပြီး၍ ဦးကျော်မင်းသည် အိတ်ထဲမှ စာရွက်ခေါက်ကလေးတစ်ခုကို ထုတ်ဖြန့်လိုက်ကာ ...

"ဟောဒီ စာဖတ်ရကတည်းက ဒါဟာ တကယ့် အနုပညာသည်ရဲ့ လက်ရေးပဲဆိုတာ ကျုပ်အတတ်သိတာပဲဆရာ" ဟု ဆိုသည်နှင့် ကျွန်တော် သူ့စာရွက်ကို ကြည့်လိုက်ရာ ...

လား လား ကျွန်တော်မနေ့က တင်မောင်ကို ကို ရေးပေးလိုက်သော စာရွက်၊ လက်ရေး (ဒေါ်ကြီးစိုးက ဖတ်မရ၍ ခဏခဏ အဆဲခံရသော) ကြောင်ခြစ်နှင့်။

သို့သော် ကျွန်တော်ရေးပေးသော 'ဦးမင်းဖိတ်ခေါ်ချက်ကို ကျွန်တော် ဝမ်းသာအားရလက်ခံပါသည်' အောက်က 'အေးဆွေ' လက်မှတ်နံဘေးတွင် (ပပဝတီ)ဟု ကွင်းနှင့်တွေ့ရလေရကား၊ ကျွန်တော်မှာ ရုတ်တရက် အဘယ်ကဲ့သို့ ဖြစ်သွားလေသည်မသိ။ မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ ချာချာလည်လေသတည်းဟူသော ဝေဿန္တရာဇာတ်တော်ထဲက ဦးဩဘာ သစကားလုံးကို ယူသုံးရလျှင် ဆီလျော်လိမ့်မလားမဆိုနိုင်။ လူမှာ ငလျင် အမိခံရသလို မိုက်ခနဲဖြစ်သွားတာတော့ အမှန်ပါ။

ဧကန္တ တင်မောင်ကို ဖြည့်စွက်မှုဖြစ်ရမည်။ ဒါကြောင့် ကျွန်တော့်ကို မရမက ချော့ခေါ်တာပဲ။ ဒါကြောင့် သူ အခုအချိန် ကျွန်တော့အနားမှာ မရှိတာဘဲ။ သူ့ကို အခုမှ ရုတ်တရက် သတိရသလိုဖြစ်၍ ဟိုဟိုဒီဒီလျှောက် ကြည့်လိုက်ရာ မနီးမဝေး၌ မယားကြီးရိပ်မိနေသော မယားငယ်မျက်နှာလို ဖြစ်မှုဖြစ်ပါ့မလားဟူသော မရွံ့မရဲအကြည့်မျိုးနှင့် ...။

ကျွန်တော် ရုတ်ချည်းအကြံရသည်နှင့် ဣန္ဒြေမပျက်အောင် မနဲသတိထားလိုက်ရပြီး ဘာမျှမဖြစ်သလို မျက်နှာထားနှင့် ခါတိုင်းပြောနေကျ လေသံမျိုးအတိုင်း ...

"ဟလို ... တင်မောင်ကို လာကွာ၊ ငါ့ကို ရေချိုးခန်းပို့ပေးစမ်းပါ"

ဟု အင်္ဂလိပ်လိုပြောရင်း  သူ့ဆီ ထခဲ့ပါသည်။

ငနဲမျိုးမနေသာ၊ ကျွန်တော့်ကို နောက်ဖေးခန်းသို့ ဦးဆောင်သွားရ၍ နှစ်ယောက်သား ရေချိုးခန်းထဲ ရောက်သောအခါ တံခါးကိုပိတ်လိုက်ပြီး ကျွန်တော် သူ့အင်္ကျီလည်ပင်းကို စုဆွဲကာ ...

"မင်း ... မင်း ... ငါ့ကို စာရေးဆရာ ပပဝတီ လုပ်ထားတယ် မဟုတ်

လား ..."

သို့သော် ဒီကောင်မှာ သူနှင့် ကျွန်တော်နှင့် တစ်ယောက်ချင်းဖြစ်လာသောအခါ၌ မထူးခြားသော အမူအရာနှင့် ...

"အေးလေကွာ"

"မနေ့ကတော့ မင်း ဘာလို့မပြောလဲ"

"မင်းပြောရင်လာပါဦးမလား"

"ဘာရည်ရွယ်ချက်လဲ"

"ငါ့စိတ်ကူးအင်မတန် ကောင်းတာကွ၊ ဒီလိုကွ ငါ့ဦးကြီးက ပပဝတီဝတ္ထုတွေ အင်မတန်ကြိုက်ပြီး ပပဝတီကို အလွန်ကြည်ညိုနေတာ၊ ဒီစာရေးဆရာ တွေ့ချင်တယ် ... တွေ့ချင်တယ်နဲ့ ပြောလေတော့ ငါအကြံရပြီး

"ဟာ ... ဦးကြီး ပပဝတီဆိုတာ ကျွန်တော့်မိတ်ဆွေ ကိုအေးဆွေဆိုတဲ့ လူပဲ ... ကျွန်တော်နဲ့ တော်တော်ခင်ပါတယ်။ တွေ့ချင်ရင် ဖြစ်ပါတယ်"

ဆိုတော့ သူက ဝမ်းသာအားရနဲ့

"အေး ... ဒါဖြင့် နက်ဖြန်ခါ ထမင်းစာဖိတ်ခဲ့လို့ ပြောလိုက်တာကွ...။ အခုဆို ငါ့ဦးကြီးက မင့်ကို ဘယ်လောက် ကြည်ညိုနေသလဲ၊ မင့် လက်ခုပ်ထဲက ရေဖြစ်နေပြီ ...၊ ဒီတော့ အခြေအနေကြည့်ပြီး ငါ့ကိစ္စကိုပြောတော့ကွာ၊ အခုကြည့်ပါလား၊ 'ပပဝတီ' ကြိုက်တဲ့ကောင်မလေးတွေက မင့်ဝိုင်းလို့၊ နောက် သူတို့က တစ်ဆင့်တစ်ဆင့်ကူးပြီး လာကြဦးမှာတွေရှိသေးတယ်..."

"ဒါ ... ပပဝတီအစစ်က မသိတော့ဘူးတဲ့လား"

"အို ... မသိခင် အတွင်းပေါ့ကွာ"

"ဒါ ... ဒစ်စ်အွန်နက်စ်ကွ မရိုးသားမှု ငါ ဟန်ဆောင်မနေနိုင်ဘူး"

"အို ... မင့်အတွက် မဟုတ်တောင် ငါ့အတွက်လုပ်ပါကွာ၊ ငါ့ကိစ္စမပြီးခင်လေးအတွင်း ..."

"ပပဝတီအစစ်က မသိတောင် သူ့ကိုသိတဲ့လူက မိသွားရင် အရှက်မကွဲဘူးလား"

"ဟော့... အဲဒီ ပပဝတီကို သိတဲ့လူ ရှားသတဲ့ဆရာ၊ လျှို့ဝှက်နေတဲ့ စာရေးဆရာတဲ့၊ သူ့ဆီ ချီးမွမ်းမိတ်ဖွဲ့စာတွေ ဘာတွေရေးလဲ ဘယ်တော့မှ စာမပြန်ဘူးတဲ့၊ အခုန ငါ့နှမ မာဂရက်ခင်သန်းမြင့်တို့ ပြောနေကြတာ၊ ဒါ

ကြောင့် ပပဝတီ အခုမနက် ထမင်းစားလာမယ်ဆိုတာ ဦးကြီးဆီက သိလို့ သူ့တို့ မင့်ကို တွေ့ရအောင် တမင်လာနေကြတာ ဆရာ"

"ဟေ ... ငါ့ကို မပြောပါနဲ့ကွာ ပပဝတီကိုပြောပါ"

"ဟ .... အခု မင်းဟာ ပပဝတီ၊ ပပဝတီဟာ မင်းဖြစ်နေပြီးကွာ..."

"ငါမဖြစ်နိုင်ဘူးကွာ၊ လိပ်ပြာမသန့်ဘူး"

"မင့် စိတ်တင်းလိုက်စမ်းပါကွာ၊ မင့်အချစ်ဆုံး သူငယ်ချင်းတစ်ယောက် အတွက်..."

"ဘယ်သူ့အတွက်မှ ငါဒီလိုမလုပ်နိုင်ဘူး"

"ဟေ ... ဒီမှာ အေးဆွေ"

"ဘာလဲ"

ဒီကောင် ဆောင့်ကြောင့်ထိုင်လိုက်၍ ကျွန်တော့် ဒူးနှစ်လုံးကို ကိုင် ကာ..."

"မင်းနဲ့ငါနဲ့ဟာ ကျောင်း ..."

ဤနေရာ၌ကား ကျွန်တော် သူ့စကားဆုံးအောင် မစောင့်တော့ပါ...။

"ကဲဟေ့ တော်တော့ မင့်ဆန္ဒအတိုင်းပဲ ငါ လုပ်တော့မယ်"

ကျွန်တော် တင်းမာခဲ့သမျှကို ရုတ်တရက်သဲရေကျလျှော့ပစ်လိုက်ပါ သည်။ အကြောင်းမှာ ဒီကောင်သည် 'ကျောင်းနေဖက်သူငယ်ချင်းပါကွာ'မှ စ၍ ကျွန်တော် တုတ်ကွေးဖျားစဉ် သူ ဆရာခေါ်ပေးရသည်အထိ ပြောနေကျအတိုင်း ပြောပေတော့မည်။ ကျွန်တော့်စိတ် ကျွန်တော်သိပြီးဖြစ်ပါသည်။ ဒီတော့ ဘာ ထူးသေးလဲ၊ ထို့ကြောင့် အချိန်မကုန်ရအောင် စောစောကပင် ကြို၍ လိုက်လျော ခြင်းဖြစ်ပါ၏။

ကျေကျေနပ်နပ်နှင့် နှစ်ယောက်သားညှော့ခန်းပြန်ရောက်ကြ၍ ကျွန် တော့်နေရာ ပြန်ထိုင်မိသောအခါတွင် ဦးကျော်မင်းက ပြုံးရယ်လျက် ...

"ဆရာ၊ ဆရာ့ကို မိန်းကလေးတွေက ပြောနေတယ်"

ကျွန်တော်လည်း ပေါက်တဲ့နဖူး မထူးတော့ပြီ။ ကိုယ့်ကိုယ်ကို စာရေး ဆရာ ပပဝတီအဖြစ်နှလုံးသွင်းကာ ဣန္ဒြေရရနှင့်...

"ဘာလဲ ဦး ..."

"သူတို့ မြင်ဖူးသမျှ စာရေးဆရာတွေထဲမှာ ဆိုရင် ဆရာ အချောဆုံးပဲ တဲ့..."

ကျွန်တော် တော်တော်ကလေး မျက်နှာထားခက်သွားပါသည်။ ဤတွင် လူပိန်သလောက် ရဲရင့်သွက်လက်ဟန်ရှိသော စမ်းစမ်းက...

"ဟုတ်တယ်ဆရာ ... ကျွန်မတို့က စာရေးဆရာဆိုရင် အရုပ်ဆိုးတာချည်း အောက်မေ့နေခဲ့တာ အခု ဆရာ့တွေ့ရမှ...

ကျွန်တော်က ပြုံးစနဲ့နဲ့နှင့် ...

"ကြက်ဆူပင်တော မင်းမူတာဖြစ်ပါလိမ့်မယ်ဗျာ..."

"နို့ပြီး ... ဆရာက စာရေးဆရာနဲ့လဲ မတူဘူး"

ကျွန်တော့်ရင်ထဲ ဒိတ်ခနဲ ဖြစ်သွားကာ...

"ဘာဖြစ်လို့လဲဗျာ"

"ဟာ... ကျွန်မတို့တွေ့ဖူးတဲ့ စာရေးဆရာတွေဆိုရင် ဆရာ့လိုတစ်ယောက်မှ သပ်သပ်ရပ်ရပ်မရှိဘူး။ စုတ်တိစုတ်ဖွားနဲ့ မျက်မှန်တွေကားကားနဲ့၊ ဒါမှစာရေးဆရာနဲ့ တူတယ်ဆိုပြီး သူတို့ကိုယ်သူတို့တမင်လုပ်နေကြသလားတော့ မသိဘူး။ အလွမ်းစာရေးဆရာ သန်းဆွေဆိုတာများ လူက ပုကွကွနဲ့၊ သူ့နှုတ်ခမ်းတွေကလည်း ထူလိုက်တဲ့ဖြစ်ခြင်း ပုံကိုက ဒေါက်ဖိနပ်နစ်ခုနောက်မြီးချင်းထိပြီး တန်းထားတဲ့အတိုင်းပဲ"

သူ့နဘေးရှိ နယ်လီနေမျိုးခေါ် ဖက်တီးမလက်ဖြင့် ပုတ်လိုက်ကာ...

"စမ်းစမ်းကဖြင့် ချိုးချိုးဖဲ့ဖဲ့ပြောရော့မဟဲ့"

ဟု ဆိုပြီး ကျွန်တော့်ဘက်လှည့်၍

"ဆရာ ... ဆရာ့လဲ ... ဆရာ့ကွယ်ရာကျ သူ အတင်းပြောဦးမှာပဲ ဆရာ"

"အို... ဒီဆရာတော့ စတိုင်များတယ် ဖိုးလှချင်ဆိုတာကလွဲ ဘာမှပြောစရာမရှိပါဘူးကွယ်"

ဤတွင် ရိုစီခင်ဖြူဖွေးက...

"ကဲ... စမ်းစမ်းက အတင်းပြော ဥပမာကောင်းလှတယ်။ ပြောလက်စနဲ့ ဆက်ပြောပါအုံး သာဓုက ဘယ်လို

"ဟာ... သာဓုက အရပ်ရှည်ရှည် အသားပြာညစ်ညစ်၊ လည်ပင်း ငေါက်စင်းစင်း ကတုံးဆံတောက်နဲ့ လက်ပံတန်းဘူတာမှာ ဆယ်ရက်လောက် မရောင်းရလို့ ပြန် ပြန်ဆီပူတိုက်ထားရတဲ့ စာကလေးကြော်ခေါင်းအတိုင်းပဲ..."

"နို့ပြီး ... တင့်တယ်လည်း ပြောပါဦးကွ..."

"တင့်တယ်ကဆံပင်က မြက်တံမြက်စည်း ထောင်ထားတဲ့အတိုင်းပဲ၊ ဘာလိမ်းလိမ်း ဘယ်လောက်ဖြီးဖြီး၊ ဒေါင့်မကျိုးဘူး၊ စုတ်ဖွားပဲ၊ အဲ... တင့်ဘယ်မှာ အထူးသဖြင့် ကြောက်ဖို့ ကောင်းတာက မျက်လုံးကွ၊ ကြီးလဲကြီးပေ့၊ ပြူးလဲပြူးပေ့၊ အရောင်ကလည်း တောက်ပါပေ့၊ သူများစိုက် ကြည့်လိုက်ရင် စားတော့မလား၊ ဝါးတော့မလား အောက်မေ့ရတယ်၊ သူရေး တဲ့စာတွေကဖြင့် နုနုနယ်နယ် တီတီတာတာ၊ လူကျတော့ လန့်စရာကွဲ့၊ အဲ... ဟော့ဒီဆရာလဲ..."

ကျွန်တော့်ကိုကြည့်၍

"ရေးတဲ့ စာနဲ့လူနဲ့ မလိုက်ဘူးကွ..."

"ဟာ ... ကျွန်မတို့က ပပဝတီဆိုတာ မိန်းမအောက်မေ့နေတာ။ နာမည်ကလည်း မိန်းမနာမည်ပဲ"

မာဂရက် ခင်သန်းမြင့်က ဖြတ်၍...

"ဒါဖြင့် ကဗျာတွေရေးတဲ့ သျှင်သန်းမေဆိုတာလည်း မိန်းမအောက်မေ့ကြမယ်ပေါ့...၊ အမှန်က အသက်ငါးဆယ်ကျော် ဘူတာဖက်တီးမကြီး ဆရာရေ့"

"သျှင်သန်းမေက နာမည်တင်ပါကွာ၊ ဟော့ဒီဆရာကတော့ ရေးတာတွေရော မိန်းမအမြင်၊ မိန်းမအတွေးချည်းပဲ"

ကျွန်တော်မှာ ပပဝတီစာအုပ်ကို ယောင်၍မှ ကောက်ကြည့်ဖူးသူမဟုတ်ရကား၊ သူတို့ပြောနေသည်ကို နားမလည်ပါ။ ဘာပြန်ပြောရမှန်းလည်းမသိ။ မျက်စိကြောင်တောင်နှင့်သာ နေရပါတော့သည်။ ဤတွင် ဦးကျော်မင်းက...

"ဒါတော့ မိန်းမတွေဘက်က မိန်းကလေးတွေ မြှင့်တင်ချင်တဲ့ စေတနာနဲ့ ရေးတာကိုးကွဲ့"

"မှန်ပါတယ် အန်ကယ်၊ ဒါပေမဲ့ ယောကျ်ားဖြစ်ရက်နဲ့ မိန်းမတွေ သဘောကို ဒါလောက် သိတတ်မြင်တတ်တာ အံ့သြစရာပဲ"

"ဒါတော့ကွာ"

နယ်လီဖက်တီးက

"သူ့မိန်းမဆီက မေးမှာပေါ့ကွ"

ဤနေရာ၌ကား အဘယ်ကြောင့်မသိ။ ကျွန်တော်နေ့းကွေးမနေနိုင်။

အလျင်အမြန် စကားပြန်ရပေတော့သည်။

"အမယ်လေး မဟုတ်ပါဘူးဗျာ၊ ကျူပ်လူပျိုပါ..."

"ဆရာ့အိမ် လေ့ကားဘယ်နှစ်ထစ်ရှိလို့လဲ"

စမ်းစမ်းက ကောက်၍ ဖောက်လိုက်ရာ...

"ဗျာ... ဗျာ...၊ ဘာလို့လဲ"

ကျွန်တော်မှာ ခပ်ထူထူဖြစ်သည့်အတိုင်း ခဏမျှ အူကြောင်ကြောင် ဖြစ်သွားပြီးမှ

"ဩော်... သုံးထစ်ပြည့်ပါတယ် ခင်ဗျာ၊ အောက်ဆုံးထစ်မှာတောင် အုတ်ခုံပဲ့နေပါသေးတယ် ဟဲ... ဟဲ..."

ဟု လျှောချရင် ပြုံးလိုက်ရပါသည်။

ရိုစီဖြူဖွေးက...

"ဆရာက လူပျိုဖြစ်ချင်လွန်းအားကြီးတာနဲ့ သိပ်သိပ်ခုန်ဆင်းလို့ထင်တယ်။ ဟဲ... ဟဲ...၊ ဒါနဲ့ ဆရာ တစ်ခု မေးခွင့်ပြုပါ"

"မေးပါခင်ဗျာ... မေးပါ"

သို့သော် စိတ်ထဲက

"ဖွဟ...၊ ဖြေနိုင်တာ ဖြစ်ပါစေ..."

"တခြားမဟုတ်ပါဘူး။ ဆရာ့ဆီကို စာဖတ်ပရိသတ်က ဆရာ့ဝတ္ထုကို သဘောကျလွန်းလွန်းလို့ ချီးမွမ်းမိတ်ဆက်စာ ရေးကြတာတွေကို ဘာကြောင့် စာမပြန်သလဲ...၊ လက်မခံသလဲ၊ နို့ပြီး စာရေးဆရာအချင်းချင်းတွေ မေးတော့လဲ ဆရာ့ကို မသိဘူးပြောကြတယ်"

"ဒါကတော့..."

တင်မောင်ကို ရေချိုးခန်းထဲ၌ ပြောလိုက်သည်ကို သတိရ၍...

"လူသိမခံချင်လို့ တမင်လျှို့ဝှက်နေတာပါ"

"ဘာလို့ လျှို့ဝှက်နေတာလဲဆရာ၊ တချို့ စာရေးဆရာတွေဖြင့် ဘာမဟုတ် ညာမဟုတ် စာကလေး တစ်ပုဒ်နှစ်ပုဒ် ရေးရသေးတယ်။ သူ့စာလူသိတာလည်း မဟုတ်ဘဲနဲ့ 'ဒါ... စာရေးဆရာ ဘယ်သူလဲ' လို့များပြောလိုက်ရင် ဟာ... တစ်ခါထဲ ထခုန်တော့မလိုလို ထိုင်ရှိခိုးတော့မလိုလို..."

နယ်လီဖက်တီးမက ဖြတ်၍...

"အို... ယူပြောတာလဲ ထခုန်တော့မလိုလို ထိုင်ရှိခိုးတော့မလိုလိုဆို

တော့ မဆက်စပ်ပါလားကွာ”

“ထခုန်တော့မလိုလိုဆိုတာက သူ့ကို စာရေးဆရာ ဘယ်သူလဲလို့ ပြောလိုက်တာကို ဝမ်းသာလုံးဆို့သွားတာကွ၊ ထိုင်ရှိခိုးတော့မလိုလို ဆိုတာက အဲဒီပြောတဲ့လူကို ကျေးဇူးတင်လွန်လွန်းလို့ကွ”

“အင်း ... ရှိစီဟာက အခုမှရှင်းတော့...”

ယင်းသည့်အခိုက်ဝယ်...

ဒေါင်... ဒေါင်... ဒေါင်... ဒေါင်...

ထမင်းစားခန်းမှ ငွေမောင်းသံကို ကြားရလေရာ၊ ဦးကျော်မင်းက

“ကဲ... ထမင်းပွဲပြင်ပြီးပြီ၊ လာဆရာ”

ဟုဆိုကာ ကျွန်တော့်ကို တရိုတသေ ဦးဆောင်သွားပါသည်။ ဤအခါမျိုး၌သာ ကျွန်တော့်ကို ဒေါ်ကြီးစိုးမြင်ပါလျှင် မည်မျှအံ့ဩမည်နည်း။ အကြောင်းမှာ ဦးကျော်မင်းသည် နှယ်နှယ်ရရ လူကြီးမဟုတ်။ သူတူ့ တင်မောင်ကို လေသံအတိုင်းပြောရပါသော် ဖ.ဆ.ပ.လ လုပ်သမျှကို ထောက်ခံခြင်း၊ အစိုးရဘဏ္ဍာတော်ကို ဝန်ကြီးချုပ်က သိန်းသန်းချီ၍ ကောင်းမှုတော်ပြုလျှင် သူက အာဏာပိုင်များနှင့် ကပ်ရပ်၍ ရထားသော အင်ပို့လိုင်စင် အမြတ်ထဲမှ ထောင်သောင်းမျှ အလှူငွေပါဝင်ခြင်းတို့ဖြင့် ‘ဘောဂစည်သူ’ဘွဲ့ကိုပင် ရထားသူ ဖြစ်ပါသည်။

သူ့ထမင်းပွဲကြီးကား ကြီးကျယ်ခမ်းနားလှပါ၏။ ဟင်း၏ အမျိုးအမည်တွေကိုကား မိတ်ဆွေမစားရဘဲနှင့် သွားရည်ကျရုံသာ ရှိမည်ဖြစ်၍ ကျွန်တော်မဖော်ပြတော့ပြီ။ ပြင်ဆင်ဖွဲ့စည်းပုံကား ထူးခြားလှပေသည်။ စားပွဲရှည်ကြီးတွင် အားလုံး တစ်စုတစ်ရုံးတည်း ထိုင်ကြသည်ဖြစ်သော်လည်း ဟင်းခွက်ထမင်းခွက်တို့မှာ သီးခြားစီဖြစ်၏။ ရှိသမျှဟင်းမျိုးစုံ လူတစ်ယောက်လျှင် ခွက်စေ့ရှိ၏။ ပန်းကန်မည်မျှ အသုံးချရမည်းကို မိတ်ဆွေစဉ်းစားကြည့်ပါ။ အားလုံးထဲတွင် ကျွန်တော့်မှာ အခြားသူများထက် ဟင်းနှစ်ခွက်ပိုနေ၏။

အကြောင်းသော်ကား ဦးကျော်မင်းက ...

“သုံးဆောင်ပါ ဆရာ၊ ဆရာတို့ ပညာရှင်တွေက အခါးကြိုက်တယ် ကြားဖူးလို့ ကျုပ် တမင်ချက်ခိုင်းထားတာ။ ဟော့ဒါက တမာရွက်နဲ့ ခွေးတောက်ရွက်လက်သုတ်၊ တော်တော်ခါးပါလိမ့်မယ်။ အခါးနည်းမှာစိုးလို့ ကျုပ် ရေတောင် မဆေးခိုင်းဘူးဆရာ...၊ သုံးဆောင်ပါဆရာ”

ကျွန်တော်မှာ သူပြောတာတွေ ကြားရသည်နှင့်ပင် ခံတွင်းပျက်၍ သွားပါသည်။ ကြက်သီးထ၍ သွားပါသည်။ ပညာရှိများ အခါးကြိုက်သည် ဆိုသောစကား ဟုတ်,မဟုတ် ကျွန်တော် မသေချာပါ။ တကယ်တန္တိ ဤ အစားတွေ စားရုံနှင့် စာအုပ်မျှမဖတ်ဘဲလျက် တကယ့်ပညာရှိကြီး ဖြစ်သွား ချိမ့်မည်ဆိုပါအံ့လည်း ကျွန်တော့်လက်ဖျားနှင့် တို့လိမ့်မည်မဟုတ်ပါ။ လူ ဖျင်း၊ လူပေ့ါဘဝနှင့်ပင် အဆီအဆိမ့်တွေစား၍ နေပါတော့မည်။ သို့ရာတွင် ယခုအခြေအနေကား၊ ပညာရှိများ အခါးကြိုက်သည်ဆိုသော စကားကို ယုံ ကြည်သူက ကျွန်တော့်အား ပညာရှိအရာမြှောက်စားထားသည်နှင့် ဖြစ်လိုရာ ဖြစ်စေတော့ဟု သူ့ကြက်ဟင်းခါးသီးနှင့်သပွတ်ခါးသီးကြော်ချက်ကို တစ် လုပ်မျှ ယူကြိတ်လိုက်ရပါသည်။ မျက်နှာချင်းဆိုင်၌ရှိသော တင်မောင်ကိုကို နရင်းထတီးလိုက်ချင်ပါသည်။ ပါးစပ်ထဲက ဟာတွေကို သူ့မျက်နှာတည့် တည့်၊ ထွီး ... ခနဲ ထွေးထုတ်လိုက်ချင်ပါသည်။ ခါးလိုက်တဲ့ဖြစ်ခြင်းဗျာ...။

သို့သော် ကျွန်တော် စာရေးဆရာပညာရှိကြီးမှာ အဘယ်လျှင် ဤသို့ ပြု၍ သင့်လျော်ပါအံ့နည်း။ ဒီကောင်ကိုသာ အတွင်းကျိတ်မျက်စောင်းခဲလိုက် ရပါသည်။ ထိုနောက်၌ကား ကျွန်တော် အခြားဟင်းများကိုသာ စားတော့၏။

ယင်းသည်ကို အလိုက်မသိသော ငနဲမျိုးကြီးက လုပ်သေးသည်။ ကြံ ကြံဖန်ဖန်ဗျာ ... မကြားစဖူး ခွေးတောက်ရွက်နှင့် တမာရွက်လက်သုတ် ပန်းကန်ကို ကျွန်တော့်ဘက်တိုးပေးရင်း ...

"လုပ်ပါဆရာ၊ ဘယ်နှယ့် အခါးစားနည်းလုချည်လား၊ အားမနာပါနဲ့ ဆရာ ... ကျုပ်တို့က ဒါစားနိုင်တာမဟုတ်ဘူး၊ ဆရာ့အတွက် စပယ်ရှယ် လုပ်ထားတာပါ"

ကျွန်တော့်မှာ သူမြှောက်ပင့်ချက်ကြောင့် တစ်ဇွန်းကော်ယူလိုက်ရဦး တော့မလိုဖြစ်ပြီးမှ... တော်ပါသေး၏။ ရုတ်တရက် အကြံရပေ၍

"ဩ... နေပါစေဦး၊ အခုတလော ကျွန်တော် လေတွေကန်ပြီး နားတွေ အူနေလို့ အခါးစားလျှော့ထားရတယ်၊ ကြိုက်တော့ အင်မတန် ကြိုက်တာပဲ"

"ဩော်... ဟုတ်လားဆရာ ဒါဖြင့် သည့်ပြင် ဟင်းတွေသုံးဆောင်ပါ။ ဘယ့်နှယ် ဟင်းချက်ဟင်းစပ်တည့်ရဲ့လား ...၊ ခံတွင်းတွေ့ရဲ့လား ဆရာ"

"တွေ့ပါတယ်ဦး အင်မတန် ကောင်းပါတယ်"

"ကျုပ် ထမင်းချက်ကိုမြင်ရင်တော့ ဆရာအံ့ဩမှာဘဲ"

သောက်မြင်ကပ်ကပ်နှင့် 'ချိုပေါက်နေလို့လား ...'ဟုမေးလိုက်ချင်ပါသည်။ သို့ရာတွင် ...

"ဘာကြောင့်လဲဦး ..."

"ဟာ ... အသက်အရွယ်လဲ တယ်မကြီးသေးဘူး။ နို့ပြီးတော့ မိန်းကလေး၊ သွား ... ဆွာမိ မင့်မမကို ခေါ်ခဲ့စမ်း"

စားပွဲထိုးကုလားကလေးကို လွှတ်လိုက်ရာ မကြာမီ၌ ဣန္ဒြေရရနှင့် ချောမောလှပသော မိန်းကလေးတစ်ယောက် ရောက်လာပါသည်။

ဤသူငယ်မကို တင်မောင်ကို ကြိုက်သည်မှာ ဘာမျှအံ့သြစရာမရှိပါ။ လူများအိမ်၌ အစေခံထမင်းချက်မို့သာ၊ အကယ်တန္တ ကြေးရတတ်သားသမီးဖြစ်၍ ရင်ကြီး တင်ကြီး လေ့ကျင့်ခန်းသာယူပြီး မယ်ပြိုင်ပွဲတွေ ဝင်မည်ဆိုလျှင် မဂ္ဂဇင်းတစ်ခုခုတွင် မျက်နှာဖုံးရှင် ဖြစ်နိုင်မည့် ကျန်အင်လက္ခဏာရှိပါပေ၏။

ထမင်းပွဲပြီး၍ အချိုပွဲ ရောက်ကြသောအခါ ဦးကျော်မင်းမှာ ဝမ်းဗိုက်ကြီးဖောင်းကားလျက်၊ စားသောက်ကောင်း၍ အလွန်ပင် ကျေနပ်နှစ်သိမ့်နေဟန်တူပေသည်။

"ဒါ ဆရာ့ကျေးဇူးပဲဆရာ၊ အရင် တစ်လလောက်ဖြင့် မစားချင်မသောက်ချင်နဲ့ အိပ်ရာထဲလဲပြီး နာတာရှည်လိုဖြစ်နေတာ၊ ဆရာ့ဝတ္ထုတွေဖတ်လိုက်ရမှ အသိဉာဏ်ပွင့်လင်း အတွင်းစိတ်ဓာတ် ကြည်လင်လာပြီး အခုလို ပြန်စားနိုင်သောက်နိုင်တာဆရာ၊ စာပေဟာ စိတ်ရဲ့ အာဟာရဆိုတာ တယ်မှန်တာပဲ၊ ဩော် ... ဒါနဲ့ တင်မောင်ကို"

ဟု သူ့တူကို လှမ်းကြည့်၍

"သွားပေ့ ငါ့အိပ်ခန်းထဲမှာ တို့မနေ့ကဖတ်တဲ့ စာအုပ်သွားယူခဲ့စမ်း"

ဟုဆိုပြီး ကျွန်တော့်ဘက်ပြန်လှည့်ကာ

"ဒီမှာဆရာ ... ခရစ်ယာန်မိတ်ဆွေတစ်ယောက်က ကျုပ်ကို "ခင်ဗျားတို့ဗုဒ္ဓဘာသာတွေဟာ ပါဏာတိပါတာ ဘာညာဆိုပြီးတော့အသားတွေ စားနေတာ ဘာထူးသလဲ။ သတ်တဲ့လူက ခင်ဗျားတို့ စားလို့သတ်ရောင်းတာ။ ခင်ဗျားတို့မစားရင် အပင်ပန်းခံပြီး သူ့ခမျာသတ်မှာ မဟုတ်ဘူး။ ဒီတော့ ခင်ဗျားတို့ဘုရားက ပါဏာတိပါတာ ကံပောတာ ဘာထူးသေးလဲ။ သူကိုယ်တိုင်လည်း စားတာပဲ" ဆိုတဲ့စကား မချေပနိုင်ဖြစ်နေခဲ့တယ်။ ဆရာ့

စာဖတ်လိုက်မှဘဲ ဆရာကြီးကို ပြန်ပြောဖို့ ရတော့တယ်"

ဟု ပြောပြီးနောက် စာအုပ်ကိုင်ထွက်လာသော တင်မောင်ကိုအား...

"ကဲဟေ့ ... ငါမနေ့က မင့်ကို မျဉ်းတားထားခိုင်းတာတွေကို ဖတ်ပြစမ်း၊ ဒီသူငယ်မတွေ ဗဟုသုတရသွားအောင်"

ဤတွင် သူ့စာတော်ဖတ် တင်မောင်ကိုသည် သူ့ဦးကြီးကို 'ကဲ ရန်ကော... ဟူသော အမူအရာနှင့် မျက်စောင်းတစ်ချက်ခဲလိုက်ပြီးနောက်၊ စာမျက်နှာကို လှန်လှောရှာဖွေကာ မဖတ်ချင် ဖတ်ချင်နှင့်...

"အသက်ကြီးကော ဟတ္တမဖြစ်ရတော့ဘူးလား မြရဲ့၊ ဟဲ... ဟဲ၊ ငါးမှာ အမျက်ကြီးလေ အဆစ်ကြီးလေတဲ့၊ လူမှာလဲ ဟဲ.... ဟဲ၊ အသက်ကြီးလေ..."

သူ့တူကို စာဖတ်ခိုင်းပြီးနောက် ဆေးလိပ်မီးညှိနေသော ဦးကျော်မင်းသည် ရုတ်တရက် မျက်လုံးပြူးမျက်ဆံပြူးဖြစ်ကာ...

"ဟေ့... ဟေ့... ဒါမဟုတ်ဘူးကွ၊ မင်းလုပ်လိုက်ရင် အရမ်းချည်းပဲ ငါလခွီး ..."

ကလေးမများမရယ်ရန် ပြုကြသော်လည်း ခွီး ... ခွီး အသံများထွက်လာကြသည်။

သို့သော် တင်မောင်ကိုမှာ သူ့နဂိုအတိုင်း မထီလေးစားအမူအရာနှင့်...

"နို့ ... ဦးကြီး မနေ့က ဒါပဲ ကျွန်တော့်ကို အောက်က လိုင်းတားမှတ်ခိုင်းထားတာပဲ"

"အို .... ဒါဖြင့် ဟိုတစ်နေ့က စာအုပ်ကွ သွားပြန်ယူခဲ့..."

ဤတွင်မှပင် အမှန်ကို ရပေတော့သည်။ တင်မောင်ကိုသည် နောက်ယူလာသော စာအုပ်ကိုလှန်ကာ...

"ဒီစကားဟာ စိတ်အကြောင်း နားမလည်သူတွေရဲ့ စကား။ ငါတို့မြတ်စွာဘုရားဟာ သည့်ပြင် ဘုရားတွေကို အာဏာနဲ့ ပညတ်တာမဟုတ်ဘူး။ သူ့အသက်သတ်တာ မကောင်းဘူး။ လူကို ယုတ်နိမ့်စေတဲ့ သဘောတရားကို ဘုရားသခင်မြင်တော်မူလို့ ဟောတာ ...'မသတ်ကြနဲ့ သတ်လျှင်ငရဲ ငါ့အမိန့်' လို့ ဆိုပြီးပေးတဲ့ အာဏာမဟုတ်ဘူး။ အသက်ရှိတဲ့ သတ္တဝါတစ်ခုကို ကိုယ်တိုင်၏ ပယောဂဖြင့်ဖြစ်စေ၊ ကိုယ်၏ လက်နက်ဖြစ်စေ၊ ရက်စက်ကြမ်းကြုတ်စွာသတ်တဲ့အခါ သတ်တဲ့လူရဲ့စိတ်မှာ ရက်စက်ကြမ်းကြုတ်ဆိုးယုတ်တဲ့ အသွင်အမှတ်ကို ဖြစ်စေတယ်။ သည်လိုစိတ်မှာ ရုန့်ရင်း

ကြမ်းတမ်း ဆိုးသွမ်းတဲ့အဖြစ်ကို ရောက်တဲ့အခါမှာ နူးညံ့တဲ့ သူတော်ကောင်းတွေရဲ့ အစုအဝေးထဲကို မဝင်ဆန့်တော့ဘူး။

"သူတော်ကောင်းထဲမှာ မဝင်ဆန့်ရင် သူယုတ်မာတွေ၊ မိမိလိုကြမ်းကြုတ်ရက်စက်သူတွေရဲ့ အစုအဝေးထဲသာ ရောက်တော့တာပဲ၊ အဲသည်လိုရောက်တာကို ငရဲလို့ခေါ်ရတာပဲ။ ဒီလူမှာ အသေဝနာစဗာလနံ၊ ပဏ္ဍိတာနဥ္စသေဝနာဆိုတဲ့ မင်္ဂလာတရားတော်နဲ့ တို့ဝေးရော၊ အမဲသား၊ ဝက်သား စားတဲ့လူတွေရဲ့စိတ်ထဲမှာ ရက်စက်ကြမ်းကြုတ်တဲ့ အမူအရာဆိုလို့ ဘာတစ်ခုမှမရှိဘူး။ သွေးတွေသံတွေကိုကြည့်ပြီး မျက်လုံးဝိုင်းဝိုင်းလည်နေတဲ့ နွားရဲ့လည်ကို လှီးတဲ့လူရဲ့စိတ်မှာသာ ကြမ်းကြုတ်တဲ့ သဏ္ဍာန်ဖြစ်နေတာဘဲ။ သည်အတွက် စားသူနဲ့သတ်သူ အပြစ်မတူနိုင်ဘူးဆိုတာ သိရတယ်...။ ငါတို့ မြတ်စွာဘုရားဟာ အကြောင်းတရား အကျိုးတရားတွေကိုသာ ဟောတာ။ ဘာမလုပ်နဲ့ ညာမလုပ်နဲ့လို့ အမိန့်ပေးနေတာ မဟုတ်ဘူး။

"ရက်စက်တဲ့အမူပြုရင် ပြုသူရဲ့စိတ်မှာ ရက်စက်တဲ့သဏ္ဍာန်ထင်ရမယ်...။ ဒီသဏ္ဍာန်ဟာ မကောင်းတဲ့သဏ္ဍာန်ဖြစ်တယ်။ သူတော်ကောင်းများအထဲမှာ မဝင်ဆန့်တဲ့သဏ္ဍာန်သိရဲ့လား...။ ဒီလိုစိတ်၏သဘောကို မတွေးတောတတ်ကြတဲ့ လူတွေသာ စားသူရှိတဲ့အတွက် သတ်သူရှိတာ။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ၊ ဒါကြောင့် သတ်သူနဲ့စားသူဟာ အတူတူပဲလို့ပြောကြတာ။ နားလည်မလား အချစ်ကလေးရဲ့..."

ဟု ဆိုကာ ဘုန်းကြီးလူထွက် အသစ်စစ်စက်ကလေးသည်

"ငါ ခုမှလွေးရတဲ့ မာတုဂါမ ကလေးရယ်လို့..."

"ဟေး ... ဟေး တော်တော့ကွာ"

ဦးကျော်မင်းသည် ရုတ်တရက်အော်လိုက်ရကာ...

"ဒီကောင် ဘာမှ ဖောက်မှန်းကမ်းမှန်း မသိဘူး။ ဒီမှာ မိန်းကလေးတွေနဲ့..."

ကလေးမတို့က ခိုးခိုခွိခွိ ရယ်ကြလေသည်။

ဦးကျော်မင်းက မျက်နှာထားခပ်ပျက်ပျက်နှင့် ဆက်လက်ပြီး...

"ဆရာက တရားပြတဲ့နေရာမှာ ဒါမျိုးတွေ ထည့်ရေးရတာက လူငယ်တွေဖတ်ချင်အောင် တမင်လုပ်ရတာ မဟုတ်လားဆရာ"

ကျွန်တော် ...

"ဟုတ်ပါတယ်"

"ဩော်... ဝတ္ထုရေးရတာများ လောကီ လောကုတ္တရာ နှစ်ဖက်စုံမှနော် ဆရာ..."

"ဟုတ်ကဲ့"

ကျွန်တော် ဤမျှသာ ဖြေနိုင်ပါသည်။ မတော်မတဲ့ တရားဓမ္မတွေ မေးနေ ဒုက္ခ...။

ထိုနောက် ခေတ္တမျှ စကားပြောနေစဉ် ရှိစီဖြူဖွေးက...

"ဒါထက် ဆရာ့မေးရဦးမယ်၊ အရင်လက ဆရာရေးလိုက်တဲ့ 'ချစ်သက်သေ' ဝတ္ထုဟာ တကယ့်အဖြစ်အပျက်လားဆရာ...၊ ကောင်မလေးဟာ သိပ်သနားစရာကောင်းတာပဲ၊ ကောင်လေး မသေလဲဖြစ်သားနဲ့ ဘာလို့ သတ်ပစ်လဲဆရာ"

ကျွန်တော် ဘာပြန်ပြောရမှန်း မသိပါ...။ ပြုံး၍သာ နေရပါသည်။

ဤတွင် နယ်လီဖက်တီးမက...

"ဟဲ့... ရှိစီကလည်း နာမည်ကိုက 'ချစ်သက်သေ' ဆိုတော့ တစ်ယောက်တော့ သေပေးမှပေါ့ကွ၊ နို့မဟုတ်ရင် ဒီနာမည်နဲ့ မကိုက်ညီဘဲ 'ချစ်သက်ရှင်' ဖြစ်နေမှာပေါ့ကွ၊ အလွမ်းဝတ္ထုရေးတယ်ဆိုတာ ဒီလိုဘဲ လူသတ်ရတယ်။ လူသတ်ရဲမှ အလွမ်းဝတ္ထုရေးဆရာဖြစ်တာ။ စိတ်မချမ်းသာစရာတွေ အမြဲတမ်းတွေးနေနိုင်မှ အလွမ်းဝတ္ထုရေးနိုင်တာ။ ကြည့်ပါလား၊ ဆရာသန်းဆွေတို့များ စိတ်မသက်သာစရာတွေကို ဘယ်လောက်တွေးနေသလဲ ဆိုရင် သူ့မြင်ရတာနဲ့ ငိုချင်စိတ်ပေါက်တယ်။ သူ့နာမည်ကိုတောင် ဆရာသင်းချိုင်းကုန်းလို့ ပြောင်းပစ်ဖို့ကောင်းတယ်"

စမ်းစမ်းကဖြတ်၍

"ဟော့... ဒါနဲ့ ယူတို့ကြားကြလား ကောင်မလေးတစ်ယောက်နဲ့ ဆရာသန်းဆွေနဲ့ ကြုံက်လို့ ကောင်မလေးက သူ့မေမေကို ပြောပြတော့တဲ့ မအေက "အေ ... ညီ့လူက အလွမ်းစာရေးဆရာ သိပ်တော်တာပဲ။ သူ့မြင်တာနဲ့တောင် ငိုရတယ်ဆိုတော့ ဘယ်ဖြစ်မလဲ သမီးရယ်၊ အိမ်ပေါ်မာသာတင်ထားသလို နေမှာပေါ့..." ဆိုတာနဲ့ ဆရာသန်းဆွေ မစွံဖြစ်တာတဲ့ကွ"

ဟု ပြောပြီး ကျွန်တော့်ဘက်လှည့်၍

"ဆရာလည်း အလွမ်းဝတ္ထုတွေ သိပ်မရေးနဲ့ ဆရာသန်းဆွေလို ဖြစ်

နေဦးမယ်…”

ဟု ဆိုသဖြင့် ကျွန်တော်ပြုံးနေရပါသည်။

သူတို့လည်း ရယ်မောကြပြီးနောက် မာဂရက်ခင်သန်းမြင့်က

“ဆရာ … အခု ဘာဝတ္ထုရေးနေလဲ”

ကျွန်တော် ဘာဖြေရမှန်းမသိ၊ သို့သော်…တော်ပါသေး၏။ ကျွန်တော် ရုတ်တရက် အကြံရပေ၍….

“ရေးတော့ ရေးနေတာပဲ၊ နာမည်မပေးရသေးဘူး”

“ဩော်… ဆရာက ရေးပြီးမှ နာမည်ပေးတာလား၊ တချို့က အမည်ပေးပြီးမှ ရေးကြသတဲ့”

“ဒါတော့ အဆင်သင့်သလိုပေါ့လေ”

“ဆရာ ဝတ္ထုရေးသင်ပေးနိုင်ပါ့မလား”

ဤနေရာကား ကျွန်တော်ပြုံးရုံမှတစ်ပါး ဘာမျှမပြောနိုင်..

ကဲ… ကြာလျှင်လည်း ကျွန်တော်ခက်ချေတော့မည်။ သူတို့ကလည်း မိန်းကလေးများပီပီ ပေါက်ပေါက်ရှာရှာတွေ စပ်စုကြပေတော့မည်။ ထို့ကြောင့် ကိစ္စတစ်ခုရှိ၍ ပြန်ပါရစေတော့ဟု နှုတ်ဆက်ကာ ထိုင်ရာမှအထတွင် မာဂရက်ခင်သန်းမြင့်သည် တစ်ခုခုကို ရုတ်တရက်သတိရဟန်ဖြင့်

“ဩော်… ခဏလေးနေပါဦးဆရာ”

ဟု ဆိုပြီး အခန်းတစ်ခုထဲ ဝင်သွားပါသည်။ ပြန်ထွက်အလာတွင် လက်ထဲ၌ လှပသောစာအုပ်ကလေး လေးခုကိုင်လာလျက်…

“ဒီမှာ ဆရာ၊ ကျွန်မတို့ စာအုပ်၊ ဆရာ့အောက်တိုဂရပ်ဖ် ရေးပေးပါ ဆရာ”

ဟု ဆိုကာ ကားထဲသို့ လိုက်ထည့်၍ ပေးလိုက်ပါသည်။ ရှုပ်လဲရှုပ်တဲ့ ကောင်မလေးတွေ လင် မြန်မြန်ရပါစေဗျာ၊ ဒါမှ လူများတွေ လျှောက်ပြီး အောက်တိုဂရပ်ဖ် ရေးခိုင်းတဲ့ အလုပ်ရပ်သွားမယ်။

စိတ်ခပ်လေးလေးနှင့်ပင် အိမ်ပြန်ရောက်သောအခါတွင်….

“ပေါ်အူးရေ မင့်စနက်က ခက်တာကွ”

ဟု အစချီပြီး ကျွန်တော် နှစ်ရှည်လများ မကြိုးစားရဘဲနှင့် နာမည်ကျော်စာရေးဆရာကြီး ပပဝတီဖြစ်လာပုံနှင့် တွေ့ကြုံခဲ့ရသော အဖြစ်အပျက်ကိုပြောပြကာ…

"အဲဒါပဲ ပေါ်အူးရေ…၊ ငါ ကောင်းဖို့လား၊ ဆိုးဖို့လားတော့ မပြော တတ်ဘူး"

"ကောင်းဖို့က… နည်းပါတယ်ဆရာ"

"ဒီတော့… မင်း ဘယ်လိုလုပ်စေချင်လဲ"

"ဆရာ့ သူငယ်ချင်းကိစ္စ အောင်မြင်တဲ့အခါမှာမဟုတ်တဲ့အကြောင်း ပြန်ရှင်းဖို့ပဲ၊ ဒီအတွင်းမှာတော့ လူသိနည်းနိုင်သမျှနည်းအောင် အခုနေဆရာ နဲ့ တွေ့သွားကြတဲ့ သူငယ်မ လေးယောက်ကို တစ်ဆင့်မပေါက်ကြားအောင် ပိတ်ဖို့လိုတယ်ဆရာ"

"အေး … ဟုတ်ပြီ…၊ ဒါနဲ့ … သူတို့ ရေးပေးလိုက်တဲ့ အောက်တို စာအုပ်တွေလည်း ရှိသေးတယ်ကွ၊ ငါဘယ်လိုရေးရမှန်းမသိဘူး"

"သူတို့ စာအုပ်တွေထဲ ဟိုလူဒီလူ ရေးထားကြတာတွေ ရှိမှာပေါ့ ဆရာ အဲဒါတွေကြည့်ပြီး သင့်လျော်အောင်ရေးပေးလိုက်တာပေါ့ဆရာ"

"အေးကွာ … ဒီအတိုင်းလုပ်ရတော့မှာဘဲ"

ထိုည ထမင်းတဝ စားသောက်ပြီးသောအခါ၌ ကျွန်တော်သည် ပေါ် အူး အကြံပေးသည့်အတိုင်းပင်… ကလေးမတို့၏ အောက်တိုဂရပ်ဖ်စာအုပ် များကို ဖွင့်ကာ စာရေးဆရာဆိုသူတို့၏ ရေးပုံသားပုံကို ကြည့်ရပါသည်။

သူတို့ စာအုပ်ကလေးများမှာ ဖြူနီပြာဝါ ရောင်စုံကတ္တူချောတို့ဖြင့် သူတို့ ကလေးများကဲ့သို့ပင် စိမ်ပြေနပြေ လှန်ကာလှောကာ ရှုချင်စရာ ကောင်းပါ သည်။ ဖလတ်လတ်မြည်အောင် အမြန်လှန်ကြည့်သောအခါ၌ကား ဝါတစ် ချက် ပြာတစ်ကွက်ပန်းရောင်စွက်၍ ကြက်ဥအရောင် တိမ်တောင်သဖွယ် သူတို့အရေးကျယ်၏ဆိုဘိသို့ သဘောပေါက်စရာ တွေ့ရပါသည်။

"ဟော့… ပေါ်အူးရေ…၊ စာရေးဆရာတွေ နာမည်လဲ ငါမသိကွယ်… ဒီထဲရေးထားတဲ့ လူတွေက အများကြီး …။ သူတို့အာဘော် ဘယ့်နှယ်လုပ် ရွေးပါ့မလဲ"

"မခက်ပါဘူးဆရာ…၊ စာရေးဆရာတွေနာမည်က ရိုးရိုးလူနာမည် မဟုတ်ဘဲ မြေပြင်ဝေဟင်က သက်ရှိသက်မဲ့တွေကို နာမည်ဝိသေသနတပ် ဆင်ထားကြတာဘဲ၊ တချို့က ပါဠိတွေ၊ ဥပမာ… သာခု… သုခ…"

"အမယ်… ဒါဘုရားရှိခိုးတွေထဲကပဲ၊ သူတို့က ဘုရားတရားကြည် ညိုဟန်တူရဲ့…."

"နို့ပြီး ရွှေမြား၊ ရွှေဓား၊ ရွှေလှံ ဆရာ..."

"အမယ် ... လက်နက်ရွှေတပ်လို့ ... သူတို့ကလူမိုက်စိတ်ရှိတယ်နဲ့ ဘူတယ်"

"နို့ပြီး ... ငွေဥဒေါင်း၊ လင်းယုန်နီ ဆရာ ..."

"ဟား ... တိရစ္ဆာန်ပါလား ...၊ ငှက်တွေ ... အရောင်ခြယ်လို့..."

"နို့ပြီး ... တာရာ၊ ကြယ်နီ ဆရာ ..."

"အမယ် သူတို့က အာကာသ လောကဓာတ်က နက္ခတ်တွေပါလား၊ သူတို့ နာမည်အတိုင်းဆိုရင် အဝေးမြော်စိတ်ကူးယဉ်တွေ ရေးမယ်ထင်တယ်..."

"ကြယ်နီကတော့ မဟုတ်ပါဘူးဆရာ၊ တံငါတွေ ဘဝကိုရေးရတာ အင်းတော အိုင်တောကကို တက်တယ်မရှိဘူး။ စာရေးဆရာတွေကို သူတို့ နာမည်နဲ့ ရေးတာနဲ့ ဖမ်းမလို့မရဘူးဆရာ...၊ အရင် ဆရာတက်တိုးက ပဒေသာမဂ္ဂဇင်းမှာ 'သမုဒယ' ဆိုတဲ့ ဝတ္ထုရေးတော့ တချို့စာရေးဆရာတွေက ပြောကြသေးတယ်။ နာမည်က တက်တိုးဆိုပြီးတော့ ဘာမှ မတိုးတက်ဘူး။ အလကား ရှေးအယူအဆ ဥစ္စာစောင့်စတဲ့ ဝိညာဉ်လောကကို ထောက်ခံနေတယ်တဲ့"

"ဟ... ဒါတော့ သူ့နာမည်ကိုက တိုးတက်မှ မဟုတ်ဘဲ။ တက်တိုးဘဲကွ...၊ ဘာများ တက်တိုးမယ်တော့ မသိဘူး။ မော်တော်ကား တက်တိုးရင်တော့ ဒုက္ခပါပဲ"

"နာမည်တွေက သူတို့စိတ်ကူးရှိရာ ယူကြတာပဲဆရာ၊ တချို့ရှိသေးတယ် မြို့နာမည်ပါ တွဲယူထားတာ... ဗန်းမော်တင်အောင်တို့၊ ဗန်းမော်ညိုနွဲ့တို့"

"အမာ ... ဗန်းမော်တစ်မြို့လုံးပါ သူတို့ အမေဗိုက်ထဲက ထွက်လာတဲ့အတိုင်းပဲ"

"နို့ပြီး ... ရာဇဝင်ပုံပြင်ထဲက ယူတာတွေလဲ ရှိသေးတယ်ဆရာ ဥပမာ မင်းရှင်နောင် ... တင့်တယ်....."

"အောင်မာ တင့်တယ် ဆိုတဲ့နာမည်များ ခံယူတဲ့လူရှိသေးလားကွယ်။ သူ့ပုံပြင်ထဲမှာဖြင့် ကောင်းကျိုးပေးတဲ့ နာမည်လည်း မဟုတ်ပါဘူး။ ဆင်းဆင်းရဲရဲနှင့် ပန်းဘဲထုစားနေရတဲ့အထဲ နှမတွေ ရှင်ဘုရင်အသိမ်းခံရပြီး ...

ဖိုကျင်ထိုး အသက်ခံရရှာသေးတယ်။ အဲသည်လောက် ကြမ္မာဆိုးတဲ့လူ… ဟော့… ဒီမှာပေါ်အူး"

"ဆရာ"

"အခုနယ် ငါသာ ဝန်ကြီးချုပ်လောက် ဖြစ်ရင်ကွယ်"

ဤနေရာ၌ ပေါ်အူးအား စကားမဆက်မီ မိတ်ဆွေကို မှာကြားထားရဦးမည်။ ကျွန်တော် ယခုစကားပြောနေချိန်မှာ ညစာထမင်းစားပြီးခါစဖြစ်၍ အဘယ်သို့နေမည်ကို မိတ်ဆွေသိပြီး ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော့်စကားကို မိတ်ဆွေကြား၍ မလျော်ဘူးဆိုပါက ခွင့်လွှတ်တော်မူပါရန်။ "ပဒေသရာဇ် ဆန်တယ်ပဲ ပြောချင်ပြော၊"ကဲဟော့… တင့်တယ်၊ ရှေးရာဇဝင် အတိုင်းပဲကွ" ဆိုပြီး သူ့နှမတွေ အကုန်သိမ်းယူရမယ်၊ဒါပေမဲ့ ငါက ဟို ရှင်ဘုရင်လိုတော့ မရက်စက်ပါဘူးကွယ်။နို့ပြီး အခုနယ်မှာ ဒို့ကာကွယ်ရေးဝန်ကြီးဦးဘဆွေကလည်း စိတ်ချရတယ် မဟုတ်လား။ တင့်တယ်လိုလူ တောခိုဦး တော့ ဘာမှ ဂရုစိုက်စရာမရှိဘူး"

"ဒီတင့်တယ်ကလည်း တောခိုမယ့်လူ မဟုတ်ပါဘူးဆရာ"

"အေး…ဒီတော့… ငါက သူ့ကို ပါတီဝင်ခိုင်းပြီးတော့ အမတ်တစ်နေရာ လုပ်ပေးလိုက်မယ်၊ ဒါမှမဟုတ် ဒီကောင်က တင့်တယ်ဆိုတော့ ဗလကောင်းလိမ့်မယ်ကွ၊ ငါ့ သက်တော်စောင့် ခန့်လိုက်မယ်"

"ဒီတင့်တယ်က ခါးချည့်ပိန်ညှောင်လေးဆရာ"

"ဟေ…ဒါနဲ့ သူက ဒီနာမည် ဘာပြုလို့ ယူတာလဲ…၊ သူ့ရုပ်ဆင်းသဏ္ဍာန်က လှပတင့်တယ်ရှုချင်ဖွယ် ကောင်းလို့လား"

"မဟုတ်ပါဘူးဆရာ၊ ရုပ်ကလည်း လူချောဆိုတာနဲ့ တခြားစီပါ"

"ဟင်…ဒါဖြင့် သူ့ဟာက…ဒီနာမည်နဲ့ ဗလရော၊ ရုပ်ရော တစ်ကွက်မှ မကိုက်ဘူးပေါ့"

"ဟုတ်ပါတယ်… ဒါပေမဲ့ သူက ဉာဏသမား ဆိုတော့… ကွိနိုင်သကြားအုပ်တဲ့သဘော၊ သီလကြောင် ပုတီးစွပ်တဲ့သဘောမျိုးနဲ့ ဒီနာမည်ယူဟန်တူပါတယ် ဆရာ"

"အေးကွယ်… အများအားဖြင့် အမြင်နဲ့အကြားနဲ့ တခြားစီဖြစ်နေတတ်တာပဲ၊ ငါ မန္တလေးသွားတုန်းကကော မာလာဆိုတဲ့ စာရေးဆရာမ တွေ့ခဲ့တယ်…။ သူကလည်း နာမည်နဲ့ ဆန့်ကျင်ဘက်ပဲ…။ အမ်–အေ မတ်အုံးဆို

တာကကော...နာမည်ကသာ 'မတ်အုံး' လူကတော့ 'ကိုင်းချင်'နေပြီ။ တယ် မမာတာကိုကွ။ 'ကြည်မြ'ဆိုတဲ့ ငနဲတွေ့ပြန်တော့လည်း...ငါ...သူ့မြင်ရတာနဲ့ စိတ်ကို 'နောက်ကျိ' သွားတာပဲ...။ လူက ပုကွကွ၊ပြောင်ရွှတ်ရွှတ်နဲ့ ရွှေဥ ဒေါင်းတို့၊ မြမျိုးလွင်တို့ကျတော့၊ ဟာ...ပြော...မပြောချင်တော့ပါဘူးကွာ...၊ အမယ်....အမယ်..ဒီမှာ" ကျွန်တော်သည် ကလေးမတစ်ယောက်၏ အော်တို စာအုပ်ကိုလှန်ကြည့်နေရာမှ ဖြတ်၍...

"စာရေးဆရာ ရန်အောင်ဆိုပါလားကွ...သူကကော"

"သူကလည်း...ရန်အောင်ဆိုပြီး မယားနဲ့ရန်ဖြစ်လို့ ခဏခဏ အိမ်က ဆင်းပြေးရတဲ့လူပေါ့..."

"အမယ်... သူ ဒီအော်တိုထဲမှာ ရေးထားတာက (ပတ်ဗလစ်ရှာတွေ မော်တော်ကားစီသလို၊ စာရေးဆရာလည်း မော်တော်ကားစီးချင်တာပဲကွ၊ ရန်အောင် ၁၈–၉–၅၁)တဲ့၊ ဖြစ်မှဖြစ်ရလေ၊ သူ့ဆန္ဒ ဖွင့်ဟရှာတယ်...."

"အင်း...ဒီငနဲကလည်း ကြည့်ပါဦး ကိုယ့်ကိုယ်ကို ကြော်ငြာရှာ တယ်...('နှင်းဦး' ရေးဝတ္ထုများကို လက်မလွတ်တမ်းဖတ်ပါ၊ အလွန်ကောင်း ပါသည်။ နှင်းဦး ၅–၁၁–၅၁)တဲ့ ..."

"အဲ...သူကတော့ လူငယ်နဲ့တူသကွ၊ (မသိဘူး ... မမြင်ဘူးပဲနဲ့ ဒီ အမှတ်တရစာအုပ်ငယ်မှာ ရေးခွင့်ရတဲ့အတွက် ဝမ်းမြောက်မိပါတယ်။ မင်း ရှင်)တဲ့၊ သူက ဒီသူငယ်မ ဓာတ်ပုံကြည့်ပြီး ဒီစာအုပ်မှာရေးရတော့ အတော် ကြည်နူးဟန်တူတယ်ကွ...."

အကြောင်းမှာ ဤစာအုပ်ငယ် ပထမမျက်နှာတွင် ကလေးမ၏လှပ သော ဓာတ်ပုံနှင့်အောက်က ('ဘဝတု သဗ္ဗမင်္ဂလံ'ပါရှင်၊ ရှိသေစွာ တောင်းပန် အပ်ပါသည်။ ဤ 'အမှတ်တရ' စာစောင်အတွင်း၌ နှစ်သက်ရာစာပေတို့ကို ရေးသားပေးပါရန်)

နှစ်သက်ရာ စာပေတို့ကို ရေးသားကြပေသည်။ အချို့မှာ မိမိတို့ နှစ်သက်ရာဝါဒကို သင်တန်းပေးသော စကားလုံးများအတိုင်း ဖောက်သည် ချထားခြင်း၊ အချို့မှာ မိမိဖြစ်စေချင်ရာကို ဩဝါဒ ပေးထားခြင်း၊ အချို့သည် ၎င်းစာတို့ကိုကြည့်၍ ပြောင်လှောင်ထားခြင်း၊ အချို့မှာ စာအုပ်ရှင်ကလေးမ ကို ဂေါ်ရည်သွေးထားခြင်း စသည်တို့ကို တွေ့ရလေရာ၊ အချုပ်မှာ ကိုယ်ထင် မြင်ရာ ရေးနိုင်သည်ဖြစ်သောကြောင့်၊ ကျွန်တော်လည်း သူတို့စာအုပ်၌ စိတ်

ကူးရရာ လေးမျိုးကို ရေးပြီးနောက် 'ကျွန်တော် ပပဝတီဆိုတာ အခြားသို့ မပေါက်ကြားပါစေနှင့်ဆိုသော အရေးတကြီးစာနှင့်တကွ နောက်တစ်နေ့ နံနက်တွင် ပေါ်အူးအား သူတို့နေထိုင်ရာ ဘင်တန်ဟောလ်သို့ လွှတ်လိုက်ရလေ၏။

❑

# အခန်း (၃)

လောကကြီးကား အံ့ဩစရာကောင်းလှဘိသည်။ မဖြစ်စေချင်တာမှ ဖြစ်တတ်၏။ ဤနေရာ၌ ကျွန်တော်က ဆိုချင်သည်။ ကျွန်ုပ်တို့သည် တစ်စောင်မျှ မထိုးဘဲ 'ထီမပေါက်ပါစေနဲ့... ထီမပေါက်ပါစေနဲ့' ဟု ရည်းစားနှင့် ပထမတစ်ကြိမ်တွေ့ခါစ အပျိုမကလေး ရင်တုဒိတ်ဒိတ်ခုန်သကဲ့သို့ တဖွဖွ ရေရွတ်နေပါက ထီဖွင့်သောနေ့၌ထီလက်မှတ်တစ်စောင်သည် အိတ်ထဲသို့ လေနှင့်လွင့်ပါလာပြီး သိန်းထီပေါက်လိမ့်မည်ထင်သည်။ ယောကျ်ားပျိုတစ်ယောက်သည် ဘယ်မိန်းကလေးကိုမျှ မငေါ်ဘဲ'ငါမိန်းမ မရပါစေနဲ့ ... ငါမိန်းမ မရပါစေနဲ့' ဟု ကိုယ်ဝန်ဆောင်မိန်းမမီးဖွားခါနီး စုတ်ဖြဲတ်သတ်သလို တတွတ်တွတ်ရေရွတ်နေပါက၊ တစ်နေ့သ၌ မိန်းမပျိုတစ်ယောက်၏ ကားတင်ခြင်းကို ခံရလိမ့်မည်ထင်သည်။ အမေရိကန်သည် ငြိမ်းချမ်းရေး အတွက်ဟုဆို၍ ယခုကမ္ဘာအရပ်ရပ်မှာ ပြုမူနေသည်ကို ရပ်စဲကာ၊ မော်တော်ဆိုင်ကယ် အိတ်ဇောပေါက်မှ တဖေါက်ဖေါက်မြည်သလို၊ ကမ္ဘာတစ်ခုလုံး မီးဟုန်းဟုန်းတောက်ပါစေ၊ ကမ္ဘာတစ်ခုလုံး မီးဟုန်းဟုန်းတောက်ပါစေဟု တဗြစ်ဗြစ်ရေရွတ်နေပါက ဧကန်အမှန်ပင် ကမ္ဘာ့ငြိမ်းချမ်းရေးကိုရလိမ့်မည်ထင်ပါသည်။

အကြောင်းသော်ကား၊ ယခု ကျွန်တော့အဖြစ်ကိုဘဲ ကြည့်ပါတော့၊

ပပဝတီဖြစ်ကြောင်း ဘယ်သူ့ကိုမျှ မသိပါစေနဲ့ဟု ကလေးမလေးယောက်အားအရေတကြီးတောင်းပန်မှာကြားတားမြစ်လိုက်ခါမှ ငါးရက်မျှအကြာတွင်ကျွန်တော့်အိမ်လိပ်စာနှင့် စာတစ်စောင်ရောက်လာပါသည်။

**ဆရာပပတီရှင့်.....**

ဆရာတော့ ဝေ့ကို စိတ်ဆိုးတော့မှာပဲ ထင်တယ်။ အို... ဆိုးချင်လဲဆိုးပါတော့လေ...။ ဝေ့ရဲ့ မချုပ်တည်းနိုင်မှုပဲ၊ ဝေဟာ ဆရာ့ရဲ့ဝတ္ထုတွေကြိုက်လွန်လွန်းလို့... ချီးမွမ်းမိတ်ဆက်စာတွေအစောင်စောင်ရေးခဲ့တယ်။ တစ်ခါမှပြန်စာမရခဲ့ဘူး။ နောက်မှ ဆရာလျှို့ဝှက်စွာ နေချင်လို့ ဘယ်သူ့မိတ်ဆက်မှ လက်မခံဘူးဆိုတာသိရလို့ လက်လျှော့ခဲ့ရတယ်။ ယခုတော့ ဆရာရယ်...။ ဝေ့ရဲ့သူငယ်ချင်း မာဂရက်ခင်သန်းမြင့် မနေ့ကပဲ ဝေတို့ တောင်ကြီးမြို့ရောက်လာပြီး ဆရာနဲ့ သူနဲ့မိတ်ဆွေဖြစ်ခဲ့တဲ့အကြောင်း၊ သူ့ ဦးကြီးအိမ် ဆရာလာပြီး ထမင်းစားတဲ့အကြောင်း ပြောပြတယ်။ သူ့အောက်တိုမှာဆရာရေးပေးလိုက်တာလဲ ပြတယ်... (မိန်းကလေးများ ဟင်းချက်စား) လို့ဆရာ့သြဝါဒပေးလိုက်တာဟာ အင်မတန် လေးနက်တာဘဲဆရာ ...၊ ဟုတ်တယ် တချို့မိန်းကလေးဟာ အိမ်မှာ ထမင်းသာချက်ပြီး ဟင်းကျတော့ ကုလားဆိုင် တရုတ်ဆိုင်တွေက ဝယ်စားကြတယ်။ ဒါဟာဘယ်ကောင်းမလဲနော် ဆရာ ...၊ ဆရာ့စကားဟာ သိပ်တန်းဖိုးရှိတာပါပဲ။ ဝေတော့ .... အိမ်ထောင်ရက်သားကျပြီး ကိုယ့်ထမင်းဟင်း ကိုယ်စီမံရမယ်ဆိုရင် ဘယ် တော့မှ ဟင်းဝယ်မစားတော့ဘူး။ မချက်အားရင် အငတ်နေလိုက်မယ်။ အို... ဝေတော့ အိမ်ထောင်ပြုဖို့လည်း စိတ်မကူးသေးပါဘူးလေ ... ငယ်ပါသေးတယ်...။

သြော်... ဆရာ့ကိုလေ ဝေတို့က အစဦးဖြင့် မိန်းမစာရေးဆရာအောက်မေ့နေခဲ့တာ...။ အခု ဆရာ့နာမည်က ကိုအေးဆွေ၊ အသက်က ဘယ်အရွယ်၊ ရုပ်ရည်က ဘယ်လိုဆိုတာသိရတော့ ဆရာ့ဝတ္ထုတွေထဲမှာ မိန်းကလေးတွေအကြောင်း နှိုက်နှိုက်ချွတ်ချွတ်ရေးတာတွေ တွေးမိပြီးတော့၊ အို ... ဝေ့စိတ်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိပါဘူးဆရာရယ်။ ဆရာက စာရေးဆရာတွေထဲမှာ အချောဆုံးဆို၊ မာဂရက်က ပြောတယ်။ သန်းဆွေတို့ တင့်တယ်တို့နဲ့ဆိုရင် အပြတ်အသတ်တဲ့။

သြော် ... မိတ်ဆက်စာရေးရင်းနဲ့ ဘာတွေများ လျှောက်ရေးနေမိ

တယ်မသိပါဘူး။ ဝေ ဘယ်သူလဲဆိုတာတောင် မပြောရသေးဘူး ...။ ဝေ့နာမည်က ကြည်မာဝေတဲ့...၊ တောင်ကြီးမြို့ မြို့လယ်လမ်း အမိန့်တော်ရ ဦးတင်စိုးသမီး၊ အသက်အရွယ်ကိုတော့၊ ဆရာ ဝေ့ဓာတ်ပုံကြည့်ပြီးပဲ အကဲခတ်ပေတော့။ ဝေ ဓာတ်ပုံပါ ထည့်ပေးလိုက်ပါတယ်။

အို... ဆရာ့နာမည်သိနေမှဟာ ဆရာလို့ ခေါ်တော့ဘူးနော် ပိုမိုရင်းအောင် ကိုအေးဆွေ....၊ အို... တိုတို ကိုကိုဆွေလို့ဘဲ ခေါ်တော့မယ်နော်...။ ဝေ့ကို ခွင့်ပြုပါနော်။ ကိုဆွေက ဝေ့ကို မသိခဲ့ပေမယ့် ဝေကတော့ကိုဆွေ့ကို သိနေတာကြာလှပြီ သိရဲ့လား။

အို .... ကိုဆွေရယ်၊ ကိုဆွေ့ကို ဝေ...အခုလိုသိရတာ သိပ်ဝမ်းသာတာပဲကွယ်။ ဝေ မိတ်ဆက်တာကို လက်ခံပါနော်...။ ဝေ့ကို စာပြန်ပါနော်..။ အဲဒီတော့ ကိုဆွေ့ဓာတ်ပုံလည်း ထည့်ပေးလိုက်ပါနော် ဝေ့ဓာတ်ပုံတော့ အခုပဲ ပေးထားပြီးဟာကို...။

ဝေ မျှော်နေမယ်နော်...။

အို... ကိုဆွေ့ဆီက ပြန်စာနဲ့ ဓာတ်ပုံရရင်တော့ သိန်းထီပေါက်တာထက် ဝမ်းသာမှာဘဲ ကိုဆွေရယ်...။

လူလည်းကျန်းမာ၊ စိတ်ချမ်းသာ၍
ကောင်းရာကိုတွေး၊ စာပေရေးလျက်
တိုင်းရေးပြည်မှု၊ အစုစုကို
ရှေ့မှုရှေ့ဆောင်၊ 'ဆွေ့'ကလောင်ဖြင့်
အောင်မြင်စေကြောင်း၊ 'ဝေ...' ဆုတောင်းသည်
စာကောင်းပေါ်ထွက်၊ ပါစေသတည်း။
ညကြီးရေးရတာ၊ ဝေ... အိပ်ချင်ပြီ ကိုဆွေ...

ဝွဒ်နိုက်

အမလေး ...

သူ့စာဖတ်ပြီး လူ့ကို နန်း၍ပင်သွားပါသည်။ ကိုယ့်ခြေကိုယ့်လက်မှ ကိုယ်မသယ်ချင်။ မိမိကြိုက်ချင်နေသော ယောကျ်ားပျိုထံမှ ရည်းစားစာကို ဖတ်ရသော မိန်းကလေးများလည်း ဤကဲ့သို့ပင် နေလိမ့်မည်ထင်ပါသည်။ ကျွန်တော်ကား စာအိတ်ဖောက်လိုက်၍ ကလေးမဓာတ်ပုံမြင်လိုက်ကတည်း

ကပင် ကြိုက်ချင်နေခဲ့ရာ သူ့စာဖတ်၍ တစ်ဝက်လောက်အရောက်၌ကား ရည်းစားအရင်းလို အောက်မေ့သွားပါတော့သည်။

တော်တော့်ကို စာရေးကောင်းတဲ့ သူငယ်မ၊ စာရေးဆရာတို့ထံ မိတ်ဆက်စာရေးသော ကလေးမတွေ နမူနာယူသင့်သည်ဟု ထင်ပါသည်။ ဤနေရာ၌ မိန်းကလေးတစ်ယောက်ကို ကျအောင် ရေးနိုင်သောယောကျ်ားထက်၊ ယောကျ်ားလေးကို ကျအောင်ရေးနိုင်သော မိန်းကလေးကို ပို၍ချီးမွမ်းရမည် ထင်ပါသည်။ မိတ်ဆွေ မည်သို့ သဘောရပါသနည်း...။

"ဟာ... ကိုအေးဆွေက သဘောလွယ်တဲ့ လူမို့ပါဗျာ..."

ဟု ဆိုချင်လည်းဆိုတော့၊ သူ့စာကို အထပ်ထပ်ဖတ်မိရုံမက၊ ယောကျ်ားတန်မဲ့နှင့် သူ့ဓာတ်ပုံကို မနမ်းမိရန် ချုပ်တီးခြင်း၌ မစွမ်းနိုင်တော့သောကြောင့် နောက်ဆုံး၌ ကိုယ့်လိပ်ပြာကိုယ်ရှက်၍ တပည့်ပေါ်အူးကိုမျှဖွင့်မပြောဝံ့တော့ဘဲ....၊ ဤကိစ္စမျိုးတွေ ကြုံတွေ့ဖူးမည်ဖြစ်သော ကျွန်တော်၏သူငယ်ချင်း အောင်မြသွင်၊ (စာရေးဆရာ စမ်းစိမ့်သွင်)ရှိရာ ရွှေကြာပင်မဂ္ဂဇင်းတိုက်သို့ ထွက်ခဲ့ပါတော့၏။

"ဟဲလို ... မန်းကီး"

ကျွန်တော်တို့ သူငယ်ချင်းများမှာ အလွန်ရင်းရင်းနှီးနှီးနေတတ်၍ သူက ကျွန်တော့်ကို မျောက်ဟု ဆိုပါလျှင် ကျွန်တော်က သူ့ကို ခွေးဟု ခေါ်ပါသည်။

"ဟဲလို ... ဒီအိုဂျီ"

"ကမ်းမင် .... ဆစ်ဒေါင်း"

ကျွန်တော် သူနှင့်မျက်နှာချင်းဆိုင် ထိုင်မိသောအခါတွင် လမ်းဘေးအမှိုက်ပုံကဲ့သို့ ရှုပ်ပွနေသော သူ၏ အယ်ဒီတာစားပွဲကိုကြည့်၍ ...

"မင်းတို့ စာရေးဆရာ အယ်ဒီတာတွေတော့ မမြင်ဖူးတဲ့ လူတွေဆီက စာမျိုးမျိုးတွေ ရမှာဘဲကွနော် ..."

"ရပြီလားကွာ၊ ဟောဒီမှာကြည့်ကွ ..."

ဟုဆိုပြီး စာတစ်ရွက်ကို ကိုင်၍ ဖတ်ပြပါသည်။

"အယ်ဒီတာမင်းခင်ဗျား ...၊ ပူးတွဲပါအကြောင်းအရာမှာ ကျွန်တော်၏ တစ်သက်တာတွင် မမေ့နိုင်ဖွယ်ရာ တကယ့်အဖြစ်အပျက်ဖြစ်၍ ရှေ့လထုတ် ဆရာတို့ မဂ္ဂဇင်းတွင် ထည့်သွင်းစေလိုပါသည်။ ဤစာကိုဖတ်ရက သူက

လေးလည်း ပြန်၍စိတ်လည်လာပါလိမ့်မည်။ ဤအခါ၌ ကျွန်တော်က အယ်ဒီတာမင်းကို ကျေးဇူးဆပ်ပါမည်"

ကျွန်တော်က ဖြတ်၍...

"သူရေးထားတာက ဘာအကြောင်းအရာလဲကွ..."

"ဟာကွာ...သူကြိုက်နေတဲ့ ကောင်မလေး သည့်အပြင်လူဘက်ပါသွားတာကို မသာငိုချင်းဆိုင်းတီးသလို ရေးထားတာ..."

"သနားပါတယ်ကွာ၊ မင်းတို့က ထည့်မပေးနိုင်ဘူးလား"

"ဘယ်ထည့်နိုင်ပါ့မလဲကွ။ သူ့ဟာသူသာ တစ်သက်မက၇၅–သက်မမေ့နိုင်ဖြစ်နေတာ။ သည့်ပြင်လူအဖို့ ဘာမျှ စိတ်ဝင်စားစရာ မရှိတာ။ တချို့လာသေးတယ်။ ကျွန်တော့အဖြစ်အပျက်ကို ဆရာ့ဝတ္ထုထဲ ထည့်ရေးပေးပါဆိုတာတို့၊ ကျွန်တော်တို့ရွာက ညီအမသုံးယောက်အကြောင်း ဝတ္ထုရေးဖို့သိပ်ကောင်းတာဘဲ။ အဲဒီဟာ ကျွန်တော်က ဆရာဝတ္ထုရေးဖြစ်အောင် အကြမ်းရေးပေးမယ်။ ကျွန်တော့်ကို ဘယ်လောက်ပေးမလဲဆိုတာတို့၊ တချို့ကလဲလာသေးတယ်။ ကျွန်မဝတ္ထုကို ဆရာတို့မဂ္ဂဇင်းထဲထည့်ရင် ကျွန်မကဆရာတို့ကို ညဏ်ပူဇော်ခ ဘယ်လောက်ပေးရမလဲတို့..."

"ဩော် .... သူက ပေးမှာတဲ့လား ...."

"အေးလကွယ်...၊ စာရေးဆရာဖြစ်ချင်တဲ့ ဝါသနာက ပြင်းတာ ကိုးကွဲ့"

"နို့ပြီး ... မင်းတို့စာရေးဆရာတွေကို မိန်းကလေးတွေဆီက ချီးမွမ်းမိတ်ဖွဲ့တဲ့စာတွေ မလာဘူးလား"

"လာပြီလား...၊ တချို့နာမည်ကြီးတဲ့ စာရေးဆရာတွေဆိုရင် သူတို့ဆီစာပြန်ရတာက အလုပ်ကြီးတစ်ခုပဲ၊ မိန်းကလေးဆိုတဲ့အကောင်မျိုးကလည်းသူတို့က မိတ်ဖွဲ့စာရေးလို့ ချက်ခြင်းပြန်ရင်ပြန်၊ မပြန်ရင် ဒီစာရေးဆရာမာနကြီးတယ်။ လူပါးဝတယ်ဆိုပြီး စိတ်ဆိုးရော။ အဲ... သူတို့ဆီ စာပြန်မိရင်လဲ တစ်စောင်နဲ့ မပြီးတော့ဘူး အသွားအပြန် မပြတ်ဖြစ်နေရော..."

"ဘာလဲကွ ... သူတို့က ... ဒီစာရေးဆရာကို ကြိုက်လို့လား"

"အဲဒီကိစ္စမှာ အမျိုးမျိုးရှိတယ်ကွ၊ တချို့က နာမည်ကြီးစာရေးဆရာနဲ့မိတ်ဆွေဖြစ်ပြီး စာပေးစာယူလုပ်နေရတာ ကျေနပ်လို့ကွ၊ တချို့က ဒီစာရေးဆရာကို အားကျပြီး သူလည်း စာရေးဆရာဖြစ်ချင်လို့ နည်းနာအကူအညီ

လိုချင်လို့ကွ... တချို့ကလည်း တစ်ယောက်နဲ့တစ်ယောက် ခေတ်ပုံပါလဲ ပြီး .... ကြိုက်သွားကြတာလဲ ရှိတယ်ကွ...."

"ခေတ်ပုံမမြင်ရခင်ဘဲ စာရေးဆရာကို ကြိုက်နေတာများကော ရှိသလား"

"ရှိတတ်တယ်၊ ရေးပုံသားပုံဖမ်းပြီး အရွယ်မှန်းပြီး စာသဘောကျရာ က လူကိုကူးသွားတာလဲ ရှိတယ်"

"အဲဒါတွေ အားကျပြီး ငါတောင် စာရေးဆရာဖြစ်ချင်လာတယ်ကွာ"

"မင်း စာရေးဆရာဖြစ်ချင်ရင် ငါ အကြံပေးလိုက်မယ်... မင်းမှာငွေ အရှိသား၊ တချို့ အခု ကိုယ့်ကိုယ်ကို စာရေးဆရာလုပ်နေတဲ့ လူတွေကို ကိုယ့်ဝတ္ထုကိုယ်ရေး၊ ကိုယ့်ဟာကိုယ် ပတ်ဗလစ်ရှာလုပ်၊ ဒါမှမဟုတ် မဂ္ဂဇင်း စာအုပ်ထုတ်၊ ကလောင်နာမည်ခံ၊ ရေးချင်တာရေးထည့် ကိုယ်ခရီးသွားတာ လည်း ရေးကြီးခွင်ကျယ်လုပ်ပြီး ခေတ်ပုံပါထည့် ... အဲ ... အရှက်တော့နည်း ရတယ်ကွ..."

"အဲလို စာရေးဆရာ လုပ်နေတဲ့လူတွေများ ရှိလို့လား"

"ရှိတာပေါ့ကွ..."

"နို့ ... သူတို့ဆီက အခုနလို မိန်းကလေးတွေဆီက... ချီးမွမ်း မိတ်ဆက်စာတွေလာသလား"

"လုံးချင်းဝတ္ထုရေးပြီး ပတ်ဗလစ်ရှာ လုပ်တဲ့လူဆီတော့ မသိဘူး။ မဂ္ဂဇင်းထဲ ဝတ္ထုလေး ကဗျာလေး ရေးချင်တာနဲ့၊ သူ့ကလောင်နာမည် စုံစမ်း ပြီး၊ ဟာ ... သိပ်ကောင်းတာဘဲ ဘာညာ ... မြှောက်တဲ့ချော့တဲ့ စာတွေ လာတာပေါ့ကွ..."

"ဒါဖြင့် တကယ်တော့မစွံဘူးပေါ့"

"မစွံဘူးရယ်လဲ မပြောနိုင်ဘူးကွ၊ တချို့စာရေးအလွန်အမင်း ဝါသ နာပါတော့ ငါသူ့ယူရင်ဖြင့် မဂ္ဂဇင်း မပြုတ်မချင်းတော့စာရေးဆရာမ ဖြစ်မှာပဲဆိုပြီး၊ တကယ် ကြိုက်သွားတဲ့ဟာလဲ ရှိတယ်ကွ"

"ငါလခွီးတဲ့ ... မင်းဟာက နွားမရှဲ့ပိတ်ရောင်းတာကို နွားထီးမဝယ် နိုင်တဲ့လူက မသိချင်ယောင်ဆောင်ယူတဲ့သဘောဘဲ၊ ဒီလိုဆိုလဲ မနိပ်ပါဘူး။ မင်း စာရေးဆရာ ပပဝတီဆိုတာ သိလား ... သူကော..."

"ဟာ သူကတော့ တကယ့် ပရိသတ်ကြိုက်တဲ့ နာမည်ကြီး စာရေး

ဆရာပဲ”

“ယောကျ်ားလား မိန်းမလား”

“မိန်းမလို့ထင်တာဘဲ၊ အသေအချာတော့မသိဘူး”

“မင်းဒါဖြင့် သူနဲ့လူချင်းမသိဘူးပေါ့”

“ငါတင်မဟုတ်ဘူး သူ၀တ္ထုတွေ ထုတ်တဲ့ ပတ်ဗလစ်ရှာတောင် မသိဘူးလို့ ပြောတယ်။ သူ့စာမူတွေ စာတိုက်ကလာတယ်။ စာတိုက်ကငွေပို့ရတယ်လို့ပြောတယ်”

“မင်းတော့ အံ့သြမှာပဲ... ငါ အခု အဲဒီစာရေးဆရာ ပပ၀တီဖြစ်နေပြီဆရာ ...”

ဒီကောင်မျက်လုံးဖြဲကာ ...

“ဘာ”

ဟု ဆိုပြီး ဆရာ ပပ၀တီရှင့် ... ဆိုသောစာကို ထုတ်ပြလိုက်သည်။

ဒီကောင်သည် စာရွက်ကို အပေါ်တစ်ကြောင်းမျှဖတ်ပြီး ...

“ဟကောင်ရ ... မင်းရူးနေသလား”

“မရူးပါဘူး။ အဖြစ်က ဒီလိုကွ”

ဟု အစချီပြီး ကျွန်တော် ပပ၀တီဖြစ်လာရပုံ အစအဆုံးပြောပြပါသည်။

ဤမှ အောင်မြသွင်သည် ဟက်ဟက်ပက်ပက်ရယ်မောပြီး ...

“ဖြစ်မှဖြစ်ရလေ အေးဆွေရာ“

ဟု ဆို၍ ကလေးမ,၏ စာကို တပြုံးပြုံးနှင့် ဖတ်နေပါသည်။

“အောင်မာ ... မင်း ဟိုကလေးမ အောက်တိုထဲရေးပေးလိုက်တာက ဘာကွ... (မိန်းကလေးများ ဟင်းချက်စား) ဘာ အဓိပ္ပာယ်လဲ”

“ငါ ရေးတုန်းက စိတ်ကူးကတော့ကွာ .... မိန်းကလေး ၀၀ကက်ကက် တစ်တစ်ရစ်ရစ်ကလေးတွေခုတ်ထစ်ပြီး ဟင်းချက်စားရရင် ကောင်းမှာဘဲ ဆိုတဲ့သဘောကွ၊ အဲဒါ အခု သူက အိမ်မှာဟင်းချက်စားရမယ် ၀ယ်မစားရဘူးလို့ အဓိပ္ပာယ်ကောက်နေတာကွ”

“ဟင် ... အေးဆွေရယ် × × × မင်းနဲ့မှ ဖြစ်ရပလေ”

ဟု ဆိုပြီး စာကိုဆက်ဖတ်ရင်း ...

“အင်း စာရေးတော်တော်နွဲ့တယ်ကွ × × × ဟော့... သူ့ဓာတ်ပုံပါ ပေး

လိုက်တယ်ဆိုပါလား ... မှန်း ... ဘယ်မလဲ”

ကျွန်တော်ဓာတ်ပုံကို အိတ်ထဲမှထုတ်ပေးလိုက်သောအခါ၌

“ဟာ... ချောတယ်ဆရာ၊ အနိပ်ကလေးဘဲကွ”

သူ ဓာတ်ပုံကို အတော်ကြာကြည့်ပြီးနောက်၊ စာဆက်ဖတ်ကာ

“ဟ ကဗျာကလည်း ကောင်းကောင်းရေးတတ်တယ် ဟေ့...။ သတ်ပုံ သတ်ညွှန်းလည်း မှန်တယ်...။ သူ အနည်းဆုံး ကျောင်းစာ ၈တန်း ၉တန်း တော့ သင်ဖူးမယ်ကွ၊ အင်း စာရေးပုံရော ဓာတ်ပုံရော တော်တော်ချစ်စရာ ကောင်းတာပဲ”

“အေး ... ငါတော့ကြိုက်နေပြီကွ၊ ဟေ့ မင့်ဆီကော အဲလိုစာမျိုးတွေ မလာဘူးလား”

“လာတောပေါ့ကွာ၊ ကလောင်နာမည် တက်ခါစတုန်းကဆိုရင်သာ များသေးတယ်။ မင့် ပပဝတီဆိုတာတော့ အများအားဖြင့် နာမည်ရော ရေး သားပုံရော မိန်းမ အောက်မေ့နေကြတာကိုးကွ၊ ယောကျ်ားတွေဆီက ဂေါ် စာတွေ၊ မိန်းမချင်းချီးမွမ်းတဲ့ စာတွေရော၊ တယ်လာဆိုပဲကွ၊ ဒါပေမဲ့ သူက စာပြန်မိတ်ဖွဲ့ခြင်း မပြုဘူးတဲ့ကွ”

“ဘယ်လိုတဲ့လဲ”

“သူရေးနေကျမဂ္ဂဇင်းထဲမှာ သူ့အကြောင်းပါလာတာ ငါပြမယ်”

ဟု ဆိုပြီး ထသွား၍ စာအုပ်ဘီရိုကြီးထဲမှ မဂ္ဂဇင်းဟောင်းတစ်ခုကို ယူလာကာ စာမျက်နှာလှန်ပေးပါသည်။

အယ်ဒီတာ အာဘော်အနေနှင့် ရေးထားသည်မှာ ...

“ကျွန်ုပ်တို့ မဂ္ဂဇင်း၏ မဏ္ဍိုင်ကြီးတစ်ခုဖြစ်သော ပပဝတီထံမှ သူ့ ဝတ္ထုတွေသဘောကျ၍ ချီးမွမ်းမိတ်ဖွဲ့စာတွေ ရောက်လာကြသည်ကိုများစွာ ကျေးဇူးတင်ရှိပါသည်။ သို့ရာတွင် ပပဝတီမှာ ယခုအခါ၌ သူ့ကိုယ်သူ ကျား၊ လား၊ မ, လားမှ လူသိမခံလိုသေး၍ စာပြန်ခြင်းမပြုပါ။ သူ့ဝတ္ထုများ၌ သဘာဝကျကျရေးသားနိုင်ရန် ဘဝလွှာအမျိုးမျိုးကို ကျင်လည်ကာ ကိုယ် တွေ့လေ့လာလျက်ရှိပါသည်။ ထို့ကြောင့် ပပဝတီသည် တစ်ခါတစ်ရံ၌ မော်တော်ကားလှလှကလေးနှင့် သူဌေးသားအသွင်သော်လည်းကောင်း၊ သို့ မဟုတ် သူဌေးသမီး အဖြစ်နှင့်လည်းကောင်း၊ တစ်ခါတစ်ရံ၌ ဘတ်စ်ကား ဒရိုင်ဘာ စပယ်ယာသော်လည်းကောင်း၊ သို့မဟုတ် ဆေးလိပ်ခုံ သူငယ်

ခလေးအဖြစ်လည်းကောင်း၊ အပ်ချုပ်သည်မလေး အဖြစ်လည်းကောင်း၊ ဘစ်ခါတစ်ရံ၌ ကုန်တိုက်ကြီးများတွင် စာရေးကလေးသော်လည်းကောင်း၊ သို့မဟုတ် ဈေးခေါ်သူငယ်မကလေးသော်လည်းကောင်း၊ တစ်ခါတစ်ရံ၌ ကြေးရတတ်များအိမ်တွင် ထမင်းချက် ခန္ဓမာအဖြစ်လည်းကောင်း စသည်ဖြင့် နာမည်အမျိုးမျိုးနှင့် အဆင့်အတန်းအမျိုးမျိုးကို ပြောင်းလဲ၍နေမည်တည်း။

သူ့ရည်ရွယ်ချက်မှာ မိမိအဓိဋ္ဌာန် ပြည့်မြောက်သောနေ့၌ ဓာတ်ပုံနှင့် တကွ တိုင်းပြည်ကိုကြေငြာလိမ့်မည်ဖြစ်ပါသတည်း။

ကျွန်တော် ဤစာကို ဖတ်ပြီးသောအခါ၌...

"အင်း ... သည့်နှယ်ကိုးကွ၊ ဒါကြောင့် လူတွေက ပိုသိချင်နေကြမှာ..."

"အခု မင့်ကို ပပဝတီအဖြစ်နဲ့ သိသွားကြတာ ဘယ်နှစ်ယောက်လဲ"

"တင်မောင်ကို ဦးကြီးရယ်...၊ ဘင်တန်ဟောလ်က ကောင်မလေး ၄ ယောက်ရယ် ..."

"အင်း ... ဘင်တန်ဟောလ်က ၄–ယောက်ဆိုရင် အခုလောက်ရှိ အင်းယားဟောလ်က ၄၀၀–လောက်နားပေါက်သွားရော့မယ်"

"ငါ ... ကောင်မလေးတွေကို လျှောက်မပြောဖို့ သေသေချာချာမှာလိုက်တာပဲကွ...၊ နောက်ထပ် စာနဲ့တောင် ရေးပေးလိုက်သေးတယ်"

"ဘယ်ရမလဲ၊ ဒါမျိုး မိန်းကလေးဆိုတဲ့အကောင်တွေ တားရတာက ငါးရှဉ့်တွင်းပိတ်ရတာနဲ့ အတူတူပဲ"

"အေးကွဲ့...၊ အခုလဲ တင်မောင်ကို ညီမ မာဂရက်ခင်သန်းမြင့် တောင်ကြီးသွားရင်းနဲ့ ပေါက်ကြားလာတာဘဲ"

"ကျန်တဲ့ ကောင်မလေးတွေကကော ဘယ်ကလဲ၊ ရန်ကုန်ကချည်းပဲလား၊ အဲဒီလိုဆို တော်ဦးမယ်"

"မဟုတ်ဘူးကွ၊ မော်လမြိုင်ကလည်း ပါတယ်"

"အမယ်လေး ... မော်လမြိုင်သူဆိုရင်တော့ ဒုက္ခဘဲ မောင်ရေ့၊ ရွှေမန်းသူတွေကမှ ရာဇဋ္ဌာနီ မင်းနေပြည်ဖြစ်ခဲ့တဲ့အရပ်မို့ ပညာရှိများ ထွန်းကားခဲ့တဲ့အတွက် သူတို့နားယဉ်ပါးပြီး 'အသားတော်ညိုပြာနုရယ်၊ ပိန်းဥထက်စေး' ဆိုတဲ့ စကားလုံးမျိုးတွေနဲ့ ချော့လို့မြှောက်လို့ရသေးတယ်။ မော်လမြိုင်သူကျတော့ သူတို့စိတ်က သူတို့အရပ် ရာသီဥတုနဲ့ သူတို့ကိုယ်ကာယ

လုံးကြီးပေါက်လှအတိုင်းဘဲ၊ မန်းလေပြေလေ ဆိုတာမျိုးတွေဆရာရေ့၊ ငါက ကြုံဖူးလို့သိတာ၊ ငါ ကျောင်းမှာတုန်းက မော်လမြိုင် သူတစ်ယောက်ကို စာပေးဖူးတယ်။ ‘ချစ်လျှင်လည်း စာပြန်ပါ၊ မချစ်လျှင်လည်း ဒီစာဘယ်သူ့မှ မပြပါနဲ့ ဆုတ်ပစ်လိုက်ပါ’ ဆိုတာကိုကွာ...၊ လက်ရေးမူ အစောင်စောင် ကူးပြီးတော့ ကျောင်းမှာ ရွှေပေလွှာဖြန့်တဲ့အတိုင်းပဲ လျှောက်ဝေတယ်ကွ...”

“အေး ငါ့ကိစ္စလည်း အဲလို သတင်းလျှောက်ဖြန့်လို့ မိန်းကလေးတွေ အများကြီးသိပြီး ပပဝတီကြိုက် ကလေးမတွေက အခုလို ငါ့ဝိုင်းပြီး ရည်းစား စာပေးကြတော့၊ ငါက သူတို့အကုန်လုံးကို မကြိုက်နိုင်ရင် ဒုက္ခကွ၊ အထူးသ ဖြင့် အင်းယားဟောလ်က သူငယ်မတွေက ကြောက်ရတယ်။ သူတို့ ဟောလ် နဲ့ငါ့အိမ်နဲ့ နီးတယ်မဟုတ်လား၊ ငါက စာမပြန်တော့ ကိုယ်တိုင် အိမ်လိုက် လာပြီး ...ဟော့... ဘာလဲကွ၊ မင့်ဟာက...”

အကြောင်းမှာ ဒီကောင်သည် ကျွန်တော့်ကိုကြည့်ကာ ရယ်နေပါသ ဖြင့် စကားဖြတ်၍ မေးလိုက်ပါသည်။

“မင်းကလဲကွာ၊ မိုးပြို့မှာကြောက်တဲ့ ယုန်ကလေးကျနေတာပဲ အင်း ယားသူတွေ ဒီလောက်မဆိုးပါဘူးကွာ၊ နို့ပြီး ... ငါသိသမျှမှာဆိုရင် အင်း ယားသူတွေက စာရေးဆရာဆီ စာရေးလား၊ မိတ်ဆက်လား မလုပ်တတ် ဘူးကွ၊ စာဖတ်နည်းတယ်။ ဒန့်စ်တွေ ဘာတွေပဲ သွားတတ်ကြတယ်”

“အေး .... ဒီလိုဆို တော်ပါသေးရဲ့ကွာ၊ နို့မဟုတ်ရင် ငါစိတ်က ခပ်လွယ်လွယ်နဲ့၊ ဟော့ဒီလို ငါ့ဂေါ်တဲ့ စာမျိုးတွေ အများကြီးလာနေမှဖြင့်”

“ဟော့ ... ဘယ်က မင့်ဂေါ်တဲ့စာရမှာလဲကွ”

ကျွန်တော်က သူဖတ်ပြီး ချထားသော စာရွက်ကို ဆွဲယူ၍ လက်ဖြင့် ထောက်ပြကာ ...

“ဒါ... မဟုတ်ဘူးလား၊ ဒီမှာ... ‘ဝေတော့ ... အိမ်ထောင်ရက်သား ကျပြီး ကိုယ့်ထမင်းဟင်း ကိုယ်စီမံရမယ်ဆိုရင်... ဘယ်တော့မှ ဟင်းဝယ် မစားဘူး။ မချက်အားရင် အငတ်နေမယ်။ အို...ဝေ အိမ်ထောင်ပြုဖို့လဲ စိတ်မ ကူးသေးပါဘူးလေ... ဝေ ငယ်ပါသေးတယ်”ဆိုတာက... ‘ကျွန်မ အပျိုပါ၊ ရည်းစားတောင် မရှိသေးဘူး ဗေကင်စီ’ လို့ ဖိတ်ခေါ်တာမဟုတ်လားကွာ”

“မဟုတ်ဘူးဟ၊ စာရေးဆရာတစ်ယောက်အနေနဲ့ ဒီလို မယူဆဘူး။ ဒီမှာ... မိန်းကလေးတွေရဲ့ သဘောမှာ စာရေးဆရာတစ်ယောက်ကို သဘော

ကျမိပြီဆိုရင် ဒီစာရေးဆရာရဲ့စာတွေကို အမြဲတမ်းဖတ်နေတော့ စာရေးဆရာရဲ့အာဘော်နဲ့ စိတ်နေသဘောထားကို အကဲဖမ်းပြီး သူနဲ့ သိကျွမ်းထားတဲ့လူလို ဖြစ်နေတယ်။ ဒါကြောင့် မိတ်ဆက်စာရေးတဲ့အခါမှာ ရဲရဲဝံ့ဝံ့နဲ့ ရင်းရင်းနှီးနှီးရေးကြတာ"

"နို့ပြီး ဒီမှာကောကွာ ကြည့်ပါဦး"

ဆို၍ ကျွန်တော် လက်နှင့်ထောက်ပြကာ 'အို... ကိုဆွေရယ်... ကိုဆွေကို အခုလို သိရတာသိပ်ဝမ်းသတာဘဲကွယ်၊ ဝေ့ မိတ်ဆက်စာကို လက်ခံပါနော် ဝေ့ဆီ စာပြန်ပါနော်၊ ကိုဆွေ့ဓာတ်ပုံလည်း ထည့်ပေးလိုက်ပါနော်' ဆိုပြီး သူ့ဓာတ်ပုံအရင်ပို့လိုက်တာကောကွ"

"ဒါက မင့်ကိုစာရေးဆရာ ပပဝတီအဖြစ်နဲ့ ကြည်ညိုပြီး မင့်ဆီက စာနဲ့ဓာတ်ပုံလိုချင်လို့ မိန်းကလေးသဘာဝ ကနွဲ့ကရနဲ့ တီတီတာတာရေးတာ.... ဓာတ်ပုံချင်းလဲတာကွ၊ မင့်... မိန်းကလေးဆိုတာက စာရေးဆရာတစ်ယောက်ကို သဘောကျမိရင် ဒါလောက်မကဘူး စာအသွားအပြန်အဆက်မပြတ် လုပ်တယ်...။ တစ်ယောက်နဲ့တစ်ယောက်တွေ့ဖို့ချိန်းတယ်။ သူတို့ဆီကိုဖိတ်ခေါ်မယ်။ သို့မဟုတ် ကိုယ်တိုင်စာရေးဆရာဆီကို လာတယ်။ တချို့က မိမိကိုယ်ရေးကိုယ်တာ ကိစ္စတွေတောင်ဖွင့်ဟ တိုင်ပင်တတ်ကြတယ်။ ဘာကြောင့်လဲဆိုရင် စာရေးဆရာဟာ စာပေသမား၊ စဉ်းစားဉာဏ်ရှိမယ်၊ စိတ်ထားမွန်မြတ်မယ်လို့ ယုံကြည်ပြီးသားကိုးကွ"

"နို့ မင်းတို့စာရေးဆရာတွေကကော သူတို့ယုံကြည်တဲ့အတိုင်း ဟုတ်ရဲ့လား"

"အများအားဖြင့် ဟုတ်ပါတယ်ကွာ၊ စာရေးဆရာစိတ်ရှိသူမှန်ရင် ယုတ်မာခဲပါတယ်။ ဒီကိစ္စမျိုးမှာ ကိုယ့်သိက္ခာလဲ ကိုယ့်စောင့်ထိန်းရတယ်ကွ"

"ငါမတော့ မင်းတို့လို စာရေးဆရာလည်း မဟုတ်တော့ ဒါတွေသိပါဘူးကွာ... သူ့စာထဲမှာက 'ဆရာက စာရေးဆရာတွေထဲမှာ အချောဆုံးဆို၊ မာဂရက်က ပြောတယ်။ သန်းဆွေတို့ တင့်တယ်တို့ဆိုရင် အပြတ်အသတ်တဲ့၊ ဘာညာနဲ့ မြှောက်လုံးပင့်လုံးတွေလည်းပါတော့ ကေန္တ... ဟ... ငါတော့ ရည်းစားစာ ပေးခံရပဟဲ့ဆိုပြီး ငါကလဲ သူ့ဓာတ်ပုံမြင်မြင်ချင်းကြိုက်သွားတာနဲ့ ချက်ခြင်းစာပြန်လိုက်ရင် သဘောလွယ်တယ်ပဲ ထင်သွားမလား၊

နောက်ထပ်သူ့ဆီက စာတစ်စောင်နှစ်စောင် ရောက်လာအောင်ပဲ မူနေရဦး မလားဆိုတာ မင့်ဆီတိုင်ပင်ရအောင်လာတာကွ"

"ဟ ဘယ်ဖြစ်မလဲ အေးဆွေရ၊ မင်းက သူ့ဆီ ပြန်စာနဲ့ သွေးဆောင် လိုက်ရင်တော့ ရမှာပေါ့၊ ဒါပေမယ့် မင့်သိက္ခာ မင်း စောင့်ရမယ်လေကွာ"

"နို့ ... ငါက သူ့ကို တကယ်ယူမယ်ဆိုရင်ကော"

"ဟ... ဒါကော... သူကြိုက်တာက မင်းအေးဆွေကိုမှ မဟုတ်ပဲ။ စာရေးဆရာ ပပဝတီကိုပဲကွ၊ မင်း ပပဝတီယောင်ဆောင်ပြီး လိမ်ညာသွေး ဆောင်တာဖြစ်နေမှာပေါ့"

"နို့ ... ဒါဖြင့် ငါဘယ့်နှယ့်လုပ်ရမလဲကွာ"

"မင်း ပပဝတီမဟုတ်တဲ့အကြောင်း ရိုးသားစွာရှင်းလိုက်၊ ဒါမှမဟုတ် ဘာစာမှမပြန်ဘဲနေလိုက်၊ ဒါပဲရှိတယ်"

ကျွန်တော်သည် သူတော်ကောင်းတို့ သဘောတရားကို နားဝေးလှသူ မဟုတ်ပါ။ သူငယ်ချင်းစာရေးဆရာ အောင်မြသွင်ပြောစကားတို့ကို လိုက်နာ နိုင်ခဲ့ပါသည်။ သို့ရာတွင် ကျွန်တော် စာရေးဆရာ ပပဝတီမဟုတ်ကြောင်း ရှင်းချင်လျက်နှင့် တင်မောင်ကို ကိစ္စမပြီးသေး၍ ခပ်အေးအေးနေခဲ့ရာ ထို တောင်ကြီးသူ ကြည်မာဝေထံမှ ဒုတိယတစ်စောင် ရောက်လာသောအခါ၌ ကား၊ ကျွန်တော်မှာ တရားလက်လွတ် ငှက်တောင်ကျွတ်မျှ ဆွတ်ဆွတ် ပျံ့မော သူ့စာကြောဝယ်၊ မျော၍မေ့ကာ မနေသာဘဲ ကရုဏာစိတ် တဖျတ် ဖျတ်လျှင်၊ နွားငတ်ရေကျ ဖြစ်ရပါတော့သတည်း။

ကဲ... မိတ်ဆွေပဲ ဖတ်ကြည့်ပါဦးတော့...။

အို ... သိပ်ရက်စက်တဲ့ ကိုဆွေ ...

စာရေးဆရာပပဝတီကြီးရယ် ...

ဟိုတစ်နေ့က ဝေထည့်လိုက်တဲ့စာ မရောက်ဘဲနေမှာ မဟုတ်ပါဘူး။ မရောက်ရင် ရီဂျစ္စတာ လုပ်လိုက်တာဘဲ... ဝေ့ဆီ ပြန်လာရမှာပေါ့။ တိုင်း ပြည်အတွက် စေတနာကောင်းရှိတဲ့ စာရေးဆရာကြီးဖြစ်ပြီးတော့ ကိုယ့်ကို တစ်ဖက်သတ်ဒီလောက်သိချင်ခင်ချင်နေတဲ့ လူကို ဒါလောက်ပဲ စိမ်းရသ လားကွယ်...။ အရင်ကတော့ ဘယ်သူ့မှအသိမခံ လျှို့ဝှက်စွာနေတယ်ဆိုလို့ ဝေ့စိတ်ထဲမှာ ဒီလောက်မထိခိုက်ခဲ့ပါဘူး။ အခုတော့ မာဂရက်တို့လူသိုက်

တော့ အသိပေးပြီးတော့ တစ်မြို့တစ်ကျေးကနေပြီး တပင်တပန်း တတမ်းတ တ, တနဲ့ အခုလို စာရေး၊ ဓာတ်ပုံပေးတဲ့ ဝေ့ကို မသနားဘူးလား ... ကိုဆွေ ရယ်... ဟင်၊ ဘာလဲ ဒီကောင်မလေးမျိုး ဇနပုဒ်က အသေးအနုတ် ဘာအ ရေးလုပ်ရမလဲဆိုပြီးနေတာလား။ ဒီလိုတော့ မျက်နှာမလိုက်သင့်ဘူး ထင် ပါတယ်...။ ပြည်တော်ချစ်စာရေးဆရာကြီးရယ်။ သူတို့လောက် အခွင့်အရေး မပေးတောင်မှ 'ဟုတ်တယ်မိဝေ... မင့်ဆီက စာရပါတယ်။ ကျူုပ်မအားလို့ စာမပြန်နိုင်တာအလုပ်များတယ်။ နောက်လဲ မနှောင့်ယှက်ပါနဲ့တော့' လို့ပဲ ရေးလိုက်ပါတော့။ ဝေက ဆရာ့လက်ရေးကလေးမြင်ရရင် ကျေနပ်ပါပြီ၊ တစ်သက်လုံးအမြတ်တနိုး သိမ်းထားပါ့မယ်။ အခုလို ဆရာ့ နှောင့်ယှက်မိ တဲ့အတွက်လည်း တောင်းပန်ပါတယ်။ ဝေပို့လိုက်တဲ့ ဓာတ်ပုံလည်း မမြင် ချင်ဘူးဆိုရင် ဆုတ်ပစ်လိုက်ပါ။ အို... အခုလောက်ရှိ ဘယ်ချောင်ထိုးထား လိုက်မိလဲမှ သူ့ဟာသူ သိတော့မှာ မဟုတ်ဘူးထင်ပါရဲ့လေ...။

အို... ဆရာ့ကို အခုလောက် နှောင့်ယှက်မိတာလည်း လွန်လှပါပြီ လေ၊ မိဝေ အမိုက်မကို ခွင့်လွှတ်ပါနော်...။

ကိုဆွေ့ပြန်စာ မျှော်ခဲ့မိတာဖြင့်လေ...
တစ်ရက်ရောက်နိုး ပေါ်လာနိုးနှင့်
မျှော်ကိုးအနေ့နေ့ တမြည့်မြည့်လျှင်၊
သွေ့လှပါပြီ။
သွေ့လှသွေ့ခင် မှန်တိုင်းဆင်၍
နေလျှင်ဆယ်ခ အပူထုဖြင့်
ကြွေလှပါပြီ။
ကြွေလှနီးနီး တောင်ကြီးပြိုကျ
ကျွန်တမ်းတ,ခဲ့ မှန်းဆနေ့စဉ်
ဖြေမရှင်၍ ကျွန်လျှင်ဖွတ်မိုတ်
တထိတ်ထိတ်ဖြင့် မျှော်စိတ်နှင့်ပင် ကျွမ်းခဲ့ပါပြီရှင်။

ဆရာ့စာပေကို ရူးမူးခဲ့တဲ့ 'ဝေ'

မိန်းကလေးများသည် စာရေးဆရာတစ်ယောက်၏ အရေးအသားကို စွဲလမ်းမိပြီဆိုလျှင် ဤမျှပင်ဖြစ်တတ်ပါသလော...။ ထိုစာရေးဆရာသည်

မိန်းကလေးတစ်ယောက်ထံမှ ဤစာမျိုးရောက်ရှိလာပါက မည်သို့ ပြုမူချေမည်နည်း။ ကိုယ်တွေ့ကြုံဖူးသော စာရေးဆရာမှပင် သူ့စိတ်ကူးတွင် ဉာဏ်ဝင်စားကာ ရေးသားဖော်ပြခြင်း ပြုနိုင်ပေတော့မည်။

ကျွန်တော်ကား .... ဤကလေးမစာကို ဖတ်ရသည်နှင့်ပင် မိမိကိုယ်မိမိ ပပဝတီနှင့် မကွဲတော့ပြီ။ မိတ်ဆွေသာ ကျွန်တော့်နေရာဆိုလျှင် မည်သို့ ဖြစ်ချေမည်မသိ။ ကျွန်တော်ကား သူကလေးအား ကရုဏာမေတ္တာမိုးတွေ သွန်းဖြိုးဝေလျက် သူငယ်ချင်း စာရေးဆရာအောင်မြသွင် ဆိုဆုံးမလိုက်သောဂုဏ်သိက္ခာစောင့်စည်းရေးတွင် မေ့ပျောက်ကာ 'အခွင့်အရေး' သည် လူကောင်းကို လူဆိုးဖြစ်စေနိုင်၏' ဟူ၍ သူတို့စာရေးဆရာ အမျိုးအစားတွေပင် ထုတ်ဖော်ခဲ့သော စကားလုံးကိုခုတုံးပြုပြီး ကလေးမထံ စာပြန်လိုက်လေ၏။ အကောင်းဆုံးရိုက်ထားသော ကျွန်တော့်ဓာတ်ပုံတစ်ခုကို ပေးပို့လိုက်လေ၏။

ကျွန်တော် စာရေးဆရာ ပပဝတီအနေနှင့် ပြန်လိုက်သောစာကို တကယ့် စာရေးဆရာအစစ်များ မြင်လျှင်ကား၊ စာရေးဆရာလောကတော့ ခွေးကျပါပြီကွာဟု ပြောကြလေမည်လား၊ 'စာရေးဆရာလည်း ကိုယ့်ဆီ ကောင်မလေးတွေက စာပေးကြရင် စာရေးဆရာဟာနွားမဟုတ်ပဲ ဂေါ်တော့ဂေါ်တာပေါ့၊ ဒါပေမဲ့ ဒီလောက် နွားငတ်ရေကျတပ်တပ်စွဲဆိုတော့ ရှက်ဖို့ကောင်းတာပေါ့၊ အများထုံးစံအတိုင်းခဏတစ်ဖြုတ်တော့ မခုတ်တတ်တဲ့ ကြောင်လို လုပ်အုံးမှာပေါ့၊ တချို့စာရေးဆရာဆိုရင် ထိကပါးရိကပါးလုပ်ပြီးမှ ကိုယ့်မယားကြီးရှိနေလို့ ရေ့ဆက်မဖြစ်တော့မှ ကရုဏာသံပါတဲ့ နာမည်လုလုကလေးတပ်ပြီးစေတနာကောင်းနဲ့ သင်ခန်းစာပေးတဲ့ဝတ္ထုမျိုးတောင် ရေးကြသေးတာပဲ' ဘာညာနှင့် ဆူကြပွက်ကြလိမ့်မည် ထင်ပါသည်။

ဒါပေမဲ့ အဘယ်မှာ တတ်နိုင်မည်နည်း။ ကျွန်တော်က သူတို့တကယ့် စာရေးဆရာတွေလိုမှ နည်းပရိယာယ်တွေ နားမလည်တာ ကိုယ့်စိတ်ထဲရှိတာ ပွင့်ပွင့်လင်းလင်းရေးလိုက်တာပဲ၊ သို့သော် ရေးပုံသားပုံမှာ စာရေးဆရာတို့ ဂုဏ်ကိုမြှင့်တင်ရန် ကျွန်တော်တတ်နိုင်သမျှ အကောင်းဆုံးရေးပါသည်။ စကားလုံးတွေ တော်တော်ပြောင်ပါသည်။ မိတ်ဆွေဖတ်ကြည့်ပါ။ မိန်းကလေးဆီဆိုတော့ အပိုလုံးကလေးတွေတော့ ပါသပေါ့ဗျာ။

အချစ်မဝင် အပြစ်တင်ရင် အရင်စောလိုက်ပါတဲ့ ချောနုမ ဝေရယ်...၊

ဝေ့ဆီက ပထမစာရောက်ရောက်ခြင်းပဲ စာပြန်ချင်လိုက်တာ နံ့နံ့ကို ဘက်လို့၊ ဒါပေမဲ့ ကိုဆွေမှာ စာရေးဆရာ ပပဝတီဖြစ်ကတည်းက ကိုယ့်ကိုယ်ကို လျှို့ဝှက်စွာနေပြီး ဘယ်မိန်းကလေးနဲ့မှ စာပေးစာယူ မလုပ်ဖူးတော့၊ အခု ဝေ့ဆီက စာရွက်တစ်ရွက် ဖတ်လိုက်ရတော့ အို ... လူကို ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ ခြေမကိုင်မိလက်မကိုင်မိ လောကကြီးတစ်ခုလုံးဟာ ဖုတ်လေတဲ့ငပိ ရှိတယ်လို့မှ မအောက်မေ့။ ဝေ့ စာတစ်ခုတည်းသာ စိတ်အာရုံစွဲပြီး မျောက်မီးခဲထိုင်မိသလိုလို၊ ခွေးကျောကုန်းပေါ်ရေခဲတုံးတင်ပေးလိုက်သလိုလို ပင့်သက်လျှိုက်ဖို ရှိုက်ငိုမိမတတ်ဖြစ်ခဲ့ပါတယ် ဝေရယ်.. တကယ်ပဲ ဘုရားစူးရပါစေရဲ့....။

ဒါပေမယ့် နိုင်ငံကျော်စာရေးဆရာကြီး ပပဝတီ ဘယ်သူ့ဆီမှ စာမပြန်ဘူး ဆိုထားပြီးတော့ ဝေ့ဆီ ပထမတစ်စောင်နဲ့ ပြန်လိုက်ရင် ဂုဏ်သိက္ခာများ ထိခိုက်သွားမလားလို့ မနည်းကြီး အောင့်အည်းနေလိုက်ရတာ ခွင့်လွှတ်ပါနော်...။

အခုဝေ့ဆီက ဒုတိယစာ ရောက်လာတော့ဖြင့် ကိုဆွေမှာ မနေနိုင်ခွေယိုင်တွေမှိုင် ပွေလှိုင် ရွှေကြာခိုင်ကို ထောင်ပြိုင်နေခ အဏုမြူဗုံးချသည့်နှယ်... ပုံနှုန်းဆွယ်ရပါတော့တယ်။ အလှပဂေး နှမဝေဝေရယ်...။

ဟိုတုန်းကဖြင့် မိန်းကလေးတွေက စာလာတယ်ဆိုရင် မဂ္ဂဇင်းတိုက်က လူတွေကို 'အို ... ကျူပ်လာပြီး အပူမရှာနဲ့၊ ခင်ဗျားတို့ဟာ ခင်ဗျားတို့ဖတ်ချင်ဖတ်၊ ဆုတ်ပစ်ချင်ဆုတ်ပစ်လို့ ပြောလိုက်တာပဲ၊ အခု ဝေ့ဆီက စာမမျှော်လင့်ဘဲနဲ့ အိမ်ရောက်လာလို့ ဖတ်လိုက်ရတော့မှ တစ်သက်လုံးတင်းခဲ့သမျှ... ဝက်သားတုံး ဟင်းနဲ့ ဇာတ်ပျက်ဆိုတာလို၊ အို... ဝေရယ်၊ နောက်စာတွေ အများကြီးရေးပါဦးနော်၊ ကိုဆွေကလည်း ဝေရေးတိုင်း ပြန်ပါ့မယ်။ သည့်ပြင် စာရေးဆရာတွေလို အလုပ်များနေလို့၊ ခရီးသွားနေလို့၊ ဝတ္ထုရေးတာလက်တွေအောင့်နေလို့ စာတိုတိုဘဲရေးနိုင်တယ်ဆိုတဲ့ ဖြီးလုံးတွေမလုပ်ဘူး။ အဟုတ်ကို မိုးကြိုးပစ်ရပါစေရဲ့။

'အာကာဘုံ လွှာရုံပြုပါလို့ မေယုကိုတဲ့ စုတ်တံချီ'

ဟာ မေယုစုတ်ချီတော့၊ မေယု မြင်းမိုရ်တောင်က အကြီးကြီး၊ စုတ်တံကြီးပြီး မင်လုံးကြီးနေတော့ မိုးကောင်းကင်တစ်ခုလုံး အပြည့်ရေးအောင် ဘယ်စာလုံးများတော့မှာလဲ ရှေးပညာရှိတွေ သတိဖြစ်ခဲ့တာကို ပြင်ပေးလိုက်

အုံးမှ၊ ဒါကြောင့် ဝေရေ့...

'အာကာဘုံ... လှာရုံလုပ်ပါလို့ ...

ချုပ်အပ်ကလေးကိုတဲ့ စုတ်တံချီ၊

သမုဒ်တွေ မင်ရေဖျော်လို့...

ချစ်တာတွေ စာစီကုံးရရင်...

ဆုံးနိုင်ပါ့မလား' လို့ ဝေရဲ့၊ ဒါမှ စာလုံးများတော့မပေါ့နော်...

ကဲ ... ကိုဆွေရေးလိုက်တဲ့စာလည်း တော်တော်ရှည်သွားပြီ။ ဝေဖတ်ရတာ ပန်းလျလျဖြစ်ရော့မယ်။ တော်ဦးမှ ဝေတောင်းတဲ့အတိုင်းလည်း ကိုဆွေ့ ခတ်ပုံပေးလိုက်တယ်။ စာရေးဆရာတွေထဲမှာ အချောဆုံးဆိုတာ အမှန်ပါပဲ။

ဩော ... ဝေ တစ်ခုမှာဦးမယ်။ ကိုဆွေနဲ့ စာပေးစာယူဖြစ်နေတယ်ဆိုတာကို ဘယ်သူ့မှမပြောနဲ့နော်... ကိုဆွေက ရှက်တတ်တယ်သိလား။

အပှင့်... တော်ဦးမယ်နော် ... တာ့တာ ...

စာမြန်မြန်ပြန်နော် ....

ဝေရဲ့ ...

'ဆွေ'

❑

# အခန်း (၄)

ကျွန်တော်၏လောကမှာ မိတ်ဆွေ သိသည့်အတိုင်းပင် ဘိလိယက်နှင့် ဘားနှင့် ရုပ်ရှင်နှင့်သာ ကျင်လည်ခဲ့ရာ၊ ယခုခါ တစ်ကြိမ်မျှ မတွေ့ဖူးသေးသော ဝေတစ်ယောက် ကောက်၍ရခြင်းဖြင့် ကျွန်တော့်ဘဝသည် နွေရှူခင်းမှ မိုးဦးကျလိုက်သကဲ့သို့ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာလေ၏။

ချိန်ရာသီမှာလည်း ယင်းအကြိုက်ပင်ဖြစ်ပေရာ၊ ပိတောက်ပန်းတို့ သုံးခါလန်းပြီး၍ ဆုံးခန်းသို့ တိုင်ခဲ့ပြီ။ ကျွန်တော့်ခြံအတွင်းရှိ လက်ယာယွန်းက ချယ်ရီပင်မှာပွင့်ဦးတွေ ညောင်း၍နှောင်းကျန်များသာ ရှိတော့သည်။ လက်ဝဲဖက်ကစိန်ပန်းကြီးကား ယခုမှ ပင်လုံးကျွတ် လျှမ်းလျှမ်းနီစဖြစ်သတည်း။

ကဆုန်မိုးသေး၊ မြက်သားမွေးပြီ။ မြစ်ထဲက ငါးတို့ကား လင်မယားညားပြီး၍ ဥများ ကိုယ်စီနှင့် ရှိကြပြီ။ ဖားတို့ကား တအောက်အောက်တအတ်အတ်နှင့် မိုးခေါ်ကြတုန်း၊ မိုးရွာမှ သူတို့က တွင်းကထွက်ကာမင်္ဂလာဆောင်ကြရမည်။ ဤအခါ၌ မနုဿလူသားတို့သည် ညဥ့်အချိန်မီးရှူးမီးတိုင်များနှင့် လယ်ထဲသို့ထွက်ကာ ဖားသတို့သမီးနှင့် ဖားသတို့သားတို့အား ခါးဆစ်ကို ဝါးရင်းဒုတ်နှင့်ပူဇော်၍ အိမ်သို့ပင့်ဆောင်လာ၏။ မီးဖိုချောင်ထဲရောက်သောအခါ၌ ပထမ မီးလှုံစေ၍၊ ဒုတိယ ရေမိုးချိုးပြီး သကာလ၊ တတိယ ကိုယ်အင်္ဂါတို့ကို ခုတ်ပိုင်းပြီး 'ကိုင်း .... ဖားဇနီးမောင်နှံ ရာသက်ပန်တို့ ငှက်ဖြစ်လည်းတစ်ကိုင်းတည်းနား၊ ဆင်ဖြစ်လည်းတစ်ကျွန်းတည်းစားဆိုတဲ့အတိုင်း

ဟင်းဖြစ်လည်း တစ်အိုးတည်းသွားကြရော့လဟယ်’ ဟုဆိုကာ ငရုပ်ကြက်သွန်ဆီဆား လက်ဖွဲ့ပစ္စည်းများနှင့် မီးဖိုပေါ်တင်လိုက်လေသတည်း။

ချခါနီး ... ဇီယာရွက်ကလေး အုပ်လိုက်တော့ တယ်မွှေး။

အလို... ဘယ်နှယ်... တောနေတုန်းက မိုးဦးကျ ဖားသားစားရတာ သွားတွေးမိနေပါလိမ့်။ အခု ကိုယ့်မှာ ချစ်သူရှိနေတာ မိုးကလေးညိုလာတော့ လွမ်းရမယ်မဟုတ်လား။ ဒါမှ သဘာဝကျတယ်လို့ ဆိုကြမယ် မဟုတ်လား ...။

ဟုတ်ကဲ့ ... လွမ်းပါတော့မယ်ခင်ဗျာ။ အခုန မေ့နေလို့ မလွမ်းမိတာ ခွင့်လွှတ်ပါ။

အဟမ်း ... အဟမ်း ... လွမ်းတော့မယ်ဆိုတာ ဘယ်ကစလွမ်းပါ့၊ ဩော် ... သိပြီ။

ကျွန်တော့်မှာ ဝေကလေးဆီ စာပြန်ကတည်းက ရှစ်ခွင်တိုင်း မှုံမှိုင်းဆို့၊ ပြို့ပြို့ပြက်ပြက်၊ မိုးသားတွေတက်ပြီး တစ်စက်စက်ရွာပြီဆိုမှဖြင့် ‘မိုးကလေးတဖွဲဖွဲရွာတော့ ပျိုပျိုမေကို သတိရတယ်၊ ဟဲ့ဟယ့်.....ဟဲ့..ဟယ်’ ဟူသော မိုးဦးကျ အလွမ်းသီချင်းကို သီဆိုမိကာ ကုလားလေးလို ဖင်လိမ်၍ ကမိမတတ်ပင် ဖြစ်ပါသည်။ ပြီး...သူ့ဓာတ်ပုံကလေးကိုကြည့်ကာ တတမ်းတမ်းတသသ နွမ်းနွမ်းလျလျ မချမ်းမချမ်းမမြမမြဘဲ ... အလွမ်းတကာ့ထိပ်တင်အလွမ်းဘုရင်လို့သာ ကိုယ့်ကိုယ်ကို ခေါ်လိုက်ချင်တော့တာပဲကရို့...။

အလို ... သူကလေးဆီက စာမလာ ဘယ်နှစ်ရက်တောင်ရှိသွားပလဲ၊ မှတ်ဘဲမှတ်မိတော့ပါဘူးလေ...။

ဩော် ... စေ့စေ့တွေးတော့ ရေးရေးပေါ်ဆိုတာလို....

စက္ကန့်တွေက မိနစ်ဖြစ် ...

မိနစ်တွေက နာရီဖြစ် ...

နာရီတွေက ဆွစ်ဇာလန်ပြည်က ဖြစ်ခဲ့တာပါလား၊ ဘုရား...၊ ဘုရား ...

ဤကဲ့သို့ အကြီးအကျယ် ဆွေးနေစဉ်ဝယ် အိမ်ရှေ့သံတခါးမှ ‘ချပ်ချပ် ပို့စမင်’ ဟု ကြားရပြီးနောက် စာတစ်စောင်ကျလာသည်နှင့် ဝမ်းသာအားရဖြင့်ကောက်ပြီး သုံးခါတိတိ နမ်းလိုက်မိပါသည်။ ထိုနောက် စာအိတ်ကို ဖောက်ကြည့်လိုက်သောအခါ၌ကား၊ ကိုယ့်နာခေါင်းကို သင်တုန်းဓားနှင့်

လိုးပစ်ချင်ပါတော့၏။

အကြောင်းသော်ကား ...

ဆရာ ပပဝတီခင်ဗျား ...

လေးစားစွာဖြင့် အစီရင်ခံပါသည်။ ယခု ကျွန်တော်မှာ ဆရာ၏စာပေကိုဖတ်ခြင်းဖြင့် စူးရှသော စာပေ၏ အာဟာရကြောင့် ကျန်းမာပကတိ ချမ်းသာစွာရှိသွားပါပြီ။

အထူးအကြောင်းမှာ ဆရာ့အယူအဆနှင့် ပတ်သက်၍ ဆွေးနွေးလိုပါသောကြောင့် နက်ဖြန်ခါ ညစာထမင်းစားဖိတ်ခေါ်ပါသည်။ သို့ရာတွင် တစ်နေ့ခင်းလုံး အေးအေးဆေးဆေး ဆွေးနွေးရန် နေ့လည် တစ်နာရီလောက်ကို လာရောက်ချီးမြှင့်တော်မူပါ။ ဤအချိန်၌ ဆရာ့ကိုခေါ်ရန် ကျွန်တော့်တူ တင်ကိုကို ကားနှင့် လွှတ်လိုက်ပါမည်။

ကြိုတင်ကျေးဇူးတင်လျက် ...

ကိုယ်စိတ်နှစ်ဖြာကျန်းမာ ချမ်းသာပါစေ၊

တိုင်းပြည်အတွက် ဆထက်တံပိုးတိုး၍ စာကောင်းပေမွန် ရေးနိုင်ပါစေ...၊

(ပုံ) ကျော်မင်း

ကျွန်တော်သည် သူ့စာရွက်ကို ဖျတ်ခနဲရိုက်လိုက်ပြီး ကျိန်ဆဲမိပါသည်။

'သေခြင်းဆိုးကြီး၊ ဘာများရှည်ဦးမလို့ပါလိမ့်၊ ငါ့စာဖတ်ရတာနဲ့ ကျန်းမာသွားသတဲ့၊ သေသွား အအေးသား၊ တင်မောင်ကိုလည်း လွတ်လွတ်လပ်လပ်ဖြစ်၊ သူ့ အမွေလည်းရ၊ သူလိုချင်တဲ့မိန်းမလည်း ယူပြီးရော... ငါ့ကို ခုလို အပူလည်း ကပ်မှာမှုတ်ဘူး၊ ဒုက္ခလည်း ရှာမှာမှုတ်ဘူး'

ယင်းသည့်အခိုက်ဝယ် အိမ်ရှေ့မှ မော်တော်ကားရပ်သံကြားရပြီး တင်မောင်ကို ရောက်လာကာ...

'ဟော့ကောင် ... ရယ်ဒီ'

ကျွန်တော်က ငေါက်ဆပ်ဆပ်ပင်...

"ဘာရယ်ဒီလဲ"

"ငါ့ဦးကြီးက မင့်ဖိတ်ထားတာလေ"

"ဒီမှာ စာရတယ်။ နက်ဖြန်ခါမှဆို"

"ဟ ... သူ ဒီစာ မနေ့ကရေးထားတာပဲ။ ဒီနေ့ဖြစ်ပြီပေါ့ကွ"

"ငါလန္ဒီးမှပဲ"

သူ့လက်ပတ်နာရီကို မြှောက်ကြည့်လိုက်ပြီး ...

"လုပ်ကွာ ... တစ်နာရီနီးနေပြီ"

"ဟိုကျ ဟိုကောင်မလေးတွေပါ တွေ့နေရဦးမှာလား"

"မတွေ့ရပါဘူးကွ ... ဒီနေ့ နေ့ခင်း မင်းနဲ့သူနဲ့ နှစ်ယောက်ထဲ အခန်းထဲ ဆွေးနွေးမှာတဲ့..."

"ဘာတွေ ဆွေးနွေးမှာတဲ့လဲ"

"မင်းရေးတဲ့ စာအုပ်တွေပေါ့"

"ဘယ် ငါရေးတဲ့စာအုပ်လဲ"

"ဟို ပပဝတီ ဝတ္ထုတွေပေါ့ကွာ"

"ဟာ...ငါဒီစာအုပ်တွေ တစ်မျက်နှာလည်း ဖတ်ဖူးတာမဟုတ်ဘူး..."

"မဖတ်ဘူးကောကွာ ... ရမ်းသန်းဖြန်းရုံပေါ့ကွ၊ ဒီလူကြီး ဘာနားလည်တာမှတ်လို့..."

သို့သော် ကျွန်တော် အသည်းထိတ်မိပါသည်။ စင်စစ် မိမိဘာမျှ နားလည်တာမဟုတ်။ မပြောတတ်မဆိုတတ်နှင့် ကိုးယိုးကားယားဖြစ်၍ ရှောက်ကျကာ အလိမ်ပေါ်သွားပါက ဒီလူကြီးရှေ့၌ သူတို့အတွက်မို့ ဝန်ခံဖို့ အရေးမကြီးသော်လည်း၊ မာဂရက် ခင်သန်းမြင့်မှတစ်ဆင့် ကျွန်တော် ချစ်ကြိုးသွယ်နေသော တောင်ကြီးသူကလေးအတွက် ခက်တော့မည်။ ထို့ကြောင့် ရင်လေးကာ ...

"ဟေ့ ... ငါ နေမကောင်းဘူးလို့ ပြောလိုက်ပါကွာ"

"ဟာ ... ဘယ်ဖြစ်မလဲကွာ...၊ မင်း ... ဒီနေ့ ငါ့အတွက်အစွမ်းကုန် ဆောင်ရွက်ဖို့ အချိန်ရောက်နေပြီကွ..."

"ဘာဆောင်ရွက်ရမှာလဲ"

"ဟိုလေကွာ ငါ့ကိစ္စ ပြောတော့ကွာ ... ငါ့ဦးကြီးက မင့်ကို အင်မတန် ကြည်ညိုနေပြီ မင့်စကားနားထောင်တော့မှာပဲ..."

"ဟာ ... ငါ သူနဲ့ ဆွေးနွေးရမှာ ကြောက်တယ်ကွ"

"ဟ ... အဲဒါမှ ပွိုင့်ကွ ... အကြောင်းက လူတန်းစားမခွဲဖို့ဘဲ၊ ဒီသဘောတရားကို သူက ဟိုစာအုပ်တွေဖတ်ပြီးကျနေတာပဲ၊ မင်းက အသာဘလေးပြောလိုက်ရုံပဲ"

"ဘာပြောရမှာလဲ"

"ငါနဲ့ကောင်မလေးနဲ့ ပေးစားဖို့ပေါ့ကွ"

"မင့်ဟာမင်း ပြောပါလားကွာ..."

"တယ်... ငါပြောမကောင်းလို့ မင်းပြောဖို့ဖြစ်အောင် ငါက အသင့်စီမံထားတာကွ၊ မင့်အဖို့က ဘာမှ ခက်တာမဟုတ်ပါဘူးကွာ ... အဓိပ္ပာယ်က ငါစိုက်ထားတဲ့ ဥယျာဉ်ထဲကအသီး ငါ့ကို ခူးပေးရုံကလေးပဲ၊ ဒါလောက်မှ မင်း ငါ့အတွက် ဆောင်ရွက်မပေးချင်ဘူးလား"

"မပေးချင်ဘူးကွာ"

"ဒါနဲ့ မင်းကိုယ်မင်း သူငယ်ချင်းကောင်းဆို"

"မဆိုပါဘူးကွာ "

"ဒီမှာ အေးဆွေ"

"ဘာလဲ"

ဒီကောင် ကျွန်တော့် ဒူးနှစ်လုံးကို ကိုင်ကာ...

"လာပါကွာ... ငါက မင်းနေ့ခင်းမှာ ဘီယာအအေးစိမ် သောက်တတ်တယ်ဆိုလို့၊ အဘိုးကြီးက အခု မင်းကြိုက်တတ်တဲ့ တီတံဆိပ် ဘီယာတစ်ဒါဇင် ဖရစ်ဂျစ်ဒယ်ထဲ ထည့်ထားတယ်ကွ"

"ဒါငါ့အိမ်မှာလဲ ငါသောက်နေတာပဲကွာ"

"မဟုတ်ဘူးကွာ ... မင်း ငါ့အတွက်လာပါကွာ"

"မလာနိုင်ဘူးကွာ ... ပြတ်ပြတ်ပဲ။ မလာဘူးဆို... မလာဘူး"

"ဟော့ ... ဒီမှာအေးဆွေ"

"ဘာလဲ"

"မင်းနဲ့ ငါနဲ့ဟာ ... ကျောင်း"

"ကဲ.... ဟော့ ... တော်တော့... တင်မောင်ကို"

ဤနေရာကား ကျွန်တော့်ထုံးစံအတိုင်း လက်လျှော့လိုက်ကာ ...

နောက်ဖက်မျက်နှာလှည့်ပြီး ...

"ပေါ်အူးရေ"

"ဆရာ"

"ငါ့အပြင်ထွက်ဖို့ အဝတ်အစားပြင်ပေးကွာ"

ကျွန်တော်ဖြစ်လိုရာဖြစ်ဟု ဖွတ်မိုတ်လိုက်ပါတော့၏။

ကျွန်တော်၏ သူငယ်ချင်း စာရေးဆရာ အောင်မြသွင် ပြောသည့်အတိုင်း ကျွန်ုပ်တို့မြန်မာလူမျိုးတို့၏ ရှေးဖြစ်ဟောင်းကို ပြန်ပြောင်း၍ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရသော် ခေတ်ဟောင်းသမယက ထွန်းကားခဲ့သော စာပေသည် ရွှေနားတော်သွင်းမျှသာဖြစ်၍ အများလူထုအဖို့မူ 'ဩကာသ၊ ဩကာသ၊ အမျှ ... အမျှ၊ သာဓု ... သာဓု၊ ဟဲ့ ... ဝေဿန္တရာထုံး နှလုံးမူ... များများသာလှူကြ၊ ဒကာဒကာမတို့ရေ... ဟူသော ဘုန်းဘုရား၏ သင်ကြားခြင်းဖြင့်သာ ကိစ္စပြီးခဲ့ရလေရကား ကျွန်ုပ်တို့ ဘိုးဘေးဘီဘင် ဂေဟာများ၌ 'စာကြည့်ခန်း' ဆိုသော စကားကို ဘယ်လက်သမားမျှ မကြားခဲ့ဖူးဘဲ ယခုခေတ်ကာလ စာပေပညာပေါက်မြောက်သူများနှင့် အင်္ဂလိပ်ပုံစံယူသည့် အိမ်များတွင်သာ တစ်ဆောင်တစ်ယောင်တွေ့ရလေသည်။

ယခု ကျွန်တော့်ကို ဆရာတစ်ဆူအနေနဲ့ ဖိတ်ခေါ်သော ဦးကျော်မင်းကား၊ ၁၉၄၈ ခုနှစ်တွင် (ဂရိတ်ဗြိတိန်) ခေါ် မဟာ ဘရစ်တိန်လူမျိုးများက မဟာမြန်မာတို့ကို လွတ်လပ်ရေးပေး၍ ပြည်ကြီးသို့ ပြန်ပြေးကြသည်၌ မစ္စတာ တစ်ယောက်၏ ရိပ်သာကို ဈေးချောင်ချောင်နှင့်ရလိုက်သဖြင့် သူ့ဂေဟာမှာ စာကြည့်ခန်းနှင့် ဘာနှင့်ဖြစ်နေချေ၏။

အမှန်စင်စစ် ဦးကျော်မင်းလိုလူသည် ကျွန်တော်ကဲ့သို့ပင် စာတစ်အုပ်ပေတစ်ရွက်ဖတ်ရကောင်းမှန်းသိမည့် လူမျိုးမဟုတ်သော်လည်း ကျွန်တော့်ထက်သာသည့် အချက်တစ်ခုမှာ သူ့အခြေအနေအရ သူ့ဂေဟာကို လူအထင်ကြီးခံရအောင် တန်ဆာဆင်သည့်သဘောနှင့် သူ့စာကြည့်ခန်းရှိ စာအုပ်ဘီရိုများတွင် ကပ်ထူဖုံးစာအုပ်ကြီးတွေတော်တော်များ ဖောလင်းစီနေပါသည်။ ယခင် အိမ်ရှင်ဟောင်း၏ ဟာများလည်း ကျန်ပေလိမ့်မည်။

စာကြည့်ခန်းတို့ မည်သည် ဆိတ်ငြိမ်လုံခြုံလေရာ၊ ဦးကျော်မင်း၏ ကိစ္စမှာ ဆွေးနွေးရန်ဖြစ်ခြင်း၊ ကျွန်တော်ကိုယ်တိုင်မှာ စာရေးဆရာကြီးဖြစ်နေခြင်းကြောင့် ယခု နေ့လည်နှစ်နာရီခန့် အချိန်တွင် သူနှင့်ကျွန်တော်သည် သူ့စာကြည့်ခန်းထဲ၌ နှစ်ယောက်တည်းနေသည်ကို အထူးဖော်ပြစရာမလိုမည်မထင်ပါချေ။

ကျွန်တော်၏ သူငယ်ချင်းစစ် ငယ်ပေါင်းကြီးဖော်ဖြစ်တော်မူသော ဘင်မောင်ကိုကိုကား၊ ဦးကျော်မင်းသည် လူရာသွင်းသည်မဟုတ်၍ စောစော ဘပင် အဝေးသို့ဖဲကြဉ်ရန် စီမံပြီးဖြစ်လေသည်။ တင်မောင်ကိုလည်း ဤ အချက်ကိုသိပြီးဖြစ်၍ ကျွန်တော့်အား ... မှာကြားစရာရှိသမျှကိုစကားကုန် သွင်းပြီး အရပ်တစ်ပါးသို့ လစ်လေ၏။

ဦးကျော်မင်းကား သူတူနှင့်ကျွန်တော့်ကို အထင်အမြင်ကွာခြားလှချေ သည်။ စာကြည့်ခန်းပင်ဖြစ်လင့်ကစား ဝါသနာရှင်တို့၏ ထုံးစံအတိုင်း ဘီယာပုလင်းနှင့် စားသောက်စရာနှင့် နှစ်ယောက် နေသားတကျရှိကြသော အခါ ဦးကျော်မင်းက စကားစသည်မှာ ကျွန်တော့်ကို အလွန်ရိုသေလေးစား စွာနှင့်...

"ဆရာ့လို ပုဂ္ဂိုလ်နဲ့ ကျွန်တော့်တူလိုအကောင်နဲ့ မိတ်ဆွေဖြစ်နေကြ တယ်နော်..."

အတော်ပင် အံ့ဩဟန်နှင့် မေးပါသည်။ ကျွန်တော်ကလည်း ရုပ်ရှင် သဘင်တွင် ကပြရသူကဲ့သို့ မိမိဖန်းတီးနေရသည့် တာဝန်နှင့် ကိုက်ညီသော ဟန်ဖြင့်...

"ဟုတ်ကဲ့... တစ်ကျောင်းထဲနေရတာကိုး ဦးရဲ့..."

"ဩော် ... တစ်ကျောင်းထဲနေခဲ့ရပေမဲ့ ဥပမာက ကျွန်တော့်စကား မဆီမဆိုင်ရင်လဲ သည်းခံပါနော်ဆရာ... မြေရာတစ်ကျင်းထဲကပဲ ကျောက် စရစ်နဲ့ ပတ္တမြား ကွာခြားသလိုပေါ့နော်၊ ဒီကောင် ဘယ်လောက် အသုံးမ ကျလဲဆိုတာတော့ ဆရာ့လူ ဆရာသိမှာပဲ၊ ဆရာ ကြည့်ဆုံးမပါဦးဆရာ"

"ဟုတ်ကဲ့... ကျွန်တော်တွေ့တိုင်းပြောပါတယ်...."

ကျွန်တော်ကလည်း လုပ်ရပါတော့သည်။

"ကျေးဇူးပါဆရာ... ဆရာ့လိုပညာရှိနဲ့ နီးနီးကပ်ကပ်နေရရင် ဒီ အကောင် တဖြည်းဖြည်းတော့ ယဉ်ပါးလာရဲ့လို့ မျှော်လင့်ရတာပဲ ဆရာ... ကဲ ... လုပ်ပါဆရာ၊ နေ့လည်နေ့ခင်းမှာ ဆရာ ကြိုက်တတ်တယ်လို့ ဟို ကောင်ပြောတဲ့အတိုင်း တီတံဆိပ် ဘီယာတစ်ဒါဇင်ဖရစ်ဂျစ်ဒယ်ထဲ ထည့် ထားလိုက်တယ်... ဟိုမှာ ဆယ်လုံးကျန်သေးတယ်... ဒီက နှစ်လုံးကုန်လို့ ဟောဒီဘဲလ် တီးလိုက်ရင်... ဆာမိ နှစ်လုံး လာပို့ပါလိမ့်မယ်"

ဟု ပြောရင်း ဖွင့်ပြီးပုလင်းထဲမှ ဖန်ခွက်ထဲသို့ ထည့်လိုက်ကာ

"ကျွန်တော်လည်း နေ့လည်နေ့ခင်းမှာ ဘီယာပဲ သောက်ပါတယ်။ ညစာထမင်းကျရင်တော့ စကော့ချ်ဝီစကီနဲ့မှပဲ... ကဲ"

သူသည် ဖလ်ခွက်မြှောက်၍ ကျွန်တော်လည်း မြှောက်၍ သူ့နှုတ်မှ

"ဆရာပပဝတီ သက်တော်ရာကျော်ရှည်ပါစေ..."

ဟု သောက်ဆုတောင်းလိုက်ရာ၊ ကျွန်တော်မှာ တောင်ပို့ဘုရားမှတ် ရှိခိုးခြင်းခံရသည်ဖြစ်၍ ကျောထဲစိမ့်၍ပင် သွားပါသည်။

တစ်ဝက်စီမျှမော့၍ ဖလ်ခွက်ပြန်ချကြပြီး...

"ဟောဒီမှာ ဆရာ ဘီယာနဲ့မြည်းဖို့ ဆနိုက်ကြော်... ကျွန်တော့်အိမ် ကသူငယ်မ မိဆိတ်က စီမံထားတာ။ ဖျာပုံသင်္ဘောကပါလာတဲ့ ရေခဲစိမ်တွေ မဟုတ်ဘူး။ လတ်လတ်ဆတ်ဆတ်ရအောင် သူ့တောကဆွေမျိုးတွေဆီက စပါယ်ရှယ်မှာယူတာ။ ကြော်ပုံပြုပုံရော ဘယ်လောက် အဆီအငေါ်တည့် သလဲဆရာ ... သုံးဆောင်ပါဆရာ ... အားမနာပါနဲ့"

ကျွန်တော်တစ်ကောင်ယူ၍ ကိုက်လိုက်ပါသည်။ ဟုတ်ကဲ့ ကောင်း လည်းကောင်းလှပါပေသည်။ အနံ့အရသာနှင့်...

သူသည် ကျွန်တော်စားပုံကို ဂရုတစိုက်ကြည့်နေရာမှ

"ဘယ်နှယ့် ခံတွင်းတွေ့ရဲ့လား ဆရာ..."

"ဟာ ... တွေ့ပါဗျာ တွေ့ပါ၊ အင်မတန်ကောင်းတာပဲ"

သူသည် ကျေနပ်သဘောကျစွာ ပြုံးရယ်ပြီး ...

"ဒါ အစိမ်းသက်သက်ကြော်တာမဟုတ်ဘူး ဆရာ၊ ဆားနယ်နေတစ် ပတ်ရစ်လှမ်းပြီးမှ ကြော်တာ၊ ဘာသားဘဲဖြစ်ဖြစ် ဆရာ၊ ကြော်မယ်ဆိုရင် နေတစ်ပတ်ရစ်လှမ်းပြီးမှ ကြော်တာ အကောင်းဆုံးပဲ... ကျွန်တော့်အိမ်က ထမင်းချက်ကောင်မလေးက အင်မတန်တော်တာ၊ ဆရာ ညစာကျမှ သူ့လက် ရာ ပိုသိရမှာပဲ၊ ဟင်းဘယ်နှစ်ပွဲလဲ၊ အသားတစ်မျိုးတည်းကို ဘယ်နှစ်နည်း ချက်ပြုတ်နိုင်သလဲဆိုတာတွေ တွေ့ရမှာပဲ၊ ဒါတောင် ကုလားချက် မပါ သေးဘူး၊ ကျွန်တော် တင်မောင်ကို ကို... 'မင့်ဆရာ ညစာစားတဲ့အခါမှာ အရက်သောက်တတ်လား' မေးတော့ 'သောက်တတ်တယ်'ပြောတာနဲ့ အင်္ဂ လိပ်ချက်နဲ့ တရုတ်ချက်ပဲ စီမံခိုင်းလိုက်တော့တယ်။ ဘာကြောင့်လဲဆိုရင် ဆရာသိမှာပဲ... ကုလားဟင်းတွေမှာ ဂျင်းမဆလာစတဲ့ အပူအစပ်တွေနဲ့ ထောပတ်တွေ ဘာတွေပါတော့ အရက်နဲ့မကိုက်ဘူးဆရာ... အမှန်ကတော့

တရုတ်စာနဲ့ အင်္ဂလိပ်စာပဲ အရက်နဲ့ ပိုကောင်းတယ်။ မြန်မာချက်နဲ့တောင် တယ်အဆင်မပြေလှဘူး ဆရာရဲ့…"

စကားတပြောပြောနှင့် ဘီယာကိုတစ်ခွက်ပြီးတစ်ခွက် မော့ကြလေ၏။

သည်ငနဲကြီးမှာ သူနာမည်စာလုံးကို ရှေ့နောက်ပြောင်း၍ တော်တော် ဦးမင်းကျော်'ကျဟန်တူပါသည်။ ဖန်ခွက်ကိုင်ပုံ၊ နှုတ်ခမ်းတေ့ပုံ၊ ခွက်ချတ်ပုံ တို့မှာ လွန်စွာ သိမ်မွေ့၏။ အရက်သောက်ကျင့်သားရပြီးကြောင်း သိသာလှ သည်။

'အစားကောင်းအသောက်ကောင်းကြိုက်သည်' ဟု ပေါ်အူးပြောသော စကား မှန်လှသည်။ ယခု သူပြောနေသော အကြောင်းအရာတို့မှာ ကျွန်တော် ခရေစေ့တွင်းကျတော့ မမှတ်မိခဲ့ပြီ။ သဘောအားဖြင့်ဆိုလျှင် မည်ကဲ့သို့ ကောင်း၍ ဘယ်ကဲ့သို့ အခါတွင်(နေပူ မိုးရွာလိုက်၍) ဘယ်အရာကို ဘယ်လို စားလိုက်ပါက ဘယ်ကဲ့သို့ကောင်းမွန်လှကြောင်းတို့ ဖြစ်ပေသည်။ သူပြော ပုံပင် သွားရည်ကျစရာဖြစ်သည်။ ဤအထဲ၌ သူ့ထမင်းချက်မလေး တော် ကြောင်းတတ်ကြောင်း မကြာခဏ ထည့်ပြောသဖြင့်၊ သူ ဤမျှ ထိုသူငယ်မ ကို သဘောကျနေပါက တင်မောင်ကိုအတွက် ပြောသောအခါတွင် တစ်ချက် တော့ အထောက်အပံ့ရရဲ့ဟု ကျွန်တော်တစ်နည်းအားဖြင့် ဝမ်းသာမိပါ သည်။

ယခုအခြေအနေအထိကား၊ ကျွန်တော်သည် သူ့စကားများကိုသာ နားထောင်နေရလျက်၊ ဘဲလ် တစ်ချက်တီး၊ နှစ်လုံးနှစ်လုံး ရောက်လာသော ဘီယာများကိုသာ တစိမ့်စိမ့်သောက်ရင်း နှုတ်ဆိတ်လှပါ၏။ စင်စစ် ကျွန် တော်သည် ဤကဲ့သို့ နေ့လည်နေ့ခင်း ပုလင်းဖော်နှင့် တဝူးဝူးလည်နေသော ပန်ကာအောက်တွင် စီးကရက်တထောင်းထောင်းဖွာကာ အအေးစိမ်ဘီယာ သောက်သောအခါတို့၌ တယ်ပြီး အာဝဇ္ဇန်းညွံ့လှသူ မဟုတ်ကြောင်း ဒေါ်ကြီးစိုး၏ မောင်တော် ဦးကြီးသိန်းပင် သိရှိပါသည်။ သို့ရာတွင် ယခု ကျွန်တော့်အခြေအနေမှာ မိတ်ဆွေ စဉ်းစားကြည့်စမ်းပါ၊ မူလဇာတိမဟုတ်ဘဲ တင်မောင်ကို၏ ရွှေဉာဏ်တော်စူးရောက်မှုကြောင့် အထင်တော်လွဲ၍ ဆင် နားရွက် ဝက်တတ်ကာ ဘုရားတစ်ဆူဂူတစ်လုံးမျှ ကြည်ညိုနေခြင်းကို မရှုမ လှခံနေရလျက် ဤကြည်ညိုသူ၏ ဖိတ်ခေါ်ချက်မှာလည်း ကျွန်တော်ရေး သော စာအုပ်များနှင့်ပတ်သက်၍ သဘောတရားများကို ဆွေးနွေးရန် ဆိုထား

သဖြင့်၊ ကျွန်တော့် ခများလေးမှာ အနီးရှိ မိမိတစ်ခါမျှမဖတ်ဖူးသော ပပဝတီဝတ္ထုစာအုပ်ပုံကိုကြည့်ကာ၊ ဘယ်စာအုပ်ထဲက ဘာများမေးလိုက်လေမလဲဟု ပညာအုပ်ရှေ့မှောက် ရောက်သော ကျောင်းသားသူငယ်ကလေး သဖွယ် ရင်တဒိတ်ဒိတ် ခုန်နေပါသေးသည်။

ထို့ပြင်လည်း ဟိုကောင်တဖွဖွမှာကြားသွားသော စကားများကိုလည်း သတိရနေပါသေး၏။

(ဟော့ကောင် ဒီနေ့တော့ မဖြစ်ဖြစ်အောင် ပြောကွာ... မင်း မရမက တိုက်တွန်း ... တကယ်လို့ ဦးကြီးက 'ဟာ... ဒီကောင်ယူပြီး အရှည်သဖြင့် ပေါင်းပါ့မလား ... ခဏတစ်ဖြုတ် သွေးသားလေးဆူဖြိုးတုန်းထင်ပါရဲ့...' ဘာညာဆိုရင် မင်းက ရဲရဲကြီး အာမခံလိုက်ကွာ၊ မင်းဆိုရင် သူ ယုံမှာပဲ၊ ဒီအတွက် ဘာမှမပူနဲ့လို့ပြော...)

သေခြင်းဆိုးမျိုး မှာသွားလိုက်တာ စိတ်ချလက်ချ၊ ဒါပေမဲ့ ဒီကောင် အိမ်ထောင်ကျ တစ်ရန်အေးသွားအောင် ကျွန်တော် ဆောင်ရွက်ရပေမည်။

ယင်းသို့နှင့် ကျွန်တော်မှာ မိမိလိုရင်းကိစ္စ ပြီးလွယ်သွားအောင် ဆရာတစ်ဆူ လူကြီးတစ်ယောက်အနေနှင့် တင်မောင်ကို ကိစ္စကို စတင်ပြောလိုက်ရမလား၊ သို့မဟုတ် ငနဲကြီးက ပပဝတီ ရေးသော သဘောတရားများကို ဆွေးနွေးမေးမြန်းလာမှ (သူ့စာအုပ်များမှာ အောက်တန်းစား မိန်းကလေး မြှင့်တင်သော အခန်းများပါသည်ဟု ပြောသံကြားဖူးသည်) အခွင့်ကောင်း ယူလိုက်ရမလားဟု သို့လောသို့လော ရှိနေခဲ့ရာ၊ ဘီယာသုံးလုံးစီမျှကုန်၍ လူတွေထူထိုင်းလေးလံရဲရင့်လာသောအခါ၌ (အမှန်တော့ အရှက်နည်းလာခြင်းဖြစ်သည်) ဦးကျော်မင်းသည် ပပဝတီစာအုပ်များကို ဆွဲကိုင်လိုက်ကာ...

"ဆရာ ကျွန်တော်တော့ ဟော့ဒီစာအုပ်တွေ အကုန်လုံးဖတ်ပြီးပြီ ဆရာ... အားလုံးရဲ့သဘောတရားမှာတော့... လူအဆင့်အတန်းအနိမ့်အမြင့် ဆင်းရဲချမ်းသာ မခွဲဖို့ချည်းဘဲ၊ ချစ်လျှင်ယူ၊ နှစ်ကိုယ်မွေ့နိဗ္ဗာန်လို့ ရေးသားထားတာတွေဟာ ဆရာ့ပင်ရင်းသဘောပဲလား ... မေးပရစေတော့ဆရာ ဒီအတိုင်းပဲလား"

အမှန်စင်စစ်ကိုဆိုသော် ကျွန်တော်လို အကောင်သည် ဤပြဿနာမျိုးကို တစ်ခါမျှ စဉ်းစားဖူးသူမဟုတ်၍ ခေါင်းငြိမ့်ခေါင်းခါမျှ ဖြေနိုင်မည် မဟုတ်ပါ၊ သို့ရာတွင် ယခုအခြေမှာ ဤအရာကို ထောက်ခံမှုယူ၍ ဟိုကောင်

ဘ်ခွကို ဆောင်ရွက်ရမည်ဖြစ်သောကြောင့် ဘီယာရှိန်ကလေးနှင့် ရဲရဲရင့် ရင့်ပင်...

"ဟုတ်ကဲ့ ဒီအတိုင်းက နှမ်းစိဆယ်စိတ်စိတ် တစ်စိတ်မလွဲပါဘူး"

"စိတ်မရှိပါနဲ့ဆရာ ... အချို့စာရေးဆရာတွေက ရေးတာတခြား သူဘို့ကိုယ်တိုင်က တစ်မျိုးဆိုလို့ မေးရတာပါ..."

"အို ... ဒါက သတ္တိကြောင်တဲ့လူတွေပဲ..."

"ဟုတ်ပါတယ် ဆရာ၊ ဒါနဲ့ဆရာ ... ဟို 'ဝန်ကြီးတစ်ပါး၏ရွှေ မေတ္တာ' ဝတ္ထုထဲကလို အစေခံမလေးတစ်ယောက်ကို ဆရာကြိုက်မိရင် ဆရာ ဘာကယ်လက်ထပ်ယူနိုင်ပါ့မလား ..."

"ဟာ ... ယူတာပေါ့၊ ဘယ်တစ်စက္ကန့်ဆိုင်းလိမ့်မလဲ..."

"ကျွန်တော်လဲ သဘောကျတယ်ဆရာ ... ဟဲဟဲ..."

ငနဲကြီးက သွားကိုဖြဲ၍ ပြောသည်၌ ကျွန်တော်က အခွင့်အရေး ကောင်းယူကာ ...

"ဒါဖြင့် ဦး... အချစ်နဲ့ပတ်သက်ပြီး အဆင့်အတန်း မခွဲဖို့ကို သဘော ကျတယ်ဆိုပါတော့"

"ဟာ ... ဆရာစာအုပ်တွေ ဖတ်ပြီးကတည်းက ဘာမျှ ပြောစရာမလို တော့ဘူး"

ကျွန်တော် အကြံယူ၍ တံတွေးမျိုလိုက်ပြီးနောက်....

"ဒါနဲ့ စကားစပ်မိလို့ ပြောရဦးမယ်၊ ဦးတူတော်မောင် တင်မောင်ကို လေ... သူ... သူ... အဲ ဟိုအောက်တန်းစားမိန်းကလေးတစ်ယောက်ကြိုက် ပြီး ယူမယ်လို့တဲ့..."

ငနဲကြီး မျက်လုံးပြူးကာ...

"ဟင် ... ဟုတ်လား"

"ဟုတ်တယ် ... အဲဒါ ဦးက သဘောမတူမှာ စိုးနေသတဲ့"

"ဟာ ... မစိုးနဲ့၊ တူရုံမကဘူး ဒီကိစ္စမှာ ကျုပ်က သူ့ကို ဟိုတုန်းက အထင်သေးခဲ့သမျှ အခုမှစပြီး ဂုဏ်ပြုတယ်လို့ ပြောလိုက်စမ်းပါဦး"

ပေါ်အူး၏ အကြံပေး ပပဝတီစာအုပ်များ၏ ဂုဏ်ကျေးဇူးက တယ်စူး ရှလှပါကလား၊ ကျွန်တော် အကျေနပ်ကြီး ကျေနပ်ကာ.....

"ဟာ ... ဒီကောင် ဒါသိရင်တော့ သိပ်ဝမ်းသာမှာပဲ"

"သာပါစေ ... သာပါစေ ... ကျွန်တော့်အတွက်ပါယူပြီး သာပါဦးလို့ ပြောလိုက်ပါဦး ... ဘာကြောင့်လဲဆိုရင်... ကျွန်တော်လည်း အခုအိမ်က ကောင်မလေးကို လက်ထပ်ဖို့ ဆုံးဖြတ်ချက်ချလိုက်ပြီ..."

ကျွန်တော် မျက်လုံးပြူးကာ

"ဟင် ... ဘယ်ကောင်မလေးလဲ"

"ထမင်းချက် မဆိတ်လေ... ဒါ ဆရာ့ကျေးဇူးပဲ... ဟိုတုန်းကဖြင့် ဖြစ်မှဖြစ်ပါ့မလား၊ သင့်မှသင့်လျော်ပါ့မလားနဲ့ စိတ်ထဲ ချီတုံချတုံအခက် အခဲတွေ့နေလိုက်တာ...၊ ဆရာရဲ့ ချစ်တာမေတ္တာ ပဓာန၊ မီးဖိုချောင်ထဲက မိန်းမပျို၊ ဝန်ကြီးတစ်ပါးရဲ့ ရွှေမေတ္တာ ပုဇွန်ဆိတ်ကလေးငယ်ပေမယ့်၊ ဒီ လေးအုပ်ဖတ်လိုက်ရတယ်၊ အရင်ကပတ်ဝန်းကျင်အပြောအဆို ကြောက်နေ တဲ့ ကျွန်တော့်စိတ်တွေဟာ တစ်ခါတည်း ရဲရင့်သွားတာပဲ၊ ကျွန်တော့် ဇာတ် လမ်းယူ၊ ကျွန်တော့်ကို ဇာတ်လိုက်လုပ်ပြီးတော့ ဆရာက 'ရဲတဲ့မောင်ကြီး' ဆိုတဲ့ ဝတ္ထုရေးပါဦးလား ဆရာ ... ပရိသတ်တော့ အင်မတန်ကြိုက်မှာပဲ၊ စာပေဗိမာန် ဆုတောင်ရမှာပဲ၊ ကျွန်တော်အသေးစိတ်ပြောပြမယ်၊ ကျွန်တော် ဟာလေ ဆရာ့ကိုမှန်တာပြောရရင် ကိုယ့်အိမ်ကခြံပေါက်လို... မျက်စိရှေ့ မှောက်... တစ်နေ့တစ်ခြားကြီးထွားလာတဲ့ ကောင်မလေးရဲ့ လုံးလုံးတစ်တစ် ကိုယ်ကလေးကို ကြည့်ကြည့်ပြီး စိတ်ထဲ တစ်စတစ်စနဲ့ ဘာကလိုတိုတို ဖြစ်လာခဲ့တယ်။ အဲဒီဘာကလိုတိုတိုဖြစ်တာတာကို သေသေချာချာ စိစစ် ကြည့်လိုက်တော့၊ လား လား ... ဟို ဆရာ့ဝတ္ထုထဲက ဝန်ကြီးလိုပဲ ဒီကောင်မ လေးကို အောက်ခြေသိမ်းအပိုင်ယူချင်တာ ဖြစ်နေတာကိုး ... ဒါပေမဲ့ လောက ရဲ့ အဆင့်အတန်းခွဲခြားမှု၊ ပတ်ဝန်းကျင်ရဲ့ကဲ့ရဲ့ပြစ်တင်မှုတွေ တွေးကြောက် ပြီး စိတ်ထဲကြိတ်မနိုင်ခဲမရနဲ့ သားကောင် မြင်နေရဲ့သားနဲ့ လှောင်ချိုင့်ထဲ နေရတဲ့ကျားလို... ဆရာ့ကို မရှက်ပါဘူးလေ ဟုတ်တာပြောရပါတော့မယ်။ တလောက ကျွန်တော်နာမကျန်းဖြစ်တာဟာ အဲဒီစိတ်ကြောင့်ဘဲ ဆရာရဲ့၊ ဒါကြောင့်ဘယ်ဆရာဝန်မှ ကုမရတာ ဆရာ့စာအုပ်တွေနဲ့ကျတော့မှ ဇီဝကနဲ့ တွေ့သလို.... တစ်ခါတည်း စိတ္တသုခ၊ ကာယသုခနှစ်ခုစလုံး ပြည့်စုံသွား တာပဲ။ အဲဒီ ကျွန်တော့်အဖြစ်ကိုချဲ့ပြီး ဝတ္ထုရေးပါဆရာရဲ့၊ စာပေဗိမာန် ဆုရွေးတဲ့ လူတွေဟာ ကျွန်တော့်လို လူကြီးပိုင်းက ပုဂ္ဂိုလ်တွေပဲ။ အဲဒါဆိုရင် သူတို့ ကိုယ်ချင်းစာသဘောကျပြီးရွေးမှာ ကျိန်းသေပါဘဲ ဆရာ..."

အင်း ... ဝတ္ထုပဲ ရေးခိုင်းနေပြန်ပြီ။

ဒီလူကြီးမှာ ယခုအချိန်၌ မိန်းမရခါနီး ... ရပြီးလိုလည်း ဖြစ်နေသည်။ သော်တော်လည်းမူးနေသည်။ ထို့ကြောင့် နှုတ်စအာစ ရှင်လှ၏။

နှစ်ယောက်ပေါင်း ဘီယာရှစ်လုံးမျှ ကုန်သောအခါ၌

"ကဲ ... ဆရာ၊ ဒါတွေဟာ မိုက်လေးလှပါတယ်။ ညနေလဲ စောင်းပြီ၊ ဒီကောင်ကြီးဘဲ ကြံကြပါစို့"

ဟုဆိုကာ အရက်ကို ဆက်ကြပါသည်။ သောက်ရင်းကား ကျွန်တော် ဘာပေဇိမာန်ဆုရအောင် ဝတ္ထုရေးဖို့ဆို၍ သူ့ကောင်မလေးကို ပထမဦးဆုံး သူကြီးစစပုံမှ နောက်ဆုံးလက်ထပ်ရန် ကလေးမ၏မိခင်ကို ခွင့်ပန်ရသည် အထိ အရှက်ကင်းမဲ့စွာ ပြောပြပါသည်။

သူကား အလွန်ပျော်လှ၏။

ကျွန်တော်ကား တင်မောင်ကိုအတွက် စိတ်မကောင်း၊ ဟိုကောင်ဒါ သိရင် ဘယ်လိုဖြစ်ဦးမည်နည်း။

ထိုည ထမင်းစားပြီး၍ ကျွန်တော် အိမ်ပြန်ရောက်သောအခါ၌ ပေါ်အူးက...

"ဆရာ... ကိုတင်မောင်ကို... ခဏခဏ ဖုန်းဆက်ပြီး ဆရာမရောက် သေးဘူးလား၊ မရောက်သေးဘူးလားနဲ့ မေးနေတယ်ဆရာ ... ဘာကိစ္စ မှန်းလဲမသိဘူး ..."

"အေး ... သူ့ကိစ္စ ငါသိတယ်ကွ...၊ ဒီမှာ ပေါ်အူး"

ကျွန်တော်သည် အရက်မူးမူး လျှာလေးလေးနှင့်

"မင်းလုပ်လိုက်တာတော့ ခုတ်ရာတခြား ရှရာတခြား ဖြစ်သွားပြီကွ"

"ဘာလဲဆရာ"

ကျွန်တော်သည် အဖြစ်ကိုပြောပြပြီး ...

"အဲဒါ အဘိုးကြီးက အပိုင်စီးဖြစ်နေပြီးနေပြီကွ"

ပေါ်အူးသည် တယ်မထူးခြားသော အမူအယာနှင့် ခေါင်းတစ်ချက်နှစ် ချက် ဆတ်ကာ ....

"အင်း ... ကျွန်တော် အစက ဒီလိုဖြစ်ဖို့နည်းလမ်းရှိတယ်လို့လဲ စဉ်းစားမိသားဘဲ"

"ဟေ ... မင်း စဉ်းစားမိတယ်"

"ဟုတ်ကဲ့ဆရာ... ဘာကြောင့်လဲဆိုရင် ကောင်မလေးက ကျွန်တော့်ကိုပြောဖူးတယ်...။ ဒီဦးကျော်မင်းကရော ... ကိုတင်မောင်ကိုကရော သူ့ကိုမျက်စိကြည့်ပုံ မရိုးကြဘူးလို့၊ ဒါနဲ့ ကျွန်တော်လည်း ဒီကောင်မလေးတော့ လူကြီးပဲရရ၊ လူငယ်ပဲရရ ဆိုပြီး ဒီအကွက်ဆင်လိုက်တာပဲ"

ပေါ်အူးမှာ အတော်ကျေနပ်နေပုံပေါ်ပါသည်။

"အေး ... မင်းကတော့ ဝမ်းသာနေတာပေါ့လေ"

"ဝမ်းသာရတာပေါ့ဆရာ၊ ဒီလိုဆင်းရဲတဲ့မိန်းကလေးက သူဌေးမလေးဖြစ်သွားတယ်ဆိုတော့"

"ငါကတော့ ငါ့သူငယ်ချင်းအတွက် စိတ်မကောင်းဘူးကွဲ့"

"ဩော် ... ဆရာ"

ပေါ်အူးသည် ယခုမှ တစ်စုံတစ်ရာကို သတိရသကဲ့သို့

"နေ့ခင်းက မိန်းမလက်ရေး စာအိတ်ပြာလေးနဲ့ ဆရာ့စာတစ်စောင်ရောက်လာတယ်ဆရာ"

ကျွန်တော်ရုတ်တရက် ကိုယ်ကိုဆန့်လိုက်၍ မျက်လုံးကျယ်လာကာ..

"ဟေ ... ဘယ်မှာလဲ"

"ဆရာ့အိပ်ခန်းထဲက စားပွဲပေါ်မှာထားလိုက်တယ်ဆရာ"

ကျွန်တော်ရုတ်တရက် လေချွန်လိုက်လေသည်။

"ကျွန်တော် အလွန်ပျော်တာ... ချစ်သူလေးရဲ့ပြန်စာရလို့သာ နေချင်တာ .... လာဒါ ... ဒါဒါ ... ဒါ..."

ကျွန်တော်သည် ဟိုကိစ္စကိုချက်ခြင်းပင်မေ့ပျောက်ကာ မဆိုင်းခဏပင် ပေါ်အူးအနားမှာ ဖဲကြဉ်ခဲ့လေ၏။

❑

## အခန်း (၅)

ပန်းတော်ဝင် ညွှတ်ခေါ်လို့ပြုံးပေမယ့်
လှမ်းသော်လျှင် ဖွတ်မော်လို့ ရုန်းမယ်လာ့
လွှတ်နော်ဘုန်း ဆိုမည့်သွင်။

သဇင်မှူးရယ်က
အထင်နဲ့ရှုးအောင် မာယာဆင်လို့
လာပါရှင် အမျှော်စိုက်ဟန်နဲ့
လာပါလျှင် ကယော်တိုက်မယ်ဟော့
မေးလိုက်ပါချင်။
ကိုင်တံချူ ထွာမလောက်ကယ်နဲ့
မြိုင်ဂမူ လာလို့ရောက်ချိန်မှ
ပိုင်ရှင်သူ ပါဝါနဲ့ ငေါက်ရင်ဖြင့်
ကြောက်ရမည့် သည်ကိုပင်

ပန်းသဇင်ရယ်
နမ်းချင်သူ ရမ္မက်ဇောကိုဖြင့်
မက်မောအောင်တမင်ရွဲ့တာလာ့
ကြင်တဲ့သူ 'ဆွေ' ကြည်နိုင်ဖို့
ရွှေလည်တိုင် ငဲ့ကာလျှားပါတော့

ကြည်စားသူ အမူတုံးကိုဖြင့်၊
ငွေတံချူ ကိုင်လို့ဘုန်းရယ်...
(ချစ်တဲ့သူရေ...) တုံးခဲ့မျှော်ဆဲ။ ။
ကဲ....မှတ်ကရောဟဲ့။

ကျွန်တော်သည် ကဗျာစပ်တတ်သည် မဟုတ်ပါ။ ကျောင်းနေစဉ်က အရကျက်ခဲ့သော လေးချိုးတစ်ပုဒ်ကို အချို့နေရာ၌ ကိုယ်လိုချင်သောစကားလုံးအတင်းရိုက်သွင်းကာ ဝေ့ထံသို့ပြန်သောစာတွင် ရေးထည့်လိုက်ပါသည်။

တစ်ဦးနှင့်တစ်ဦး ချစ်ရည်လူး၍ ကူးလူးကြသော စာတို့မှာ၊ ကာယကံရှင်များအဖို့သာ အခေါက်ခေါက် အခါခါပင် ဖတ်၍မပြီးဖြစ်တတ်သော်လည်း မဆိုင်သူတို့ အဖို့မူ... အမြင်ကတ်ဖွယ်လိလိဖြစ်တတ်၏။ ထို့ကြောင့် ဝေ့ဆီက တီတီတာတာ လာသောစာနှင့် ကျွန်တော်က ပလီပလာပြန်လိုက်သောစာတို့ကို ဗာရဏသီ ချဲ့မနေတော့ဘဲ ဤကဗျာကိုသာ ဖော်ပြလိုက်ပါသည်။ ၎င်းအဓိပ္ပာယ်သွားကို စဉ်းစားခြင်းဖြင့် မိတ်ဆွေသည် ကျွန်တော်နှင့် ဝေ၏ ယခုအခြေအနေနှင့် နောင်အလားအလာကိုပါ မြင်နိုင်စွမ်းလိမ့်မည်ဖြစ်ပါသောကြောင့် ကျွန်တော်တို့ ကိုယ်ရေးကိုယ်တာများကို ခေတ္တရပ်ဆိုင်းကာ ဟို တူဝရီး၏ဖြစ်တွေကို ဆက်လက်ဖော်ပြပါရစေ။

တင်မောင်ကိုမှာ ကိစ္စလုံးစုံကို သိပြီးသည်၏ အခြားမဲ့၌ ရည်းစားလက်လွတ်၊ ငှက်တောင်ကျွတ်မျှ၊ ဆွတ်ဆွတ်ပျံ့မော၊ ရတက်ဖောဖြင့်၊ တောခိုသွားသလိုလို ပျောက်ကွယ်သွားပါတော့သည်။

ဦးကျော်မင်းမှာ ဒီကောင် ဤသို့ပင်... အိမ်မှ မကြာခဏ ထွက်ခွာသွားတတ်သည်ကို မမှုမထားဘဲ၊ သူ့ ကလေးမနှင့်သာ အမြန်လက်ထပ်လိုက်လေသည်။

မင်္ဂလာဆောင်ရာ၌ကား နည်းနည်းရယ်စရာကောင်းသည်။ အိမ်က အခိုင်းအစေမလေးနဲ့မို့ မြေပေါ်မှာ ရွှေကြော်ငြာထုတ်ပြန်ကြားလို့ မကောင်းဟု သူ့မိတ်ဆွေများက အဆိုတင်သွင်းသောကြောင့်... အိမ်မှာပင်နှစ်ဘက်မိဘနှင့် တိုးတိုးကျိတ် လုပ်လိုက်ကြသည်။ နှစ်ဘက်မိဘနှင့်ဆိုရာ၌ ... ဦးကျော်မင်း၏ အဖေအမေတို့မှာ ဓာတ်ပုံများပင် ဟောင်းနွမ်းမှုန်မှေးပြီဖြစ်သောကြောင့်၊ ကျွန်တော့်ကို သူ့ဘက်က လူကြီးအရာခန့်အပ်ပါ၏။ ကျွန်တော်မှာ သူ၏ ဆရာတစ်ဆူအနေနှင့် အဘယ်မှာငြင်း၍ ဖြစ်ပါအံ့နည်း။

အသက်သာငယ်ပေသည့် ပညာအရာ၌ ကြီးစွမ်းပေတကားဟု... သူ့မိတ်ဆွေများကို မိတ်ဆက်ပေးသေး၏။ တော်သေး၏။ ကျွန်တော့်အကြောင်းကို ကောင်းကောင်းသိသူများ မပါသေး၍...

ထို့ထက်ဆိုးသော ဂျောက်ပေါက်နခမ်းကြီးကို လမ်းသလားသည်ကား (မင်္ဂလာဧည့်ခံပွဲ) ခေါ် မင်္ဂလာနောက်ဆက်တွဲ သောက်ပွဲကျင်းပသောသပင်တည်း။

အသက် ၂၀ အောက် သူငယ်မကလေးနှင့် အိပ်ခန်းဝင်ခါနီး ၅၀ ကျော် ဦးကျော်မင်းကြီးသည် အရက်ရှိန်မူးယစ်လှစွာနှင့် ကျွန်တော့်လက်ကိုဆွဲ၍ ပရိသတ်အလယ်သို့ အတင်းခေါ်ကာ.....

"ဆရာ ပပဝတီ... မင်္ဂလာစကား ပြောပါ၊ မင်္ဂလာစကားပြောပါ"

ဟု အော်လေ၏။

သူ့အရက်ကိုသောက်၍ သူ့လောက်မူးနေကြသော ပရိသတ်လည်း ဘာရယ်လို့မဟုတ် လက်ခုပ်တဖျောင်းဖျောင်းတီးကာ ထောက်ခံအားပေးကြကုန်သည်။

ကဲ... ကျွန်တော် ပရိသတ်အလယ်မှာ ပယင်းရောင်ဝီစကီခွက်ကို ကိုင်ကာ မတ်တပ်ရပ်နေမိလေပြီ ...

စာရေးဆရာ ပပဝတီအနေနှင့် မင်္ဂလာစကားပြောရမတဲ့၊ မင်္ဂလာစကားဆိုတာ ဘာပါလိမ့်မလဲ ကျွန်တော်သည် လူတောထဲ တစ်ခါမျှစကားမပြောဖူး၊ ပြောရန် စိတ်ကူးကြံဆထားသည်များလည်း မရှိ။ "ဟာ မပြောပါရစေနဲ့ ခင်ဗျာ"ဟုဆိုကာ ကိုယ့်နေရာကိုယ် ဖွတ်ပြန်ထိုင်လိုက်ရမှာကလည်း နာမည်ကျော် ပြည်တော်ချစ်စာရေးဆရာကြီး ပပဝတီအဖြစ်နှင့် ဘုရားတစ်ဆူဂူတစ်လုံး အကောင်းဆုံးနေရာ၌ ဂုဏ်ပြုထားလေသည်။ ထို့ပြင် ဘင်တန်ဟောလ်သူ အချောစမူကလေးများ ဖြစ်ကြကုန်သော မာဂရက် ခင်သန်းမြင့်၊ နယ်လီနေမျိုး၊ ရိုစီခင်ဖြူဖွေးနှင့် ခါးသေးရင်သေး တစ်ကိုယ်လုံးသေးသည့် စမ်းစမ်းကလေးတို့ပါ ရှိနေပြန်သောကြောင့် သူတို့မျက်စိရှစ်လုံးရှေ့မှောက်ဝယ် ကျွန်တော်သည် 'ပပဝတီ' အနေနှင့်မဟုတ်သည့်တိုင်၊ မူလ 'အေးဆွေ' အဖြစ်နှင့်ပင် အဘယ်လျှင်သတ္တိကြောင်း၍ ရာဇဝင်ဆိုး အမျိုးလူကဲ့ရဲ့ခံနိုင်တော့အံ့နည်း။ ထို့ကြောင့် နေရာတကာတွင်ပြောရဲဆိုရဲ 'ဇတ်ဇတ်ကြဲဖြစ်သော 'ဒေါ်ကြီးစိုးတူဟော့' ဟု ကိုယ့်ကိုယ်ကို စိတ်ထဲမှာ အားပေး

လိုက်ကာ ပြောရန်အကြောင်းကို ရှာရပါတော့သည်။ အဘယ်ကဲ့သို့ စိတ်ကူး ဉာဏ်ပါရမီထူးလေသည်မသိ။ ရုတ်တရက်ပင် ကျွန်တော့်မျက်စိထဲ၌ အရက် ပုလင်းနှင့်... မိန်းမတွေ ပူးတွဲထင်မြင်လာသဖြင့် ပြောရန်စကားစကို စဉ်းစား ရင်း စကားပလ္လင်ခံလိုက်ပါသည်။

"အခုနေရာမှာ၊ အဟင်း ... ကျွန်တော်က ပြောဖို့ရာကြိုတင် စဉ်းစား ခြင်းမရှိခဲ့လေတော့၊ အဟင်း ... ပြောရမှာ ခပ်ခက်ခက်ဘဲဖြစ်နေပါတယ် အဟင်း ...

ဦးကျော်မင်းက ဖြတ်၍

"အို ... ဆရာ၊ အက်ဖတားဒင်နာစပိ(ချ)ပဲ ပြောချင်ရာသာပြောလိုက် ပါ ကိစ္စမရှိပါဘူး"

အက်ဖတားဒင်နာစပိ(ချ)ဆိုသည်မှာ ညစာ စားအပြီး၌ အရက်မူးမူး နှင့် ပြောသည်ဖြစ်၍ မှားမှန်းမှန်မှန် ကြမ်းကြမ်းရမ်းရမ်း ခွင့်လွှတ်ကြရသည်။

ထို့ကြောင့် ကျွန်တော်ပိုမိုအားတတ်လာကာ... တစ်ဝက်ကျော်မျှရှိ သော အရက်ဖန်ခွက်ကို တစ်ကျိုက်မျှ ... မော့ချလိုက်ပြီး ...

"အဟင်း ... ဒီမှာ ထမင်းပွဲကြီးဟာ ဦးကျော်မင်း မင်္ဂလာဆောင်မိန်းမ ယူလို့ကျင်းပတဲ့ပွဲကြီးဖြစ်လေတော့၊ ဒီအခမ်းအနားကြီးကို ဖြစ်ပေါ်လာအောင် မူလ အရင်းခံဖန်တီးတဲ့ မိန်းမနဲ့ အချစ်အကြောင်းကို ပြောလိုပါတယ်..."

ခေတ္တစကားရပ်ကာ... ပရိသတ်ကို လှည့်ကြည့်လိုက်ပါသည်။ အား လုံးပင် ကျွန်တော့်စကားကို အာရုံပြုနေကြဟန်ရှိ၏။ မိန်းမနှင့် အချစ် အကြောင်းဆိုတော့ ဘုရားတရားစကားထက်ပင် သူတို့ စိတ်ဝင်စားဟန် ရှိပေသည်။ စကော့(ချ)ဝီစကီလက်နှစ်လုံးမျှနှင့် ဆိုဒါအပြည့်ရောထားသော ဖန်ခွက်ကိုအာခြောက်ဖြေတစ်ချက်မျှ စုပ်ယူလိုက်ပြီး စကားဆက်၏။

"မိန်းမ ... မိန်းမ ... မိန်းမဟာ"

လက်ထဲက ဖန်ခွက်ကို မြှောက်ပြလိုက်ရင်း

"ဟောဒီအရက်နှင့်တူပါတယ်။ အရက်မှာ အမျိုးမျိုးရှိသလိုပဲ၊ မိန်းမ မှာလဲ အမျိုးမျိုးရှိပါတယ်။ ဝီစကီနဲ့ တူတဲ့မိန်းမ၊ ဘရန်ဒီနဲ့တူတဲ့ မိန်းမ၊ ရမ်နဲ့တူတဲ့မိန်းမ၊ ဂျင်နဲ့တူတဲ့မိန်းမ၊ ချက်အရက်နဲ့တူတဲ့မိန်းမ၊ အဲသည့်ငါး မျိုးရှိတဲ့အနက်က ချက်အရက်နဲ့တူတဲ့မိန်းမကိုဖြင့် မိတ်ဆွေတို့ တတ်နိုင် သလောက် ရှောင်ပါလေ။ အဲဒီမိန်းမအမျိုးအစားကို ရှေးကဝိဆရာတို့ကတော့

ဟတ္ထနီလို့ ခေါ်ကြပါတယ်။ သူတို့ကို ဘာကြောင့် ရှောင်ရမလဲဆိုရင် ချက်အရက်ကို စွဲစွဲမြဲမြဲသောက်တဲ့လူဟာ အန္တရာယ်ဖြစ်တတ်တယ်ဆိုသလိုပဲ၊ သူကလည်းဖြစ်စေတတ်ပါတယ်။ ကျန်တဲ့လေးမျိုးကတော့ တစ်မျိုးစီကောင်းကြတာပါပဲ၊ သို့သော်... ဂျင်နဲ့တူတဲ့ မိန်းမကိုဖြင့် ကျွန်တော်တို့ သတိပြုရပါ့မယ်။ ဂျင်ဟာ အရောင်မရှိ၊ အရက်နဲ့မတူ အနံ့ကလေးမွှေးတေးနဲ့သောက်ဘွင်း အင်မတန်လိုက်တယ်၊ မူးမှန်းမသိရဘူး။ နောက်ဆုံးမှ လေးဘက်ခိုင်းတာပဲ၊ အဲလိုဂျင်နဲ့တူတဲ့မိန်းမဟာ အညုအညာကောင်းတဲ့ မိန်းမပါပဲ၊ အဲ ရမ်နဲ့တူတဲ့မိန်းကတော့ ရမ်အရက်ဟာ အဆင်းရော ... အနံ့ရော ရင့်မာပြင်းထန်ပြီး တစ်ခွက်တစ်ခွက်မှန်း သိသိ ထိလွယ်တာလိုပဲ ပြောင်ပြောင်နဲ့ ရှင်းရှင်း ပြောတတ်ပြုမူတတ်တဲ့ စိတ်ကြမ်း ကိုယ်ကြမ်း မိန်းမမျိုးပါဘဲ..."

ဤတွင်... ကျွန်တော်နှင့် မလှမ်းမကမ်းမှ လူတစ်ယောက်သည် အရက်မူးမူးနှင့် သူ့အနီးကလူကို လက်ညှိုးညွှန်ကာ ကျွန်တော့်စကားကိုဖြတ်၍...

"ဟာ ... ဟော့ဒီ ဝန်ထောက်မင်းမိန်းမကဖြင့် တကယ့် 'ရမ်' ပါဘဲခင်ဗျာ၊ ဟိုနေ့က ကျုပ်ကြားခဲ့ရတယ်... 'ရှင့် ရုံးမှာ နောက်တစ်ခါ စာရေးမကလေးတွေနဲ့ ဘာကလိုလိုကြားရရင်ဖြင့် တစ်ခါထဲ လည်စေ့ညှစ်သတ်ပစ်လိုက်မယ်' တဲ့"

ထိုလူ့အပြောကို ပရိသတ်ကတော်တော်ပွဲကျသွားလေရာ ဝန်ထောက်မင်းဆိုသူကလည်း အားကျမခံဘဲ ...

"ဟော့ဒီ ဝတ်လုံတော်ရမင်းကတော်ကတော့ 'ဂျင်' ပါပဲခင်ဗျာ၊ သူ့ခမျာ ချော့မြှောက်ခိုင်းလို့ ရှာလိုက်ရတဲ့ ပိုက်ဆံ နားရတယ်လို့ကိုမရှိဘူး။ အခုနယ်တော့ ဂျင်က သောက်ကောင်းနေလို့ မူးမှန်းမသိသေးဘူးခင်ဗျာ၊ ဘယ်နေ့မှာ လေးဘက်စိုင်းမလဲ၊ ဝတ်လုံတော်ရမင်း သတိထားဦးဗျ ..."

ဝန်ထောက်မင်းစကားမှာ ပို၍ပွဲကျပြန်လေသည်။ အားလုံးရယ်မောသံတွေတိတ်မှ ကျွန်တော် စကားဆက်ရပါသည်။

"အဲ ... ဝန်ထောက်မင်းနဲ့ ဝတ်လုံတော်ရမင်း အချင်းချင်း ရယ်စရာပြောကြတာလို၊ ဂျင်နဲ့တူတဲ့မိန်းမ၊ ရမ်နဲ့တူတဲ့မိန်းမ၊ ချက်အရက်နဲ့တူတဲ့မိန်းမဆိုတာတွေ သိထားကြရင်ဖြင့် ကိုယ့်ကိုယ်ကို ဆင်ခြင်တရားနဲ့ သတိထားနိုင်ကြတာပေါ့ခင်ဗျာ၊ ဟော နောက်တစ်မျိုး ဥပမာပြောရင်"

လက်ထဲမှ ဖန်ခွက်ကို မြှောက်လိုက်ကာ....

"ဟောဒီ စကော့(ချ)ဝီစကီဟာ ရှေးကဝိဆရာတွေစကားနဲ့ ပြောလိုက်ရရင် ပဒုမ္မနီအမျိုးအစားပါပဲ ခင်ဗျာ... ကမ္ဘာပေါ်ရှိ အရက်အမျိုးမျိုးထဲမှာတော့ ကျွန်တော် သူ့ကို အကြိုက်ဆုံးပါ၊ ဂျော်နီဝါကား စက္ကူအနီပတ်ပဲဖြစ်ဖြစ် အနက်ပတ်ပဲဖြစ်ဖြစ် ... ဂိုက်လေဘယ်လ်ပဲဖြစ်ဖြစ် အနည်းဆုံး စကော့(ချ) ခရီ(မ)ဆိုဒါအထိ၊ အနံ့ရော အရသာရော အဆင်းရော မှုးပုံ မှုးနည်းရော သူတို့ထက်သာတာ မရှိတော့ဘူးလို့ ဆိုချင်ပါတယ်..."

"ဟုတ်တယ် ... ဟုတ်တယ် .... ဒါကို ကျုပ်တို့ ကောင်းကောင်းကြီး ထောက်ခံပါတယ်..."

အရက်ကို ဝါသနာကြီးလှပုံပေါ်သော လူလေးငါးယောက်က မူးမူးနှင့် ဝိုင်း၍အော်ကြပါသည်။ ကျွန်တော့်မှာ သူတို့အသံတွေရပ်သွားမှ စကားဆက်ရပါသည်။

"ကဲ... ဒီတော့...ဒါကြောင့် ကျွန်တော်တို့ အားလုံးကပဲ အခု ဦးကျော်မင်း လက်ထပ်တဲ့မိန်းကလေးဟာ စကော့(ချ) ဝီစကီနဲ့တူတဲ့မိန်းမ ဖြစ်ပါစေလို့ ဆုတောင်းလိုက်ပါစို့..."

သို့ပြောရင်း ကျွန်တော်က ပြုံးဖြီးဖြီးကြီးဖြစ်သော ဦးကျော်မင်းဘက်လှည့်၍၊ ဖန်ခွက်ကို မြှောက်လိုက်ရာ၊ အားလုံး ကျွန်တော့်နည်းတူပြုကြပြီး၊ ဆုတောင်းပတ္ထနာသဘောဖြင့် ခွက်ထဲရှိသမျှကို မော့ချလိုက်ကြပါသည်။

ကျွန်တော်သည် မယ်သီလရောင်မှ ဖိုးသူတော်ဘဝ ရောက်သွားဖြစ်သော ဖန်ခွက်ကိုအနီးရှိ စားပွဲပေါ်တင်လိုက်ပြီး ...

"ကဲ... သည်တော့ ကျွန်တော့်တို့ဟာ အရက်ကိုသောက်သလို မိန်းမတွေကိုချစ်ကြပါ၊ အရက်ရဲ့အမျိုးအစားကိုသိသလို မိန်းမရဲ့အတန်းအစားကိုလည်း နားလည်ပါစေ...၊ အရက်ဟာနည်းနည်းသောက်ရင် နည်းနည်းကောင်းပြီး ... များများသောက်ရင် များများကောင်းသလို၊ မိန်းမဟာလဲ နည်းနည်းချစ်ရင် နည်းနည်းကောင်းပြီး များများချစ်ရင် များများကောင်းပါတယ်၊ သို့သော် ... သို့သော်"

ကျွန်တော်သည် အရေးကြီးသောအချက်ကို ပြောမည်ကဲ့သို့ ဟိတ်ဟန်နှင့် ခေတ္တမျှရပ်လိုက်ပြီးမှ

"အရက်ကို အသောက်လွန်တဲ့အခါမှာလဲ အရက်ဒဏ်ခံရသလိုပဲ၊

မိန်းမကို အချစ်လွန်တဲ့အခါမှာလဲ အချစ်ဒဏ်ခံရတတ်ပါတယ်။ အရက်ဒဏ်ခံရတယ်ဆိုတာက ဝမ်းနှုတ်ပြီး ရေခဲအိတ် ခေါင်းပေါ်တင်နေလိုက်ရင် ညနေခင်းပျောက်ပြီး နောက်ထပ်ဆက်သောက်နိုင်ပါသေးတယ်။ အဲ ... အချစ်ဒဏ်ခံရပြီဆိုရင်ဖြင့် စိတ်သဘောထားနုသူမှာ မျက်ရည်နဲ့ မျက်ခွက်တစ်စက်စက်၊ စိတ်သဘောထား ကြမ်းသူဆိုရင် ရာဇဝတ်မှုတွေပြုရုံမက ကိုယ့်ကိုယ်ကို သတ်သေသည်အထိ ဖြစ်တတ်ပါတယ်။တလောက အရာရှိကြီးတစ်ယောက်နှင်လွန်တွေဘုံးမိလို့ ရာထူးပြုတ်တာဟာ မိန်းမကိုအချစ်လွန်မှုပေါ့ ခင်ဗျာ...။ကဲ... သည်တော့ ကျွန်တော်နောက်ဆုံးနိဂုံးချုပ်ပြောချင်တာက အရက်ကိုလဲ အသောက်လွန်ပြီး အရက်ဒဏ်မခံရဖို့နဲ့ မိန်းမကိုလည်း အချစ်လွန်ပြီး အချစ်ဒဏ်မခံရဖို့ပါပဲ၊ လွန်စားရှိရင်ဖြင့်တစ်နေ့ဝေဒနာနဲ့ ပျောက်တဲ့အရက်ကိုသာ အသောက်လွန်ချင်လွန်ပါစေ... ကိုယ့်ကိုယ်ကို သတ်သေသည်အထိ ဖြစ်တတ်တဲ့ မိန်းမအချစ်ကိုဖြင့် မလွန်ပါစေနဲ့ ခင်ဗျား။ မိန်းမဆိုတဲ့ သတ္တဝါမျိုးဟာ တော်ရုံတန်ရုံချစ်ဖို့ပဲ ကောင်းပါတယ်ခင်ဗျား ...”

ဝုံးဝုံး ... ဝုံးဝုံး ... ဖျောင်းဖျောင်း ... ဖျောင်း ... ဖျောင်း ...

အားလုံးလက်ခုပ်သြဘာသံတွေနှင့်အတူ ကျွန်တော့်နေရာသို့ ပြန်ရောက်ခဲ့ပါသည်။ ဦးကျော်မင်းကြီးလိုက်လာကာ ကျွန်တော့်လက်ကိုဆွဲလှုပ်ရမ်းလျက် ခပ်တိုးတိုးလေသံဖြင့်...

“သြ ... ပညာရှိစကားများ နီးစပ်ရာနဲ့ ဥပမာ ဆွဲပြသွားလိုက်တာတယ်ပြီးလေးနက်တာပဲ...’

‘ကျွန်တော့်ကို ပညာရှိတဲ့ ဒေါ်ကြီးစိုးရေ ... ဒေါ်ကြီးစိုးတူကလေးကောင်းစားနေလိုက်ပုံများ လာကြည့်ပါအုံး ...’

မူးမူးနှင့် ကုန်းအော်လိုက်ချင်စိတ်ပင် ပေါ်သွားပါသည်။

* * *

နှစ်ပတ်မျှ ကြာခဲ့လေပြီ ...

ဝွဒ် မောနင်း ...

ကြည်နူးနှစ်သိမ့်ဖွယ်ကောင်းလှတဲ့ နံနက်ခင်း ...

ထိုနေ့နံနက်၌ ကျွန်တော်သည် နာမည်ကျော် ရုပ်ရှင်မင်းသမီးအပျိုကြီးမမေရှင်နှင့်အတူ အိပ်ရာမှ နိုးလေသည်။

အထင်မလွဲစေလိုပါ...

'လာခဲ့ရင် ရန်တွေ့မှာမို့လား ဒေါသမထားတတ်ဘူးရှင်၊ အသက် လောက်မောင့်ကိုပဲခင်၊ မိဘအပေါ်ဆိုးခဲ့လေသမျှ သူနဲ့ကျမှ ဝဋ်လည်တယ် ထင်၊ သနားစေချင်လို့ ပျို့ရွှေလွှာတင်....'

"ဟော့ ... ပေါ်အူးရေ ... ငါညက ဘယ်အချိန်မှာ အိပ်အိပ်မနက်မှာ ရေဒီယိုက မေရှင်ရဲ့ ပျို့မှာတမ်းသီချင်းလာမယ်ဆိုရင် ငါနိုးအောင်ဖွင့်စမ်းပါ ကွာ..."

ဟု မှာထားခဲ့သည်နှင့်အညီ ယနေ့ မမေရှင်နှင့်အတူ အိပ်ရာမှနိုးရ ခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ဂီတနယ်ပယ်ကို တယ်ပြီး စိတ်ဝင်စားလှသူမဟုတ် ပါ။ သို့သော် ဤပျို့မှာတမ်းသီချင်းကိုကြားရသောအခါ၌ကား မမေရှင်သည် ကျွန်တော့်ကို တမ်းတသီဆိုနေသည်ဟု ထင်ပါသည်။ မြန်မာပြည်၏ သီချင်း ရေးချန်ပီယံ ရွှေမန်းမြို့မဆရာငြိမ်းသည် ဤသီချင်းကို မမေရှင်နှင့် ကျွန် တော့်အတွက် သက်သက်သီကုံးလိုက်သည်ဟု ဆိုချင်ပါတော့သည်။

'မိုးကလေးညိုရင်၊ လွမ်းစိတ်ပိုချင် ညနေဆီ နေရီရင်လည်း တမ်းတ ကာပဲရှင်၊ သော်တာလမင်း သာဆဲမှာလဲ... ဒါပဲ စိတ်စွဲလို့ခင် ချစ်သူမျက်နှာ လေးကို တမြင်မြင် ... စား စား သွားသွား နေနေ မောင့်အပူတွေ ပွေသူပါရှင်၊ မြင်တော်မူအုံး မောင်ရဲ့ မေ့တတ်လွန်းရင် လွမ်းစာရေးလိုက်ရပါရှင်... မိန်းက လေးလက်ရေး သီရင် ခွင့်လွှတ်မယ်ထင်...'

"အမယ်လေး ... မေရယ်၊ မောင့်အတွက် သည်လောက်ပဲလား ကွယ်..."

ကျွန်တော်သည် စောင်ကို ခြေကန်ခြံ၍ မျက်လုံးမပွင့်တပွင့်နှင့် နားထောင်ရင်း ...

"လက်ရေးကလေးများသီရင် မိန်းကလေးလက်ရေးမို့ ခွင့်လွှတ်ပါ အုံးတဲ့၊ မလိုပါဘူးမေရယ်၊ သီရုံမကလို့ ကြောင်ခြစ်ထားသလိုပဲဖြစ်ဖြစ် မေက မောင့်ဆီခွင့်ပန်နေစရာ မလိုပါဘူး ...."

'ဂလစ် ဂလစ် ... ယခု မေရှင် သီဆိုသော ပျို့မှာတမ်းသီချင်းနဲ့ ဖျော်ဖြေလို့ပြီးပါပြီ ... ယခု ဆက်လက်၍ ကုန်ဈေးနှုန်းများ ...'

ကျွန်တော်သည် ကိုယ်ကို တစ်ဖက်စောင်းပစ်လျက်ကာ...

"ဟော့ ... ပေါ်အူးရေ ... ပိတ်လိုက်တော့ကွာ၊ ငါ့လခွီးတဲ့... မေရှင်အသံနားထောင်ကောင်းနေတုန်းမှ ဒီမိန်းမအသံက မြေပဲစားနေတုန်းသလဲကိုက်မိသလိုဘဲ...."

" ဩော် ... ဆရာ"

ပေါ်အူးသည် ရေဒီယိုပိတ်ပြီး ကျွန်တော့်အိပ်ခန်းထဲသို့ ဝင်လာကာ

"ဒါလဲ မမေရှင်ဘဲ ဆရာရဲ့"

"ဟေ"

ကျွန်တော် မျက်လုံးကိုဖြဲကာ

"ဘာလဲ ... သူက သူ့သီချင်းသူဆိုပြီး ဆက်ပြောတာလား"

"မဟုတ်ဘူး ဆရာရဲ့... သီချင်းကစာတ်ပြားဘဲလေ ... မမေရှင်က အခု အသံလွှင့်ဌာနမှာ 'အနောင့်ဆာ' လုပ်နေတယ် ဆရာရဲ့... အခု မနက်ချိန်မှာ သူပေါ့..."

"ဟေ... ဟုတ်လား၊ ဒါဖြင့် သွားသွား ... ပြန်ဖွင့်စမ်းပါဦးကွာ... သီချင်းဆိုတာ ဟုတ်ဟုတ်... မဟုတ်ဟုတ် ရိုးရိုးအသံပဲ ကြားရ ... ကြားရ၊ ငါအခုနေ သူမှန်းမသိလို့ ... မြေပဲစားတုန်း သလဲကိုက်မိတယ်ဆိုတာ ယူဘွာ ... ဘွာ ..."

သို့သော် ပေါ်အူး ရေဒီယိုပြန်ဖွင့်လိုက်သောအခါ၌ကား ...

"ဟေး ... ပေါ်အူး ပြန်ပိတ်ကွာ၊ ကရဝိတ်သံ ကြိုးကြာသံကြားမှတ်လို့ နားပြင်လိုက်ပါတယ် ဘယ့်နှယ် ငှက်ဆိုးအော်သံ ကြားလိုက်ရပါလိမ့်..."

"ဈေးနှုန်းသတင်း ကျေညာတာက မမေရှင်အလှဲ့မှ မဟုတ်တော့တာဘဲ ဆရာရဲ့..."

"အေးကွယ် ... ဒါနဲ့... ဒီနေ့မနက် သတင်းစာတွေက ဘာတွေများထူးခြားတာပါသလဲကွဲ့"

"ဘာမှ မထူးခြားပါဘူးဆရာ"

သတင်းစာအတိုင်းပဲ 'ပြည်တော်သာရမည်...ပြည်တော်သာရမည်' အော်နေတာတွေ ရေးကြတာပဲ။ ဒေါက်တာဘာမော် လက်ထက်က တသွေးတသံ တမိန့်ဆိုတာ...အခုမှ လာမှန်နေတယ်။ ၉၅ ရာခိုင်နှုန်း ငြိမ်းချမ်းရေးရပြီဆိုတုန်းကလည်း အားလုံးတသံထဲထွက်ကြတာပဲ။ အခု 'ပြည်တော်သာရမည်' ဆိုပြန်တော့လည်း ရေဒီယိုတွေကရော...ပြဇာတ်တွေကရော..၊

သတင်းစာတွေကရော... အားလုံးတညီတညွတ်ထဲပါပဲ။ ဝန်ကြီးချုပ် ဦးနုက ဘယ်နှစ်နှစ်တစ်ခါများ စကားလုံးအသစ်တစ်ခုတစ်ခုတွင်မယ်မသိဘူး ဆရာ...၊ သူ့စကားဝိုင်းအောင်ဖို့ လူတွေက စောင့်နေကြသလိုပဲ...."

"အေးကွယ်...၉၅ ရာခိုင်နှုန်း ငြိမ်းချမ်းပြီဆိုရာက ၁၀၀ ပြည့်တယ် မကြားရသေးဘူး။ အခု ပြည်တော်သာမည်ဆိုတဲ့ ဘူးလုံးနားမထွင်း နိုင်ငံရေးစကားတွေ ထွက်ပြီမဟုတ်လား... ငါစိတ်မဝင်စားပါဘူး"

"ငါသိချင်တာက ... ဒီနေ့ နောက်လာမယ့် တနင်္ဂနွေမှာ ပြေးဖို့မြင်းစာရင်းတွေ ထွက်ပြီဟုတ်လား ...၊ အဲဒီထဲ ဖလားပွဲမှာ ရွှေကူမောင်ဆိုတဲ့ မြင်းပါတယ် မဟုတ်လား ..."

"ပါတယ် ဆရာ"

"အဲဒါ ... ငါ့ကို ဆရာတစ်ဆူကိုးကွယ်နေတဲ့ ဦးကျော်မင်းကြီး မြင်းပေါ့ကွ..."

ဩော် ... မိတ်ဆွေကို စကားမစပ်မိသေး၍ မပြောရသေးချေ။

ဦးကျော်မင်း၌ တာမွေတွင် သူ့မြင်းဖောင်းတစ်ခုရှိပါသည်။ သူ့မြင်းများက နာမည်ကြီးမြင်းများဖြစ်ပါသည်။ ယခုပြောသော 'ရွှေကူမောင်'မှာ အထက်ဗန်းမော် ရွှေကူက မြင်းမဟုတ်(ရွှေကူမိုးတားမှာ သစ်သာထွက်၍ မြင်းမထွက်ချေ)၊ နာမည်ကြီးမြင်းဝိဇ္ဇာ ဘကြား၏ဌာနေမြင်းကောင်းများ ထွက်ရာ ပခုက္ကူမှဖြစ်သောကြောင့် 'ရွှေကူမောင်'ဟု မှည့်ထားခြင်းဖြစ်ပါသည်။

"အေးကွ ... အခုလာမယ့် ဖလားပွဲမှာဖြင့် ရွှေကူမောင်ကိုကောင်းကောင်းကြီး တစ်ပေးနေကြတာဘဲ၊ ငါညက ဘားမှာ ကြားခဲ့ရတယ်၊ ပိုသေချာအောင် အောလိုက်ရရင် ... ကောင်းမယ်ထင်တယ်ကွ၊ မင်း ဘယ့်နှယ်သဘောရလဲ..."

"ဒီကိစ္စမျိုးတော့ ကျွန်တော့်ကို သည်းခံပါဆရာ"

"အေး ... ကောင်းပြီလေ... ဒါနဲ့ အပြင်ဘက်မှာရာသီဥတု ဘယ့်နှယ်နေလဲဟေ့..."

"မနေ့ကလိုဘဲ မိုးကလေးတမျှင်းမျှင်းရွာနေတယ် ဆရာ"

"အေး ... ဒီလိုအခါမှာ ဘားထဲ ဘီယာသောက်ရင်း ဘိလိယက်ထိုးနေရ၊ ဖိမ်ပေါ့၊ နို့ပြီး နေ့ခင်းနဲ့ညနေအဖို့ကော မိုးလေဝသဌာနက ဘာပြော

ထားလဲဟော့…”

“နေ့လည်မှာ မိုးရွာကောင်းရွာပြီး၊ ညနေမှာ နေသာချင်သာမတဲ့ ဆရာ…”

“အို … ဘဲရီးဂွဒ်… အောရိုက် …”

မြန်မာပြည် မိုးလေဝသဌာနကား စာရေးဆရာများချည်း စုရုံးလုပ်ကိုင်နေကြသလားဟု ထင်ရပါသည်။ စာရေးပါးနပ်လိမ္မာလှပါသဖြင့် သူတို့ကျေညာချက်မှာ အလွန်ပင် မှားခဲလှလေသည်။

ယခုလည်း ညနေခင်း‘နေသာချင်သာမည်’ ဆိုသည့်အတိုင်း နေရောင်ခြည်ရွှေရည်လူးနေသဖြင့် ကျွန်တော်သည် မူးလိုက်ဘားမှ ထွက်လာသည်၌အိမ်သို့ ပြန်လိုစိတ်မပါသေးဘဲ၊ ဗန္ဓုလပန်းခြံဆီသို့ လျှောက်ခဲ့ပါသည်။

သုညငြိမ်းချမ်းရေးမှ ၉၅–ရာခိုင်နှုန်း ငြိမ်းအေးမည်ပြီဆိုသူ နေထိုင်ရာဌာနသို့ လာရောက်ခိုလှုံကြသည်နှင့်လူများ ပြွတ်သိပ်ပြည့်ကျပ်လျက်ရှိသောရန်ကုန်မြို့ကြီးတွင် လူတို့သည် ညနေခင်းအားလပ်ချိန်တို့၌ ခြေဆန့်လက်ဆန့်နှင့် လေကောင်းလေသန့်ရှုလိုကြသည်ဖြစ်၍ ကိုယ်ပိုင်ကားတတ်နိုင်သူတို့သည် စထရင်းဟော်တယ်ရှေ့ကဲ့သို့ သာတောင့်သာယာနှင့် ကျယ်ကျယ်ပြန့်ပြန့်ရှိသော ရန်ကုန်မြို့ မြစ်ကမ်းပါးသို့လည်းကောင်း၊ ကန်တော်ကြီးပတ်လည်သို့လည်းကောင်း၊ သွားရောက်တတ်ကြ၍ ဆူးလေဘုရားအနီးပတ်ဝန်းကျင်မှ ဝေးဝေးလံလံမသွားနိုင်သူတို့မှာ ဗန္ဓုလပန်းခြံတွင်းသို့ လာရောက်ကြကုန်၏။

ကျွန်တော်ကား ဘာရယ်လို့မဟုတ်၊ စိတ်ကူးပေါက်ရာ အဆင်သင့်ရာကိုသွားတတ်သူ ဖြစ်ပါသည်။

ခါတိုင်းနေ့မျိုးမှာဆိုလျှင်၊ ဤအချိန်၌ ဗန္ဓုလပန်းခြံတွင်းဝယ်၊ လွတ်လပ်ရေးကျောက်တိုင်ကြီး၏ ကျောက်ခုံးပေါ်၌ ပြေးလွှားကစားနေကြသောကလေးများကိုလည်းကောင်း၊ ဟိုတစ်စု … သည်တစ်စု ငုတ်တုတ်ကလေးထိုင်နေကြသော လူကြီးများကိုလည်းကောင်း တွေ့ရမြဲဖြစ်ပေသည်။သို့သော်ယနေ့ကား ယင်းကဲ့သို့မဟုတ်မူ၊ လွတ်လပ်ရေးကျောက်တိုင်ကြီး၏ ခြေရင်းတစ်မျက်နှာ၌ လူများစုအုံနေလျက် ကျောက်ခုံပေါ်မှ လူတစ်ယောက်ကတရားဟောလျက်ရှိလေ၏။

နားထောင်နေကြသော ပရိသတ်မှာ အစိတ်သုံးဆယ်မျှရှိ၍ တရား

ဟောခုံပေါ်တွင် ယခုဟောနေသူအပြင် အသက် ၅၀–ခန့် လူကြီးတစ်ယောက်၊ အစိတ်မျှ လူရွယ်တစ်ယောက်နှင့် မိန်းမပျိုတစ်ယောက်၊ သူတို့ခေါင်းမှ ကြယ်နီပါသော အဝတ်စကို နဖူးအုပ်အောင် စည်းထားကြပါသည်။

"အင်း...မြန်မာပြည်ဒုက္ခပေးနေတဲ့ကွန်မြူနစ်ဆိုတဲ့ သတ္တဝါတွေပဲ..." ကျွန်တော့်စိတ်ထဲမှရေရွတ်ကာ ခပ်လှမ်းလှမ်းမှ နားထောင်လိုက်ပါသည်။

"ဗိုလ်ချုပ်အောင်ဆန်းမသေခင်က မြန်မာပြည်ဟာ ဒီလိုသာဆိုရင် 'ဟဝိုင်' နိုင်ငံဖြစ်လိမ့်မယ်လို့ ခပ်ကြမ်းကြမ်းစကားလုံးနဲ့ ပြောသွားခဲ့တယ်။ အခု သူ့စကားဟာ တဖြည်းဖြည်းနဲ့အမြန် အမြန်မှန်လာပြီဆိုတာ တွေ့ရတယ်။ ဘယ်လိုလဲဆိုရင် သူ ကြိုးပမ်းခဲ့လို့ အင်္ဂလိပ်လင်ကြီးလက်ထဲက လွတ်လပ်ခါစ တစ်ခုလပ် ပူပူနွေးနွေး မြန်မာပြည်ကလေးဟာ အခု ကိုရွှေနုရဲ့ သဘောတူချက်နဲ့ အမေရိကန်ရဲ့ 'ကီပင်' အမြှောင်မယားဖြစ်နေရပြီး အမေရိကန်က ငွေလုံးပစ်ပေးသမျှကို ယူတယ်။ အမေရိကန် စီမံသမျှကိုခံရတယ်၊ လာမယ့် ကမ္ဘာ့စစ်ကြီးမှာ မြန်မာပြည်စစ်တလင်းဖြစ်အောင် ဖိတ်ခေါ်နေတဲ့ အမေရိကန်လေယာဉ်ပျံကွင်းကို မင်္ဂလာဒုံမှာ အဆောက်ခံရတယ်။ အမေရိကန်က သူချယ်လှယ်သမျှ ချယ်လှယ်ရတဲ့မယားကလေးရယ်လို့ အီးစီအေတစ်ဖုံ၊ အမ်အက်စ်အေတစ်မျိုးနဲ့၊ သူကမ္ဘာက သွေးစုတ်ယူထားတဲ့ အင်အားနဲ့...အကူအညီဆိုတာတွေ ပေးပါတယ်။ ဒါပေမဲ့ သူပေးတဲ့ ငွေတွေဟာ ... တိုင်းပြည်မှာ ဘယ်နေရာမှ အရာရောက်အောင် မသုံးရဘူး။ ဟိုအရင် အင်္ဂလိပ်လင်ကြီးနဲ့ရလိုက်တဲ့ မျိုးမစစ်၊ မျိုးမချစ်ကောင်တွေက သိန်းလေးဆယ်ဘုံးလိုက်တာနဲ့၊ သိန်းသုံးရာကျော်ပျောက်သွားတာနဲ့ ... မြန်မာပြည် ဘတ်ဂျက်မှာ ကိစ္စချောသွားတာပါပဲ။

"ဒါနဲ့ လွန်ခဲ့တဲ့ အာဇာနည်နေ့ ဝန်ကြီးချုပ် မိန့်ခွန်းမှာ အမေရိကန်ဆီကသာ မဟုတ်သေးဘူး၊ ရုရှား၊ တရုတ်နီဆီကလဲ ယူမယ်၊ သူ့ကိုပေးမလား တောင်းကြည့်ရဦးမယ်တဲ့။ ကဲ... ဘာအဓိပ္ပာယ်ရောက်ကရောလည်း ခင်ဗျာ ... ဒီတော့မှ ဗိုလ်ချုပ်ပြောတဲ့စကားဟာ အတိအကျမှန်တော့မယ်...။ တစ်တိုင်းပြည်နဲ့ တစ်တိုင်းပြည်၊ လူတစ်ယောက်ကမြာတစ်ယောက်ကို ငွေအလကားပေးတာဟာ ကိုယ်ကောင်းဖို့ ရည်ရွယ်ချက်နဲ့ ပေးတယ်ဆိုတာ ဘာမှအထူးစဉ်းစားစရာလိုဘူး၊ အခုမှ အမေရိကန်ရဲ့ 'ပရိုက်ဘိတ်ကီပင်' လောက်ရယ်....၊ အဲ..ရုရှားနဲ့ တရုတ်နီဆီကငွေ အလကားရလို့ ယူလိုက်

င်ဖြင့် တစ်ခါတည်း 'အဝှါတိုင်းပြည်' ဆိုတာဟာ ရေတဖြန်းဖြန်းဆေး နေဖို့ဘဲရှိတော့တယ်ခင်ဗျာ... အဲဒါ ဝန်ကြီးချုပ်ဟာ အာဇာနည်နေ့မှာ အာဇာ နည်စကားမပြောဘဲ ဘာစကားပြောလိုက်တာဆိုတာ တွေးယူကြပါတော့ ခင်ဗျာ..."

"အဲ ... အမေရိကန်ကတော့ အရင်းရှင်စနစ်နဲ့ ကမ္ဘာကို သွေးစုပ်ထား ည့် ဖောခြင်းသောခြင်း ဖြစ်နေတဲ့ငွေနဲ့ သူတို့အင်မတန်ကြောက်တဲ့ကွန်မြူနစ် ဒကို တားဆီးဖို့ ငါးကြင်းဆီနဲ့ ငါးကြင်းကြော် သဘောထားပါပဲခင်ဗျာ...၊ သို့သော် ... လူတို့က ဘယ်လောက်ပဲ ငွေအားလူအားနဲ့တားတား ... အများ သူထုကောင်းစားရေး အစစ်အမှန်ဖြစ်တဲ့ ကွန်မြူနစ်ဝါဒဟာဖြင့် အပြည်ပြည် မှာ ဆီလိုအပေါက်ရှာပြီး ဝင်နေတာပါပဲ၊ ယခုအချိန် ကမ္ဘာမှာ ကွန်မြူနစ် မရှိတဲ့တိုင်းပြည်ရှာလို့ မတွေ့ပါဘူး။ သူတို့ အမေရိကန်မှာကိုပဲ အလုပ် သမားလူထုဟာ အရင်းရှင်တော်လှန်ရေးကို ကြိုးပမ်းနေကြပါပြီ။

"အမေရိကန်ဟာ သူတို့အရင်ရှင်စနစ် တည်တံ့ခိုင်မြဲရေး ကွန်မြူနစ် ဝါဒဖိနှိပ်ရေးကို ငွေနဲ့စစ်ကို အသုံးပြုမလို့ ယုံကြည်သည်နှင့်အညီ ကမ္ဘာမှာ ဆင်းရဲတဲ့ တိုင်းငယ်ပြည်ငယ်တွေကို သူတို့ပါအောင် ငွေပေးချော့ခေါ်ပြီး ကိုရီးယားမှာ တတိယကမ္ဘာစစ် စ,ဖို့ကို လုံးပမ်းနေတယ်ဆိုတာ ဘယ်သူမှ မငြင်းနိုင်ပါဘူး...။ ၁၉၄၅ခုနှစ်၊ ဒုတိယကမ္ဘာစစ်ပြီးတဲ့အခါမှာ ကိုရီးယား တောင်ပိုင်းမှာရှိတဲ့ သူတို့စစ်တပ်တွေကို မြောက်ပိုင်းမှာရှိတဲ့ ရုရှားစစ်တပ် တွေက ဆုတ်ခွာသွားသည့်တိုင် သူတို့က မဆုတ်ခွာဘဲ အခြေစိုက်နေခဲ့ တယ်။ နောက် ကိုရီးယားမြောက်ပိုင်း တောင်ပိုင်းစစ်ဖြစ်ကြတဲ့အခါမှာ သူငွေ ပေးပေါင်းသင်းဖွဲ့စည်းထားတဲ့ ကုလသမဂ္ဂက 'ကိုရီးယားအရေးမှာ တောင် ပိုင်းက... ဝင်ဆော်စေ...'ဆိုတဲ့ မတရားဆုံးဖြတ်ချက်မှ မထုတ်ပြန်ရခင် ၃– နာရီလောက်ကြိုပြီးတော့ ဝင်နှံနေကြပြီ။ ဟော ... အခုဆိုရင် လွန်ခဲ့တဲ့ ကမ္ဘာ့စစ်က ဖက်စစ်ဂျပန်နည်းကိုသုံးပြီး ရောဂါပိုးမွှား လက်နက်ကိုသုံးပြီး ကမ္ဘာ့စစ်ဥပဒေမှာ ရောဂါပိုးမွှားဗုံး၊ ဓာတ်ငွေ့ဗုံး မသုံးရဘူးဆိုရက်သားနဲ့ အမေရိကန်ဟာ ဘယ်လောက်ရက်စက်ယုတ်မာသလဲဆိုတာကို သိနိုင်ကြပါ တယ်။ နို့ပြီး စစ်ဖြစ်ကြတာကလဲ ကိုရီးယားတောင်ပိုင်းနဲ့မြောက်ပိုင်း၊ သူတို့ ပြည်တွင်းသားအချင်းချင်း ခင်ဗျာ့။ အဲဒါ သူက ကြားဝင်ပြီးတော့ ကိုရီးယား တစ်မျိုးသားလုံးကိစ္စတုံးမယ့် လက်နက်ကိုသုံးသတဲ့၊ ဒီတော့ ဘီလူးမင်း

သားခေါင်းစွပ်ထားတဲ့ အမေရိကန်ကို ကျွန်တော်တို့ တိုင်းပြည်က စဉ်းစား ဆင်ခြင်လို့ ပေါင်းသင့်တယ်ခင်ဗျာ...။

“နို့ပြီး အရင်းရှင်စနစ်နဲ့ ကွန်မြူနစ်ဝါဒဆိုတာကလဲ အရင်းရှင်စနစ်ကို ဘယ်လိုလူတွေက ကြိုက်ကြလဲ ... အလုပ်မလုပ်ချင်တဲ့လူ၊ ခေါင်းပုံဖြတ်ချင်တဲ့လူ၊ သူများသွေးသားစုပ်ချင်တဲ့လူ”

“ဩော် ... ဆရာ”

ကျွန်တော်မှာ သူပြောနေသည်များကို စိတ်မပါတပါနှင့် နားထောင်နေစဉ် နံဘေးမှအသံကြား၍ လှည့်ကြည့်လိုက်ရာ၊ တင်မောင်ကို ဦးကြီးဦးကျော်မင်း ...

“ဟား ... အန်ကယ်”

“ဆရာက ဒီဘာမဟုတ်ကမဟုတ်က လက်ဝဲဆိုတဲ့ကောင်တွေ ဟောတာများ လာနားထောင်နေသလား ...”

“လာ ... နားထောင်တယ်မဟုတ်ပါဘူး။ အညောင်းပြေလမ်းလျှောက်လာရင်း ကြုံတာနဲ့၊ နို့ ... အန်ကယ်လ်ကော”

“ဆရာ့မြင်တာနဲ့ ဝင်လာခဲ့တာ”

“ဘာများအကြောင်းထူးရှိလို့လဲ”

“မရှိပါဘူး”

“တင်မောင်ကိုတစ်ယောက်ကော ဘယ်မှာသတင်းကြားလဲ”

“အိမ်ပြန်ရောက်ပါကောလား ... မနေ့ကပဲ..”

“ဩော် ... ကောင်းပါဗျာ”

“ဒီကောင်က တစ်ချက်တစ်ချက် ထွက်သွားလိုက်၊ တော်ကြာပြန်လာလိုက်နဲ့ ဘာမှအလုပ်ကတော့ မလုပ်ချင်ဘူး၊ ဆရာ့လူ ဆရာပြုပြင်ပါဦး ဆရာ...”

“ဟုတ်ကဲ့... ဩော်... ဒါနဲ့ အန်ကယ့်မြင်း ရွှေကူမောင်က လာမယ့်ဖလားပွဲမှာ တယ်နာမည်ကြီးပါလား။ အန်ကယ်တော့ တော်တော်ပဲပုံလောင်းလိုက်လိမ့်မယ်ထင်တယ်”

ဤစကားမှာ ကျွန်တော်ပါလောင်းချင်၍ သေချာမည်မသေချာမည် သိရအောင် တောက်ကြည့်လိုက်ခြင်းဖြစ်ပါသည်။ သို့သော်....တလွဲတချော်ဖြစ်ချင်တော့ ဤလူကြီးမှာ ကျွန်တော့်ကို ဆရာတစ်ဆူအနေနှင့် အထင်ကြီး

နေသည်ဖြစ်၍ ကျွန်တော်မေးခြင်းမှာ သူမြင်းမွေးခြင်း၊ လောင်းကစားခြင်းကို ဆုံးမ,လို၍ဟု ယူဆကာ မျက်နှာပင်အတော်ပျက်သွားလျက်။

"ဩော်... ဆရာ... ဒီအလုပ်တွေ မကောင်းမှန်း ကျွန်တော်သိပါတယ် ဆရာ ... ဒါ အရင်က မိုက်လာခဲ့တဲ့ လက်စ,ကြောင့်ပါ။ တဖြည်းဖြည်းတော့ ဖြတ်ပါတော့မယ်။ တစ်နေ့ ဆရာစောင့်ကြည့်ပါ၊မြင်းဇောင်းပါရောင်းပစ် လိုက်ပါမယ်..."

ကဲ... ပြီးရော... ကျွန်တော် ဆက်မမေးဝံ့တော့ပါ...။ သူအထင်ကြီး နေသောအရှိန်ကိုပင် ခံယူလိုက်ရကာ...။

"အင်း ... ဒီလိုဆို... ကောင်းတာပေါ့လေ..."

ဟိတ်ကြီးဟန်ကြီးနှင့် လုပ်လိုက်ရပါသည်။ ယင်းသည် အခိုက်ဝယ် ဘုရားနာနေကြသော ပရိသတ်သည်အားလုံး ကျွန်တော်တို့ဘက်လှည့်ကြည့် နေသည်ကိုတွေ့ရသဖြင့် ဘာအကြောင်းများလဲဟု သူတို့ဘက်အာရုံပြုလိုက် ရာ။ လား ... လား ... တရားဟောသောသူသည် ကျွန်တော်တို့နှစ်ယောက် ကို လက်ညှိုးငေါက်ငေါက်ထိုးလျက် ...

"ကြည့်... သူတို့နှစ်ယောက်ကို နမူနာကြည့်ပါ၊ သူတို့ပုံစံကို သေသေ ချာချာ မှတ်သားထားလိုက်ပါ၊ ဟို... သိုးမျက်နှာလိုဖြူဖတ်ဖတ်စုတ်ချွန်ချွန် နဲ့ လူငယ်ဟာ..."

ကျွန်တော့်ကို ညွှန်ပြလျက်

"လူ့ပြည်ရောက်ကတည်းက လူ့လောကမှာ လူ့တာဝန်ဆိုရင် ဘာ တစ်ခုမျှမလုပ်ဘဲ ရှေးက သူ့မိဘတွေက ဆင်းရဲသားတွေအပေါ် ခေါင်းပုံ ဖြတ်ခဲ့တဲ့ အမွေကိုထိုင်စားခဲ့တဲ့ အကောင်ပါ။ အခုဆိုရင်... သူတစ်နေ့လုံး ဘားမှာ ဘီယာသောက်ရင်း ဘိလိယက်ထိုးခဲ့ပြီး ညအိမ်ပြန်ရောက်ရင် အဖိုး တန်စကော့တလန်ဝီစကီနဲ့ ထမင်းကောင်းဟင်းကောင်းစားဖို့ ဗိုက်ချဲ့ရ အောင်လမ်းလျှောက်ရင်း ယောင်ဝါးဝါးနဲ့ ဒီနားလာ ... မတ်တပ်ရပ်နေတာ ပါ၊ အရက်ကောင်းအစားကောင်း အဝတ်ကောင်းကလွဲပြီး သူဘာတစ်ခုမှ မသိဘူး။ လူ့လောကရဲ့ အလေးအမွှားခေါ်တာပဲ..."

ကျွန်တော်မှာ အံ့အားသင့်ကာ ငေးကြောင်၍ နားထောင်နေမိပါသည်။ ဘယ့်နှယ်အကောင်စားများ တွေ့နေရပါလိမ့်။ ကျွန်တော့်အကြောင်း ဘယ် လိုများသိနေတာလဲ။ သူ့ကိုတော့ ကျွန်တော်မသိပါ။ ကြွယ်နီပါသောအဝတ်

ကိုနဖူးအုပ်အောင်ပေါင်းထားရုံမက မျက်မှန်နှင့်အသားညိုညစ်ညစ်နှင့် ဝါး ရမ်းပြေးလို နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးနှင့် သူ့မုတ်ဆိတ်မွေးမှာ တော်တော် ရှည်ပါသည်။ သူ့အဝတ်မှာလည်း ဘောင်းဘီရှည်ပွ ကုတ်အင်္ကျီရှည်ကြီးနှင့် ဖြစ်၍ သူ့အသက်ကိုမျှ မခန့်မှန်းနိုင်ပါ။ သူပြောနေသောစကားများကို ပရိ သတ်ကလည်းချီးမွမ်းနေသော ပုံသဏ္ဍာန်ရှိပါသည်။

တစ်ဖန် ကျွန်တော့်ကို ပြောပြီးသောအခါ၌ ထိုလူသည် ဦးကျော်မင်း ကို လက်ညှိုးထိုးပြကာ...

"အဲဒီ မွတ်တားဗိုက်ရွှဲကြီးကိုကော... သိကြရဲ့လား ... အရင်းရှင်စနစ် နဲ့ တိုင်းပြည်လူထုအပေါ်က သွေးစုပ်ခေါင်းပုံဖြတ်ပြီး ချမ်းသာနေလို့ ဘောဂ စည်သူဘွဲ့ရထားတဲ့လူကြီးပေါ့။ သူ့ကိုယ်ရေးကိုယ်တာကလဲပြီး တိုင်းပြည် ကောင်းကျိုးဆိုရင် ဘာတစ်ခုမှ မလုပ်ဘူး။ သူလည်း ဟိုသိုးမျက်နှာနဲ့ကောင် လိုပေါ့။ အဝတ်ကောင်း အစားကောင်းအင်မတန်ကြိုက်တယ်။ သူ့ ဝမ်းဟာ သူ့ ဘုရားပဲ။ဒီဝမ်းဗိုက်ထဲကို ဘယ်လိုအစားကောင်း အသောက်ကောင်းတွေ သွင်းရမလဲဆိုတာ အမြဲတမ်းလုံးပမ်းနေတာဘဲ။ အခုနှယ်မှာ ဆင်းရဲသားများ ရဲ့အိမ်တစ်ဆောင်လောက် တန်ဖိုးရှိတဲ့ သူ့ကိုယ်က အဝတ်တွေ ဖယ်ရှားလိုက် ပြီးခုနစ်လကိုယ်ဝန်ဆောင်လောက်ပူနေတဲ့ ဗိုက်ကြီးကို ခွဲကြည့်လိုက်မယ်ဆို ရင် အလုပ်သမားလူတန်းစား အိမ်ထောင်တစ်စု သီတင်းတစ်ပတ်စားနိုင် လောက်အောင်တန်ဖိုးရှိတဲ့ အစာအာဟာရတွေ တွေ့ရလိမ့်မယ်။ စင်စစ် ဒီလူ ကြီးတွေဟာ အရင်းရှင်ရဲ့ လက်ပါးစေအစိုးရလက်အောက်မှာ လူကြီးလူ ကောင်းဆိုတဲ့ ဂုဏ်ပုဒ်ခံယူနေတဲ့ တိုင်းပြည်လူထုရဲ့ရန်သူကြီးတွေပေါ့။ သူ တို့မျက်နှာကြီးတွေဟာ တစ်ခါတစ်ရံ ဟိုကဘုရားဒီပို့၊ ဒီကဘုရားဟိုပို့ လုပ် တဲ့အခါမှာ ဆင်းတုန်ဘေးကစပ်ဖြဲဖြဲကြီးတွေနဲ့ ဓာတ်ပုံရိုက်ခံပြီး သတင်းစာ တွေထဲပါလာတတ်တယ်။ ဒီအခါမှာတော့ သူတို့ကိုယ်သူတို့တကယ့် တိုင်း ကျိုးဆောင်တဲ့သာသာနာပြု ပုဂ္ဂိုလ်ကြီးတွေလောက် ထင်ကြတာပေါ့။ စင် စစ်တော့ သူတို့ပြုမှုချက်ဟာ တိုင်းပြည်အဖို့ဘာအကျိုးရှိသလဲ၊ ဆင်းရဲသား လုထုအဖို့ ဘာများသက်ရောက်သလဲ... သူတို့ကိုယ်သူတို့ ဒီအဆင့်အတန်း ရောက်အောင် အလုပ်သမားဆင်းရဲသားတွေအပေါ်က ဘယ်လောက် ခေါင်း ပုံဖြတ်သွေးစုပ်ခဲ့သလဲဆိုတဲ့ အဓိပ္ပာယ်သာ ပေါ်လာတာဘဲ၊ ဒါကို တွေးတော ဆင်ခြင်တတ်တဲ့လူအဖို့ဆိုရင် ဒီသတ္တဝါကြီးတွေဟာ ဘယ်လောက်စက်ဆုပ်

ရာကောင်းသလဲ ...။ နောက်ဆုံးတစ်နေ့မှာ ဒီလူကြီးတွေကို ကျုပ်တို့က သုတ်သင်ပစ်ရလိမ့်မယ်...။ အခု ခင်ဗျားတို့မြင်နေရတဲ့ အဲလူကြီးမှာဆိုရင် သမီးလောက်ရှိတဲ့ မယားကလေးနဲ့ ...

ဦးကျော်မင်း မခံမရပ်နိုင်ဖြစ်ကာ ...

"ကျုပ်ကို သက်သက်စော်ကားတာဗျာ။ သက်သက်စော်ကားတာ ကျုပ်မခံနိုင်ဘူး"

ဆိုလျက်သွားရိုက်မည်ပြုလေရာ၊ ကျွန်တော်က ဆင်ခြင်မိသည်နှင့်...

"မလုပ်နဲ့ အန်ကယ်... သူတို့မှာ အားကိုးရှိလိမ့်မယ်။ နို့ပြီး ပရိသတ်ကလဲ သူ့ကိုအင်မတန်သဘောကျနေကြတာ ကျွန်တော်တို့ကို ဝိုင်းအုပ်ထားလို့ သက်ပြဲထဲကိစ္စချောသွားမယ်။ မကြားချင် ရှောင်ထွက်ကြရုံပေါ့။ လာ... သွားကြမယ် ... ကျွန်တော်တို့က ဒီဆင်းရဲသားတွေအနားလာ မတ်တပ်ရပ်မိတာ ကျွန်တော်တို့အပြစ်ပေါ့၊ လာ ... လာ ... ကြာရင် ကျွန်တော်တို့ သည့်ထက်ပိုအရှက်ကွဲဖို့ ရှိတော့တယ်။ ဒီကောင်ကလည်း ကျွန်တော့်တို့အကြောင်းကောင်းကောင်းသိထားပုံပေါ်တယ်ဗျ...။ ဒီလို... ကိုယ့်သိနေတဲ့လူပိုကြောက်ရတယ်ဗျ..."

ဦးကျော်မင်းမှာ အတော်အောင့်သက်သက်နဲ့ ကျွန်တော်နှင့်လစ်ခဲ့ရပါသည်။

"ဟာ ... ကျုပ်က ဒါမျိုးတွေ ဘယ်တော့မှ နားထောင်တဲ့ကောင်မဟုတ်ဘူး။ ဆရာ့မြင်တာနဲ့ ဝင်လာခဲ့မိတာ...."

"ဟော... ဟော... ဟုတ်တာပြောလို့ သမုဒ္ဒရာမျောပြေးကုန်ကြပြီ..."

သူ့ဆီက နောက်ဆုံးစကားနှင့် ပရိသတ်၏ ရယ်သောအသံကိုကြားခဲ့ရပါသည်။ ဗန္ဓုလပန်းခြံအပြင်ရောက်၍ ကိုယ့်ကားပေါ်ကိုယ်တက်မိမှ ကျွန်တော်တို့မှာ ကျောအေးသွားကြပါသည်။

အမယ်လေး ... ဘယ့်နှယ်များ ဘယ့်နှယ်ဂျောက်ပေါက်ဝင်သွားမိကြပါလိမ့်...။

နောက်တစ်နေ့နံနက်၌ တင်မောင်ကို ကျွန်တော့်အိမ်ရောက်လာပါသည်။ သို့သော် ဒီကောင့်ကို ကျွန်တော်မြင်ရာတာ စိတ်မချမ်းသာပါ။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေလည်း သုတ်သင်ခြင်းမရှိ။ ခေါင်းမှာလည်း ဆံပင်မညှပ်တာ တစ်လကျော်ပြီဖြစ်၍ ညှင်းဆိုးဆိုး စုတ်ဖွားဖွားနှင့် ဖြီးလည်း

မဖြီးသောကြောင့် အင်မတန်အကြည့်ရဆိုးနေပါသည်။

စင်စစ် ကျွန်တော် အံ့သြမိပါ၏။ ဒီကောင်မှာ ယခင်က ရည်းစား ပေါင်းမြောက်မြားစွာဆုံးရှုံး၍ နှစ်ရက်ထက်ပို၍ စိတ်ညစ်ခဲ့ရသည်ကို မတွေ့ရဖူးသေးပါ။ ယခု အိမ်ကအစေခံမကလေးကျမှ ဤမျှဖြစ်ရသည်မှာ အလွန်ပင် ထူးဆန်းနေပါ၏။

ကျွန်တော်သည် သူ၏စိတ်ကို မထိခိုက်စိမ့်ငှာ၊ ဘာမျှအထူးအထွေ မေးစမ်းခြင်းမပြုဘဲ.....

"ဟဲလို ... တင်မောင်ကို... ငါမနေ့က မင့်ဦးကြီးနဲ့ တွေ့ခဲ့တယ်ကွ...။ မင်းအိမ်ပြန်ရောက်ပြီဆိုတာကြားရလို့ ဝမ်းသာပါတယ်ကွာ...။ လာဟေ့.. တို့ ပရိုးမီးယား ဆံပင်ညှပ်ဆိုင်ကို သွားကြစို့ရဲ့..."

သူသည် ကျွန်တော့်ကို အောင့်သိုးသိုးကြီး ကြည့်ကာ...

"ပရိုးမီးယားဆံပင်ညှပ်ဆိုင်ကို ဘာလုပ်သွားရမှာလဲ"

"အဟတ်ဟား"

ကျွန်တော်သည် သူ့ရှေ့ဆိုဖာပေါ်တွင် ဝင်ထိုင်ရင်း အနည်းငယ်ရယ်လိုက်ပြီး ...

"အင်း ... ငါ့သူငယ်ချင်းတော့ မင်းကိုယ်မင်းလဲ မှန်ထဲ မကြည့်နိုင်တာ တော်တော်ကြာသွားပြီထင်တယ်ကွ"

"ဘာ ... မှန်မကြည့်နိုင်ရမှာလဲ ... ငါ့ကိုယ်ငါ အခု တစ်နေ့အခါ နှစ်ဆယ်လောက် ကြည့်နေရတယ်ကွ"

ကျွန်တော် အံ့အားသင့်ကာ...

"ဟေ ... ဒါနဲ့ မင်းမုတ်ဆိတ်မရိတ်၊ ဆံပင်မညှပ်ဘဲ နေသလား"

"ငါ... အခု ဆံပင်ရှည်ဖို့နဲ့ မုတ်ဆိတ်ကျင်စွယ်ထူဖို့ မွေးနေရတယ်ကွ"

"ဟင် ... ဘာလဲ... မင်းတောပုန်းရပ်ရှင် ဓာတ်လိုက်လုပ်မလို့လား"

"ဘယ်ကရုပ်ရှင်ဓာတ်လိုက်ရမှာလဲ၊ ငါ... အခု တော်လှန်ရေးလုပ်နေတယ်ကွ ... သိရဲ့လား"

"ဟေ... မင်းတောခိုသွားသလိုတော့ ကြားလိုက်ပါတယ်..။ဘယ့်နှယ် မင်းမြို့ပြန်ရောက်မှ တော်လှန်ရေးလုပ်နေရပြန်တာလဲ"

"တောခိုရတာထက်မြို့မှာ တော်လှန်ရေးလုပ်ရတာက လွယ်တာကွ..။

ကိုယ့်ကိုကိုယ်မှတ်ဆိတ်ကျင်စွယ်မွေးပြီး ခေါင်းစုတ်တိစုတ်ဖွားနေ၊ လူစုမိရင် သက်ရှိအစိုးရ မကောင်းကြောင်းပြော၊ ရုရှားတရုတ်နီကလာတဲ့ စာအုပ်ချိုင်းသွပ် အဲဒါ တော်လှန်ရေးသမားဖြစ်တာဘဲ...."

"နေပါဦး ... မင်းတစ်သက်လုံးကမှ နိုင်ငံရေးလေသံမှမဟခဲ့ဖူးပဲနဲ့ ခုမှ ဘာကြောင့် တော်လှန်ရေးလုပ်ပြနေတာလဲ"

"အို ... မင်းသဘောတရား ပြောပြလို့တော့ နားလည်မယ့်ကောင်မဟုတ်ပါဘူး။ မင်းနားလည်ဖို့ဆိုရင် ဒီမှာကြည့်စမ်း ..."

သူ့အိတ်ထဲမှ ဓာတ်ပုံလေးတစ်ခုထုတ်လိုက်ကာ၊

"မင့်တစ်သက်တာတွေ့ခဲ့တဲ့ မြာတွေထဲမှာ ကြက်သရေအရှိဆုံးဆိုတာ မင်းဝန်ခံရမယ် မဟုတ်လား..."

သူက ပိုင်စိုးပိုင်နင်းကြီးပင် မေးလိုက်ပါသည်။ သူပြောသားကောင်းလှသဖြင့် သေသေချာချာ ကြည့်လိုက်ပါသည်။ ခေတ်မိန်းမပျိုဆိုပြီး အမောက်ထောင် ပန်းမပန်နှင့် မျက်ခုံးကလည်း ခပ်ရှုံ့ရှုံ့နှုတ်ခမ်းကလည်း တစ်စုံတစ်ခုကို ကျိန်ဆဲနေဟန်ရှိသည်။

"ဘယ့်နှယ်လဲဟ ... မင့်ကောင်မရုပ်ကလဲ စိတ်ဆိုးပြီး ထမင်းဆာနေတဲ့ပုံပါလား..."

သူသည် ကျွန်တော့်လက်ထဲမှ ဓာတ်ပုံကို ဇတ်ခနဲ ဆွဲယူကာ...

"တယ် ... နားမလည်သားဆိုးတဲ့ကောင်ဘဲ။ ဒါ (Revolution Type) ဆန့်ကျင်ဘက်၏ သမီးပျိုဆိုတာပေါ့ကွ..."

"ဟင်... ဆန့်ကျင်ဘက်၏သမီးပျို၊ သူ့အဖေနာမည်က တယ်ဆန်းပါလား"

"အို ... သူ့အဖေနာမည်နဲ့ဘာဆိုင်လဲကွ...၊ သူ့အဖေက ရဲဘော်လင်းယုန်ကြီးဆိုတာကွ...၊ တော်လှန်ရေးသမားကြီးပေါ့...."

"နေပါဦး ဒီကောင်မလေးနဲ့ မင်းနဲ့ကဘယ်မှာ တွေ့ခဲ့ကြပြန်တာလဲ"

"ငါအိမ်က အဘိုးကြီးစိတ်ကောက်ပြီး တောခိုမယ်လို့ထွက်သွားတာ တောင်ငူရောက်တော့ စိတ်ပျက်ပြီးပြန်လာ ရထားပေါ်မှာ တွေ့ခဲ့ကြတာကွ၊ နိုင်ငံရေးစကားစပ်မိလို့ပြောကြတော့ သူက တော်လှန်ရေးအားပေးစကား ပြောကြားတာနဲ့ ငါကငါကိုယ့်ငါ တောခိုနေတဲ့ကောင်လေးနှစ်ရှိပြီ၊ အခု ရုပ်ဖျက်ပြီး ရန်ကုန်ကို ခဏပြန်လာခဲ့တာဆိုတော့ သူကသဘောကျပြီး နှစ်သက်

ရင်သူတို့လုပ်ငန်းစဉ်လိုက်ဖို့ ပြောပြတယ်၊ ငါက သူနဲ့နီးနီးကပ်ကပ် နေရမယ်ဆိုတော့ အိုကေ လိုက်တော့ပေါ့ကွ…”

“ဘယ်လိုလဲကွ သူတို့လုပ်ငန်းစဉ်က”

“နို့ မင့်အဖို့ကော”

“ငါအဖို့တော့ ဘာလဲကွ ငါ့ဦးကြီးတစ်ယောက်လုံးက ဖ.ဆ.ပ.လ လက်အောက်မှာ ဘောဂစည်သူဘွဲ့ရနေတာ”

“နို့ မင်းဘယ်နှစ်ခါ တရားဟောဖူးပြီလဲ”

“လေးငါးခါရှိပြီ”

“ဘာတွေများ ဟောရလဲ’

“မနေ့ကမင်းတို့ ဗန္ဓုလပန်းခြံထဲမှာ ကြားခဲ့ရတယ်မဟုတ်လား”

“အေးပေါ့ကွ၊ ငါမို့လို့ မင်းတို့အကြောင်း ဒီလောက်ထိထိရောက်ရောက်ပြောနိုင်တာပေါ့ကွ…”

“ဟင်း … အဲဒါတော့ မင်းမကောင်းဘူးကွာ… ငါ့ကိုထက် မင်းဦးကြီးကိုမင်း တော်တော်ရက်ရက်စက်စက် ပြောပစ်လိုက်တယ်…”

“ဒါမှ ငါ့ကောင်မလေးနဲ့ သူ့အဖေကြီးက သဘောကျတာကွ… အနားကရဲဘော်ဘဝင်းကို မျက်နှာခွေးချေးခြောက်ဖြစ်တာဘဲ…”

“ရဲဘော် ဘဝင်းဆိုတာက ဘယ်သူလဲ”

“ငါ့နောက်နားက ကြယ်နီခေါင်းစည်းထိုင်နေတဲ့လူလေကွာ”

“ဩော် … မျက်မှန်ထူထူကြီးနဲ့သွားဖုံး လက်နှစ်သစ်လောက်ပေါ်နေတဲ့ ငနဲလား..”

“အစစ်ပေါ့… ဘုန်းကြီးလူထွက် ကွန်မြူနစ်လေ”

“နို့ သူ့သွားဖုံးဝက်သနီခေါင်းကြီးနဲ့က ဘာကြောင့် မျက်နှာခွေးချေးခြောက်ဖြစ်ရတာလဲ၊ မင်းတို့ပြောက်ကျားတရားဟောနီ အသင်းသားပဲ မဟုတ်လား …”

“ဒါကြောင့် သူ အောင့်တာပေါ့ကွ…၊ သူက ငါ့အရင်ကတည်းက ရဲဘော်လင်းယုန်ကြီးထံ တပည့်ခံပြီး ကောင်မလေး ဂေါ်နေတာကွ… ခုတော့ကွာ ငနဲအမဲသက်သက်ပါဘဲ… ဘုန်းကြီးလူထွက်နဲ့ ငါနဲ့ဂေါ်ရည်ဂေါ်ချင်းချင်းဆိုတာက အပြတ်အသတ်ပေါ့..”

“ဒါနဲ့ သူတို့ကတော့ ဒီလောက်ရုပ်မဖျက်ကြဘူး၊ မင်းကတော့ မျက်

မှန်ပြာလည်းတပ်၊ အသားလည်းညိုအောင်လုပ်၊ ဇော်ဂျီမုတ်ဆိတ်ကြီးလည်း ဆွဲနဲ့"

"ဒါ ငါက သူ့ကို ငါ့အပေါ်ပိုအထင်ကြီးအောင် ထွင်ထားတာကွ၊ ဘယ်လိုလဲဆိုရင် ငါကနာမည်ကြီးဆုငွေထုတ်ထားတဲ့ တောခိုကွန်မြူနစ်၊ ပုလိပ်အမြင်ခံလို့ မဖြစ်ဘူးဆိုထားတာကွ၊ အဲဒါလဲ ငါ့အဖို့ပိုကောင်းပါတယ်။ နို့မဟုတ်ရင်ငါမင်းတို့ကို မနေ့ကလို ဘယ်ပြောနိုင်မလဲကွ၊ ငါ့ဦးကြီးက အတင်းနရင်းဝင်အုပ်ပြီး ဆွဲခေါ်သွားမယ်"

"အင်း ... မင်းလုပ်လိုက်ရင် အဆန်းချည်းဘဲ"

"ဒါတော့ ဖူးစာကံအတိုင်းဖြစ်ကြတာပေါ့ကွာ၊ ဒီကွန်မြူနစ်မလေးနဲ့တော့ ကေန်ငြားလိမ့်မယ် ထင်တယ်ကွ၊ ဒါနဲ့ ဟေ့ သူငယ်ချင်း မင်းနက်ဖြန်ခါ ဘာကိစ္စအထူးအထွေ မရှိဘူးမဟုတ်လား"

"မရှိပါဘူး ... ဘာလို့လဲ"

"အေး အဆင်သင့်ဘဲကွာ တို့လေးယောက်စာ မနက်ထမင်းကျွေးပါ"

"ဘာ ... လေးယောက်"

"အေး ... ငါရယ် ရဲဘော် ဘဝင်းရယ်၊ ကောင်မလေးအဖေရယ်၊ ဟင်းတော့အမယ်များများနဲ့ ကောင်းကောင်းချက်ပါဟေ့... ညက အဘိုးကြီးကပြောနေတယ်။ 'တို့တော်လှန်ရေးလုပ်မှ ထမင်းကောင်း ဟင်းကောင်းမစားရတာ တော်တော်ကြာသွားပြီ။ တစ်ခါတလေတော့ ခနရှင်စား စားလိုက်ချင်သေးတယ်ကွာ...' ဆိုတာနဲ့ ငါက 'နက်ဖြန် ကျွန်တော့် တာဝန်ထားပါ' အာမခံခဲ့ပြီး အခု မင့်ဆီလာခဲ့တာကွ ... မင့်အဖို့လဲ နောင်အတွက်ကောင်းသွားမယ်"

"ဘာ ငါက နောင်အတွက် ကောင်းသွားမှာပဲ ..."

"သြော် ... ဒါနဲ့ နက်ဖြန်ခါ ဝက်သနီဟင်းတော့ မချက်ပါစေနဲ့ဟေ့... ငါ ရဲဘော်ဘဝင်း သွားဖုံးမြင်ရကတည်းက ဒီဟင်းကို နံပြတ်သွားပြီ ... နို့ပြီး မင်းကိုငါ ပိုက်ဆံရပေါက်တစ်ခု ညွှန်ခဲ့ရဦးမယ်။ လာမယ့်ဖလားပွဲမှာ ငါ့ဦးကြီးမြင်း ရွှေကူမောင်ကို ဖိအောတော့ကွ၊ လူသေပါးစပ်ထဲက နှိုက်ယူရတာကမှ ကိုက်မှာ ကြောက်ရသေးတယ်"

"ဒါလောက်ဘဲ သေချာသလား ... ငါမနေ့က မင့်ဦးကြီးတောင်မေးမယ် ကြံလိုက်သေးတယ်"

"အို ... မေးမနေနဲ့ ... မင်း ဒီပွဲမှာတော့ ရွှေကူမောင်ကို ရှင်အဇ္ဇဂေါဏ လို့သာ သဘောထားပြီး လောင်းလိုက်ပေတော့ ... ငါလဲ ဒီအတွင်းမှာ ပိုက်ဆံရှာရဦးမယ်။ ကိုင်း ... သွားမယ်ဟေ့ မနက်ဖြန်မနက် ဆက်ဆက် မမေ့နော် ... တို့ ၁၀နာရီလောက်ရောက်အောင် လာခဲ့မယ်နော်..."

ငနဲမှာ ပြောပြောဆိုဆိုနှင့် စိတ်ချလက်ချပင် ထွက်သွားလေပြီ။

ကျွန်တော်ဘာတတ်နိုင်တော့အံ့နည်း။ ဒီကောင်နှင့်တစ်ကျောင်းတည်း နေ၊တစ်တန်းတည်းလည်းဖြစ်ရသည်ပင် ကျွန်တော်ကံကြမ္မာကို ယိုးမယ်ဖွဲ့ မိပါတော့သည်။

"ပေါ်အူးရေ"

"ဆရာ"

"တင်မောင်ကို ပြောသွားတာတွေ မင်းကြားတယ်မဟုတ်လား"

"ကြားပါတယ်ဆရာ"

"အေး ... သူ့ဆန္ဒအတိုင်း လုပ်ပေးလိုက်ပါတော့ကွာ ... ငါဒီ ကောင့်ဖွဲ့မျိုး ဘယ်လောက်ခံရမယ် မသိတော့ဘူး"

* * *

နောက်တစ်နေ့အချိန်တန်တွင် တော်လှန်ရေး ဧည့်သည်တော်များ ရောက်လာကြသည်။

ရဲဘော်လင်းယုန်ကြီး ဆိုသူမှာ အသက် ၅၀ ခန့် တည်တည်ခံ့ခံ့နှင့် သာမန်လူတို့ထက် ခေါင်းတစ်လုံးမျှ မြင့်၍ လူတောထဲ အရိုက်ခံစရာရှိလျှင် သူ့ခေါင်းပထမရဲရဲနီချေမည်။ သူ့မျက်နှာပုံသဏ္ဌာန်မှာ ရိုးသားခြင်း၊ သိမ်မွေ့ နက်နဲခြင်း၊ ဆိတ်ငြိမ်ခြင်းရှိ၍ လယ်ပြီး မိုးနှောင်းနွားအိုကြီးနှင့် တူပေသည်။

သူ၏ 'ဆန့်ကျင်ဘက်သမီး' ခေါ် ရဲဘော်မကလေးကား လုံးကျစ် သောကိုယ်အင်္ဂါနှင့် စိတ်ဆတ်မာကျောသော မျက်နှာထားရှိ၍၊ ဖွံ့ဖြိုးစဆိတ် မဒမ်းကလေးနှင့်တူချေသည်။ တင်မောင်ကို ဘယ်အချက်စွဲမက်သည်ကို ကား၊ အထူးဖော်ပြစရာလိုမည်မထင်ပါ။ စေတီပစ္စယံပေါ်တက်၍ခုန်ပေါက် နေသော ဆိတ်မ ဝဝကက်ကက်ကလေးကို မြင်ပါက၊ အဘယ်ခေါ် တော မောင်သည် ဘဂ္ဂရီးအစ်ကို သတိမရဘဲ နေပါအံ့နည်း။

ရဲဘော်ဘဝင်း ဆိုသူမှာ အရပ်မြင့်သလောက် ပိန်လှီလှ၍ သူ့အတွက်

အကြံပေးရပါလျှင်၊ တော်လှန်ရေးသမား လုပ်နေသည်ထက် ငှက်ပျောရွက်ပေါ်တက်အိပ်နိုင်ဖို့ လေ့ကျင့်ခန်းယူရန် တိုက်တွန်းလိုပါ၏။ သူ့မျက်မှန်ကား (စာကြည့်တာ သက်သက်ကြောင့်ပဲ ဟုတ်ပါလေစ) ထူလှပါ၏။ လက်နှစ်လုံးပေါ်နေသော သူ့သွားဖုံးကား၊ တစ်ဖက်သားကို ယားကျိကျိ ဖြစ်စေတော့သည်။

"ဟော ... ဒါကျွန်တော့်သူငယ်ချင်းပါ အေးဆွေပေါ့ ..."

တင်မောင်ကိုက မိတ်ဆက်ပေးသည်၌၊ ရဲဘော်လင်းယုန်ကြီးသည် ကျွန်တော့်ကို လက်ကမ်းလှုပ်ရမ်းကာ...

"အို ... ရဲဘော် ... ကျုပ်တို့တော်လှန်ရေးသမားတွေကို ဒီလို ဖိတ်ခေါ်ညှော်ခံတာ အင်မတန်ဘဲ ကျေးဇူးတင်လှပါတယ်။ ဟော့ဒါက ရဲဘော်ဘဝင်း ရဟန်းဘဝကနေပြီး ကွန်မြူနစ်သဘောကျတာနဲ့ လူဝတ်လဲပြီး တော်လှန်ရေးသမားလုပ်နေတာ..."

ကျွန်တော် ရဲဘော်ဘဝင်းနှင့်လက်ဆွဲလှုပ်ရမ်းရပါသည်။ ထို့နောက်

"ဟောဒါက ... ကျုပ်သမီး ခင်မမကြူ၊ ခနရှင်လက်သုံး ကျွန်ပညာရေးစနစ်ကို မနှစ်သက်တာနဲ့ အိုင်အေနဲ့ပဲ ကျောင်းကထွက်ပြီး၊ ဖခင်တော်လှန်ရေးလုပ်ငန်းကို ကူညီနေတာ..."

အားလုံးမိတ်ဆက်ပြီးနောက် ရဲဘော်လင်းယုန်ကြီးကပင်...

"ရဲဘော်အေးဆွေ မေးရဦးမယ်၊ တွေ့တွေ့ခြင်းပဲ ဆောက်နဲ့ထွင်းတယ် မအောက်မေ့ပါနဲ့၊ ကျုပ်တို့ အခု တော်လှန်ရေးလုပ်ငန်းကို ရဲဘော် ဘယ်လိုသဘောရပါသလဲ...."

ကဲ... ခက်ပြီဗျ၊ ကျွန်တော် ဘာပြန်ပြောရပါ့မလဲ၊ တံတွေးတစ်ချက်မျိုချလိုက်ပြီး..

"ဟုတ်ကဲ့..ဦးတို့"

"အို..ကျုပ်ကို ဦးမခေါ်ပါနဲ့၊ ရဲဘော်ကြီးခေါ်ပါ"

"ဟုတ်ကဲ့၊ ရဲဘော်ကြီးတို့ တော်လှန်ရေးလုပ်ငန်းအောင်မြင်ပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်..."

ဤတွင် တင်မောင်ကိုက...

"သူကနိုင်ငံရေးကို တယ်ပြီး စိတ်မဝင်စားလှဘူးခင်ဗျ၊ အခုမှ ကျွန်တော်က ပြောထားလို့"

"အို ... နိုင်ငံရေးကို ဘယ်စိတ်မဝင်စားလို့ဖြစ်မလဲ၊ နိုင်ငံရေးဟာ... လူတိုင်းအရေးပဲ၊ နိုင်ငံမကောင်းရင် လူတိုင်းခံရမယ်၊ နိုင်ငံကောင်းရင် လူတိုင်းစံရမယ်၊ အခု (ပြောစရာရှိတယ်) နိုင်ငံမကောင်းဘဲနဲ့ တချို့စံနေတဲ့လူတွေဟာက၊ သက်သက်တိုင်း ပြည်ရဲ့ရန်သူတွေပဲ၊ ကိုယ်ကျိုးရှာသမားတွေ၊ တစ်နေ့ လူထုကျိန်စာနဲ့ သူတို့ဘဝ သူတို့ဖန်တီးသွားကြမှာပဲ၊ သူတို့ကြည့်ပြီး ဝမ်းမြောက်စရာ၊အားကျစရာ၊ မနာလိုစရာ မရှိပါဘူး၊ အခု သူတို့ပြုမူနေကြတာကို သူတို့နဲ့စားဖော်သောက်ဖက်တွေကလွဲပြီး၊ အရပ်ထဲမှာဘယ်လိုပြောနေကြသလဲဆိုတာ ရဲဘော်လိုက်နားထောင်ကြည့်ရင် သိမှာပေါ့၊ အဲဒီအရပ်သားတွေက တော်လှန်ရေးနားလည်လို့လည်း မဟုတ်ဘူး။ သူတို့ခံစားချက်နဲ့ သူတို့ အကြားအမြင်ပေါ် အခြေခံပြီး ဝေဖန်ကြတာပဲ။ အဲဒါမှ လူထုရဲ့တကယ် ဒီမိုကရေစီဆန္ဒအစစ်ပဲ၊ သူတို့ကပြောကြတယ်။ 'ကျုပ်တို့က လူထုထောက်ခံချက်နဲ့ မဲရွေးပြီးတက်တယ်' လို့၊ ဒါပေမဲ့ သူတို့ဘယ်လိုလုပ်ကြတယ်ဆိုတာလူထုက သိကြသားပဲ၊ ဝမ်းရေးကြောင့်မချိလို့ သွားဖြဲရယ်တယ်လို့ဆိုပြီး လက်ခမောင်းခတ်နေတာတော့ ရယ်စရာသက်သက် ဖြစ်နေတာပဲ..."

ရဲဘော်လင်းယုန်ကြီး၏ စကားတွေကို ကျွန်တော်ကောင်းကောင်းနားမလည်ပါ။ ထို့ကြောင့် ညှိသည်နှင့် အိမ်ရှင်စကားပေးစကားယူဖြစ်အောင် ဘာပြန်ပြောရမှန်းမသိ။ နားထောင်ရုံသက်သက်ဆိုတော့ နည်းနည်းတော့ ကြောင်လှပေသည်။ သို့သော် တော်ပါသေး၏။ ထမင်းစားခန်းမှ မောင်းသံကြားရပြီး ပေါ်အူးက....

"နံနက်စာ ထမင်းပြင်ပြီးပါပြီ ခင်ဗျ"

အားလုံးထသွားကြကာ၊ မြိန်ရည် ယှက်ရည် စားကြလေသည်။

တင်မောင်ကိုက ကောင်မလေးကို ဟင်းတွေဘာတွေ ထည့်ပေးနေ၍ ကျွန်တော်က ရဲဘော်ကြီးကို ဂရုစိုက်ရပါသည်။ ဤတွင် ရဲဘော်ဘဝင်းမှာ ဘုန်းမောင်တစ်ကောင်တည်းဖြစ်နေရာ၊ ကျွန်တော်က တစ်ချက်တစ်ချက် လှမ်း၍...

"ရဲဘော် ဘာမှအားမနာနဲ့နော် စားသာစားပါ"

"အို ... ကျုပ်က အားမနာတတ်ဘူးခင်ဗျာ့"

သူက သွားဖုံးဝက်သနီတုံးဖြင့် ပြန်ပြောလေသည်။ ဘုန်းကြီးလုပ်ခဲ့

နုးသူသည် ဒကာဒကာမများထံမှ အလကားစားနေကျဖြစ်၍ အဘယ်မှာ အားနာတတ်အံ့နည်း။ လောကကြီး၌ မြင်သမျှအရာအားလုံးသည် သူတို့ အတွက်အလှူပစ္စည်းချည်း အောက်မေ့တတ်ကြ၏။ နိုင်ငံရေးသမား၊ တော် လှန်ရေးသမားများလည်း ဤနည်းနှင်နှင်ဖြစ်လေရာ၊ ထမင်းစားအပြီး၌ ရဲဘော်ကြီးက လက်ဖက်ရည်ကြိုက်တတ်သည်ဟု... တင်မောင်ကိုက အဆို သွင်း၍ ကျွန်တော်ကပေါ်အူးကို ဖျော်ခိုင်းရပါသည်။

ရဲဘော်ကြီးသည် တင်မောင်ကို ပြောသည့်အတိုင်းပင် လက်ဖက်ရည် ကိုတစ်ခွက်ပြီးတစ်ခွက် သုံးခွက်ဆင့်သောက်ရင်း နိုင်ငံရေးစကားများကို ပြောပြီးနောက်၊ နောင်သူတို့ တော်လှန်ရေးလုပ်ငန်းကြီး အောင်မြင်သောအခါ ဘု... ကြိုတင်ကောင်းချီးပေးကာ လွန်စွာကျေးဇူးတင်ကြောင်းနှင့် ၁၂နာရီခန့် တွင် ပြန်သွားကြလေသည်။

ပေါ်အူးသည် လက်ဖက်ရည်ပန်းကန်ခွက်ယောက်တွေ သိမ်းနေစဉ် ကျွန်တော်က...

"ဘယ့်နှယ်လဲဟေ့... ပေါ်အူး... တင်မောင်ကို အခြေအနေ"

"တကယ့်လူတွေနဲ့ တွေ့နေရတာပဲ ဆရာ"

"ကောင်မလေးနဲ့ နီးစပ်ဖို့ကော"

"ခုနေတော့ သူ့ဘက်ယိုင်နေပုံပဲ ဆရာ"

"ချစ်စရာလေးကွဲ့နော်... ငါ ဓာတ်ပုံထဲမြင်ရတာနဲ့ မတူဘူး။ နို့ပြီး နာမည်ကလေးကလဲ ခင်မကြူတဲ့... သူ့အဖေကြီးက တော်လှန်ရေးသမား ကြီးပေမယ့် သမီးနာမည်လေးတော့ တယ်ပြီးလှပယဉ်ကျေးပါလား ..."

"ဟုတ်ကဲ့ဆရာ"

"ငါတော့ ... ဒီကောင်မိန်းမရလည်း မြန်မြန်ရစေချင်တာပဲကွာ"

"ဒါတော့ အချိန်က ဆုံးဖြတ်ပါလိမ့်မယ်ဆရာ"

သောကြာနေ့သည် ရန်ကုန်မြို့ရှိ ရုပ်ရှင်ရုံများ၊ ကားသစ်များလဲလေ ရာ၊ ကျွန်တော်သည် ထိုနေ့၁၁နာရီခန့်တွင် ဘယ်ကားကောင်းစနိုးဟု (လူ ကျပ်ပုံပေါ်လျှင်လည်း လက်မှတ်ကြိုတင်ယူထားရန်) ရုံများရှေ့ပိုစတာတွေ လျှောက်ကြည့်နေစဉ် တင်မောင်ကိုတို့ တူဝရီးနှစ်ယောက်သည် ဂလုပ်ရုံ အောက်၌ သုတ်သုတ်လျှောက်သွားသည်ကို မြင်ရသဖြင့် ကျွန်တော် သူတို့ အမီလိုက်ကာ....

"ဟဲလို ... အန်ကယ်၊ ဟဲလို ... တင်မောင်ကို"

သို့သော် ဦးကျော်မင်း၏မျက်နှာမှာ လွန်စွာ ထိတ်လန့်ပုံပေါ်နေလျက် ကျွန်တော့်အား မျက်နှာသေကြီးနှင့်ကြည့်ကာ...

"ဘာဖြစ်လို့လဲ ... အန်ကယ်..."

"ဟိုနေ့က ဆရာ့ကို ဗန္ဓုလပန်းခြံထဲမြင်လို့ဝင်ခဲ့မိတာဟာ ကျွန်တော့်ကိုယ်ကျွန်တော် ဒုက္ခရောက်ဖို့ ဖန်တီးသလိုဖြစ်နေပြီ..."

"ဟင်"

ကျွန်တော်က တင်မောင်ကိုဘက် ရုတ်တရက်လှည့်ကြည့်လိုက်မိပါသည်။ သို့သော် ငနဲကောင်က ဣန္ဒြေရရနှင့်...

"အေးကွ ဒီကိစ္စဟာ အဲ့ဒီမုတ်ဆိတ်နဲ့ကောင် လက်ချက်ပဲဖြစ်ရမယ်။ ဘာလို့လဲဆိုရင် ငါ မနေ့ကည နေဝင်ရီတရောမှာ အိမ်ပြန်လာတော့ ဦးကြီးဝင်းတံခါးက စာပုံးမှာ... မုတ်ဆိတ်နဲ့မျက်မှန်ပြာနဲ့လူတစ်ယောက်စာထည့်ပြီး သုတ်သုတ်... သုတ်သုတ်နဲ့ လျှောက်သွားတာမြင်လိုက်ရတယ်။ ငါ သူ့ပုံပန်း မသင်္ကာတာနဲ့ တော်တော်ကြာပဲ သူ့နောက်ကနေ စိုက်ကြည့်နေမိသေးတယ်။ ဒါနဲ့ ဦးကြီးက အခုမနက် ဒီစာခေါ်ပြလို့ ငါ မနေ့က မြင်လိုက်ရတဲ့လူ ပြောပြတော့ မင်းတို့ ဟိုနေ့က ဗန္ဓုလပန်းခြံထဲမှာ တွေ့ခဲ့ရတဲ့ ငနဲ ဖြစ်နေတယ်။ ငါအခု သူ့ကို လိုက်ပြီး စုံထောက်မလို့"

သူ့ဦးကြီးက အလွန်စိုးရိမ်ဟန်နှင့်....

"နေပါဦးကွ... ရဲကိုတိုင်ရင် ဘယ့်နှယ်..."

"အို ... ရဲအလုပ်မဟုတ်သေးပါဘူး ဦးကြီးရာ၊ ဒီကိစ္စ ကျွန်တော် လုံးဝတာဝန်ယူပါတယ်လို့ ပြောပြီးမှ ဦးကြီးအေးအေးသာ အိမ်ပြန်စမ်းပါ၊ ဟော့... ဆိုက်ကား"

ဆိုက်ကားရောက်သောအခါ၌ သူ့ဦးကြီးအား တက်ထိုင်စေ၍...

"ကဲ စိတ်ချလက်ချသွားစမ်းပါ၊ ကျွန်တော် ဒီမှာအေးဆွေနဲ့ တိုင်ပင်ပြီး ကြည့်လုပ်ပါ့မယ်"

သူ့ဦးကြီးမှာမူ မျက်နှာငယ်ကလေးနှင့် သူ့တူလက်မောင်းကို လှမ်းဖျစ်ကာ...

"ငါ့တူအားကိုးပါရစေကွယ်"

"အေးပါဗျာ ... ဒါ ကျွန်တော်တို့ လူငယ်တွေတာဝန်ပါ"

"အင်း ... ဒါမှ ငါတူ"

ဦးကျော်မင်းမှာ နောက်ဆုံးအားတင်းစကားပြောကာ ဆိုက်ကားနှင့် ပါသွားလေသည်။ တော်တော်လှမ်းရောက်သောအခါ၌ ကျွန်တော်က...

"ဟေ့ တင်မောင်ကို မင့်ဟာက ဘာလုပ်တာလဲ"

ဒီကောင်မှ အေးစက်စက်နှင့်...

"ဘာရမလဲကွ၊ 'ခင်ဗျားကြီး ကျုပ်တို့မျက်စိထဲမှာ တိုင်းပြည်ရဲ့ ရန်သူ ဆုးညှောင့်ခလုတ် ဖြစ်နေပြီ။ ဝါဒစည်းမျဉ်းအရ သုတ်သင်ရတော့မည်။ သတိ" ဆိုတဲ့ စာမင်နီနှင့် လက်ရေးဖျက်ရေးပြီး သူ့စာပုံးထဲထည့်ထားလိုက်တာပေါ့ကွ..."

"မင့်ဟာ ဘာရည်ရွယ်ချက်လဲ"

"ဒီမှာကြည့်လေကွာ"

သူ့အိတ်ထဲမှ ငွေသုံးရာ ချက်လက်မှတ်တစ်ခု ထုတ်ပြလေသည်။

"မင်း ဒါကို ဘယ်ကရလဲ"

"ဘယ်က ရရမလဲကွ... အမှုတစ်ခုစုံထောက်ဖို့ လက်ခံပြီးငွေမတောင်းဘဲနေတာ မြန်မာပြည်မှာ ပရိုက်ဘိတ်စုံထောက်ထဲကဆိုရင် ဦးစံရှား တစ်ယောက်ပဲရှိတာကွ..."

"ငါ ... ဒီနေ့နဲ့ တနင်္ဂနွေနေ့မှာ ရွှေကူမောင်ကို ဖိအောလိုက်မယ်။ တနင်းလာနေ့မှာ ခင်မမကြူနဲ့လက်ထပ်ဖို့ အိမ်ထောင်ပရိဘောဂတွေဝယ်ရမယ်။ သူတို့က ကွန်မြူနစ်ဆိုတော့ ဝါတွင်းလဲ ကိစ္စမရှိဘူးကွ....၊ မင်းကောမြင်းပွဲလာမယ်မဟုတ်လား။ လာခဲ့ကွာ ... ဆက်ဆက်၊ တို့လူသိုက်ကိုတွေ့မှာပဲ၊ ကဲ...သွားမယ်ဟေ့၊ ဘဏ်သွားငွေထုတ်ရဦးမယ်..။ ၁၂နာရီခွဲပွဲမှာ ကောင်မလေးနဲ့ ငါနှစ်ယောက်တည်း ရုပ်ရှင်ကြည့်ရမယ်။ နို့ပြီး တို့ တီရစ္ဆာန်ရုံထဲသွားကြမယ်..။ သြော် ... မင်းကော ဒီနေ့ နေ့လည် ဘာအလုပ်ရှိသလဲ။ မရှိရင် မင့်သူငယ်ချင်း မင်္ဂလာဆောင် ဘာလက်ဖွဲ့ဖို့ ကောင်းမလဲဆိုတာ ရှိုးတိုက်တို့ဘာတို့ သွားကြည့်ပါလားကွ.."

ဒီကောင်ပြောပြောဆိုဆိုနှင့် လူတောထဲ ပျောက်ကွယ်သွားလေသည်။

* * *

ဒိုင်း ...

ရန်ကုန်ကျိုက္ကဆံဝယ် ရွှေကူမောင်ပြေးသော ဖလားပွဲကြီး ဂိတ်လွတ်လေပြီ...။

ရွှေကူမောင်ဟေ့...

ရွှေကူမောင်ကွ...

ရွှေကူမောင်...

မည်မျှလောက်လူတွေ စိတ်ချလက်ချလောင်းထားကြပါသနည်း။ ကွင်းလုံးကျွတ်မျှ ဂိတ်လွတ်စကပင် အော်ကြပါသည်။ ရွှေကူမောင်က ဖလားပွဲဟူသမျှ ယူနေကြပေကိုး။

ကျွန်တော်၏ မှန်ပြောင်းထဲဝယ် တစ်ဒါဇင်ခွဲမျှ မြင်းအုပ်သည် သုတ်သုတ်သုတ်သုတ် ထွေးထွေးထွေးထွေးနှင့် ပြေးလာကြသည်။

ကျွန်တော်သည် မြင်းပွဲကိုလာနေကျလူ မဟုတ်ပါ။ တစ်ခါတစ်ရံ စိတ်ကူးရမှ၊ ယခုမူ တင်မောင်ကို ပြောသားကောင်းလှ၍လည်းကောင်း၊ ကျွန်တော့်ကို ဆရာတစ်ဆူ ကြည်ညိုနေသော ဦးကျော်မင်း၏ မြင်းဖြစ်၍လည်းကောင်း၊ လာရောက်ဂုဏ်ပြုသည်တစ်ကိစ္စ...၊ ထို့ပြင်တဝ...။

## သင့်ကို လိုသည်

'တစ်နိုင်ငံလုံး ပြည်တော်သာသို့ ရှေ့ရှုနေကြပြီ။

ဤအရေး၌ သင် လူပို ဖြစ်မနေပါစေနှင့်။

သင်၏ လုပ်အားကို လို၏။

သင် စွမ်းသလောက် အလုပ် လုပ်ပြစမ်းပါ'

ဟူသော ယခုတလော ပြည်တော်သာ စီမံကိန်းကြွေးကြော်သံသည် ကျွန်တော့် နားထဲစွဲမြဲနေပါသောကြောင့် ယခင့်ယခင်က ဘီယာသောက်၊ ဘိလိယက်ထိုးမျှ ပြုမိခဲ့သည်တို့ကို နောင်တကြီးစွာရလျက် 'အင်း... ငါ စွမ်းသလောက်တော့ လုပ်ပြဦးမှာပဲ' ဟု သဘောပိုက်ကာ ....

အစိုးရမင်းများဆန္ဒအရ ကျင်းပသော နိုင်ငံတော်မြင်းပွဲကို ဝင်ရောက်ဆင်နွှဲခြင်းသည် နိုင်ငံတော်အစိုးရကို ကျွန်တော်တတ်နိုင်သမျှ အားပေးရခြင်း ဖြစ်ပါသည်။ ဥပမာ ဦးရာကျော်အိမ်၌ ပြုလုပ်သော ဖဲဝိုင်းကို သွားရောက်ကစားခြင်းသည် ဦးရာကျော်ဆန္ဒ ဖြည့်စွမ်းသည် မဟုတ်ပါလား ခင်ဗျာ။

ကျွန်တော်ကား ယင်းသို့တွက်ကိန်းနှင့် စွမ်းသလောက် အလုပ်လုပ်ခြင်း ဖြစ်ပါ၏။

ဤပြည်တော်သာ ကြွေးကြော်သံကား ကျွန်တော်အဖို့ တန်ဖိုးရှိလှ ပါသည်။ ဘာမျှ လုပ်ရကိုင်ရမှန်း မသိသော ကျွန်တော့်အား နားမျက်စိဖွင့် ပေးခြင်းဖြစ်ပါသည်။ ဤစကားလုံးကို သူ့ဦးနှောက်ထဲမှ ထုတ်နိုင်သူအား ကျွန်တော်က ၇၅ ခါတိုင်တိုင် ရှိခိုးချင်ပါသည်။

သည်လို မိုးဖြိုင်ဖြိုင်ကျ၍ လယ်သမားတွေ လယ်ထဲ နွားနှင့်ရုန်းရ၍ ဒတ်ဖတ်မောနေချိန်၊ သည်လို သူပုန်သူကန်တွေကြောင့် တိုင်းပြည်ဆက် သွယ်မှုတွေ မကောင်း၍ ကုန်ပစ္စည်းတွေ ရှားပါးနေချိန်၊ အများလူတန်းစား တွေ ခါးမလှ ဝမ်းမဝဖြစ်၍ စိတ်ညစ်နေချိန်မှာ ဤစကားကို သူစဉ်းစားနိုင် သည်မှာ ချီးမွမ်းလောက်ပါ၏။ အံ့သြလောက်ပါ၏။ ကမ္ဘာဦး ပထမလူတွေ တမ်းတ၍ ဖိုးသော်တာ စန္ဒာလကြီးပေါ်လာသည့်နှယ် လူထုအဖို့ တန်ဖိုးရှိ လှပါပေသည်။ 'သင့်လုပ်အားကို လို၏။ သင်စွမ်းသလောက် အလုပ်လုပ်ပြ စမ်းပါ။'

မည်သည့်အရာမဆို အကြောင်းတရား အကျိုးတရားတို့မှ ဖြစ်ပေါ် လာသည်ဟု ကျွန်တော်ကြားဖူးလေရာ၊ ဤစကားရပ်ဖြစ်ပေါ်လာရသည်မှာ လည်း တိုင်းပြည် လူထု ညံ့ဖျင်းမှုကြောင့်ဟု ကျွန်တော်ယုံကြည်၏။ ဗမာ နိုင်ငံက လူတွေသည် သူတို့စွမ်းသလောက် အလုပ်မလုပ်၊ ကိုယ့်စီးပွားရေး၊ ချမ်းသာရေး၊ နိုင်ငံတော်ဝပ်ပြားရေးကို မသိဘဲ အလကားသက်သက် ခိုကပ် ကာ အလုပ်ကိုလုပ်တယ် ဆိုရုံမျှကလေး လုပ်လျက် စားပြီးအိပ်၊ အိပ်ပြီးစား နှင့် နေကြလိမ့်မည်ဟု ကျွန်တော် အမှန်ပဲ ယုံကြည်သည်။ ဒါကြောင့်သာ 'သင်စွမ်းသလောက် လုပ်ပြစမ်းပါ...' ဟု ပြောရသည်မဟုတ်ပါလား။

အထူးသဖြင့်ကား ဤစကားသည် ကျွန်တော့်လို လူစားမျိုးတွေ အတွက် စပါယ်ရှယ်ခရီးရောက်လှသည်။ ကျွန်တော်လို မိဘဘိုးဘွားအမွေ ရပြီး စားမကုန် သောက်မခန်းနှင့် ဘာမျှမလုပ်ဘဲ သုံးချင်သလောက်သုံး၊ ဖြုန်းချင်သလောက် ဖြုန်းနေကြသော လူမျိုးတို့သည် ဗမာပြည်၌ မည်မျှ ရှိမည်နည်း။ တိုင်းပြည် လူဦးရေနှင့်တွက်ပါ။ လူဦးရေက ဘယ်လောက်ရှိ သနည်း...(ကျွန်တော် မသိ ခွင့်လွှတ်ပါ) အဲ...အဲ...အဲသည်ထဲက တစ်ဝက် မရှိဘူးလား၊တစ်သောင်းမရှိတော့ တစ်ထောင်ဗျာ။ တစ်ထောင်မရှိ တစ်ရာ။

တစ်ရာမရှိ တစ်ဆယ်။ ဟာ... တစ်ဆယ်မရှိ တစ်ယောက်ပဲ ထားတော့ဗျာ... ကဲ..ဒါတော့ ဘယ်သူငြင်းနိုင်ပါတော့အံ့နည်း။ ယခု ကျွန်တော် ကိုယ်တိုင်ပဲ သက်သေခံနေပြီလေ။

ဒီတော့ ဒီကြွေးကြော်သံဟာ ဘယ်မျှအသုံးကျပါသနည်း။ ဘယ်လောက် တန်ဖိုးရှိပါသနည်း။ လူထုကြီးတစ်ရပ်လုံးနှင့်တကွ မျက်စိဖွင့်ပေးလိုက်ပြီ။ ယခုပင်လျှင် ကျွန်တော်သည် ဟိုတုန်းကလို ဘီယာသောက်၊ ဘိလိယက်ထိုးမျှဖြင့် အချိန်ဖြုန်းမနေနိုင်တော့ပဲ နိုင်ငံထိပ်သီးလူကြီးများ၏ မပျက်မကွက်ဆက်ဆက်လာရာ မြင်းပွဲမဟာသို့ ရောက်ခဲ့ရပြီကော။

ရွှေကူမောင်ဟေ့...

ရွှေကူမောင်ကွ....

လူထုသည် မြင်းအုပ်မကွဲမီ၌ ဖွဖွကျဲကျဲအော်နေကြ၏။

ဒီလောက် လူကြိုက်များနေတော့ သိပ်မှလျော်ပါ့မလား ... ကျွန်တော် စိုးရိမ်ပါသေး၏။

လူများစုက သူ့ကိုသာ လောင်းထားကြ၏။ သူ့ကိုသာ အားပေးနေကြ၏။ အရှေ့ဆုံးက ဂိတ်ဝင်ရန်သာ တောင့်တနေကြ၏။ မျှော်လင့်နေကြ၏။

နောက်ဆုံး၌ကား ၎င်းလူစုဆန္ဒပြည့်ဝလေ၏။

သို့ရာတွင် ပြည့်ဝပုံကား ဆန်း၏။

အကြောင်းသော်ကား ဤလူစုဆန္ဒဖြည့်စွမ်းရန် ရွှေကူမောင်ကိုမူ သူနှင့်အတူပြေးခဲ့သော မြင်းအုပ်ထဲ၌ ထည့်ထွက်၍မရ၊ ဤအုပ်စုမှ သူတစ်ကောင်တည်း ချန်လှပ်ပြီးနောက် တစ်သုတ်ပြေးလာမည့် မြင်းပွဲထဲ ထည့်သွင်းမှသာ သူပထမရမည်တည်း။

ကန်တော့ပါရဲ့၊ ကျွန်တော်ခပ်ကြမ်းကြမ်းပင် ရေရွတ်လိုက်မိပါသည်။ လူအားလုံးကပင် သူ့ကိုယုတ်ယုတ်မာမာ ဆဲရေးကြသည်။ ဆဲလည်းဆဲထိုက်ပါပေ၏။ လူတွေက အာသီသထားသမျှ သူက နောက်ဆုံးက မြက်စားလိုက်တာကိုး။

ကျွန်တော်သည် ဒေါသတကြီး ရေရွတ်ပြီးနောက် မိမိလောင်းလိုက်သောငွေကို နှမြောတသမိ၏။ သို့သော် အစိုးရခွင့်ပြုချက်အရ ကစားရတာ၊ ဘဏ္ဍာတော်ထဲ တချို့တစ်ဝက် ရောက်တာပဲလေဟု ဖြေရပါသည်။

နောက်ဆုံး၌ကား ဤမျှဖြစ်နေလျှင် သူ့မြင်းမို့ သူပုံလောင်းလိုက်

သည်ဖြစ်သော ဦးကျော်မင်းကြီးအား မည်သို့ရှိချိမ့်မည်နည်းဟု သနားကြင်နာ မိကာ သူ့ကို အားပေးစကားပြောရန် လိုက်ရှာပါသည်။

တွေ့ပြီ...

အင်း ... ဘယ်လောက်များဆုံးရှုံးလိုက်ပါလိမ့်၊ လူကြီးမှာ အတော်ပင် ခွက်ခွက်မျက်နှာပျက်နေ၏။

ကျွန်တော်သည် သူ့အနားချဉ်းကပ်သွားကာ...

"ဟင်... အန်ကယ်... ကျွန်တော့်လည်းပဲ"

သူသည် ဆတ်ခနဲ ကျွန်တော့်ကို လှည့်ကြည့်လိုက်ကာ...။

"ဘာလဲ ... ဆရာ"

"ရွှေကူမောင်ကို ကျွန်တော်လည်း အောလိုက်တယ်လေ၊ အန်ကယ် ကောဘယ်လောက်ရှုံးသွားလဲ"

"မရှုံးပါဘူး တစ်သောင်းကျော်လောက်နိုင်ဦးမယ်"

"ဘာ တစ်သောင်းကျော်လောက်နိုင်ဦးမယ်"

ကျွန်တော်က မျက်နှာရှုံ့ကာ စိတ်ပေါက်ပေါက်နှင့်

"ဘာလဲ မြင်းပွဲစကျူးဝပ်လူကြီးတွေက အန်ကယ်မြင်းကို နောက်ပြေး မယ့်ပွဲကမြင်းအုပ်ထဲ ထည့်တွက်မယ်ပြောထားလို့လား"

သူသည် အနည်းငယ်ပြုံးသယောင်ပြုလိုက်ပြီး

"ဩ ဆရာက မြင်းပွဲသဘောနားမလည်သေးဘဲကိုး၊ ကျွန်တော့် မြင်း သိပ်ဖေးဘရိတ်ဖြစ်တော့ မလျှော့ဘူးဆိုတာသိနေတာနဲ့ ဂျော်ကီကို ဆွဲစီးခိုင်း ပြီး ကိုယ့်ပါတနာ ကိုဖိုးခါး မြင်း 'ပြည်လုံးချမ်းသာ' ကို တင်ပေးလိုက်တယ်။ အခု ဘယ်လောက်အလျှော်ကောင်းသလဲဆရာ ကြည့်စမ်း၊ မြင်းသမားဆိုတာ ဒီလိုပဲ လှည့်လိမ်စားရတယ်ဆရာရဲ့..."

မြင်းသာမက ကျွန်တော်သူ့ကိုပါ ဆဲချင်စိတ်ပေါ်လာပါသည်။ စင်စစ် ကျွန်တော်တို့သည် မြင်းတိရစ္ဆာန်ကို မဆဲအပ်။ ဤမြင်းရှင်မျိုးတွေသာ ကျိန် စာထိုက်သင့်သည်။

"ဒါနဲ့များ ... အန်ကယ်က ဘာကြောင့် ဒါလောက် မျက်ခွက်ပျက် နေရတာလဲ၊ လှည့်လိမ်လိုက်မိတဲ့အပြစ်ကို စိတ်မချမ်းမသာဖြစ်နေတာလား"

"မဟုတ်ပါဘူး၊ ကျုပ်တို့မြင်းအုံနာတွေမှာ ဒါမျိုးအပြစ်ရယ်လို့ မခေါ် ပါဘူး။ လုပ်ရိုးလုပ်စဉ်ဖြစ်နေတာပဲ။ ကျုပ် စိတ်မချမ်းသာဖြစ်နေတာက

တခြားကြောင့်မဟုတ်ဘူး။ ဟိုမှာ ... မုတ်ဆိတ်နဲ့လူလေ ... ကြည့်ဆရာ အခု ဘာများလုပ်ဦးမယ်မသိဘူး..."

ဆိုသဖြင့် သူပြရာလှမ်းကြည့်လိုက်ရာ တင်မောင်ကို မနီးမဝေးလူစုထဲ၌ သူ့အဖော် လင်းယုန်ကြီး၊ ရဲဘော်ဘဝင်း၊ ခင်မမကြူတို့နှင့်ပြောက်ကျားတရားဟောနည်းတာဝန်ကို ပြင်ဆင်လျက်ရှိလေသည်။

ခဏအတွင်း၌ပင် မုတ်ဆိတ်ရှည် ဘောင်းဘီပွ အင်္ကျီပွတို့နှင့် ရုပ်ဖျက်ထားသော တင်မောင်ကိုသည် ဗန်ဒါပင် အောက်ခြေကို လှည့်ပတ်ထားသော သစ်သားကွပ်ပျစ်ကလေးပေါ်တက် မတ်တပ်ရပ်ကာ လက်ခုပ်နှစ်ချက်သုံးချက်မျှ တီးလိုက်ပြီး ...

"ဒီမှာ ... တစ်ဆိတ်ပရိသတ်များခင်ဗျာ ... ယခုလတ်တလော မိတ်ဆွေတို့ ခံစားလိုက်ရတဲ့ ကိစ္စနှင့်ပတ်သက်ပြီး အရင်းရှင်ကြီးငယ်တည်းဟူသော မြင်းအုံနာတွေက ခင်ဗျားတို့ ကျွန်တော်တို့ ပစ္စည်းမဲ့လူတန်းစားတွေရဲ့ လည်ချောင်းသွေးဖောက်စုပ်ပုံကို အစီရင်ခံပါရစေ ... အခုန မြင်းပွဲပြေးနေတုန်းကဆိုရင် ရွှေကူမောင် ရွှေကူမောင်နဲ့ ကွင်းလုံးကျွတ်မျှ အော်နေကြတာကို အားလုံးကြားကြပါလိမ့်မယ် ...။ ဘာကြောင့်လဲဆိုရင် ဒီရွှေကူမောင်ဆိုတဲ့မြင်းဟာ အင်မတန်ကောင်းတဲ့ ဖလားပွဲဟူသမျှယူနေကျ မြင်း၊ သတင်းစာတွေ မြင်းစာအုပ်တွေမှာ ရှူးဝါးတစ်ပေးထားကြရုံမက၊ ဒီမြင်းအုံနာ ကိုယ်တိုင်က လူထုယုံကြည်မှုရအောင် လှည့်စားခဲ့တာကို ခင်ဗျားတို့ တစ်ဆင့်ကြားကြပါလိမ့်မယ်...။ ဒါကြောင့် အားလုံးလူတွေက ဒီမြင်းဖေးဘရိတ်ဖြစ်လွန်းလို့ ငါးကျပ်တန်လက်မှတ်ကို ငါးကျပ်ခွဲလောက်လျှော်ပါစေ...၊ ငါးမူးရှူးဝါးရတာယူမယ်ဆိုပြီး ပစ္စည်းမဲ့ပီပီ ငါးမူးလိုချင်တဲ့ဇောနဲ့ ငါးကျပ်တောင်ရင်းကြရတယ်။ လောင်းကြရတယ်မဟုတ်လား"

"အခုတော့ ဘာဖြစ်သလဲ.... ဒီမြင်းဟာ... နောက်ဆုံးကကောက်ရိုးစားလိုက်တယ်မဟုတ်လား။ ဒါဟာ အဟိတ်တိရစ္ဆာန်မြင်းရဲ့အပြစ်မဟုတ်၊ အရင်းရှင်ရဲ့အခိုင်းအစေ ဂျော်ကီရဲ့အပြစ်မဟုတ်။ 'ခင်ဗျားတို့ လူများစုကြောင့် သူ့မြင်းဟာ အလျှော်ခံကောင်းတော့မှာ မဟုတ်ဘူး' ဆိုပြီး ခင်ဗျားတို့ရဲ့ သူ့မြင်းပေါ်ယုံကြည်မှုကို ကလိမ်ကျလိုက်တဲ့အုံနာရဲ့ ယုတ်မာမှုပဲ..။ စင်စစ်ခင်ဗျားတို့ ကျွန်တော်တို့ရဲ့သားစာမယားစာ ချွေးနဲ့စာကလေးတွေကို သူတို့အုံနာချင်းတိုင်ပင်ပြီးနားလှည့်ပါးရိုက်ယူလိုက်တာပဲ။ 'ရွှေကူမောင်' အစား

'ပြည်လုံးချမ်းသာဆိုတဲ့ ပြည်လုံးမွဲ' မြင်းကို တင်ပေးလိုက်တာပဲ၊ မြင်းမြင်း... သူလူ... ဘာဖြစ်ဖြစ် အဲဒီလို နာမည်ကောင်းလာရင် ကြောက်ရတယ်၊ ဆန့်ကျင်ဘက်အကျိုးဖြစ်တတ်တယ်။ အခု ခင်ဗျားတို့ ကျွန်တော်တို့ရဲ့ ချေးငွေးဆပ်ငင်နဲ့ရတဲ့(ဝါ)မသုံးရက်မစားရက် စုဆောင်းထားခဲ့တဲ့ ကျပ်တန် ဆယ်တန်ကလေးတွေဟာ ဘယ်သူ့အိတ်ထဲမှာ ရာတန်ထောင်တန်အထပ်ကြီး ဖြစ်နေသလဲဆိုတာ သိချင်ရင် ဟောဟိုမှာ ကြည့်လိုက်စမ်း ..."

ဟုဆိုကာ ကျွန်တော်နှင့်အတူ ယှဉ်ရပ်နေသော သူ့ဦးကြီးကိုလက်ညှိုးငေါက်ငေါက်ထိုးပြလျက်

အဲဒါဟာ ... ခင်ဗျားတို့ယုံလို့ပုံလိုက်တဲ့ ရွှေကူမောင်ရဲ့ပိုင်ရှင် ဘောဂစည်သူဘွဲ့ရတဲ့... ရလေ... လိုလေ... အိုတစ္ဆေကြီး ဦးကျော်မင်း ဆိုတာပဲ ခင်ဗျ..."

အားလုံးပရိသတ်က လှည့်ကြည့်ကြ၍ ဦးကျော်မင်း ကြောင်တက်တက်ဖြစ်နေစဉ်...

"သူ့ကို သေသေချာချာကြည့်လိုက်စမ်းပါ၊ ဘယ်လောက်ခန့်ညားပြီး ဘယ်လောက်ဗိုက်ရွှဲနေသလဲ၊ အဲဒီ အဆီအသားတွေဟာ ခင်ဗျားတို့ ကျွန်တော်တို့ လူတန်းစားရဲ့ ချွေးတွေသွေးတွေက စုပေါင်းဖြစ်တည်နေတာပဲ ခင်ဗျ...။ သူဟာ မြင်းပွဲမှာ မြင်းကစားတဲ့လူတွေရဲ့ လုပ်အားကိုယူတယ်၊ အများလူထု မဝတ်မဖြစ် မစားမနေနိုင်လို့ဝယ်ရခြမ်းရတဲ့ကုန်ပစ္စည်းတွေအပေါ်က အမြတ်ကိုအရင်းရှင်ကုန်သည်ကြီးအဖြစ်နဲ့ ခေါင်းပုံဖြတ်ယူတယ်... စေ့စေ့တွေးရင် ဘယ်လောက်စက်ဆုပ်စရာကောင်းတဲ့ လူတန်းစားလဲ..."

"တောက်"

ကျွန်တော်နားထဲ၌ တင်မောင်ကို၏ စကားသံပြတ်သွားပြီး ဦးကျော်မင်း၏ တက်ခေါက်သံကြားလိုက်ရကာ...

"ဒါတော့ဆရာ ကျုပ်ကို သက်သက်စော်ကားတာ... ကျုပ်မခံနိုင်ဘူး ရဲခေါ်ပြီး ဖမ်းခိုင်းမယ် ..."

"ဘာမှုနဲ့ ဖမ်းခိုင်းမလဲ... ဖြစ်ပါ့မလား၊ အခုဟာက သူ့ဟာသူအရူးလို ပြောနေရုံဟာပဲ..."

"အို ... ကျုပ်အသက်ခြိမ်းခြောက်မှုနဲ့ ဖမ်းခိုင်းမယ်. ဟော့ဒီမှာ သူချောက်လှန့်တဲ့စာ ကျုပ်အိတ်ထဲပါခဲ့သေးတယ်..."

ကျွန်တော် တင်မောင်ကိုအတွက် စိုးရိမ်မိကာ…

"ဒါကော … သူ့ဆီကစာပါလို့ ဘယ့်နှယ်စွပ်စွဲမလဲ…"

"ကျုပ်တူတင်မောင်ကို ရှိသားပဲ၊ အဲ့ဒီညနေ သူ ကျုပ်စာပုံးထဲထည့်သွားတာ တင်မောင်ကို တပ်အပ်မြင်လိုက်တယ်ဆိုတာပဲ၊ နို့ပြီးသူ ကျုပ်ကို အခုလို လက်ညှိုးထိုးနာမည်ဖော်စော်ကားတာဟာ ဒီတစ်ခါမှမဟုတ်ပဲ၊ အရင်ဗန္ဓုလပန်းခြံထဲမှာတုန်းကလည်း ဆရာသက်သေရှိသားပဲ … ရဲ သွားခေါ်မယ်…"

ပြောပြောဆိုဆိုနှင့် ထွက်သွားလေပြီ၊ ကျွန်တော်အငေးသားကျန်ခဲ့တော့၏။ ကျွန်တော်က သက်သေဖြစ်ရဦးမတဲ့…။

တင်မောင်ကိုကား ဟောလို့ပြောလို့ကောင်းတုန်း သူ့ဦးကြီးကို မယားလုဘက်ပီပီ ငြိုးကြီးမာန်ကြီးနှင့် နံမည်ဆိုလည်း နံစရာ၊ သူ့ခမျာ ယခုလင်းယုန်ကြီးသမီး ခင်မမကြူနှင့် လက်ထပ်ဖို့စရိတ်အရင်းကလေးပင် ရွေကူမောင်ကြောင့် ကုန်ခဲ့ပြီဖြစ်လိမ့်မည်။ ယခု သူဟောနေသော နိုင်ငံရေးစကားတွေမှာ သူ့ကိုယ်ပိုင်မဟုတ်။ ကျွန်တော့်သူငယ်ချင်း ကျွန်တော်သိသည်။ ရဲဘော်လင်းယုန်ကြီးတို့ဆီက တစ်ဆင့်ရသည်ဖြစ်ချေမည်။ သူ့ဟာသူမှ နားလည်ပါလေစမသိ။ အာဘောင်အာရင်းသန်သန်နှင့် ကြိတ်ဘိ၏။

"ကမ္ဘာကြီးဆူပူနေတာ ကမ္ဘာကြီးစစ်ခဏခဏဖြစ်နေတာဟာ အဲ့ဒီလိုအရင်းရှင်ကြီးငယ်မျိုးတွေ အစုအအုံကြောင့်ပဲ။ သူတို့သွေးစုတ်လွန်းတဲ့အခါမှာ သွေးစုတ်ခံရတဲ့ လူတွေကလှုပ်ရှားလာတယ်။ အဲ့ဒီတော့ သူတို့က ဓနရှင်အင်အားကောင်းကောင်းနဲ့ဖိတယ်။ တင်းပုတ်ကြီးနဲ့ ထုတယ်။ ဆင်းရဲသားတွေ အရိုး မြေကတုတ်လုပ်ပြီး သူတို့သွေးစုတ်ခံတပ်ကြီးကို တည်ဆောက်တယ်…။ ကမ္ဘာ့အလုပ်သမား လူတန်းစားတွေကို ဖိနှိပ်ချုပ်ချယ်လာခဲ့တဲ့ ပဒေသရာဇ်စနစ် အရင်းရှင်စနစ်နှစ်ခုရှိတဲ့အနက်မှာ ပဒေသရာဇ်စနစ်ခေတ်က စစ်ဖြစ်တယ်ဆိုရင် အိမ်နီးပါးနားတိုင်းပြည်ချင်း တန်ခိုးပြကြရုံရယ်၊ အခု အရင်းရှင်စနစ်ကျတော့ ကမ္ဘာ့အနောက်ပိုင်းက အမေရိကန်ဟာ ကမ္ဘာ့ရှေ့စွန်းက ကိုရီးယားတိုင်းပြည်ကလေးမှာ လာပြီးစစ်ခင်းနေတယ်။ သူတို့ အရင်းရှင်လောကကြီးကို ကာကွယ်ဖို့အတွက် မသိနားမလည်တဲ့(သို့မဟုတ်) ကိုယ်ကျိုးရှာ အစိုးရအုပ်ချုပ်တဲ့ တိုင်းငယ်ပြည်ငယ်ကလေးတွေကို သူတို့ ကမ္ဘာအရပ်ရပ်က သွေးစုတ်ထားတဲ့ငွေတွေ ပေးကမ်းဖြန့်ဖြူး ဘက်တော်

သားလုပ်ပြီး အများလူထုဖြစ်တဲ့အလုပ်သမား လူတန်းစားကောင်းစားရေး ပါဒကို တိုက်ဖျက်နေတယ်။ လွန်ခဲ့တဲ့ ဒုတိယကမ္ဘာစစ်ဟာ အရင်းရှင်နဲ့ နယ်ချဲ့ အချင်းချင်းချတဲ့ပွဲ၊ အခု အစပျိုးနေတဲ့ တတိယ ကမ္ဘာစစ်ကတော့ ဒလဟောထိုးတွန်းကန်နေတဲ့ သွေးစုတ်ကောင်ကြီးတွေရဲ့ရန်ကို သွေးစုတ် ခံနေရတဲ့ သတ္တဝါကလေးတွေက ရုန်းကန်နေတဲ့ပွဲပဲ။ ဒီတော့ သင့်ကိုယ်သင် စဉ်းစားပါ၊ သင်ဟာဘယ်သူလဲ၊ သင်ဘယ်ဘက်ကိုလိုက်မလဲ ... သင်လက် ပိုက်နေလို့မဖြစ်ဘူး ..."

"အဲဒါ ခင်ဗျားတို့ ကြပ်ကြပ်စဉ်းစားပါ၊ ကမ္ဘာ့အရေးဟာ မြန်မာ့ အရေး ... မြန်မာ့အရေးဟာ ခင်ဗျားတို့အရေး၊ ဒီတော့ ခင်ဗျားတို့က မေးစရာ ရှိတယ်။"ဟာ... ကျွန်တော်တို့ဟာ ကျောမွဲလူထုပီပီ အလုပ်သမားလူတန်း စားတွေဘက်က လိုက်ချင်ပါတယ်...။ ဘယ်လိုလုပ်ရမလဲ အကြံပေးစမ်းပါ" ဆိုလို့ ကျွန်တော် လမ်းညွှန်ရမယ်ဆိုရင် အဲ... အဲ... အဲဒါပါပဲ ခင်ဗျ..."

ဤနေရာ၌ မိတ်ဆွေသည် တင်မောင်ကိုမှာ သူ့ဟာသူ ဘာဆက်ပြော ရမှန်းမသိ၍ ရောထွေးဖြတ်လိုက်သည်ဟု အောက်မေ့ပေလိမ့်မည်။ သို့သော် မဟုတ်ရာပါ သူ့ခမျာ ပြောဟောကောင်းနေတုန်းမှ ဦးကျော်မင်းစနက်နှင့် ခုတ်တရက် ရဲများလာရောက်ဖမ်းဆီးလိုက်သဖြင့် လက်ထိပ်ကလေး တန်း သန်းနှင့် ပရိသတ်ဘက်စောင်းငဲ့ကြည့်ကာ ဘာရယ်လို့မဟုတ် 'ဒါပါပဲ ခင် ဗျ...'ဟု အဆုံးသတ်ကာ ဗန်ဒါပင်အောက်ကွပ်ပျစ်ကလေးပေါ်မှ ဆင်းသွားရ ခြင်းဖြစ်ပါသည်။

ယင်းအချိန်တွင် လစ်နေကျ ကျွမ်းကျင်ပြီးသားဖြစ်နေသော လင်းယုန် ကြီးတို့သားအဖနှင့် ငှက်ပျောရွက်ပေါ်အိပ်မည့် ဝါးခြမ်းပြားရဲဘော်ဘဝင်း တို့ကား လူတောထဲတွင် ပျောက်ကွယ်သွားလေပြီ။ တင်မောင်ကိုသာ ရဲများ လက်ထဲရောက်သွား၍ မုတ်ဆိတ်နှင့် မျက်မှန်ပြာ အချွတ်ခံလိုက်ရကာ တခဏ၌ ကျွန်တော်သည် ဦးကျော်မင်းကြီး၏ မချိမဆန့် အံ့အားသင့်နေ သောမျက်နှာကို တစ်ချက်မျှလှမ်းကြည့်ပြီး တဟုန်တည်းသုတ်ခြေတင်ခဲ့လေ တော့၏။

❑

# အခန်း (၆)

စင်စစ်ကိုဆိုသော် ကျွန်တော်မှာ မထင်သောလောကထဲသို့ ဘွားခနဲ ရောက်ရှိနေခြင်းဖြစ်ပေသည်။ မမြင်ဖူး၊ မတွေ့ဖူး၊ တွေ့ရန်မြင်ရန်လည်း မကြံ စည်သော မိန်းကလေးများနှင့် ရင်းနှီးစွာ ချစ်ခင်နေရပါသည်။ အံ့ဩဖွယ် ကောင်းလှဘိသည်။ ညီမလေး ... ကိုကြီး၊ ကိုလေးနှင့်ဘယ့်ကလောက်များ ပင်လျှင် အဆင်ပြေနေကြသည်ကို မိတ်ဆွေ နမူနာကြည့်ပါ။ယခု ကျွန်တော့် စားပွဲအံ့ထဲ၌ အသင့်ရှိနေသော စာတစ်စောင်ကို ကူးပြလိုက်ပါသည်။

'ရှင်...

ကိုကြီးဆွေ'

ကိုကြီးစာထဲက ... 'ညီမလေး ... မတင်စီရေ ...'လို့ ခေါ်လိုက်တော့၊ ညီမလေးကလည်း 'ရှင်... ကိုကြီးဆွေ' ရယ်လို့ပြန်ထူးလိုက်ရတာပေါ့...။

ကိုကြီးတို့များ သိပ်တော်တာပဲ၊ ညီမလေးဆီက စာရတာတောင် ချက် ခြင်းစာမပြန်ဘူး။ ကိုကြီးစာကို မျှော်ရတဲ့ ညီမလေးမှာဖြင့် သစ်ကုလားအုတ် မဖြစ်ရုံတစ်မယ်ပဲ ရှိတော့တယ်။ ဘာရယ် ကိုကြီးရယ် ... ခုတလော တယ် နေမကောင်းချင်ပြန်ဘူး ဟုတ်လား။ ဒီတစ်ခါတော့ ... ညီမလေး ဘာမှမရ တော့ဘူး။ မဟုတ်ရင် ကိုကြီးက ညီမလေးစာဖတ်ရတာ ဒေါက်တာနဲ့ရ တယ်' လို့ ပြောနေအုံးမယ်။ စာတွေချည်း သိပ်ရေးဖတ်မနေနဲ့အုံး ... ကိုယ့် ကျန်းမာရေးလဲ ဂရုစိုက်အုံးလို့ ... တဖွဖွပြောနေလျက်သားနဲ့ ...

ဟုတ်ပါတယ်၊ ကိုကြီးက ညီမလေးကို ချစ်မှမချစ်ဘဲ ဘာရေးစရာ အကြောင်းရှိမလဲ…

ဩော် … ခက်လိုက်ပါဘိတော့ ကိုကြီးရယ်၊ ဘယ်သူက ကိုယ့်ကိုယ်ကိုရုပ်ဆိုးပါတယ်လို့ ဝန်ခံချင်ပါ့မလဲ၊ ညီမလေးမှာက ကုသမောင်ထက်ဟိုဘက်နှစ်ဂိတ်လောက်လွန်နေလို့ စောစောကပဲ ကိုကြီး ပပဝတီကို အသိပေးထားရတာပါ၊ တွေ့ရင်လန့်မသွားအောင်လို့ သိရဲ့လား။

ဟင် … ကြည့်စမ်း … ကြည့်စမ်း၊ ကိုကြီး … ကိုကြီး သိပ်ညာတာပဲ၊ ဓာတ်ပုံထည့်ပေးလိုက်တယ်ဆိုတော့ ညီမလေးက ‘ကိုကြီး ဓာတ်ပုံထည့်ပေးလိုက်တယ်ဆိုပြီး ပါလည်းပါဘူး’ လို့ထင်နေတာ နောက်မှ ကိုကြီးစာဆက်ဖတ်လိုက်တော့မှ ညီမလေးကို ညာတာမှန်းသိတယ်။ တော်ပါ ကိုကြီးရယ်… ညီမလေးကို မချစ်လို့မပေးချင် မပေးချင်ဘူး ပြောပါ၊ တောင်းတဲ့လူတွေများလို့လေ… ဘာလို့လေးနဲ့ ညီမလေးကိုမလှည့်စားပါနဲ့ ဟုတ်တာပေါ့…။ ညီမလေးကိုပေးရမှာ ကြောက်တော့ ကုန်နေတယ်ပေါ့၊ တော်စမ်းပါ ကိုကြီးရယ်၊ နောက်ထပ်ရိုက်လဲ ညီမလေးရမှာမဟုတ်ပါဘူး ‘ကုန်နေပြီကော’နဲ့ပဲ ကျေနပ်ရမှာပါ၊ အို … ကိုကြီးက ညီမလေးကို မချစ်လို့ မပေးချင်တဲ့ဟာကို အတင်းတောင်းမနေတော့ပါဘူးလေ…

ဒါပေမဲ့ … ကိုကြီးရဲ့ ချစ်ညီမလေး မတင်စီဆိုတာဟာ ဘယ်လောက်အထိ အရုပ်ဆိုးတယ်ဆိုတာ ကိုကြီးသိသွားရအောင်လို့တော့ ညီမလေးဓာတ်ပုံကိုထည့်ပေးလိုက်မယ်။(ဓာတ်ပုံကိုမထည့်ခင် ကိုကြီးခေါ်နေကျ ဒေါက်တာကိုလည်း ခေါ်ထားအုံး၊ လန့်ဖျပ်ပြီး သတိမေ့သွားရင် ချက်ခြင်းဆေးကုနိုင်အောင်လို့) ကဲ … မြင်ပြီမဟုတ်လား မကဲ့ရဲ့နဲ့နော်… ကိုကြီးလောက် မချောဘူး …။

ဩော် ဆောရီးကိုကြီး … ညီမလေးဓာတ်ပုံက နတ်မျက်စိရှိတဲ့လူမှမြင်နိုင်တယ်၊ ဘုန်းရှိလို့တော့ မဟုတ်ပါဘူး၊ ညီမလေးက အရုပ်ဆိုးလွန်းလွန်းလို့ပါ။ အဲဒါကြောင့် ညီမလေးဓါတ်ပုံကို နတ်မျက်စိပုလင်းကွဲ ဖန်ခွက်ကွဲနဲ့ အတင်းသာ ဖြဲကြည့်ပေတော့။

ဘာပြောတယ်ကိုကြီး ညီမလေးအိမ်ကို လာမလည်ချင်ဘူးဟုတ်လား၊ ဘာဖြစ်လို့လဲဟင် … ညီမလေးက အရုပ်ဆိုးတယ်ဆိုလို့ လန့်သွားပြီလား၊ ညီမလေးသိပါတယ်…။ ကိုကြီး ညီမလေးကို မချစ်ဘူး။

ဟုတ်တယ် ကိုကြီးပြောသလို ညီမလေးနဲ့ ကိုကြီး လမ်းမှာတွေ့ကြမှာ ဘဲနော် တစ်ယောက်နဲ့တစ်ယောက် မမြင်ဖူးကြလို့သာ မခေါ်ကြတာဖြစ်မှာ။ ဒီတော့ ကိုကြီးမှာ ဓာတ်ပုံရှိရင်၊ ဟာ ... မတောင်းပါဘူး၊ ပေးမှာလဲ မဟုတ် ပါဘူး၊ အင်းလေ .... ဒီလိုပဲ မမြင်ဖူးကြတာပဲ ကောင်းတယ်ထင်တယ်နော်... ကိုကြီး။

ကဲ ... တော်ဦး စာတွေလဲ တော်တော်ရှည်လှပြီ... စာရှည်ရှည်ရေးလို့ 'တော်တော်လည်းရှည်တဲ့ မိတင်စီ' ရယ်လို့တော့ မထင်လိုက်ပါနဲ့၊ ညီမလေး ကစာရေးရင် ဒီလိုပဲ ရှည်တတ်တယ်။ ကိုကြီးလိုတော့စာတစ်လုံးကို ပုတ် လောက်ကြီးရေးပြီး ဆယ်လုံးလောက်နဲ့စာနှစ်မျက်နှာပြည့်အောင် မရေးတတ် ဘူး။

ကဲ ... တော်ပြီ ကိုကြီးဆွေ ကျန်းမာပါစေ၊ မြန်မြန်ကြီး စာပြန်ပါနော်.. ညီမလေး သစ်ကုလားအုတ် မဖြစ်ပါရစေနဲ့၊ နဂိုက အရုပ်ဆိုးရတဲ့အထဲ လည်ပင်းကြီးရှည်နေမှဖြင့်...

ချစ်ညီမလေး
တင်စီ

ဤစာကိုဖတ်ရခြင်းဖြင့် ကျွန်တော်ယခင်က သူ့ဆီရေးလိုက်သော စာ သဘောကိုပါ မိတ်ဆွေရိပ်စားမိပါလိမ့်မည်။ ကျွန်တော်မှာ ပပဝတီအစစ် မဟုတ်သည်နှင့် လူချင်းတွေ့ရန်လည်းကောင်း၊ ဓာတ်ပုံချင်းလဲရန်လည်း ကောင်း၊ စိုးရွံ့လှပါသည်။ စာပင် ခဏခဏ မရေးသင့်မရေးချင်၍နေထိုင် မကောင်းဟု လိမ်လည်နေရပါသေးသည်။ သို့ဆိုလျှင် ဤနေရာ၌မိတ်ဆွေ မေးရန်ရှိပါသည်။ "ဒါဖြင့် ခင်ဗျားက သူ့ကို ဘာကြောင့် အစလုပ်စာပြန်ခဲ့ ရတာတုန်း"

ယင်းအတွက် အဖြေကိုကား မိတ်ဆွေကျေးဇူးပြု၍ အောက်ပါစာက လေးကို နမူနာ ဖတ်လိုက်ပါဦး ...

သို့

သွေးကြီးလှတဲ့ ဆရာကြီး ...

ဘယ့်နှယ် ဒီလိုဆိုလိုက်ပြန်တာလဲ ညီမလေးကို စိတ်ဆိုးသွားပြန်ပြီ လား၊ ဒါဖြင့် ဘာကြောင့် တင်တင်ရေးတဲ့ စာတွေကို အကြောင်းမပြန်ဘဲ နေတာလဲ။ တင်တင်က အကိုဆွေ မမှုလောက်တဲ့ အနံ့ညာတကလေးမို့လား။

ဟုတ်ချင်လည်း ဟုတ်မှာပါပဲလေ ဒါကြောင့် တင်တင်ရဲ့မိတ်ဆက်မှုကို မပြန်ကြားတာပေါ့နော်။ တင်တင်စိတ်ထဲကတော့ အစ်ကိုဆွေ့ကို အစ်ကိုရင်းလို သဘောထားပြီး ကြည်ညိုလေးစားမိလို့... မိတ်ဆက်မိတာ ... ဒီအတွက် အစ်ကိုဆွေမှာ အနှောင့်အယှက်ဖြစ်နေမယ်ဆိုရင်လည်း .... တင်တင်က တောင်းပန်ပါတယ်။ အစ်ကိုဆွေက တင်တင့်ကို ဘာကြောင့် ညီမလေးရယ်လို့ အသိအမှတ်မပြုနိုင်တာလဲ ဟင်... တင်တင်ကတော့ အစ်ကိုဆွေဟာ သိပ်သဘောကောင်းပြီး တင်တင့်ကို ညီမလေးတစ်ယောက်လို ခင်မင်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားတာ။ အခုတော့ တင်တင်ရဲ့ မျှော်လင့်ချက်တွေဟာ သဲထဲရေသွန် အရာတောင်မထင်တော့ပါလား။ တင်တင်ရေးတဲ့ စာတွေကို ရော ရရဲ့မဟုတ်လား။ မရလို့ စာမပြန်တာဖြစ်ရင်လဲ ညီမလေး အပြစ်တင်မိဘာကို တောင်းပန်ပါတယ်။ ရလျက်သားနဲ့ တုံ့ပြန်ခင်မင်မှုမရှိနိုင်လို့ စာမပြန်တာ ဆိုရင်လဲ ရှိစေတော့၊ အစ်ကိုဆွေရေ့... တင်တင့် ကံတရားတိုင်းပဲ၊ ပထမစာနှစ်စောင်တုန်းကလည်း အရေးမစိုက်ဘူး။ အခုဟာကိုလည်း ဂရုမပြုဘူးဆိုရင်တော့ အစ်ကိုဆွေဟာ တိုင်းပြည်ကိုပြုပြင်နေတဲ့ နိုင်ငံကျော်စာရေးဆရာကြီး ပပဝတီ ဆိုပြီးတော့ တင်တင့်လိုပါမွှားလေးတစ်ယောက်ကို ခင်မင်မှုမရှိနိုင်ဘူးဆိုတာ ထင်ရှားနေပြီ။ ဒါကြောင့်မို့ နောက်ထပ် အစ်ကိုဆွေကို အနှောင့်အယှက်မပေးလိုတော့ပဲ ညီမလေးရဲ့အလိုကို အစ်ကိုဆွေ ရေးတဲ့ ဝတ္ထုတွေပဲဖတ်ပြီး ... စိတ်ဖြေနေရတော့မှာပဲ။

ဒါ တတိယစာပါ အစ်ကိုဆွေရယ် ...
ကျန်းမာစေလိုကြောင်း ဆုမွန်တောင်းလျက်၊
အစ်ကိုဆွေ ဂရုမစိုက်ချင်လောက်အောင်

ကံဆိုးရှာတဲ့
တင်တင်

ဤမျှအထိဆိုတော့ တကယ့်စာရေးဆရာ အစစ်ကား ... ဘယ်သို့ရှိမည်မပြောတတ်တော့ပြီ။ ကျွန်တော်ကား ပပဝတီနှင့် ထိုကလေးမကြားက မနေနိုင်တော့၍ ပပဝတီကိုယ်စား ချစ်ညီမလေးတော်လိုက်ရပါတော့၏။

ဤနေရာ၌ မိတ်ဆွေက မေးလိုက်ချင်စိတ်ပေါ်လာပြန်ပါလိမ့်မည်။
'ကလေးမတွေကစာရေးဆရာတွေဆီ မိတ်ဆက်စာရေးတာဒါရေစက်ပဲလား"

မေးထိုက်ပါ၏။ ကျွန်တော်သာ ယခုကဲ့သို့ ပပဝတီအဖြစ်နှင့် ဤစာမျိုးတွေ လက်ဝယ်မရှိဘူးဆိုပါက သူငယ်ချင်းနာမည်ကြီး စာရေးဆရာအောင်မြသွင် ကိုယ်တိုင်က... 'မိန်းကလေးတွေနဲ့ လူငယ်နာမည်ကြီးစာရေးဆရာတွေဟာ ဒီလိုပဲကွ'ဟု လာပြောဦးတော့ ကျွန်တော် ယုံကြည်လိမ့်မည်မဟုတ်။ 'မင်းတို့ စာရေးဆရာတွေဟာ အလကား ကြွားစရာမရှိ ကြွားနေတာပဲ' ဟု ဆိုလိုက်ပါမည်။ တကယ်ပါ မိတ်ဆွေ ... ယခုမူ ကျွန်တော်မှာ အောင်မြသွင်ပြောသလို ငါးရှဉ့်တွင်းကဲ့သို့ အပိတ်ရခက်သော ဘင်တန်သူမာဂရက်ခင်သန်းမြင့်၊ စမ်းစမ်း၊ နယ်လီနေမျိုး(တစ်ယောက်နာမည်ကိုတော့ ကျွန်တော်မေ့သွားပြီ) တို့ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တကြောင့် တစ်ဆင့်တစ်ဆင့်ပေါက်ကြားခြင်းဖြင့်၊ ညီမလေးတွေ မိတ်ဆွေမတွေမရချင်ပဲနှင့်... ရ ... ရ... ရနေရပါသည်။

"ဒါဖြင့်ကွာ မင့်ဟာ အစက အကြောင်းဖန်ခဲ့တဲ့ တင်မောင်ကိုကိစ္စလည်း အဆုံးသတ်သွားပြီဟာ မင်း ပပဝတီမဟုတ်ကြောင်း ရိုးသားစွာ ထုတ်ဖော်လိုက်ပါတော့လား" ဟု မိတ်ဆွေက ဆိုချိမ့်အံ့ .... ဆိုထိုက်ပါ၏။ ဆိုသင့်ပါ၏။ သို့သော် ... သို့သော် ...

ဒါတော့ သည်းခံပါတော့ခင်ဗျာ၊ ယခု ကျွန်တော့်မှာ ...

မောင်...

အချစ်ဆုံးမောင် ဩော် ... မောင်နဲ့ ဝေဟာလေ တစ်စတစ်စနဲ့ သမီးရည်းစားဖြစ်ခဲ့ကြပြီနော် ... နောက်ဆုံးမှာ ကံတရားဆိုတော့ညားမညားမသိဘူး။ ဒါပေမဲ့ အခုဝေ့မှာဖြင့် နိုင်ငံကျော်စာရေးဆရာကြီးရဲ့ ကြင်ယာလောင်းလို ချစ်သဝဏ်လွှာတွေပါးနေရတာပဲ ကျေနပ်လှပါပြီ။

ဘာရယ်... မောင် ... မောင်အလုပ်တွေများလို့ စာရေးနောက်ကျတာကို ခွင့်လွှတ်ပါ ဟုတ်လား။ အမယ်လေး ... မောင်ရယ်ခွင့်ပန်စရာမလိုပါဘူး။ မောင့်ကို ဝေ အမြဲတမ်းခွင့်လွှတ်ပြီးသားပါ တစ်ခုတော့ရှိတယ် မောင်... မောင့်ဆီက စာရောက်ချိန်တန်လို့ မရောက်ပြီဆိုရင်ဖြင့် ဝေ ဒီလောက်ချစ်တဲ့ဝေ့ မောင်မောင်ဟာ နေထိုင်မကောင်းဖြစ်ကရောလားလို့ ဝေ သောကရောက်မိတာပါပဲ မောင်ရယ်... ဒါပေမဲ့ ဝေ့အချစ်နဲ့ ဝေ သောကခံပါ့မယ်၊ မောင်တော့လေ ... တိုင်းပြည်ဝန်ထမ်း တိုင်းပြည်လူထုအတွက် စာတွေရေးနေရတာ အလုပ်ပျက်မခံနဲ့သိလား။ ဝေ့ဆီကို အားမှပဲရေးနော်... ဝေကတော့

လေ ... တမျှော်ထဲမျှော်... မျှော်နေရမှာပဲ။ ဒီလို မောင့်ဆီက စာလာလိမ့်မယ်လို့ ဝေမျှော်နေရတာပဲ ဂုဏ်ယူပါပြီ မောင်... အချစ်ရယ်... အသက်ရယ် မောင့်ကိုလေ ဝေ ဘယ်လိုချစ်မှန်းမသိဘူးကွယ်။

အခုတလော ဝေတို့မြို့မှာ မိုးတွေရွာလိုက်တာလေ ... ချမ်းလိုက်အေးလိုက်တဲ့ဖြစ်ခြင်း၊ ကိုယ့်ခြေကိုယ်လက်မှန်းတောင် တွေ့လို့ထိလို့မသိရဘူး။ သုံကျင်နေတာပဲမောင် အဲဒီလို အချမ်းဒဏ်မျိုးခံဖူးလား၊ မောင်တို့ ရန်ကုန်က ဒီလောက်အေးမယ်မဟုတ်ပါဘူး။ ဝေတို့တောင်ကြီးမြို့မှာတော့ နှစ်စဉ်နှစ်ဘိုင်းပဲ ဒီလိုပဲ။ အဲဒီအခါများ မောင့်ရင်ခွင်ထဲ ဝေ ဝင်ချင်တယ်ကွယ် ဝေ့ကို မောင်ဖက်မထားချင်ဘူးလားဟင်။ တစ်ခါတလေများ အိပ်မက်မက်သလို၊ ဘကယ်လိုနဲ့ ဝေ့ အနား မောင်ရောက်နေတယ်လို့ ထင်မိတယ်မောင်ရဲ့...။

ခုတလော ဝေလေ မောင့်ကို သိပ်လွမ်းနေတာပဲ အချစ်ရယ် ဘာဖြစ်သို့မှန်းမသိဘူး။ သတိရတိုင်း မောင့်စာတွေ ပြန်ဖတ်ရလွန်းလို့ အကုန်အလွတ်တောင် ရတော့မယ်သိလား ...။ ဝေ့ကို မသနားဘူးလားဟင် ...

တော်ဦးမယ်မောင်၊ ဩော်...ရှေ့လမဂ္ဂဇင်းထဲမှာ မောင့်ဘာဝတ္ထုပါမလဲ ... ပြောထားစမ်းပါ၊ ဝေ သိထားရအောင် ...

"အဲ ... အဲ... အဲ့ဒါမှအခက် ..."

ကျွန်တော်ရည်းစားစာကိုဖိမ်နှင့် ဖတ်နေရာမှ ညည်းလိုက်မိပါသည်။ ထိုနောက် ...

"ပေါ်အူးရေ"

ကျွန်တော်၏ အခက်တကာတို့ ဖြေရှင်းလျက်ရှိသော ပေါ်အူးရောက်လာကာ ...

"ဆရာ"

"အခက်ပဲကွာ... ရှေ့လထွက်မယ့် မဂ္ဂဇင်းထဲမှာ ပပဝတီ ဘာဝတ္ထုပါမယ်ဆိုတာ ငါသိချင်တယ်..."

"လွယ်ပါတယ်ဆရာ ... ကျွန်တော်စာအုပ်ငှားပေးတဲ့ မစမ်းမြင့်ကလေးဆီ သွားမေးလိုက်ရင် သိနိုင်ပါတယ်..."

"ဟေ ... သူက ဘယ့်နှယ်လုပ်တာလဲ"

"အဲဒီမဂ္ဂဇင်းတိုက် ပုံနှိပ်စက်မှာ ... သူ့မောင်လေးတစ်ယောက်က စာစီသတဲ့ဆရာ..."

"ဪ ... ဟုတ်လား ... ဒါဖြင့် အခုပဲသွားမေးလိုက်စမ်းပါကွယ်...၊ သူ့အိမ်က ကမာရွတ်ကွမ်းခြံထဲတင်... အနီးသားမဟုတ်လား..."

"အခု အဲဒီမှာ မဟုတ်တော့ဘူးဆရာ...၊ သူ့အကျီချုပ် ကြယ်သီးတပ်တဲ့အလုပ်က မဟာန်လို့ ပုဇွန်တောင်သွားနေပြီး ဆေးလိပ်လိပ်ပြန်သတဲ့...."

"နို့ ... မင်း သူနေတဲ့အိမ် သိရဲ့လား..."

"သိပါတယ်.... ဆရာ"

"သိရင် အဲဒီပဲ လိုက်သွားကွာ...."

"ဆိုင်းပါဦးဆရာ ... ထမင်းချက်ချိန်ရောက်နေပြီ။ ဆရာ့ညစာပြီးတော့မှ ကျွန်တော်ပုဇွန်တောင်ကိုသွားပါ့မယ်။ စိတ်ချပါ ကျွန်တော်အခုဈေးဝယ်သွားဦးမယ်... ဆရာ ..."

"အေး ... အေး... ကောင်းပြီ ... အော်... ပေါ်အူးရေ"

"ဆရာ"

ကျွန်တော် ရုတ်တရက်သတိရသည်နှင့်.....

"မင်း ... ဒီနေ့ကစပြီး ငါဖို့ထမင်းချက်တဲ့အခါမှာ .... ကြက်သား၊ ဘဲသား၊ ဆိတ်သားတွေ မင်း ဘာမှမဝယ်နဲ့တော့ဟေ့... ငါး ... ငါး ... ငါးပဲလုပ်တော့၊ ငါးရှူ၊ ငါးရံ့၊ ငါးကျည်း၊ ငါးမြွေထိုး ... ငါးဇင်ရိုင်း၊ ငါးခုံးမ၊ ငါးသိုင်းခေါင်းပွ၊ ငါးမျက်ဆန်နီ၊ ငါးဖျင်းစလက်၊ ငါးမြင်းယင်း၊ ငါးကြင်း၊ ငါးတောင်စေး၊ အဲ... ငါးတောင်စေးက ရန်ကုန်မှာ မရှိဘူးကွ...၊ မွန်နာမည်နဲ့ ရေငံငါးတွေပဲများတယ်၊ ကဘလူး၊ ကသမျှင်၊ ကကူရံ၊ က,ကတစ်၊ က,ကလောင်၊ အဲ... အဲ... အဲ့ဒီက, ကလောင်ဆိုတဲ့ ငါးကိုများများချက်စမ်းဟေ့၊ ဘာကြောင့်လဲဆိုရင် ငါးစားတာ ဦးနှောက်ကောင်းတယ်လို့ ငါ အင်္ဂလိပ်စာအုပ်တစ်ခုထဲမှာ ဖတ်ဖူးတယ်။ နို့ပြီး ... ငါအခုဖြစ်ချင်နေတာကလဲ စာရေးဆရာဆိုတော့ အဲဒီ က, ကလောင်ငါးဟာ အသင့်လျော်ဆုံးဖြစ်လိမ့်မယ်ကွ..."

"ကောင်းပါပြီ ဆရာ"

"ငါးအမျိုးမျိုးကို နည်းအမျိုးမျိုးစီမံကွာ ... ငါးကြီးဝမ်းထဲ ငါးကလေးသွပ်ပြီး ဆွတ်ပြုတ် ပြုတ်ချင်ပြုတ်၊ ငါးသလောက်တစ်ကောင်လုံး အရိုးတွေဆန်ခါနဲ့နုတ်၊ အကုန်ထုတ်ပြီး စင်းကောချင်ကော... မင်းသဘောရှိလုပ်ကွာ၊ ငါးမရတဲ့နေ့မှာ ငါးသေတ္တာကို ဒါဇင်လိုက်ဝယ်ထားသိလား ...

"ကောင်းပါပြီဆရာ"

အမှန်တကယ် ကျွန်တော် စာရေးဆရာဖြစ်ချင်စိတ်ပေါ်နေပါသည်။ ကျွန်တော်၏ ယခုအခြေအနေမှာ ဖော်ပြခဲ့သည့်အတိုင်း အစ်ကိုရယ်လို့ ချွဲချင် နွဲ့ချင်ကြသော ချစ်ညီမလေးတွေနှင့် ချစ်ရည်းစားနှင့်ဘာနှင့် သိုက်မြိုက်နေပါသနည်း။ စင်စစ်သော်ကား သူတို့ ကျွန်တော့်ကို ပပဝတီမှတ်၍သာ၊ အကယ်တန္တိ အစစ်အမှန်ကို သိသွားကြသောတစ်နေ့၌ ကျွန်တော် ဘာဖြစ်မည်နည်း။ ထို့ပြင် အပျက်ပျက်နှင့် တကယ်ချစ်မိနေကြသော ဝေနှင့်ကျွန်တော်နီးဖို့ကလည်း တွေးလိုက်တိုင်း ရင်လေးစရာပင်။ သို့အတွက် ကျွန်တော်သည် ဤမျှစွဲလမ်းတ,သနေသော ဝေ့ဆီသို့ လူကိုယ်တိုင် မသွားခြင်းဖြစ်ပါသည်။ တချို့တကယ် စာရေးဆရာများသို့ ဤအခွင့်မျိုး ကြုံကြိုက်ပါလျက် ဘိုင်ကျနေ၍ မဟုတ်ပါ။ စင်စစ် ကျွန်တော်သည် လူကောင်းသူကောင်းဆို သူတို့၏ အပြောမျိုးပြောရလျှင် မိန်းကလေးတစ်ယောက်ကို ရလျှင်ပြီးရောဟု မရရတဲ့နည်းမျိုးဖြင့် မလိုချင်ပါ။ စာပေသူမြတ်နိုးသူ ဝေအား ပပဝတီ အဖြစ်နှင့်မဟုတ်သည့်တိုင် သကျသာကီဟူသော ကလောင်နာမည်နှင့်ယူလိုက်ချင်ပါသည်။ ထို့ကြောင့် ကျွန်တော်စာရေးဆရာဖြစ်အောင် ကြိုးစားပါတော့သည်။ အမယ် .... အမှတ်တမဲ့ စိတ်ကူးလိုက်သည် 'သကျသာကီ' ဆိုတဲ့နာမည်က အနိပ်ပဲ ....

စာရေးဆရာဖြစ်အောင် ကြိုးစားရာ၌လည်း ကျွန်တော်သည် စာများများဖတ်ခြင်း၊ လောကဓာတ်ခံကို လေ့လာသုံးသပ်ခြင်း စသော အခြားကလောင်ရှင်တို့ လုပ်ရိုးလုပ်စဉ်ကို တော်လှန်၍ ဦးနှောက်ကောင်းစေသည်ဆိုသော ငါးများများစားခြင်းပင် ဖြစ်ပေသည်။ ငါးတွေနင်းကန်စား၍ ဦးနှောက်အင်မတန်ကောင်းလာသောအခါ၌ စာရေးစရာတွေ အများကြီးပေါ်လာမည်။ ဤအခါ၌ သကျသာကီ ဟူသော ကလောင်နာမည်ဖြင့် ရေးချလိုက်မည်။ ယခု ပပဝတီထက် နာမည်ကြီးချင်ကြီးသွားရမည်။ ဤအခါ၌ 'ချစ်နှမဝေရေ ... ဖြစ်သမျှတွေ အကုန်ပြောတော့မယ်ဟု ရဂုံတောမှာ ဝံပုလွေနေတော့ဆင်သေကို သားရေနဲ့ မအုပ်တော့ကဘူး' လို့၊ အဟုတ်အမှန်ဖွင့်ပြောပြီး ပပဝတီမှ သကျသာကီသို့ အချစ်ဂီယာပြောင်းယူပစ်လိုက်ပါမည်။

အဲ ... သို့ကလို့မို့ကြောင့် ကျွန်တော်သည် စာရေးဆရာ အမြန်ဖြစ်ချင်လွန်အားကြီး၍ ငါးများများစားရုံမျှမကပဲ ဘိုးဘိုးအောင်လာရောက် ကယ်မ

ရန်လည်း ဆုတောင်းပေးပါသေးသည်။

တစ်နေ့သ၌တော့ ထူးဆန်းသော အဖြစ်အပျက် တစ်ရပ်ကို ကြုံတွေ့ခဲ့ရလေသည်။

ဤနံနက်စာ၌ ပေါ်အူး စီမံပေးသော ဟင်းလျာများမှာ ငါးသေတ္တာကို မန်ကျည်းရေ၊ မဆလာနှင့် အလေးချက် လယ်ငါးခူဆီပြန်။ (ရန်ကုန်တွင် မြစ်ငါးခူနှင့် မိုးတွင်းလယ်ထဲမှ ရတတ်သော လယ်ငါးခူဟူ၍ ငါးခူနှစ်မျိုးရှိပါသည်။) ငါးပိချောက် ငါးအဖျော် ကြောင်လျှာသီးမီးဖုတ်နှင့် တညင်းသီးဆားစိမ်တို့၊ သံပုရာရည်ညှစ် ပင်စိမ်းရွက်အုပ်သော သခွားသီးသုတ် အရည်သောက်။ နို့ပြီး အထူးစပါယ်ရှယ်က ကလောင်ကြော်တို့နှင့်ဖြစ်ပေရာ အလွန်စား၍မြိန်ပါ၏။ စားပြီးသောအခါ၌ ရန်ကုန်မိုးညှင်းတမျှင်မျှင်နှင့်တစိမ့်စိမ့်အေးစက်နေသော ရာသီဥတုသည် ကျွန်တော်ဝမ်းထဲက တက်စာ ပင်စိမ်းရွက် ငါးသေတ္တာ၊ တညင်းသီးကြောင်လျှာသီးတို့နှင့်ပူးပေါင်းကာ ကျွန်တော်အား အချိန်မတော် အိပ်ပျော်သောအဖြစ်ကို ပို့ဆောင်ကြလေ၏။

အိပ်ပျော်၍ မည်မျှကြာသောအခါတွင်မသိ ကျွန်တော်သည် ဤကမ္ဘာမှ ထွက်ခွာသွားရလေသည်။

* * *

## ဖသသကမ္ဘာ

"ဟာ... ဘိုးဘိုး... ကျွန်တော် မလိုက်ချင်ဘူးဗျာ... လဟာကြီးထဲ... လိမ့်ကျမှာ ကြောက်တယ်"

"မကျရပါဘူးကွ...ငါကိုင်ထားတာပဲ"

"ဘယ်သွားမှာလဲ ဘိုးဘိုးရဲ့"

"မင်း... စာရေးဆရာဖြစ်ချင်တယ်ဆိုပြီး... ကြဲကြဲဖန်ဖန် ငါးဟင်းစားပြီး ငါ့တ,နေတဲ့ အကောင်...ဗဟုသုတရအောင်... သည့်ပြင် ကမ္ဘာတွေ ခေါ်သွားမလို့လေ..."

"ကမ္ဘာတွေက ဘယ်လောက်များများရှိလို့လည်း ဘိုးဘိုးရယ်"

"ဒို့ ဗုဒ္ဓဘာသာ တရားတော်မှာ လေးကျွန်းမြင်းမိုရ်ကို စူဠလောကဓာတ်(တစ်ကမ္ဘာ) လို့ ခေါ်တယ်၊ အဲလို စူဠလောကဓာတ်မျိုး လေးစုတွဲကို မဟာလောကဓာတ်လို့ ခေါ်တယ်၊ အဲလို မဟာလောကဓာတ်တွေဟာ မရေ

မတွက် နိုင်အောင်ရှိသတဲ့။ ဒါကြောင့် စကြဝဠာ အနန္တလို့ဆိုတယ်”

“ဟင်...ဒါဖြင့်...မိုးကောင်းကင်က ကြယ်တွေလောက်များနေမှာပေါ့နော်....”

“မကဘူးကွဲ့... ကောင်းကင်က ကြယ်တွေကို ရှင်သာရိပုတ္တရာက ရေတွက်နိုင်တယ်လို့ ဆိုတယ်... အနန္တဆိုတာက အစအဆုံးမရှိ မရေတွက်နိုင်ဘာကို ပြောတာ၊ ဘယ်လောက်များ များသလဲ၊ ဥဒါဟရဏ်ဆောင်ထားတာက၊ ငါတို့ ဂေါတမမြတ်စွာဘုရားမပွင့်မီ ကာလရောဟိတဿ ဆိုရတဲ့ ရသေ့ကြီးဟာ (ဒေဝပုတ္တသံယုတ် နာနာတိတ္ထိယဝဂ်သုတ် အမှတ်စဉ် ၆ မှ) အထူးသဖြင့် အဘိညာဉ် စျာန်သမာပတ်ရလေတော့ သူယူဆတာက သူ့စျာန်ဘန်ခိုးနဲ့ စကြဝဠာအနန္တက လွတ်အောင်သွားရင်ဖြင့် သတ္တဝါမျိုးတွေ မှီခိုစရာဌာနမရှိတော့တဲ့အတွက် ယခု သူ့လက်ရှိဘဝ ကုန်ဆုံးတဲ့အခါမှာ သံသရာဝဋ်စက်က လွတ်ထွက်ကရော့ဟဲ့ ဆိုပြီးတော့... ပြေးလိုက်တာ သူ့ ဣဒ္ဓိပါတ်တန်ခိုးနဲ့ ဘယ်လောက်များကော မြန်သလည်းဆိုရင် သူစကြဝဠာတွေကို တစ်ခုပြီးတစ်ခုဖြတ် ဖြတ်ပြေးလိုက်တာဟာ ထန်းတောထဲ မြားပစ်လိုက်တော့ မြားတံက ထန်းပင်လုံးတွေကို ရိပ်ခနဲ ရိပ်ခနဲ ဖြတ်သွားတဲ့အတိုင်းပဲတဲ့၊ ဒါပေမဲ့ သူသက်တမ်း တစ်ခု ကုန်ဆုံးတော့လည်း စကြဝဠာတွေက မကုန်ဆုံးသေးဘူးတဲ့။ ဒါနဲ့ သူရောက်ရာ ကမ္ဘာမှာ ဥပပါတ်ပဋိသန္ဓေနဲ့ ချက်ချင်း မူလအတိုင်းပြန်ဖြစ်ပြီး ချက်ချင်း မူလအတိုင်းပဲ ဆက်ပြေးပြန်တယ်။ သို့သော်လည်း အဲ့လိုပြေးရင်းနဲ့ သူ့ဘဝပေါင်းများစွာသာ ကုန်ဆုံးခဲ့တယ်။ စကြဝဠာတွေကတော့ မကုန်ဆုံးသေးဘူးတဲ့၊ ငါတို့ ဂေါတမ ရှင်တော်ဘုရားနဲ့ တွေ့မှာပဲ သံသရာဝဋ်စက်က လွတ်ထွက်ဖို့ အကျွတ်တရားကို ရသွားရှာသတဲ့ ကွဲ့။ စကြဝဠာတွေက သည်လောက်တောင် များပြားတယ်”

“ဟင်... အံ့သြစရာပါလား ဘိုးဘိုး... အဲ့ဒီ စကြဝဠာတွေမှာကော ကျွန်တော်တို့ကမ္ဘာလိုပဲ လူနတ်တိရစ္ဆာန်စတဲ့ သတ္တဝါတွေရှိသလား”

“ရှိတာပေါ့ကွဲ့”

“နို့ပြီး ... ကျွန်တော်တို့ကမ္ဘာမှာ အမေရိကန်တို့၊ ကိုရီးယားတို့၊ တရုတ်နီတို့၊ ရုရှားတို့၊ ကုလသမဂ္ဂတို့ရှိသလို အဲသည်တွေမှာလည်း ဒီလိုတိုင်းပြည်မျိုးတွေ အဖွဲ့အစည်းမျိုးတွေ ရှိမှာပေါ့နော်....”

“ရှိမှာပေါ့ကွယ်”

"ဒါဖြင့် ဘိုးဘိုးရာ ကျွန်တော်တို့ ဝန်ကြီးချုပ်ကို အဲဒီ စကြဝဋ္ဌာတွေက အမေရိကန်လို တိုင်းပြည် မျိုးတွေနဲ့ မိတ်ဆက်ပေးလိုက်စမ်းပါ"

"ဘာလုပ်ဖို့လဲ ကွ"

"အခု ကျွန်တော်တို့ လွတ်လပ်တဲ့သမ္မတနိုင်ငံတော်ကြီးမှာ တည်တံ့ခိုင်မြဲရေးမှ ငြိမ်းချမ်းရေးသို့၊ ငြိမ်းချမ်းရေးမှ ပြည်တော်သာသို့ ဆိုတဲ့ အနတက္ကမ ငွေကုန်မယ့် စီမံကိန်းတွေအတွက် ငွေချေးဖို့ပေါ့ ဘိုးဘိုးရဲ့"

"မင့်ဟာ ... တောက်တီး ... တောက်တဲ့ကွယ်"

"တော်တီး...တောက်တဲ့ မဟုတ်ဘူး ဘိုးဘိုး... တကယ်ပြောတာ ကျွန်တော်တို့ ပြည်ထောင်စု ဆိုရှယ်လစ် ဖ.ဆ.ပ.လ အဖွဲ့ကြီးဟာ အမေရိကန်လို တိုင်းပြည်မျိုး တစ်ခါဇင်လောက်နဲ့သာ ပေါင်းမိမယ်ဆိုရင် ဘယ်လောက် ပွမလဲ။ အခုလက်ရှိ သောင်းကျန်းသူတွေလည်း ကိစ္စချောပြီ။ လွန်ခဲ့တဲ့ ပြည်တော်သာ ညီလာခံမျိုးလည်း ခဏခဏကျင်းနိုင်လို့...တောနယ်က တစ်နေ့ ၂၀ စား ဖ.ဆ.ပ.လ ကိုယ်စားလှယ်တွေလည်း ရန်ကုန်က ပြန်ကြတော့မယ် မဟုတ်ဘူး။ ဝန်ကြီးကတော်တွေလည်း ဝင်ဒါမီယာက ဗိုလ်ချုပ်ဈေးကို ဟယ်လီကော့ပတာနဲ့ နိုင်လွန်ဝယ်လာကြလိမ့်မယ်။ ဝန်ကြီးချုပ်ကိုယ်တိုင်က သူ့လက်အောက် အစုအဝေးထဲမှာရှိကြောင်း ယုံကြည်စိတ်ချစွာနဲ့ နာမည်ပေးအသိအမှတ်ပြုထားတဲ့ ခြကြီးခြင်ယ်တွေဟာ လွန်တရာချမ်းသာဝပြောကြလိမ့်မယ်။ အဲ့သည်အခါမှာ ကြေးစားပြည့်တန်ဆာမများနဲ့ အရပ်ပျက်မယားငယ်ခံ အမျိုးသမီးထုလည်း ကောင်းစားကြပါလိမ့်မယ်။ ဆတကထမ်းပိုး ဖွံ့ဖြိုးကြပါလိမ့်မယ်။ ဟိုတယ်ကြီးတွေ သေရည်ဆိုင်ကြီးတွေဟာ ကြက်ပျံမကျ စည်ကားပါလိမ့်မယ်။ ပွဲလမ်းသဘင်တွေလည်း ရွှန်းရွှန်းဝေပါလိမ့်မယ်။ ရန်ကုန်မြို့ကြီးပေါ်မှာ ကုန်သည်ကြီး အရာရှိကြီးတွေရဲ့ မော်တော်ကားကြီးငယ်တွေ မွမွကြဲနေလို့ ကားမစီးနိုင်တဲ့ လူ့ငမွဲတွေ လမ်းမမထွက်ဝံ့တဲ့အတွက် ရွှေမြို့တော်ဟာ ဘယ်လောက်သန့်ပြန့်သွားမလဲ။အဲသည်တော့ ပြည်တော်သာတာပေါ့ ဘိုးဘိုးရဲ့"

"အင်း ... မင်းပြောလိုက်ပုံက မစားရဝမခန်းပါလားဟေ့... မင်းတို့ခေတ်နိုင်ငံရေးကတစ်မျိုးပဲ။ ငါတို့ရှေးမြန်မာ ဘုရင်ခေတ်တုန်းကတော့ ဒီလိုမဟုတ်ဘူးကွဲ့။ သူများတိုင်းပြည်က ငွေတို့ပစ္စည်းတို့ ချေးရ... ငှားရတယ် မရှိပါဘူး။ လိုချင်တာ တစ်ခုခုရှိရင် အင်အားစုပြီး သွားစစ်တိုက်လိုက်တာပဲ။

နိုင်ရင် ပွတာပဲ။ ဒို့ဗမာဘုရင်က ဆင်ရတနာတွေ မြင်းရတနာတွေ...အဲ... အများအားဖြင့် သမီးကညာတွေ သိမ်းကျုံးယူလာတာပဲ"

"ဟိုတုန်းကတော့ ဟုတ်တာပေါ့ ဘိုးဘိုးရာ... အခုခေတ်တော့ ကျွန်တော်တို့ဗမာက သွားတိုက်ရတယ်ကို မရှိပါဘူး။ သူများကသာ လာ...လာ တိုက်ပြီး ကိုယ့်ဆီက သမီးကညာတွေချည်း...ကြိတ်ကြိတ် သွားကြတာပဲ။ အင်္ဂလိပ်ကြိတ်အပြီးမှ ဂျပန်တစ်ချီလာကြိတ်သွားပြီ။ နောက်ဘယ်သူ လာကြိုက်ဦးမယ် မသိဘူး။ အမှန်က... ဒီကိစ္စမျိုး ဘယ်သူလာကြိတ်ကြိတ် ကျုပ်တို့ ဗမာက သောက်ဂရုမစိုက်ပါဘူး။ ဂျပန်လို အကောင်လာကြိတ် အပြီးမှာ "ဂျပေါ်ကတန်"တွေ "ရုံဖွင့်"ကြတာများလို့ ဝမ်းတောင်သာကြပါသေးတယ်။ အခု အရေးတကြီး လိုနေတာက၊ ဗမာကို ကမ္ဘာသိအောင်ဟော့... ဆိုပြီးသည့်ပြင် တိုင်းပြည်က အကူအညီရဖို့ပဲ၊ အမေရိကန်ဆီကသာ မဟုတ်ဘူး။ တရုတ်နီက ပေးလည်းယူမယ်၊ ရုရှားကပေးလည်းယူမယ်လို့ ကျုပ်တို့ ဝန်ကြီးချုပ်က ၅၂ ခုနှစ် အာဇာနည်နေ့ မိန့်ခွန်းမှာရဲရဲတောက်မြွက်ဟ ပြီးပြီ။ ဒီတော့ ဘိုးဘိုးရာ တရုတ်နီလို ရုရှားလို သူ့တိုင်းပြည် သူထူထောင်နေရသေးတဲ့ ဖွတ်တိုင်းပြည်တွေကတော့ မျှော်လင့်စရာမရှိပါဘူး။ အဲ့ဒီ စကြဝဠာတွေက အမေရိကန်တိုင်းပြည်လိုဟာတွေ ရွေးပြီးသာ ကျွန်တော်တို့ ဝန်ကြီးချုပ်ကို မိတ်ဆက်ပေးလိုက်စမ်းပါ။ ဘိုးဘိုး ... အဲ့သည် ကမ္ဘာတွေကို တော်တော် နံ့စင်အောင် ရောက်ဖူးတယ် မဟုတ်လား။"

"ဘယ်သိပ်နံ့စပ်မလဲကွယ်... ကမ္ဘာတွေက အသချေဟာကို ကိုယ့်ကမ္ဘာ အနီးပတ်ဝန်းကျင်လောက်ပဲပေါ့..."

"နို့ ... ဒါနဲ့ ကျွန်တော့်ကို ဘယ်ကမ္ဘာ ပို့မလို့လဲ"

"အဲဒါ ငါ စဉ်းစားနေတယ်၊ မင်း ... ဘယ်ကမ္ဘာ သွားချင်လဲ"

""ဟာ ... ကျွန်တော်က ဘယ့်နှယ်လုပ်ပြောနိုင်မလဲဗျ၊ ဘယ်နေရာ ဘာရှိမှန်းမှ မသိတာကို၊ ကျွန်တော်နဲ့ သင့်လျော်မယ့် ကမ္ဘာသာ ကြည့်ပို့ပါ။ တော်ကြာ မျက်နှာ ၃ ထောင့် ၄ ထောင့်ကြီးတွေ ခရေပွင့်ကြီးတွေ နားရွက်ခြေ မျက်စိထိနေတာကြီးတွေနဲ့ အမူအရာ ဘာသာစကားချင်း မတူတာကြီးတွေ ဖြစ်နေလို့ တောင်ကျွန်းသားနဲ့ မြောက်ကျွန်းသား တွေ့ကြသလို ဂျောက်ကျ နေကြပါဦးမယ်"

"အေး ... ငါ... ခုမှ သတိရတယ် ဒို့ ဘဒ္ဒကမ္ဘာနဲ့ ညီအစ်ကိုလိုနေတဲ့

ဖသဿကမ္ဘာဆိုတာရှိတယ်။ အဲ့ဒီ ကမ္ဘာက ကချလာ တိုင်းပြည်ကို ပို့ရမယ်။ ကချလာ လူမျိုးတွေက ဒို့ဗမာလူမျိုးတွေနဲ့ မတိမ်းမယိမ်းပဲ။ အစစ အရာရာ ဘာသာစကားရော... ဘာရော... တူညီသလောက်ပဲ ကြည့်... ကြည့်... အဲ့သည် ရှေ့က ကမ္ဘာပေါ့။ ဒို့ ကမ္ဘာပါတဲ့ မဟာလောကဓာတ်အဖွဲ့အစည်း ထဲမှာ သူအခု အပါအဝင်ပေါ့"

ဘိုးဘိုး ပြန်ကြည့်လိုက်ရာ ပြာမောင်းသော လဟာထဲတွင် မဲမဲလုံး ကြီးတစ်ခုကို မြင်ရပါသည်။ ကျွန်တော်တို့ ကမ္ဘာကို ပြန်ကြည့်လိုက်သော အခါ၌ မဲမဲလုံးသဏ္ဌာန်မှာ သူ့ထက်ငယ်နေပြီဖြစ်သောကြောင့် ယခုကျွန်တော် တို့ ခရီးမှာ ဘဒ္ဒကမ္ဘာထက် ဖသဿကမ္ဘာဘက်ကို နီးနေပြီဖြစ်ကြောင်း သိရပါ သည်။

ဘိုးဘိုးအောင်တို့ ဝိဇ္ဇာ ဇော်ဂျီတန်ခိုးဖြင့် တစ်နာရီဘယ်နှမိုင်နှုန်းပင် လာခဲ့သည်မသိ။ အနောက်နိုင်ငံက လောကဓာတ်ဆရာတွေ၏ 'Rocket' ဒုန်းပျံထက်တော့ နှေးမည်မထင်ပါ။ ယခု ဘိုးဘိုးအောင်နှင့် ကျွန်တော်ပြော ခဲ့သော စကားကလေး၏ အချိန်အတွင်းမှာပင် ခရီးတစ်ဝက်ကျော်ခဲ့ပါပြီ။ လူမှာလည်း ဘိုးဘိုးအောင်ကို ကိုင်တွယ်လိုက်ခြင်းဖြင့် သက်သောင့်သက်သာ ရှိလှပါသည်။

သို့သော် တစ်ချက်တစ်ချက်၌ ကျွန်တော်သည် ပတ်ဝန်းကျင် လဟာ ကို လှမ်းကြည့်လိုက်ခြင်းဖြင့် အသည်းယားသလို ဖြစ်မိပါသေးသည်။ ထို့ ကြောင့် နံဘေးကို လှမ်းမကြည့်မိရန် ဘိုးဘိုးနှင့် စကားစ ရှာပြောရပါသည်။

"ဘိုးဘိုး ... အဲ့ဒီပြည်မှာ ဘိုးဘိုးနဲ့ အသိရှိသလား"

"ငါ့လိုပဲ ... ဝိဇ္ဇာ ဂလိုးဂလိုးကလောင် ဆိုတာရှိတယ်"

"ဟင် ... နာမည်ကြီးကလည်း ကြေးခလောက်နဲ့ နို့စားနွားမကြီး ထွက်ပြေးသလိုပဲ၊ သုတိသာယာ မရှိလိုက်တာဗျာ"

"သူတို့ တိုင်းပြည်သားတွေ အဖို့မှာတော့ ရှိတယ်ကွဲ့.... ဒို့ဆီက ဣဋ္ဌာရုံကို သူတို့ဆီမှာ အနိဋ္ဌာရုံဖြစ်နေတာတွေလည်းရှိတယ်။ မင်းဟိုကျ တွေ့ရပါလိမ့်မယ်။ ငါ့မိတ်ဆွေ ဂလိုးဂလိုးကလောင်နဲ့ တိုင်ပင်ပြီး မင့်ကို သင့်လျော်အောင် စီမံပေးရမယ်"

* * *

## စာရေးဆရာကြီး "ဇွက်ဇိုး"

ဟော... ယခု ကျွန်တော်မှာ ဘိုးဘိုးအောင်၏ မိတ်ဆွေ ဂလိုးဂလိုး ကလောင်၏ ကျေးဇူးဖြင့် ဖဿကမ္ဘာက ကချလာတိုင်းပြည်တွင် အထူးဧည့် သည်တော်အဖြစ်သို့ ရောက်သွားလေပြီ။

ကျွန်တော်၏ ဧည့်ခံ ကော်မတီက "ကဲ ... ဧည့်သည်တော် ဘာ တွေများ သိချင်စုံစမ်းချင်ပါသလဲ အမိန့်ရှိတော်မူပါ"

ကျွန်တော်မှာ စာရေးဆရာဖြစ်ချင်လွန်း၍ ဦးနှောက်ကောင်းရန် ါးတွေ နင်းကန်စားပြီး ဘိုးဘိုးအောင်ကို ကယ်မဖို့ တနေသူဖြစ်ရကား၊ ဘာမျှ အထူးအထွေ နှေးကွေးမနေတော့ပဲ။

"ဒီ တိုင်းပြည်က နာမည်အကြီးဆုံး စာရေးဆရာနဲ့ သူ ရေးပုံရေးနည်း တွေ စုံစမ်းလေ့လာချင်ပါတယ်"

"အော် ... ကျုပ်တို့ဆီမှာ နာမည်အကြီးဆုံး စာရေးဆရာဆိုရင်ဖြင့် ဆရာကြီး 'ဇွက်ဇိုး' ပဲ"

"ဟင် ... နာမည်ကြီးကလည်းဗျာ" ကျွန်တော် နှာခေါင်းရှုံ့မိကာ "ဇွက်ဇိုး...ဇိုးဇွက်... ကျွဲချေးပုံ နွားနင်းသွားသလိုပဲ ဆိုးဝါးပ၊ ကျွန်တော်တို့ ဆီက စာရေးဆရာတွေ နာမည်ကတော့ မဟာဆွေတဲ့၊ မင်းဆွေတဲ့၊ သန်း ဆွေတဲ့၊ သာခုတဲ့၊ တင့်တယ်တဲ့ ဘယ်လောက်ယဉ်သလဲ"

သူလည်း ဤနာမည်တွေ ကြားရသည်၌ မနှစ်မျို့သော အမူအရာဖြစ် ကာ–

"ဟင် ... ခင်ဗျားတို့ဆီမှာ ယဉ်ကျေးပေမယ့် ကျုပ်တို့ဆီ ကျတော့ ဆိုးဝါးပါ့ဗျာ ... ခင်ဗျားပြောတာတွေမှာ "တင့်တယ်"ဆိုတာက "ပျာလောင် ခတ်"တဲ့ အဓိပ္ပာယ်ရှိတယ်။ "သာခု"ဆိုတာက "အယူသန် တဇောက်ကန်း" "သန်းဆွေ"ဆိုတာက အလုပ်ချိန်မှန်းဘာမှန်းမသိ အပေါင်းအသင်းတွေတိုင်း ခင်တကြွကြွ သွားတဖြဲဖြဲ နေတတ်လို့ မိန်းမဆိုရင် မီးကပ်ပေါ်က မဆင်းရ ဘဲ့ လူစားမျိုးဗျ။ 'မင်းဆွေ ဆိုတာက အသေစောတဲ့လူ"။'မဟာဆွေ' ဆိုတာ က လူကြီးသလောက်အရက်သောက်တတ်တဲ့ 'အရက်အိုး'၊ အများအားဖြင့် ကျွန်တော်တို့ဆီမှာ 'ဆွေ'ပါတဲ့ နာမည်ဟာ မကောင်းဘူးဗျ၊ ဥပမာ 'သော် တာဆွေ' ဆိုရင် ဆွေတကာ့ဆွေထဲမှာ အဆိုးဆုံး ခွေး 'ခွေးလိုအကောင်'လို့ ပြောတာပဲ၊ တစ်ယောက်တစ်ယောက်ဆဲချင်ရင် 'မင်း သော်တာဆွေ'လို့သာ

ပြောလိုက် သိပ်နာတာပဲ နို့ခင်ဗျာ နာမည်ကော ဘယ်သူလဲ”

ကျွန်တော်မှာ ဆွေ့ပါမကောင်းဘူးဆို၍ ‘အေးဆွေ’ ဟု မပြောဝံ့ပဲ။

“မောင်ပုလောင်တဲ့ခင်ဗျ”

“အဲ ... အဲ... အဲဒီ နာမည်ကောင်းတယ် ... အင်မတန် ကျက်သရေရှိတာပဲ”

“အင်း...ကြားရတာ ဝမ်းသာပါတယ်ဗျာ။ ဒါနဲ့ အဲဒီဆရာကြီး ဇွက်ဇိုးကိုတွေ့ချင်ပါတယ်။ ဘယ်မှာ တွေ့ရမလဲ”

ဒီအချိန်မှာဆိုရင် သူ့စာအုပ်တွေထုတ်တဲ့ ပတ်ဗလစ်ရှာဆီလာပြီး ရုပ်ရှင်ပြခိုင်းတတ်တယ်၊ လက်ဖက်ရည် တိုက်ခိုင်းတတ်တယ်”

“ဟင် ... နာမည်ကြီး စာရေးဆရာကြီး ဖြစ်ပြီး သူက ဆင်းရဲလို့လား”

“မဆင်းရဲပါဘူး၊ သူ့ချော်လော်ဂါးနဲ့ ဘာနဲ့ပဲ၊ ကျောင်းသုံးစာအုပ်တွေခက်ဆစ်အဖြေရေးပြီး မတန်မဆနဲ့ ရောင်းစားလို့ တော်တော်ချမ်းသာပါတယ်။ ဒါပေမဲ့ ပတ်ဗလစ်ရှာဆီက လက်ဖက်ရည်သောက်ချင် ရုပ်ရှင်ကြည့်ချင်တာက ဆရာကြီးဝါဒပဲ”

“ဒီတော့ ပတ်ဗလစ်ရှာလုပ်တဲ့လူက ကြည်ကြည်ဖြူဖြူပဲလား”

“ဟာ ... ဘယ်မကြည်ဖြူပဲ ရှိမလဲဗျာ ... ဆရာကြီးက လာပြီး ‘ရုပ်ရှင်ကြည့်ချင်သဗျာ လက်ဖက်ရည်သောက်ချင်တယ်ဗျာ” ဆိုတာပဲ သူ့အဖို့ ဂုဏ်ယူနေရတာပဲ .... ကဲ ... လာ ... အဲ့ဒီ စာအုပ်တိုက် သွားကြစို့”

မကြာမီ ကျွန်တော်တို့ ထိုတိုက်သို့ ရောက်ကြသောအခါ၌ ကျွန်တော့ဧည့်ခံကော်မတီက တိုက်ရှင် ‘ဂျိုဂေါ်’ ဆိုသူနှင့် မိတ်ဆက်ပေးပါသည်။ ဂျိုဂေါ်မှာ ရေခဲစိမ်ထားသော ဝက်သားကဲ့သို့ဖြူဖတ်ဖတ် အေးစက်စက်နှင့် မခွပ်တတ်တဲ့ကြက်လို ပုံသဏ္ဌာန်ရှိပါသည်။ ကျွန်တော်က ဆရာကြီး ဇွက်ဇိုးရေးသော စာအုပ်များကို လွယ်လွယ်ရှိလျှင် ကြည့်ပါရစေဟုဆို၍ သူထုတ်ပြပါသည်။

“ဟိုး ... ဟိုး ... နေစမ်းပါဦး” သူတစ်အုပ်ပြီးတစ်အုပ် ထုတ်ပြနေသောစာအုပ်များအဖုံးပေါ်၌ (ဇွက်ဇိုး ကချလာ ပြန်သည်) ဟုတွေ့နေရသဖြင့် ကျွန်တော်က လက်တားလိုက်ကာ “ဘယ်နှယ် ဘာသာပြန်စာအုပ်တွေချည်းပါလား၊ ဆရာကြီး ကိုယ်ပိုင်ဉာဏ်နဲ့ ရေးတာများ မရှိတော့ဘူးလား”

ယင်းသည်၌ သူ့ပတ်ဗလစ်ရှာနှင့် ကျွန်တော့် ညှော့ခံကော်မတီမှာ နှစ်ယောက်သား ရုတ်တရက် မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်ကာ သူတို့နှုတ်ခမ်းတို့ကို လက်ညှိုးထားလျက် ...

"ရှူး ..."

"ရှူး ..."

တစ်ယောက်တစ်ပေါက် မြွေဟောက်လို မြည်ကြသည်နှင့်ကျွန်တော် မစဉ်းစားတတ်အောင်ဖြစ်ကာ...

"ဟင် ဘာဖြစ်ကြတာလဲ ဗျ"

"အမယ်လေး ... " ဂျိုဂေါ်မှာ သည်းထိတ်လိုက်ဖိုနှင့် "ခင်ဗျား ပြောတဲ့စကား ဆရာကြီးကြားသွားလို့ စိတ်ဆိုးပြန်ရင် တစ်တိုင်းပြည်လုံး ဒုက္ခရောက်ကြဦးမယ်၊ ကိုပူလောင်ရဲ့"

ကျွန်တော် ကြက်သီးထမိကာ

"ဟင် ... ဘာကြောင့်လဲဗျ"

သူတို့နှစ်ယောက်မှာ ဖခင် လူနာအသက်ငင်နေသည်ကို မြင်နေရသော ညီအစ်ကိုပမာ တစ်ယောက်မျက်နှာတစ်ယောက် ကြောင်လည်လည်ကလေးတွေ ကြည့်နေရာမှ ကျွန်တော့် ညှော့ခံ ကော်မတီက ...

"ဂျိုဂေါ် ခင်ဗျား ကြည့်ပြောလိုက်ပါဗျာ"

"ဟာ ... "ဟုဆို၍ ဂျိုဂေါ် ပါးစပ်ဖြဲကာ မေးစေ့ရမ်းလိုက်ပုံမှာ တစ်သိန်း ငွေပုံပေးတော့မပြောဘူး ဟူသည့် အဓိပ္ပာယ် ပေါက်နေလျက် "ခင်ဗျား ညှော့ခံကော်မတီပဲ ခင်ဗျားပြောပြရမှာပေါ့ဗျ"

ဤတွင် ကျွန်တော့်ညှော့ခံကော်မတီက မျက်နှာငယ်ငယ်ကလေးနှင့်...

"အေးဗျာ .... ကျုပ်က တာဝန်ယူမိတော့။ ညှော့ခံကော်မတီရယ်လို့ ညှော့သည်ကျွေးတာ ကပ်ရပ်စားရတာက နည်းနည်းရယ်.... အဲဒီကိစ္စ တစ်စွန်းတစ်စ ပေါက်ကြားသွားရင် ကြီးစွာသော ဒုက္ခဗျ" ဟု ဆိုပြီး သူတို့ကမ္ဘာ၌ ဤအကြောင်းမပေါက်ကြားရန် ကျွန်တော့်ဆီက အာမခံတောင်းပြီး ပြောပြသည်မှာ ...

ဆရာကြီးဖွက်ဖိုးမှာ ရှေးသရောအခါ၌ ကြီးစွာသော တက္ကသိုလ်မှ ကြီးစွာသော ဒီဂရီယူခဲ့ပြီး၊ အသက်မွေးဝမ်းကျောင်းအတွက် အခြားအလုပ်ကို လုပ်ကိုင်ရင်း နိုင်ငံခြားဝတ္ထုများကို ဘာသာပြန်ဆိုနေလေသည်။

ယင်းသို့ ဘာသာပြန်ရင်းလည်း အခြားဘာသာပြန်သူတို့အား သောက်ရမ်းဘာသာမပြန်နဲ့ ဟူ၍ငှင်း၊ မီးရေးသူတို့အား သူ့မူရင်းကို ဖျက်ဆီးစော်ကားသည် ဟူ၍လည်းကောင်း၊ ကိုက်စားတော့ခမန်း ဟိန်းဟောက် ခြိမ်းခြောက်လေသည်။ ကိုယ်ပိုင်ဉာဏ်နှင့်တတ်သမျှမှတ်သမျှ ရေးသူတို့အားလည်း အလကား ပစ္စတ္တာယပဟာတွေဟု ကဲ့ရဲ့ရှုတ်ချခြင်းဖြင့် တိုင်းပြည်စာပေတာဝန်ကို ထမ်းဆောင်လေသည်။

ထိုသရောအခါ ဘုရားရှိ မာရ်နတ်ရှိဘိသို့၊ သူ့ကိုအလကား သက်သက် မနာလိုသူများက "ဒကာကြီးကကော ဘာသာပြန်တာကလွဲ ဘာတတ်လို့လဲ" ဟူသော အသံထွက်ပေါ်လာသည်၌ ဆရာကြီးသည် ဒေါသအမျက်ချောင်းချောင်းထွက်ကာ သူ၏ကိုယ်စွမ်းကိုယ်စကို ပြလေသည်။

ပထမ "လွမ်းကြလေရော့ လဟယ် ... လဟယ်" ဟူသော အလွမ်းဝတ္ထုကြီးကို ရေးလိုက်လေသည်။

ထုတ်ဝေသူ ပတ်ဗလစ်ရှာအယ်ဒီတာခမျာမှာ တစ်မျက်နှာမျှ စာမြည်းဖတ်လိုက်သည်နှင့် ဆက်မဖတ်ဝံ့တော့ပဲ၊ စာစီသမားတို့အား တစ်ယောက်လျှင် ဝါကျတစ်ခုသာ စီရန် လိမ္မာပါးနပ်စွာ အမိန့်ထုတ်၍ စက်ခန်းသို့ ပို့လိုက်လေသည်။

စာစီသမားတို့မှာ တစ်ယောက်လျှင် ဝါကျတစ်ခုစီမျှသာဖြစ်၍ မျက်ရည်နှင့်မျက်ခွက်ပင် စာစီလို့ ပြီးသွားပါသည်။ သို့သော် ပုံနှိပ်စက်တင်ရန် ဝါကျတွေ ဆက်စပ်လိုက်သောအခါ၌ ခဲစာလုံးများအရည်ပျော်ကုန်သည်နှင့် ထို "လွမ်းကြလေရော့ လဟယ် လဟယ်" ဝတ္ထုကြီးကို လက်လျှော့လိုက်ရလေသည်။

ဒုတိယ တစ်ဖန်ဆရာကြီးသည် "ဝုန်းဗလုံးဒုံးဒိုင်း" ဟူသော ရဲသွေးရဲမာန် တက်ကြွဖွယ်ရာ စုံထောက်စွန့်စားခန်းဝတ္ထုကြီးကို ရေးပြန်လေသည်။

ပတ်ဗလစ်ရှာမှာ သူ့ဝါသနာအတိုင်း ပထမစာမျက်နှာကို မြည်းမိအောင် မြည်းလိုက်မိပြန်လေသည်။ "လေသည် လေသည်"နှင့် အဆုံးသတ်သော ဝါကျနှစ်ခုမျှသာ ဖတ်မိသည်။ ထိုပျော့စိစိ ပတ်ဗလစ်ရှာပင် ရဲသွေးရဲမာန် ကြွလွန်း၍ သူ့ကုလားထိုင်တွေသူ တဝုန်းဝုန်းနှင့် ထရိုက်ချိုးမိသောကြောင့် (ယခုတိုင် သူ့အခန်း၌ ကုလားထိုင်ကျိုးများ မြင်နိုင်ပါ၏။) အလျင်အမြန် စာစီခန်းသို့ ပို့လိုက်ရပြန်သေးသည်။

စာစီသမားတို့အား ဝါကျတစ်ခုစီသာစီရန် မှာကြားသည်မှာ မှန်ပါ၏။ သို့သော် ယင်းတို့မှာ လူငယ်များဖြစ်၍ ဝါကျတစ်ခုစီဖတ်ရသည်နှင့်ပင် စိတ်ကို မချုပ်တည်းနိုင်ကြတော့ဘဲ အချင်းချင်း ဆော်ကုန်ကြလေသည်။ တူနှင့်ထု၏။ ဘလောက်တုံးနှင့် ခုတ်၏။ မယ်တာခွင်နှင့်ရိုက်၏။ ဘလောက်ထွင်းသော ဆောက်နှင့်ထိုး၏။ ကြေးပြားဖြတ်သော ကတ်ကြေးနှင့် လည်မျိုကို ညှပ်၏။ ထို့ကြောင့် ကျန် "ဝုန်းဗလုံးဒုံးဒိုင်း"ဝတ္ထုကြီးလည်း လက်လျှော့ရပြန်၏။

ထို့နောက် ဆရာကြီးသည် "ဇော်ဂနီ့မာန်ဟုန်ဟုန်" ဟူသော စုန်းတစ္ဆေကဝေ သရဲဝတ္ထုကြီးကို ရေးပြန်သည်။ ဤဝတ္ထု၌ကား နာနာဘာဝတို့ကို ဆရာကြီးကိုယ်တိုင်ယုံကြည်သည်ဖြစ်သောကြောင့် လက်တွေ့လှသည်။ သူ့ဟာသူရေးနေရင်းပင် အနားက သူ့ဇနီးက သမ္မုဒ္ဒေကို ရွတ်နေရသောဟူ၏။

ဤဝတ္ထုကျသောအခါ၌ကား ပတ်ဗလစ်ရှာခများမှာ သုံးတုန်းမြောက်ဖြစ်၍ ပါးနပ်သွားလေပြီ။ ကြိုတင် မြော်မြင်ဉာဏ်ရသွားလေပြီ။ သူကိုယ်တိုင် မဖတ်ရုံမက သူ့စက်ခန်း၌ သင်္ဂါယနာတင်တော့လေမည်လားဟု အောက်မေ့ရလောက်အောင် သံဃာတော်ပေါင်းမြောက်မြားစွာကို ပင့်ကာ အလုပ်သမားတို့ စာစီနေစဉ် ပရိတ်တရားတော်တို့ကို မပြတ်ရွတ်ဖတ် သရဇ္ဈာယ်စေ၏။ စာစီသမားတို့အနီး၌ မကြောက်ဖို့အားပေးအားမြှောက်ပြုရန်၊ အင်အားဗလကောင်းသော မောင်ကချလာ မောင်ကချလုန်တို့ကို လည်းကောင်း၊ ရဲရင့်သော စစ်သည်တော်များကိုလည်း၊ အရေးရှိလျှင် ကုသရန် ပယောဂဆရာတို့ကိုလည်းကောင်း အသင့်ခေါ်ထားလေ၏။

ဤနည်းဖြင့် စာစီသောကိစ္စပြီးဆုံးလေသည်။ သို့သော် စာလုံးတို့ကို မယ်တာခွင်သွင်း၍ စက်တင်သောအခါ၌ အထက်လမ်းဆရာ၊ အောက်လမ်းဇော်ဂနီတို့၏ တစ်ဖက်နှင့်တစ်ဖက် တိုက်ခိုက်ကြသော စကားလုံးများမှာ အချင်းချင်းမာန်စောင် ရန်ထောင်ခြိမ်းခြောက်ဟိန်းဟောက်နေကြခြင်းဖြင့် စာဖောင်ပေါ်ဝယ်၊ အိုးကင်းထဲ ပေါက်ပေါက်ဖောက်သလို တစ်ဖျောက်ဖျောက်ထခုန်နေကြသောကြောင့် အတော်ပင် ဖိနှိပ်ချုပ်ချယ်ရသေးသော ဟူ၏။

မည်သို့ပင်ဖြစ်လင့်ကစား ပတ်ဗလစ်ရှာ၏လိမ္မာပါးနပ်မှု ငွေအားလူအား ကြိုးပမ်းမှုကြောင့်၊ နောက်ဆုံး၌ စာအုပ်အဖြစ်သို့ ရောက်ရှိသွားလေသည်။

သို့သော် ... သို့သော်။

ထိုပတ်ဗလစ်ရှာ၏ လိမ္မာပါးနပ်မှုသည် စာအုပ်ထုတ်ချင်လွန်းသော လောဘဇောကြောင့် မိုက်မဲမှုစင်စစ်ကြီး ဖြစ်နေပြီကို သိရှိကြပါပြီလော .... စဉ်းစားမိကြပါပြီလော ... ရိပ်စားမိကြပါပြီလော ...။

အကြောင်းသော်ကား၊ငင်းဇော်ဂနီမာန်ဟုန်ဟုန် ဝတ္ထုကြီးစတင်ထုတ်ဝေလိုက်သည့် နာရီပိုင်းအတွင်းမှာပင် ထိတ်လန့်ကြောက်ရွံ့ကြခြင်းဖြင့် လူပေါင်းမြောက်မြားစွာ သေကြေပျက်စီးကြလေသည်။ "လာပါ ... ယူပါ စာအုပ် အထူကြီး နှစ်ကျပ်မက တန်ပါတယ်၊ သိပ်ကောင်းတာပဲ" ဟူ၍ ဈေးခေါ်ကြကုန်သော၊ စာမဖတ်တတ်ပဲလျက် စာအုပ်ကိုယ်စားလှယ် လုပ်ကြသူတို့မှ မည်သို့မျှ မထောင်းတာသော်လည်း ဝယ်ဖတ်ကြသူတို့မှ မည်သူ့မျှ စာအုပ် တစ်ဝက်ရောက်အောင် ဖတ်လိုက်ကြရသည်မရှိချေ။ အချို့မှာ အိမ်မရောက်မီ ဘတ်စ်ကားပေါ်၌လည်းကောင်း၊ မီးရထားပေါ်၌လည်းကောင်း အလောင်းများ ဖြစ်ကုန်ကြ၏။ ၃ ရက်မြောက်၌ တိုင်းပြည်လူထု၏ ၂၅ရာခိုင်နှုန်း ကိစ္စချော သွား၏။ နိုင်ငံတော်အစိုးရက ဘာကြောင့် လူတွေ ဒီလိုသောက်သောက်လည်း သေရသလဲဟု စုံစမ်းရေး ကော်မတီဖွဲ့နေစဉ် နောက်ထပ် ၁၀ ရာခိုင်နှုန်း လိုက်သွား၏။

ခက်ချည့်ကရိ ...

အစိုးရအဖွဲ့ ယင်းသည့်ကိစ္စ၌ စုံစမ်းရေးကော်မတီသုံးငွေအတွက် အတိုက်အခံဘယ်ကိုမျှ အသိမပေးတော့ပဲ "သဘောရှိသုံးစေ" ဟူသော အမိန့်ဖြင့် မီးကုန်ယမ်းကုန် လွှတ်ပေးလိုက်ရ၏။

သို့မှ တိုင်းပြည်လူထု၏ ၄၉ ဒသမ ၅၅၊ ၂ ပိုင်း ၁ ပိုင်း ရာခိုင်နှုန်းတိတိအကုန်တွင်၊ ထိုစာအုပ် သဲလွန်စရ၍ တွေ့ရာ ဆိုင်တိုင်း လက်မဆိုင်း ချက်ချင်း သိမ်း၊ မီးရှို့၊ ပြာအမှုန့်ကြိတ် သမုဒ္ဒရာထဲ သွားချ၊ အမိန့်တော်...

(မှတ်ချက် သမုဒ္ဒရာထဲ၌ ထိုပြာရေနှင့်တွေ့ထိမိသော ငါးများပင် သေကြေပျက်စီးကြသည်ဟု သူတို့ ပြည်သားတို့ အဆိုရှိသည်။ ဤအထိကား ကျွန်တော် မယုံကြည်ချေ။ ကချလာပြည်သားတို့ ကြွားဝါခြင်းမျှသာဟု ယူဆဖွယ်ရာ)

ဤအမှုကို တရားရုံးတော်၌ စစ်ဆေးသောအခါ ပထမ ထုတ်ဝေသူအား ...

တရားသူကြီး "အသင် ပတ်ဗလစ်ရှာ အသင်ဤစာအုပ်ကို ထုတ်ဝေစဉ်က ဤသို့ဖြစ်လိမ့်မည်ကို မသိပါသလော"

ပတ်ဗလစ်ရှာ။ "အကျွန်ုပ် မစဉ်းစားမိပါ။ တိုင်းပြည်ကို စာကောင်းပေမွန် ထုတ်ဝေချင်ဇောနှင့်သာ ကြိုးကြိုးပမ်းပမ်း ပြုမိပါသည်"

တရားသူကြီး။ " အနှီသို့ဆိုလျှင် စေတနာကောင်းနှင့်ပြုပါက ဘယ်လောက်မှားမှား သောက်ဂရုမစိုက် ဟူသော ကျွန်ုပ်တို့အစိုးရအဖွဲ့၏ (ပ–တ–သ) ဥပဒေအရ၊ ထို့ပြင် တိုင်းပြည်လူသေတာလည်း တစ်ဝက်ပြည့်ရန် ဒသမ ၅၄ ၊ ၂ ပိုင်း ၁ ပိုင်း တိတိပင် လိုသေးမည်ဖြစ်သောကြောင့် လွတ်စေ"

ဒုတိယ ဆရာကြီး ဖွက်ဖိုးအား

တရားသူကြီး။ "ဆရာကြီး အနှီလို စာအုပ်မျိုးကို ဘာကြောင့် ရေးရပါသနည်း"

ဆရာကြီး။ "ကျွန်ုပ်မရေးချင်ပါ။ ကျွန်ုပ်စာပေနှင့်ဤတိုင်းပြည်လူထုမတန်ကြောင်း သိ၍ ကျွန်ုပ်ဖာသာ ဘာသာပြန်စားခြင်း၊ ကျောင်းသုံးစာအုပ်တွေ ခက်ဆစ်အဖြေရေး၍ ကလေးတွေရောင်းစားခြင်းပြုနေသည်ကို "ဒါကြီးက ဘာသာပြန်တာကလွဲ ဘာတတ်လို့လဲ" ဟု အမိုက်သားတို့စော်ကားသောကြောင့် ကိုယ်စွမ်းကိုယ်စ ပြရခြင်းဖြစ်သည်။ အချို့က ကျွန်ုပ်စီးသောချော်လော်ဂါးကိုပင် ညတက္ကစီပြေးသည်ဟု သွားပုပ်လေလွင့် ပြောကြသေးသည်"

တရားသူကြီး။ "သည်အတိုင်းမှန်လျှင် ဆရာကြီး၌ အပြစ်မရှိ၊ အနုပညာသည်ကို စော်ကားသော ငမိုက်သားတို့ကိုသာ စီရင်ချက်ချရမည်"

အမှုလိုက်ဆွဲချ။ "ဟိုး ... နေပါဦး ... တရားသူကြီးမင်း ၎င်းအမိုက်သားတို့ ဇော်ဂနီမာန်ဟုန်ဟုန် ဝတ္ထုထွက်လျှင် ထွက်ခြင်း ဆရာကြီးလက်စွမ်းမယုံ၍ ဆောတလျင် ဖတ်ကြသောကြောင့် စာအုပ်ဆိုင်တို့ရှေ့မှာပင် မာလကိုကွိကုန်ကြပါပြီဘုရား"

တရားသူကြီး။ "အိုး ... ဒီလိုဆို အောရိုက် ...အို ကိစ္စပြီးတာပဲ၊ နို့မဟုတ်လျှင် ပါတီက လူလေးဘာလေးနဲ့ စာရင်းရှုပ်နေဦးမည်။ ကဲ ယခုကစ၍ နောင်လာနောက်သားတို့သိရန် ကျွန်ုပ်အမိန့်ထုတ်ခဲ့မည်။ ဆရာကြီးအား "ဒါကြီးက ဘာသာပြန်တာကလွဲ ဘာတတ်လို့လည်းဆိုသူအားလည်းကောင်း။ "ဆရာကြီးကိုယ်ပိုင် ဉာဏ်နှင့်မရေးတတ်ဘူးလား" မေးသူ

အားလည်းကောင်း။ "ဆရာကြီး ချော်လော်ဂါးကို ညတက္ကစီပြေးသည်" ဟု စွပ်စွဲသူအားလည်းကောင်း သေဒဏ်။ ဆရာကြီးငယ်ကျိုးငယ်နာကို တီးတိုး ပြောသူအား ကြီးလေးသောအပြစ်ဟု စီရင်ချက် ချလိုက်သည်။

သူတို့တိုင်းပြည်ကား အနုပညာသည်ကို ဤမျှပင် အခွင့်အရေးပေးလှ ချေသည်။

ထို့ကြောင့်ပင် ပတ်ဗလစ်ရှာ ဂျိုဂေါ်နှင့် ကျွန်တော့်ဧည့်ခံကော်မတီတို့ မျက်လုံးမျက်ဆန်ပြူး ကြခြင်းပင်။

"အဲဒါပဲဗျာ ... ခင်ဗျား ... ဒီ ...ကျုပ်တို့ ကမ္ဘာမှာ တခြားတော့ မပေါက်ကြားပါစေနဲ့"

"စိတ်ချပါခင်ဗျာ ... ကျွန်တော်လည်း အပြစ်လွတ်မှာမှ မဟုတ်တာ။ အော ... ဆရာကြီး ကလောင်က ဒါလောက်တောင် စွမ်းတာကို ..."

"ဟုတ်တယ် ... ဒါကြောင့် ဘာသာချည်း ...ပြန်နေရတယ်။ ဘာသာ ပြန်တာတောင်မှပဲ ဆရာကြီးရဲ့ ကျေးဇူးအစုံဂုဏ်တော်အနန္တပါပဲ တိုင်းပြည် လူထုအတွက် သူ့စာတွေကို ဖတ်ရင်းပျင်းစရာကောင်းအောင် အိပ်ချင်အောင် ကြိုးစားပြန်ရှာတယ်"

"တယ်လည်း ထူးချွန်မွန်မြတ်တဲ့ လူပါပေတကား" ကျွန်တော်သည် တစ်ကိုယ်တည်းလို ညည်းညူရေရွတ်လိုက်မိပြီးမှ "ဒီပုဂ္ဂိုလ်ကြီးကို ဖူးတွေ့ ချင်လှပါတယ်ခင်ဗျာ"

"ဟော ... အဆင့်သင့်ပဲ ကြွလာပါပြီဗျာ"

ဂျိုဂေါ်၏ ပြောသံကိုကြားရ၍၊ ကျွန်တော်ဝမ်းသာခြင်းဖြင့် ရင်တွင်း ပင် ထိတ်သွား၍ လမ်းမဘက်လှည့်ကြည့်လိုက်ရာ သူတို့စကားအခေါ် ချော် လော်ဂါးပေါ်မှ လူပုအိုင့်အိုင့် ဗိုက်ရွဲရွဲကြီး တစ်ယောက်ဆင်းလာသည်ကို မြင်ရသည်(ကျွန်တော့်စိတ်ထင်) စလူရွက်ကြီးတစ်ခုကို ကိုယ်မှာပတ်၍ အခြားတစ်ခုကို ခေါင်းပေါ်ဆောင်းလာသည်ဟု အောက်မေ့မိပါသည်။

သို့သော် ကျွန်တော်၏ ကိုယ်တွေ့မှာ တစ်သက်မှာတစ်ခါနောက်ထပ် မကြုံဘူးလောက်အောင် အံ့သြရသည့်အဖြစ်ကား ထိုဆရာကြီး တိုက်ဝ ရောက်လာသောအခါ၌ သူ့ကိုယ်က (ကျွန်တော့်စိတ်ထင်) စလူရွက်ကြီးနှစ်ခု ကို မိုးရေခါလိုက်ခြင်းပင် ဖြစ်ပါတော့သည်။

အကြောင်းမှာ ကျွန်တော့်စိတ်ထင် စလူရွက်ကား တကက်တက်စင်

အောင် လွဲချေသည်။ ဆရာကြီး၏ နားရွက်ကြီးနှစ်ခုသာ ဖြစ်ချေတော့၏။

ဘလက် ... လက်၊ ဘလက် ... လက်နှင့် မိုးရေခါပြီးအောက်သို့ ဆန့်ချလိုက်သောအခါ၌၊ သူ့ခြေမျက်စိထိအောင်ရှည်လေသည်။ ဤအခါ၌ ကျွန်တော့်ညှော်ခံကော်မတီနှင့် သူ့ ပတ်ဗလစ်ရာသည် အလိုက်သင့်စွာ သူတို့ အိတ်ထဲမှာ လက်ကိုင်ပဝါများထုတ်၍ ဆရာကြီးနားရွက်တို့ကို တစ်ယောက် ဘစ်ဖက်ကိုင်ကာ သုတ်ပေးနေကြလေသည်။ ဆရာကြီးလည်း သဘော သကာယ ကောင်းမွန်ဟန်ရှိပေသည် ငြိမ်သက်စွာခံနေ၏။

ဤအချိန်၌ ကျွန်တော်လည်း သူတို့နည်းတူ ဆရာကြီးနားရွက်ကို ကိုင်တွယ်စမ်းသပ်ကြည့်ချင်စိတ် ပေါ်လာသည့်နှင့်၊ ကျွန်တော့်ညှော်ခံကော် မတီအား လက်ဟန်နှုတ်အမူအရာဖြင့် ပြောပြရာ သူက ...

"ကျယ်ကျယ်သာ ပြောပါဗျ၊ ဆရာကြီးက ဒီလိုနားရွက်အောက်ချ ထားတုန်းမှာ ဘာမှမကြားဘူး၊ ဘာလဲ ... ဆရာကြီးနားရွက် ကိုင်ကြည့်ချင် ဘယ်လား... ကိုင်လေ... ကိုင်ပါ ဆရာကြီးက သဘောကောင်းနေတဲ့အခါ ဆိုရင် နားရွက်ကိုင်ရုံမက ဖင်ဘဲနှိုင်ကနှိုက် ဘာမှမပြောဘူး"

"ဖင်တော့ မနှိုက်ချင်ပါဘူးဗျာ ... ချီးစော်နံမှာပေါ့" ဟုဆိုပြီး ကျွန်တော် နားရွက်ပြားကြီးကို ကိုင်ကြည့်ပါသည်။ အင်း ... ချောမွတ်နူးညံ့ ညက်ညောလို့ပါကလား။ ကျွန်တော်တို့ဆီက မျောက်နားရွက်နှင့် တူသည်။

ကျွန်တော်သည် ဟိုဟိုသည်သည် ပွတ်သပ်ရင်း ...

"ညဆိုရင် သူဒါကြီး တစ်ဖက်ခင်း တစ်ဖက်ခြုံ အိပ်မှာဘဲနော်"

"သူတင် ဘယ်ကမလဲ သူ့မိန်းမပါ အတူခြုံအိပ်တာပေါ့"

"ဟင် ... ဓိမ်ပေါ့"

"တစ်ခါတလေ သူ့မိန်းကတစ်ဖက် ကလေးတွေကတစ်ဖက် ခြုံသိပ် ဘယ်"

"ဂျပိုးကိုက်တော့ တော်တော်ခံရမှာပဲ"

"ခင်ဗျားတို့ ကမ္ဘာမှာ ဒီလောက်နားရွက်ကြီးတဲ့လူ ရှိလား"

"ဟာ ... ဘယ်ရှိမလဲ။ အော် ... ဒါကြောင့် ဒီလောက်အစွမ်းထက်တဲ့ စာတွေရေးနိုင်တာပဲ" ကျွန်တော်သည် ရတ်တရက် (သမုဒ္ဒရာထဲ၌ ဇော်ဂနီ မာန်ဟုန်ဟုန် ဝတ္ထုစာရွက်ပြာရေနှင့် ထိတွေ့သော ငါးများပင် သေကြေပျက် စီးကြသည်ဆိုသော စကားကို မယုံကြည်ခဲ့မိသည့်အတွက်) ဝမ်းနည်း

နောင်တရမိပါသည်။ ဘာမယုံစရာရှိသနည်း။ ဤမျှနားရွက်ကြီးမားသူသည် ဘယ်မျှလောက် ဉာဏ်ပညာကြီးထွားမည်ကို ခန့်မှန်းနိုင်လောက်ပါပြီ "အင်း ...ခင်ဗျားတို့ ဆရာကြီးနောက်ထပ်ကိုယ်ပိုင် ဉာဏ်နဲ့ ဟိုဝတ္ထုမျိုးတွေ မရေးဖို့တော့ ချော့ထားကြပါဗျာ၊ ဘာသာ,သာဖိ ပြန်ခိုင်းစမ်းပါ"

"ပြန်တယ် ... ပြန်တယ် ဒါကတော့ စိတ်ချရတယ်။ အော ... ဟိတ်လူ" ကျွန်တော့်လက်ကို လှမ်းကိုင်၍ "သူ့နားရွက်ကို သိပ်ပွတ်မနေနဲ့ဗျ။ တော်ကြာ သူ့ချော့သိပ်တယ်မှတ်လို့ အိပ်ပျော်သွားပြီး ဂိုဂျော့်ကို သူ့ရုပ်ရှင်မပြချင်လို့ တမင်လုပ်တယ်ဆို စိတ်ကောက်နေဦးမယ်"

"အော် ... ဒီလိုလည်း စိတ်ကောက်တတ်လား"

"သူလည်း ပုထုဇဉ်ပဲဗျ ကြည့်ပါလား လူကိုက ဘယ်လောက်ပုနေသလဲ။ ဟော ... ဂိုဂျော် ... ဆရာကြီး စကားပြောချင်ပြီထင်တယ်ဗျ။ နားရွက်ကြော တင်းလာတယ်"

ဂိုဂျော် "အင်းဟုတ်တယ် ဖယ်လိုက်ကြ ဖယ်လိုက်ကြ"

ကျွန်တော်တို့ ဖယ်ပေးလိုက်ကြသောအခါ၌ ဆရာကြီး၏ နားရွက်နှစ်ခုသည် ပုစဉ်းတောင်ကဲ့သို့ ဖြန့်တန်းသွားကော ၁၂ ပေခန်းကလေး၌ ဟိုဘက်နံရံ သည်ဘက်နံရံ ထိလုခမန်းရှိချေသည်။ ဆရာကြီးမှာ နားရွက်ကားသလောက် နားထင်ကျပ်၍ ပါးစုံထွားသဖြင့် ကျယ်ပြန့်သော ပါးစပ်ကြီးနှင့် ပြုံးရယ်လိုက်သောအခါ မျက်စိများ ပျောက်ကွယ်သွားလျက်။

"ဂိုဂျော် ... ကျုပ်ရုပ်ရှင်ကြည့်ချင်တယ်"

ဂိုဂျော်သည် ပြုံးပြုံးပျာပျာနှင့်

"အော ... ကျွန်တော်ဆရာကြီးကို ပြဖို့အသင့်ပဲ စောင့်နေပါတယ်"

"အင်း... ဒီလိုမှပေါ့၊ ဟင်း ... သူက ဘယ်ကလဲ" ကျွန်တော့်ဖက်ကို မျက်စိမပွင့် တစ်ပွင့်နှင့် ကြည့်၍ မေးသည်နှင့် ကျွန်တော့် ညည့်ခံကော်မတီက အကျိုးအကြောင်း ပြောပြသည်တွင် ....

"အင်း ... အရင်တစ်ခါလာတဲ့ ကမ္ဘာက မဟုတ်ဘူးပေါ့"

"မဟုတ်ဘူး ဆရာကြီး အရင်လာတာက ကပ္ပကမ္ဘာကပါ အခုသူက ဘဒ္ဒကမ္ဘာကပါ"

"အိမ်း ... အိမ်း ... ကောင်းကောင်းနေကွဲ့"

ဤဆရာကြီးအား ဟိုကမ္ဘာ သည်ကမ္ဘာမှ လာရောက်ကြည့်ရှုကြ

သည်ဟု ဆိုပါသည်။

ရုပ်ရှင်ပြချိန်နီးပြီဟုဆို၍ ဆရာကြီးသည်သူ့နားရွက် သူပြန်ရုတ်သိမ်းပြီး၊ ဂိုဂျော်နှင့်အတူ ထွက်သွားသောအခါ ကျွန်တော်က ဒေ့ခံကော်မတီအား

"နေပါဦး၊ ခင်ဗျားတို့ဆီက ရုပ်ရှင်တွေက စာတန်းထိုးလား အသံထွက်လား"

"အသံထွက်ပါဗျာ"

"ဒါဖြင့်ဗျာ ... ခင်ဗျားတို့ ဆရာကြီး လူတွေ အများကြီးထဲမှာ ဘယ့်နှယ်လုပ်သူ့နားရွက်ကြီး နေနွာဖြန့်ကြည့်မလဲ"

"လေးကျပ်တန်း နောက်ဆုံးခုံမှာ သူတို့ရုပ်ရှင်က စပါယ်ရှယ်လုပ်ထားရတယ်ခင်ဗျ၊ နောက်ကနံရံမှာ နားရွက်ချိတ်ထားဖို့ သံချိတ်တွေ ဘာတွေနဲ့"

"ဒုက္ခနှယ် ကြီးပါဗျာ"

"မကြီးနဲ့လေ သူ့အကျိုးပေးနဲ့ သူပဲ၊ ကိုယ်ပိုင်ဉာဏ်နဲ့ ဝတ္ထုရေးပြန်လည်း အကောင်းလွန်ပြီး ဒီတိုင်းပြည်က လူတွေနဲ့ မတန်လို့ မရေးရဘူး။ ဒီတော့ ဘာသာပဲပြန်ရတာပေါ့။ တစ်ခါ ကချလာပြည်မှာ "ချာသဝေကျိတ်ကြဲဆု" ဆိုပြီး ကိုယ်ပိုင်ဉာဏ်နဲ့ ရေးတဲ့ ဖိုးညှောက်မေအလင်' ဝတ္ထုကိုဆုငွေဘစ်ထောင်ပေးလိုက်တယ်။ အဲဒါဆရာကြီးသိတော့ မခံမရပ်နိုင်ဖြစ်ပြီး ဟာ.. ဒီလိုဆို ကျုပ်လည်း ကိုယ်ပိုင်ဉာဏ်နဲ့ ဝတ္ထုရေးဦးမယ်ဆိုလေတော့၊ တကယ်ဘည်းအားလုံး မျက်လုံးမျက်ဆန်ပြူးပြီး လာတောင်းပန်ကြရတယ်။ "ဆရာကြီး ရေးချင်ရင်တော့ရေးပါ။ ဒါပေမဲ့ အရင် 'လွမ်းလေရော့လဟယ် ... လဟယ် .... 'ဝုန်းဗလုံးဒုံးဒိုင်း' 'ဇော်ဂနီမာန်ဟုန်ဟုန်' ဝတ္ထုမျိုးတွေတော့မလုပ်လိုက်ပါနဲ့ အခုဘာသာပြန်နေတာတွေ ရှိတာပဲ ပျင်းစရာခပ်ကောင်းကောင်း ဝတ္ထုမျိုးပဲရေးပါ။ ကျုပ်တို့ ချာသဝေကျိတ်ကြဲအဖွဲ့လည်း ဘယ်သူမှ ခင်မစွက်ဖက်နိုင်ပါဘူး။ ဘာပဲဖြစ်ဖြစ် ဆရာကြီးရပါစေမယ်" ဆိုပြီး ဆရာကြီးရေးတဲ့ ဝတ္ထုကို ကျုပ်တို့တိုင်းပြည်သုံး ကိုယ်ရေးဝ (Koraywa) ဒင်္ဂါးပြားရေ တစ်ထောင်တိတိ ပေးလိုက်ရတယ်"

"တယ်လည်း ဘုန်းတန်းခိုးကြီးပေတာပဲနော်"

"ဟာ ... ကြီးတာကတော့ မပြောနဲ့တော့ သူ့ထက်ကြီးတာ သူ့အဖေပဲ ရှိတော့တယ်"

"ဟင် ... သူ့အဖေက သူ့ထက်ကြီးသေးသလား"

"သူ့အဖေပဲဗျ ... သူ့မွေးတာ၊ သူ့ထက်မကြီးပဲနေမလား"

"အော် ... ဒါပြောတာလား၊ အင်း... ဆရာကြီးနဲ့ တွေ့ရတာ ကျုပ်ဒါ လောက်နဲ့ မကျေနပ်သေးဘူးဗျာ ... ဆရာကြီးကလည်း အသွားမြန်လိုက်တာ"

"ဟာ... မြန်ဆို ဆရာကြီးက လက်ဖက်ရည်ဒကာ ရုပ်ရှင်ဒကာ ရှိနေမယ်ဆိုရင် ဘယ်သူ့မှ သောက်ဂရုမစိုက်ဘူးဗျ။ အခုန ... ခင်ဗျားမှာ တစ်ကမ္ဘာကလာတဲ့ ဧည့်သည်မို့ "အိမ်း ... အိမ်း ... ကောင်းကောင်းနေကွဲ့" လို့ ကောင်းချီးပေးသွားသေးတာ၊ ခင်ဗျား ပါရမီထူးတယ် အောက်မေ့လိုက်ပါ"

"ဟုတ်ကဲ့... ဝမ်းသာလှပါတယ်ဗျာ။ ဒါနဲ့ ကျွန်တော် ဆရာကြီးဆီက ဝတ္ထုရေးနည်းပညာဆည်းပူးချင်တယ်ဗျာ"

"ဘာဝတ္ထုရေးနည်းမျိုးလဲ ... ဇော်ဂနီမာန်ဟုန်ဟုန်လို စုန်းတစ္ဆေဝတ္ထု မျိုးဆိုရင် ရေးပုံရေးနည်း ပြောပြတာနဲ့ ခင်ဗျားတစ်ချက်ထဲ အသက်ထွက် သွားမပဒ်မှတ်ထား"

"ဒါမျိုး မဟုတ်ပါဘူးဗျာ။ အခုကျုပ်တို့ ကမ္ဘာမှာ ခေတ်စားနေတာက အချစ်ဝတ္ထုဗျ။ အချစ်ဝတ္ထုရေးနည်းမျိုးလိုချင်ပါတယ်"

"ဒါမျိုးလည်း သွားမစမ်းနဲ့ အချစ်ရဲ့ သဘောတရားဆွေးနွေးရုံနဲ့ ဆရာကြီးနဲ့ ခင်ဗျားနဲ့ ညားသွားလို့ တော်ကြာ ဆရာကတော်က ခင်ဗျားကို လင်ခိုးမဆိုပြီး အိမ်ပေါ်က ဖိနပ်နဲ့ ခုတ်ချမယ်သိရဲ့လား"

"ဟင်... ဒါလောက်ပဲလား"

"ဒါမျိုးက ကြုံဖူးပြီ။ ခင်ဗျား အခု ဆရာကြီး ဗိုက်ကြီးပူနေတာ မြင် တယ်မဟုတ်လား"

"အင်း ... ဟုတ်တယ် အဲဒါဘာပြုလို့လဲ"

"အဲ့လိုအချစ် ဝတ္ထုရေးနည်း လာဆည်းပူးတဲ့ လူတစ်ယောက်နဲ့ပေါ့ဗျ။ အဲဒီလူက ပိုက်ဆံချမ်းသာတော့"

"အင်း... ဘာဖြစ်ကရောလဲ"

"ဘာဖြစ်ရမလဲ ...အဲဒီလူက ဆရာကြီး ပညာအလွန်အမင်း သဘော ကျတာနဲ့ နေ့တိုင်း ဆရာကြီးကြိုက်တတ်တဲ့ ဆီဦးထောပတ်တွေ ဝယ်ဝယ် ကျွေးတာ ဆရာကြီး သဘောကလည်း ဒကာရှိမယ်ဆိုရင် ဒီလူကုသိုလ်ရစေ

ချင်တဲ့ စေတနာနဲ့ ရေတောင် ကိုယ်ကျိုးအနစ်နာခံပြီး သေအောင်သောက် တတ်တော့ တစ်နေ့တခြား ကိုယ်ကြီးက ဖားပြုတ်ကြီးလို ဖြစ်ပြီး ဗိုက်ကြီးရွဲ့ လာတာပေါ့။ ဒီတော့ ဆရာကတော်က ဒါဟာ ... သူ့သက်သက်ညှင်းတာပဲ ဆိုပြီး။ အဲ့ဒီလူကို ဖိနပ်နဲ့ခုတ်လွှတ်တယ်၊ သူ့ခမျာ စာရေးဆရာလည်း မဖြစ်ရှာဘူး၊ နဖူး အမာရွတ်ကြီးဘဲ အဖတ်တင်နေတော့တယ်။ ဒါတောင် အဲ့ဒီလူက "ဒါ ... ငါ့ဆရာကြီးကတော် ဒေါက်ဖိနပ်ခွာရာ ... ငါ့ဆရာကြီးက တော် ဒေါက်ဖိနပ်ခွာရာနဲ့... လူတွေတိုင်း... သူ့နဖူးသူ လက်ညှိုးထိုး ထိုးပြပြီး ဂုဏ်ယူရှာတယ်။ သူ့နာမည်က ကိုချင်ပေါင်ဆီတဲ့ ခင်ဗျားတွေကြည့်မလား"

"နေပါစေတော့ဗျာ ... ဒီလူမျိုးတွေလည်း မတွေ့ပါရစေနဲ့ သူ့လိုလည်း မဖြစ်ပါရစေနဲ့"

"အေး ... ဒါဖြင့် ခင်ဗျားကျုပ်တို့ ဆရာကြီးဆီက ဘာမှမဆည်းပူး ချင်နဲ့တော့၊ ဒီတိုင်းပြည်က သည့်ပြင်ဟာတွေပဲ ဗဟုသုတယူဖို့ စိတ်ကူး တော့"

ထို့ကြောင့် ကျွန်တော်သည် ဤတိုင်းပြည်က စာရေးဆရာဖြစ်အောင် နည်းရဖို့ကို လက်လျှော့လိုက်ရပါတော့သည်။ ဤမှ ဘိုးဘိုးအောင်နှင့် ကျွန်တော်လမ်းတွင် ပြောခဲ့ကြသော နိုင်ငံရေးစကားများကို သတိရ၍။

"ဒါနဲ့ ... ခင်ဗျားတို့ နိုင်ငံ ပြည်တော်သာရဲ့လားဗျ"

"ဘာလဲဗျ ... 'ပြည်တော်သာ' ဆိုတာက"

ဒီလူ့မှာ ဧည့်ခံ ကျွေးမွေးပြုစုကာ ကပ်ယပ်စားချင်၍သာ ဧည့်ခံကော် မတီ လုပ်နေခြင်းဖြစ်ပါသည်။ လူမှာ အတော်အူပါသည်။ "ပြည်တော်သာ" ဆိုသည်ကိုမှ သူနားမလည်။ ထို့ကြောင့် ကျွန်တော်က မိမိသိသမျှ ရှင်းပြရ ပါသည်။ သို့သော် ကျွန်ုပ်တော် ကိုယ်တိုင်မှာလည်း မိတ်ဆွေသိသည့်အတိုင်း ပင်၊ နိုင်ငံရေးဆို၍ ဘာမျှ ဟုတ္တိပတ္တိနားလည်သူ မဟုတ်ရကား ဤကျွန်တော့် လောက်မှ မစွန်သော ထိုကချလာပြည်သားအား တက်ရောင်ကားလုပ်ရာ၌ မိတ်ဆွေတို့က ကျွန်တော့်ကို ကိုယ့်ဗမာပြည်သားအချင်းချင်းမို့ ပြောမှား ဆိုမှားရှိလျှင် ခွင့်လွှတ်တော်မူကြပါရန်။

"ဒီလိုဗျာ ကျွန်တော်တို့နိုင်ငံမှာ ၉၅ ရာခိုင်နှုန်း ငြိမ်းချမ်းရပြီလို့ ကြေညာပြီးတဲ့နောက် တော်တော်ကြာတဲ့အခါမှာ လက်ရှိအစိုးရက တစ်စ

ထက်တစ်စ ဆိုး၀ါးနေတဲ့ သူပုန်တွေကို သောက်ဂရုမစိုက်တော့ပဲ ပြည်တော်သာ စီမံကိန်းရေးဆွဲတယ်။ အဲဒီ စီမံကိန်းထဲမှာ အချက်ကြီး ၁၀ ချက်ပါတယ်။ ဒီအချက်ကြီး ၁၀ ချက်က ဘယ်လောက်များ ကြီးကျယ်ခမ်းနားလည်းဆိုရင် ကိုယ့်ပါတီဝင် နယ်ကိုယ်စားလှယ်တော်တွေ ဖိတ်ခေါ်ပြီး ဖတ်ပြတာနဲ့ကို ငွေ ၅ သိန်းလား၊ ၆ သိန်းလား ကုန်တယ်။ လက်တွေ့ဆောက်ရွက်ဖို့ကျတော့ ၄၇ ကုဋေ ကုန်မယ်လို့ စာရင်းပြတယ်။ လက်ရှိဘဏ္ဍာငွေနဲ့ဆိုတော့ ငွေကလေး ၂၉ ကုဋေပဲ လိုနေတယ်။ အဲဒါကို ဖ.ဆ.ပ.လ အမတ်ကြီး တစ်တွေက နှစ်နှစ်သက်သက် လေးလေးနက်နက်ကြီး ချီးကျူးထောက်ခံပါ လျက်နဲ့ ဒီဘာမဟုတ်တဲ့ အမေကျော် ဒွေးတော်လွမ်းတဲ့ သောက်သုံးမကျတဲ့ လက်တစ်ဆုပ်စာ အတိုက်အခံ အမတ်ကလေးတစ်စုက သေနာမွဲတဲ့ ဘတ်ဂျက်ကလေး အသုဘဘတ်ဂျက်လေး ဒေဝါလီ ဘတ်ဂျက်လေးနဲ့ ဝေဖန်ကြတယ်။ အဲဒါကိုဗျာ သူတို့ပြောတဲ့ သေနာမွဲ ဒေဝါလီဘတ်ဂျက် မဖြစ်ရအောင် ဒီလိုနေတဲ့ ငွေကလေး ၂၉ ကုဋေ ကိုယ့်တိုင်းပြည်ကပဲ ကိုယ်ရဖို့ ဘယ်လိုလုပ်ရမလဲဆိုတာ ခင်ဗျားတို့ဆီက နိုင်ငံရေးပါရဂူကြီး တွေဆီမှ တတ်နိုင်ရင် အကြံဉာဏ်ပေးဖို့ တောင်းချင်ပါတယ်"

"အို .... ဒီကိစ္စတော့ စိတ်ချ။ ကျုပ်တို့ဆီက ဘဏ္ဍာရေးဝန်ကြီးက ဒါမျိုးတော်လွန်လွန်းလို့ နဖူးဦးကင်းမှာကို ရွှေချထားရတယ် ... သူ့ဆီ သွားမေးလိုက်ရုံပေါ့"

"ကဲဗျာ ...ဒါဖြင့်... လာ... သွားကြမယ်"

"အို ... ခင်ဗျားကလည်း ဝန်ကြီးများ တိရစ္ဆာန်ရုံထဲက ဝက်ဝံ မှတ် နေလား၊ တွေ့ချင်ရင် ကြိုတင်ပြီး အခွင့်တောင်းဦးမှပေါ့ဗျ"

"ဒါတော့ ခင်ဗျားပဲ ကြည့်စီမံပေးဗျာ"

ထို့နောက် ကျွန်တော်တို့သည် ဂိုဂျော်၏ စာအုပ်တိုက်ထဲမှ ထွက်ခဲ့ ကြ၍ တရားရုံးများ ပုလိပ်ဌာနများကို သွားရောက်ကြည့်ရှုရာ ကျွန်တော့် စိတ်တွင် မဝေခွဲနိုင်သော အမှုနှစ်ရပ်ကို တွေ့ခဲ့ရပါသည်။ မိတ်ဆွေကား သဘောပေါက်လိမ့်မည်လားမသိ။ ကျွန်တော်ပြောပြပါမည်။

* * *

## ပြည့်တန်ဆာမ, ပပျောက်ရေး

၇၅ ရာဘက် တရားသူကြီးဆိုလား၊ သူ၏ရုံးခန်းထဲသို့ ကျွန်တော် ရောက်သွားသောအခါ၌ တရားသူကြီး၏ လက်နှိပ်စက်သံလည်းမပြည်။ ရှေ့နေရှေ့ဘက်၏ လျှောက်လဲသံလည်း မကြားရ။ ပရိသတ်လည်း ဆိတ်ငြိမ်၍ ဝက်ခြံထဲက တရားခံဖြစ်ဟန်တူသူလည်း ငေးစိုက်ကာ၊ တရားသူကြီးလည်း မျက်မှောင်ကုတ်လျက်။

အလွန်အမင်း 'ဖက်ရှင်' ကျလှသော သူငယ်မတစ်ယောက်သည် အားလုံးရှေ့မှောက်၌ လမ်းလျှောက်လျက်ရှိလေသည်။

သူငယ်မ၏ မျက်နှာမှာ ဆေးရောင်ခြယ်မှုန်းထားသော ပါးနီပါးအို့ မို့မို့ဖောင်းလျက် မျက်ခုံးမျက်စ အောက်တွင် မှင်ဆေးရည်ဆွဲထားသည့် ရွှေမျက်တောင်ကော့တို့မှာ ဖေမက်အောင်ကျော့၍၊ တျာတျာနီသော နှုတ်ခမ်းငုံ၏ နေထားပုံသည် အစာအာဟာရ စားသောက်ရန်လည်းကောင်း၊ စကားပြောရန်လည်းကောင်း၊ အသုံးချသော ဌာနမဟုတ် ရာဂအလုပ်နှိုးဆွရန် သော့ချက်ဟုသာ ထင်ရသည်။

အင်္ကျီလက်တို ကိုယ်ကျပ်မှာလည်း ကျွန်တော်တို့ဆီက မှန်နိုင်လွန် ဇာနိုင်လွန်တို့ကဲ့သို့ပင် ပါးလွှာလှသည်။ ထိုမဒီ၏ ရင်သားတို့မှာ မည်မျှ ကြီးထွားရှည်လျား မာချွန်နေအောင် ပြုပြင်ထားသနည်းဟုမူ ဝက်မလွတ်သီးမွေး ငှက်ပျောဖူးကြီးနှစ်လုံးကို မှန်နိုင်လွန်အောက် ပြူတ်လုတည်းကာ ဇာဘော်လီထဲ၌ မလုံတလုံကလေးဝှက်၍ တစ်ဖက်တစ်လုံး ချိုင်းကြားညှပ် လာသည်ဟု ထင်ရပါသည်။

တင်ပါးဆုံတင်ပါးအိုးပြည့် ဖြိုးထွားညက်အိစက်စက်ရှိပုံမှာလည်း ဤနေရာဤဌာနသည် ကျင်ကြီးကျင်ငယ် စွန့်ပစ်ရာ ဒွာယမဂ် ဝစ္စမဂ်တို့၏ အဆောက်အအုံဟု အဘယ်မည်သော ပုထုဇဉ်နော ဥမ္မာတကောတို့မှာ မထင်မြင်နိုင်။ ကာမစရိုက် အမြိုက်အရသာတို့၏ စုဝေးရာရိပ်မြုံဟူ၍သာ အငမ်းမရတမ်းတ, နေစိမ့်ပေတော့သည်။

လောကီအလိုအားဖြင့်... တယ်နိပ်။

ကျွန်တော်၏စိတ်တွင်အစ ပထမဦးဖြင့် ဤကလေးမသည် 'မယ်က ချလာ' ပြိုင်ပွဲဝင်ရာ၌ အကဲဖြတ်လူကြီးတွေကို မကျေနပ်၍ ဤ၇၅ ရာဘက်

တရားသူကြီးထံ လာရောက်လျှောက်လှဲနေသည်ဟု ထင်မိသဖြင့် "ဟာ ... ဒီလိုဆို ... ဒီ အကဲဖြတ်လူကြီးတွေ ကြိုးစင်တင်ပစ်ဖို့ ကောင်းတာပဲ" ဟု စီရင်ချက်ချလိုက်မိပါသေးသည်။

သို့သော် ... တရားသူကြီးသည် ဤကာမအိုး ... ရာဂဘူးတို့၏ အုံနာမကလေးကို သေသေချာချာကြည့်ရှုပြီးနောက်။

"ကဲ ... တော်ပါပြီ" ဟု ဆို၍ တရားခံ လူငယ်ဘက်လှည့်ကာ "တရားခံ မောင်ခို... မင်းမနေ့က သူ့ကိုတွေ့တာ ... ဒီအဝတ်အစား ဒီအပြု အပြင် ဒီအမူအရာ ဒီမျက်နှာလေးအတိုင်းပဲလား"

တရားခံငယ်သည် လက်အုပ်ချီကာ

"တစ်စက်ကလေး မလွဲပေါင် ဘုရား"

"ဒါဖြင့်... လွှတ်စေ"

ဖျောင်းဖျောင်း .... ဖျောင်းဖျောင်း ... ဖျောင်းဖျောင်း...

အားလုံးပရိသတ်မှာ တရားနည်းလမ်းကျလှပေသည်ဟု လက်ခုပ်သြဘာ ပေးကြကုန်သည်။ တရားလိုမ မဟတ္တာပင် ပြုံးကြည့်လျက်ရှိ၍ ကျွန်တော် မဝေခွဲနိုင်အောင် ဖြစ်ကာ ဒည့်ခံကော်မတီအား။

"ဒါ... ဘာအမှုလဲဗျ"

"လမ်းမလယ်ခေါင် ဖက်နမ်းတဲ့အမှုလေ။ တရားခံနာမည်က ကိုမောင်ခိုတဲ့ ရှင်းရှင်းပြဇာတ်ရုံက စန္ဒာလှဆရာကလေးပေါ့။ အနုပညာသည်ဆိုတော့ ဒါမျိုးမြင်ရတဲ့အခါမှာ စိတ်မချုပ်တည်းနိုင်ဘူးပေါ့လဗျာ။ ဒီ ၇၅ ရာဘက် တရားသူကြီးက ဒီအမှုမျိုးမှာ သိပ်တော်တာပဲ ဘယ်တော့မှ မျက်နှာမလိုက်ဘူး။ တရားလိုမ ကလေးက သူဌေးသမီး ဟိုတုန်းက ဂါဂယာဝတ်တာ အခုခေတ်မှ ကချလာလို ဝတ်တော့ပိုပြီး အတွင်းပစ္စည်းအလှပြရတယ်ဆိုပြီး သဘောရှိကြဲနေတဲ့ သူငယ်မ ပေါ့ဗျ။ မနိပ်လား ခင်ဗျားရရင် ယူမလား"

"ဘုရားစူးပါစေ၊ ယူပါ့မယ်၊ ဒါနဲ့ နေဦး သူကအမှုရှုံးနေတာတောင် ပြုံးနေတာ ... ကျွန်တော်မြင်ရတယ်၊ ဘာအဓိပ္ပာယ်လဲဗျ ရှက်ပဲမရှက်ဘူးတဲ့လား"

"ဒါတော့ သူတို့လိုမိန်းမကလေးတွေ သဘော ကျွန်တော်မပြောတတ်ဘူးဗျာ"

ကျွန်တော် နောက်တစ်မှု တွေ့ရသည်မှာ ပုလိပ်ဌာနတစ်ခုတွင် ဖြစ်ပါသည်။

အသက် ၄၀ခန့် ကိုယ်လုံးကိုယ်ပေါက် တောင့်တောင့်တင်းတင်းနှင့် ကျန်းမာသန်စွမ်းသော ယောက်ျားကြီးတစ်ယောက်သည် လုံချည်မပါ။ အတွင်းခံဘောင်းဘီကလေးဖြင့်သာ ဂါတ်ထဲသို့ မောကြီးပန်းကြီး ပြေးဝင်လာလျက် ....

"အမယ်လေး ... တိုက်ပိုင်မင်းရဲ့ အမယ်လေး ... တိုက်ပိုင်မင်းရဲ့ အမယ်လေး ... လေး ... တိုက်ပိုင်မင်းရဲ့"

သူ့မျက်နှာမှာ ယောက်ျားကြီးတန်မဲ့ အလွန်တရာကြောက်လန့်စိုးရိမ်ပုံပေါ်နေလျက် ပြောချင်သောစကား ရုတ်တရက် မပြောနိုင်ရှိနေရာ ဌာနအုပ်က ...

"ပြောမှာ ပြောစမ်းပါ။ ကျုပ်ခေါ်ပြီး အမယ်လေး လေး ငှီကာရွတ်မနေစမ်းပါနှင့်"

ကျွန်တော့်စိတ်တွင် သူ့အား လူတစ်ကျိပ်လောက်က လိုက်သတ်နေကြသည်ဟု ထင်မိပါသည်။ သို့သော် သူပြောပြသောအခါ၌ ရယ်ချင်လှပါသည်။ ရူးများနေချင်သလားဟု အောက်မေ့မိပါသည်။ အရန်န, ရန်ကော ...ဟုလည်း နားရင်းအုပ်ချင်စိတ်ပေါ်ပါသည်။ ကျုပ်တို့ ကမ္ဘာသူ ကမ္ဘာသားတွေနှင့် ကွာရန်ကော ... ကြည့်ပါဦး မိတ်ဆွေရယ် ... သူ၏ တိုင်ချက်က...

"ဒီ... ဒီ... ဒီလိုပါ တိုက်ပိုင်မင်းရဲ့ မိန်း ... မိန်း...မိန်းကလေးတစ်ယောက် အသက်နှစ်ဆယ် အစိတ်လောက်ပဲ ရှိပါဦးမည်။ ချောကချောသနှင့် လှကလှသနှင့်၊ အခုနေ့ခင်း ကျွန်တော်မျိုး တစ်ယောက်တည်း ကျွန်တော်မျိုးအိမ်မှာနေတုန်း နောက်ဖေးပေါက်ကတက်လာပြီး ကျွန်တော်မျိုး အိပ်ရာထဲ အရောက်ဝင်လာပြီး ကျွန်တော်မျိုးကို သွေးဆောင်ပါသည်။ သူက ဒါမျိုး ဘက်ဝါသနာပါလွန်လွန်း၍ တမောတပန်းလောက်မျှ ကျေးဇူးပြုပါ။ ဘယ်သူ့မှ မပေါက်ကြားစေရပါဘူးဟု ပြောပါသည်။ ကျွန်တော်မျိုး ကြောက်ရွံ့ထိတ်လန့်စွာ ငြင်းဆန်နေတုန်းမှာ သူ့ကိုယ်က အဝတ်တွေချွတ်ခွာပြီး ကျွန်တော်မျိုးကို အတင်းဖက်ပါသည်။ အခု သူ့ကိုယ်က အမွှေးနံ့သာတွေ ပေကျံနေတာပဲ၊ တိုက်ပိုင်မင်း ရှုရှိုက်တော် မူပါတော့"

ဟုတ်ပါ၏။ သူ့ကိုယ်တွင် ယခုတိုင် မွေးကြိုင်၍နေပါသည်။ မိန်းမငယ်၏ နှုတ်ခမ်းနီဆိုးဆေးတို့ပင် သူ့ပါးပြင်၌ရေးရေးထင်နေပါသည်။

ဌာနအုပ် "အင်း ... ဒါနဲ့ ခင်ဗျား စိတ်မချုပ်တည်းနိုင်မှု ဖြစ်ခဲ့တယ်ဆိုပါတော့"

"မဖြစ်ပါဘူး၊ သူ ကျွန်တော်မျိုးလုံချည် အတင်းဆွဲချွတ်ရာ၌ ကိုယ်လွတ်ရုန်း၍ ပြူတင်းပေါက်က ခုန်ချခဲ့ရပါသည်။ ဖနောင့်ပင် နည်းနည်းမျက်နေပါသည်။ မယုံလျှင် တိုက်ပိုင်မင်း ကိုင်ကြည့်ပါ" ခြေထောက်ကို မြှောက်ပြရာ။

"မလိုပါဘူး ခင်ဗျားဒီသူငယ်မကို မြင်ရင် မှတ်မိနိုင်ပါ့မလား"

"မထင်ပါ ကျွန်တော်မျိုး သူ့ကိုကြောက်အားနှင့် ကြည့်ရသည်ဖြစ်၍ မသဲမကွဲ မဲမဲပဲ မြင်ယောင်နေပါသည်။

"တယ် ... ခင်ဗျား မြင်ပုံကလဲ"

"ကျွန်တော်မျိုးမှာ မျက်မှန်တပ်ရသူ ဖြစ်ပါသည်။ အိပ်ခါနီး မျက်မှန်ချွတ်ထားသည်ဖြစ်၍ သူလာသောအခါ၌ မျက်မှန်တပ်ချိန်မရပါ"

"ဒါနဲ့ ခင်ဗျား ချောတယ်လှတယ်ဆိုတာက ဘယ့်နယ်လုပ် သိတာလဲ ..."

"ဒါမျိုးတော့ မျက်မှန်ပါပါ မပါပါ ကျွန်တော်မျိုး ဗီဇပင် သိပါသည်"

"တယ်တော်တဲ့လူ"

"တိုက်ပိုင်မင်းက ဤကဲ့သို့ ချီးမွမ်းသည်ကို ကျွန်တော်မျိုး ကျေးဇူးတင်လှပါသည်"

"ရှည်မနေပါနဲ့၊ ခင်ဗျား တိုင်ချင်တာက ဒါပဲ မဟုတ်လား"

"ဤမျှမကပါ၊ ကျွန်တော်မျိုးမှာ လာမည့် ဘုရားလူကြီးရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ပါ၍ ကျွန်တော်မျိုးကို ပြိုင်ဘက် ရန်သူက အသက်အန္တရာယ် ပြုသည်ဟု ထင်ပါသည်။

"ခင်ဗျားတို့ ဘုရားလူကြီးလုပ်မယ့် လူတွေက ဒါလောက်ပဲလား အမတ်ရွေးကောက်ပွဲကျနေတာပဲ"

"အမတ်နှင့် ဘုရားလူကြီး နာမည်သာ ခြားပါသည်။ သဘောတရားခြင်းမှာ အတူတူပင် ဖြစ်ပါသည်။ ယခု ဘုရားကျိုးပြုပြင်ရန်မှာ သုံးဖို့သဏ္ဍာ

တော်ငွေ ၄၇ ကုဋေ ရှိနေပါသည်။ ထို့ပြင် ကျွန်တော်မျိုးမှာ လူသိနတ်ကြား အရက်ဖြတ်ထားတာ ၃ ရက်မျှ ရှိပြီဖြစ်၍ ဤရွှေးကောက်ပွဲ၌ ရှုံးဝါးလောက်ဖြစ်နေပါသောကြောင့် ယုတ်မာသော ရန်သူက ဤမိန်းကလေးနှင့် ကျွန်တော်မျိုးကို အပြုတ်တိုက်တာ ဖြစ်ကြောင်း တိုက်ပိုင်မင်းထံ တိုင်ချက်ဖွင့်ထားပါသည်။"

"ကောင်းပြီး ခင်ဗျား ဘယ်သူပါလဲ"

"ကျွန်တော်မျိုးမှာ နာမည်ကျော် ရုပ်ရှင်ဒါရိုက်တာကြီး ဦးဖရွှင် ဖြစ်ပါသည်။"

ဌာနအုပ် အံ့အားသင့်ကာ–

"ဩ ... ဆရာကိုး ဘယ့်နှယ် စကားပြောတာက စာသံပေသံပါလှချည်လား။ ကျွန်တော်က သာသနာ့ရိပ်သာက လူပြန်တော်ပညာရှိ အောက်မေ့တာ"

ဦးဖရွှင်သည် အမူအရာပြောင်းသွားကာ–

"ဒီလိုပေါ့ဗျာ ဘုရားလူကြီးလုပ်မယ်ကြံတော့ စာသံပေသံနဲ့ပြောရတာပေါ့ ... ဟဲဟဲ သွားမယ်နော်"

"ကောင်းပါပြီ ဆရာ"

ရုပ်အင်္ကျီအတွင်းခံ ဘောင်းဘီတိုကလေးနှင့် ဦးဖရွှင် ပြန်သွားသောအခါ ကျွန်တော်မှာ သူ့ကိုယ်စား အားမလိုအားမရဖြစ်၍ ...

"ဘယ့်နှယ်ဗျာ...တိုက်ပိုင်မင်း ခင်ဗျားတို့ဆီက ဘုရားလူကြီးဆိုတာနဲ့ဒါမျိုးကင်းရတော့မယ်လား၊ ဘုရားလူကြီးဟာ အရိယာမှ မဟုတ်သေးတာပဲဗျ။ ကျွန်တော်တို့ဆီက လူကြီးလူကောင်းတွေနဲ့များ ကွာပါ့ဗျာ၊ ကောင်မလေးက ကိုယ့်အိပ်ခန်းထဲရောက်လာလို့ မုတ်ဆိတ်ပျားစွဲတဲ့ နောက်မှ လျှာထုတ်လျက်လိုက်ရုံရှိတော့တာပဲဗျ"

"လျှာထုတ် လျက်တော့ ပျားတွေက မတုပ်ပဲ နေမတဲ့လား။ လျှာပျားတုပ်ထားတော့ ပျားရည်အရသာ ခံစားနိုင်ဦးမတဲ့လား။ အလကားဗျာ ... ဒီ 'မုတ်ဆိတ်ပျားစွဲ' ဆိုတဲ့ စကားဟာ အနှောင့်အသွားမလွတ်လို့ ကျုပ်တို့ဆီမှာ မသုံးပဲ ပစ်ထားလိုက်တာ ကြာလှပြီ"

"ဒါဖြင့်ဗျာ ... မွှေးကြိုင်တဲ့ ပန်းပွင့်ကလေးက ... ကိုယ့်နှာခေါင်းဝလာ

တွေ့လို့မှ မရှုလိုက်လူမိုက်ပေါ့ဗျ..."

"အဲဒီ ပန်းကလေးဟာ မွေးကြိုင်ပေမယ်လို့ အဆိပ်မပါဘူး ပါတယ် ဆိုတာ ခင်ဗျား သိနိုင်မလား"

"တိုက်ပိုင်မင်း ဘယ်လို ဆိုလိုပါသလဲ"

"နောက်ပြီးမှ ဒီမိန်းကလေးက မကျေနပ်ဘူးဆို လာတိုင်ရင် သေဒဏ် ခင်ဗျာ့"

"ဗျာ ... သေဒဏ် ... သူ့အိပ်ခန်းထဲရောက်လာပုံအတိုင်း အတင်း အကြပ်ခိုင်းစေပုံတွေ ပြောပြမှာပေါ့ဗျာ ... ကောင်မကလေးက သူ့ချော့ခေါ် ပြီး မတရားပြုကျင့်ပါတယ်လို့ကော သက်သေပြနိုင်မလား"

"ကောင်မကလေးက မပြနိုင်ရုံမကလို့ ယောကျ်ားဘက်က ကောင်မ လေး ဒီလိုလာ သွေးဆောင်တဲ့အကြောင်း၊ သက်သေပြနိုင်သည့် တိုင်အောင် ဆရာဝန်နဲ့ စစ်ဆေးကြည့်လို့ သူစပ်ယှက်ကြောင်း ယုံကြည်တဲ့ အခါမှာ ကျုပ်တို့ဆီက ဥပဒေအရ သေဒဏ် ခင်ဗျ ...သေဒဏ်မှ သည့်ပြင် ရာဇဝတ်မှု တွေလို လည်ပင်းကြိုးကွင်းစွပ်ပြီး တစ်ချက်ထဲ သတ်လိုက်တာ မဟုတ်သေး ဘူး၊ ဟိုဒင်းပြုတ်တူနဲ့ညှပ်ပြီး တဖြည်းဖြည်းသတ်တယ်"

ကျွန်တော် ကြက်သီးမွေးညှင်းထကာ ...

"အမယ်လေး ... ဒါဘယ်လိုလူများထုတ်တဲ့ ဥပဒေလည်းဗျာ ကျုပ်တို့ ဆီမှာဆို အလွန်ဆုံး ထောင်ခြောက်လပဲ၊ ငွေကုန်ခံနိုင်ရင် တကယ်ဘာလက္ကယ ပြုတာတောင်မှ မိန်းကလေးကို အရပ်ပျက်ဖြစ်အောင် အမှုတင်လိုက်တာပဲ"

"အဲဒါ ဆင်းရဲတဲ့ အမျိုးသမီးကလေးတွေ ဘဝဆုံးရှုံးရတဲ့ သဘော တရားပေါ့ဗျ၊ ကျုပ်ဆီမှာတော့ 'ပြည့်တန်ဆာမ, ပပျောက်ရေး" ဆိုပြီး အခုနလို တစ်ချက်လွှတ် ဥပဒေမျိုးတွေ ထုတ်လိုက်တယ်။ တစ်ခါထဲ ... ဒါမျိုးတွေ ပပျောက်ကုန်တာပဲ"

"ခင်ဗျားတို့ဟာက ကြမ်းလွန်းတယ်ဗျာ ... နို့ပြီး ... ယောကျ်ားတွေ ဘက် တစ်ဖက်သတ် ကျလွန်းတယ်"

ဒါတော့ ... တကယ် ပြည့်တန်ဆာမ, ပပျောက်စေချင်တယ်ဆိုရင် ဒီလိုပဲ လုပ်ရမယ်ဗျ။ မိန်းမတွေ ပြည့်တန်ဆာဘဝ ရောက်ရတာဟာ ယောကျ်ား တွေကြောင့်ပဲ။ ဘယ်လိုနည်းနဲ့ ကြည့်ကြည့် ယောကျ်ားဟာ တရားခံပဲ ...။

ယောက်ျားက အလိုမတူပဲနဲ့ မိန်းမက ဘလက္ကယ မပြုနိုင်ဘူး။ ပြုနိုင်တဲ့ အင်အားမရှိဘူး။ ပြုချင်တဲ့ သဘာ၀စိတ်မျိုးမရှိဘူး။ အခုတော့ ... မိန်းမက အားနည်းတဲ့အမျိုးဆိုပြီး ယောက်ျားတွေကသာ သွေးဆောင်ဖျက်ဆီးကြ တယ်။ အပျော်အပါးရှာတယ်ဆိုတာဟာ ယောက်ျားတွေကသာ ရှာကြ တယ်။ အစဉ်သဖြင့် မိန်းမက သားကောင်၊ ယောက်ျားက အမဲလိုက်သမား ပဲ။ ဖာခေါင်းတွေ အမျိုးသမီးချင်းဖျက်ဆီးတဲ့ မိန်းမတွေ ဖြစ်လာရတာလည်း ဒီယောက်ျားတွေကြောင့်ပဲ။ ဒါကြောင့် ယောက်ျားတွေဘက် တစ်ဖက်သတ် အပြစ်ချတယ်။ အလွန်ပြင်းထန်တဲ့ စီရင်ချက်ကို ချရတယ်။

"ဒီစီရင်ချက်မျိုးကော ထိုက်တန်သလား မတန်ဘူးလားဆိုတာ ခင်ဗျား အကြောင်းအကျိုးအခြေခံသဘောတရားနဲ့ စဉ်းစားကြည့်၊ ဥပမာ...ငမဲက ငဖြူကို ဓားနဲ့ထိုးသတ်လိုက်တော့ ငဖြူ သေသွားတယ်။ နောက် ... ငမဲကို ကြိုးပေးပစ်လိုက်တယ်။ ငဖြူနဲ့ငမဲ နှစ်ယောက် သေသွားကြတယ်။ ဒါပဲ... သို့သော် ယောက်ျားတစ်ယောက်ရဲ့ တဒင်္ဂပဟာန် အရသာခံလိုမှုကြောင့် မိန်းကလေးတစ်ယောက်ဟာ တစ်စတစ်စနဲ့ မကောင်းတဲ့ဘ၀ရောက်သွားရ တယ်။ ဒီမိန်းကလေးရဲ့ အသက်တာဟာ သေတာထက်ဆိုးပြီး လူ့ရိပ်မြုံမှာ သူ့ရဲ့ တက်လမ်းမရှိတော့ဘူး။ တစ်နေ့တခြား မြစ်ကမ်းပါး ရေစားသလို... ပဲ့ပဲ့ ကျရပြီ။ မိန်းကလေးရဲ့ မိဘသားချင်းတွေမှာကော ... ဘယ်လောက် ရင်ထုမနာဖြစ်ကြမလဲ၊ အဆိုးဆုံးဟာက သည်မိန်းကလေးရဲ့ဘ၀ အခြေ အနေအရ ဖြစ်ပေါ်လာတဲ့ ရောဂါပိုးတွေဟာ လူတော်တကာကို မရွေးရသေး တဲ့ ကလေးမွေးငယ်အထိ တစ်ဆင့်တစ်ဆင့် ကူးစက်ပျံ့နှံ့နိုင်ခြင်းပဲ။ ဒီပိုး တွေက ဘယ်လောက်ဆိုးသလဲ၊ အခု လူ့ပြည်မှာရှိနေတဲ့ အကျိုး၊ အကန်း၊ အဆွံ့၊ အအ၊ အနူ၊ အဝဲတွေဟာ အများအားဖြင့် သူတို့ကြောင့်ဖြစ်တာပဲ။ အဆုံးမှာတော့ လူမျိုးစုကြီး တစ်ခုလုံး ပျက်ပျက်ပြုန်းနိုင်တယ်။ ဒီတော့ ဒီမိန်းကလေးမျိုးတွေကို ဒီဘ၀ရောက်အောင် ပို့တဲ့လူစားမျိုးတွေရဲ့ အပြစ်ဟာ ဘယ်လောက်ကြီးမားဆိုးဝါးသလဲ။ ငမဲဟာ ငဖြူကို ဓားနဲ့ထိုးသတ်လိုက်တာ ဟာ ငမဲတစ်ယောက်ပဲသေတယ်။ အဲဒါမှ ငမဲဟာ သေစားသေစေထိုက်တယ် ဆိုရင် အခုန မိန်းကလေးကို ဖျက်ဆီးတဲ့ လူအဖို့မှာ ပြုတ်တူနဲ့ ညှပ်သတ် တာဟာ နည်းသေးတယ်ဗျ ... တတ်နိုင်ရင်သည်ထက် ဆိုးတဲ့စီရင်ချက်

မျိုးကို ချဖို့ကောင်းသေးတယ်။ ခင်ဗျား ဘယ်နှယ် သဘောရသလဲ”

“ကျုပ်သဘောကတော့ မပြောတတ်ဘူး ... ကျုပ်တို့ပြည်မှာတော့ ကာလသားရောဂါကာကွယ်ရေးဆိုပြီး လူတိုင်းမှာ ကလေးရောဂါရှိတတ်သည် ရှက်မနေပါနဲ့ နီးရာဆေးရုံသွားပါ သွေးစမ်းကုသပါ”လို့ သတင်းစာတွေ ရုပ်ရှင်ရုံတွေမှာ ကြော်ငြာပြီး ဆေးထိုးပေးတယ်။ အခုစစ်ပြီးခေတ် ပယ်နီစလင်တွေက သိပ်စွမ်းတာပဲဗျာ ။ ရှန်ကာဆိုလျှင် ဘာမှပြန်မကြည့်ရဘူး ... ပယ်နီစလင်ဒစ်တီကွင်း နှစ်လုံးသုံးလုံးနဲ့ ပြီးတာပဲ။ တချို့များ ပထမတစ်လုံးနဲ့ ၃ နာရီ အတွင်းရပ်။ ဒုတိယအလုံး ခြောက်၊ တတိယအလုံးမှာ ကိစ္စတုံးတာပဲ။ အဲ ... ဖြူတို(ဘင်) ကျတော့ ပင်နီစလင်ပရိုကိန်း(ဆီဆေး) ဗျ။ ခွဲရမလောက်ဖြစ်နေတာကြီးတောင် တင်းစီစီ (10cc) တစ်ပုလင်းဝယ်ပြီး ထိုးလိုက်တယ်။ ဆေးတစ်ပုလင်းတောင် မကုန်သေးဘူး ငနဲကြီး တစ်နေ့တခြား လျော့ပြီး နောက်ဆုံး လူမှာရှိတတ်တဲ့ နဂိုအကြိတ်လေးတောင် ရောပါသွားသလား အောက်မေ့ရတယ်။ သိပ်စွမ်းတာပဲဗျာ၊ အဲ ရှန်ကာရယ် ဖြူတိုရယ် ... ဂနိုရယ်ရောဖြစ်ရင်လား ... အခုနပြောတဲ့ ပယ်နီစလင် ဒစ်စ်၊ တီကွင်းရယ်၊ ပရိုကိန်းရယ် နောက်တစ်မျိုးက ဘစ်စ်မတ်ရယ် သုံးမျိုး ကုလသမဂ္ဂလုပ်ပြီးချလိုက်ဗျာ ... အရက် ၂၀ မကြာပါဘူး။ ကိစ္စအေးတာပဲ ဒီအတွင်း အလုပ်မပျက် အကိုင်မပျက်၊ အသွားအလာမပျက် အဲ့လောက်အထိ စိတ်ချရတယ်၊ ခင်ဗျာတို့ဆီမှာ ဒီဆေးမျိုးတွေရှိလား”

“ရှိကော ဘာလုပ်မလဲ ကာလသားရောဂါကာကွယ်တာမှ မဟုတ်တာ၊ ဖြစ်လာမှကုသရုံပဲဗျ။ နို့ပြီး ဒီဆေးတွေ စွမ်းကြောင်းသိလို့ လူတွေက ပိုအတင့်ရဲတော့ကော ပြည့်တန်ဆာလောက ပိုမိုသိုက်မြိုက်စည်ပင်လာလို့ အမျိုးသမီးကလေးတွေ ပိုပျက်စီးရမယ်ဆိုတာကော စဉ်းစားစရာ မဖြစ်ဘူးလား”

“ပိုပျက်စီးလာကော ဘာပူစရာရှိလဲဗျ။ ကျုပ်တို့ဆီမှာက အမျိုးသမီးကယ်ဆယ်ရေးဌာနရှိသေးတယ်။ တစ်ခါတစ်ခါမှာ ပုလိပ်တွေက ဟိုတယ်တွေ ဟဝါအိမ်တွေက တန်းတန်းပို့တယ်”

“ခင်ဗျားတို့ အမျိုးသမီးကယ်ဆယ်ရေးဌာနမှာက မိန်းကလေးတွေ နဂိုအတိုင်းပြန်ဖြစ်ရအောင် နတ်ရေကန်ရှိသလား”

"ဘယ် ... နတ်ရေကန်တော့ ရှိမလဲဗျ။ သူတို့ကလေးတွေ အကျင့်စာရိတ္တကောင်းအောင် ဆုံးမသွန်သင်ပေးတာပေါ့ဗျာ"

"ပျက်ပြီးသားဟာတွေက ရမတဲ့လားဗျ။ ရတောင် ဒါက ပြည့်တန်ဆာမ ပပျောက်ရေးမှာ အကြောင်းထူးမတဲ့လား။ ပင်ရင်းမှ မဟုတ်တာ ပင်ဖျား ဆွဲနှိမ်နေရုံပဲရှိတယ်။ ကျုပ်တို့တိုင်းပြည်မှာ ဟိုတုန်းက ဒီအတိုင်းပါပဲ၊ မိရင် ဖာခေါင်း၊ဖာဆွယ် ထောင်ချတယ်။ ဒဏ်တက်တယ်။ မိန်းကလေးကို အပြစ်ပေးတယ်။ သွားလာတဲ့ ယောက်ျားကိုတော့ ဘာမှမလုပ်ဘူး။ တစ်ခါ တစ်ရံ သက်သေလောက်ပဲ အသုံးချတယ်။ နောက်တော့မှ ဟား ဒီစနစ် မဖြစ်သေးဘူးဆိုပြီး ပြင်းထန်တဲ့ ဥပဒေတွေ ထုတ်ပစ်လိုက်တယ်။ "သွေးဆောင်ဖျက်ဆီးတဲ့လူ သေဒဏ်၊ ဖာခေါင်း၊ ဖာဆွယ် သေဒဏ်၊ သွားလာတဲ့ယောက်ျား သေဒဏ်"လို့ ဖ၊ လလောက်က ကြိုတင်အမိန့်ထုတ်ပြီး ဖ လစေ့တဲ့နောက်မှာ တကယ်လုပ်ပစ်လိုက်တယ်။ ဟာ ... တစ်ခါထဲ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်တာပဲ။

"နေပါဦး ဒီလိုဆိုတော့ မကောင်းတဲ့ဘဝမှာ ခရီးလွန်နေလို့ ကောင်းကြောင်းကောင်းရာ လုပ်ကိုင်စားသောက်ဖို့ လူတောထဲပြန်မဝင်နိုင်တဲ့ ပျက်စီးပြီးသား အမျိုးသမီးတွေတော့ ဘယ်လိုစီမံသလဲ"

"အဲဒီအခါမှာ အမျိုးသမီးကယ်တင်ရေးဌာန ဖွင့်လိုက်တယ်လေ။ လူတောထဲ နေမဖြစ်တော့ဘူးဆိုရင် လာကြ။ အဝတ်အစားပေးတယ်၊ ပညာပေးတယ်၊ အလုပ်အကိုင် ပေးတယ်"

"အင်း ... ဒီလိုဆိုတော့ အနိပ်ကြီးဗျ"

"အလကားဗျာ၊ ယောက်ျားတွေဟာ တကယ်ဆိုတော့ ကြောက်ရှာပါတယ်။ ဟိုတုန်းကစနစ်အရ မကောင်းတဲ့မိန်းမနဲ့ အိပ်နေတာမိလို့ ရုံးကို သက်သေခံလိုက်ရမယ်ဆိုတာတောင် အလွန်ရှက်ကြတာ၊ အဲဒီ 'သေဒဏ်' ဆိုတဲ့ အမိန့်လည်း ထုတ်လိုက်ရော တကယ် လုပ်မယ့် ဖ၊ လ အချိန်မစေ့ ခင်အတွင်းမှာပဲ ပြည့်တန်ဆာမနေရာဌာနတွေ အသွားအလာရပ်လို့ ခြောက်ကပ်ကျိုန်ကြတယ်။ တောက အချောင်ခေါ်လာတဲ့ မိန်းမပွဲစားတွေလည်း မြို့တက်မလာကျတော့ဘူး။ မြို့က လူရည်လည်တွေလည်း တောမဆင်းကြတော့ဘူး။ အဲ... ဖ လစေ့တဲ့အခါမှာ အစိုးရဥပဒေ မယုံကြည်တဲ့လူ။

သို့မဟုတ် မလေးစားတဲ့လူမျိုး ဆယ့်လေးငါးယောက်လား(တစ်နှစ်အတွင်းမှာ) သတ်ပစ်လိုက်ရတယ်။ အခုဆိုရင် ဟော...အခုန ခင်ဗျား တွေ့လိုက်တဲ့အတိုင်းပဲ မိန်းကလေးက အိပ်ရာထဲလာပြီး'ဒါမျိုး ကျွန်မက ဝါသနာပါလို့ပါ။ဘယ်သူ့မှ မပြောပါဘူး၊ တမောတဟိုက်လောက်ကလေးပဲ ကျေးဇူးပြုပါ" ဆိုတာတောင် ပုဆိုးမပါပဲ ပြေးခဲ့တာပဲ ... ဘုရားလူကြီးလောင်းဒါရိုက်တာကြီး ဦးဖရွှင်ပဲ ကြည့်ပေတော့ မိတ်ဆွေ၊ သူ့ခမျာ ဘုရားလူကြီးမဖြစ်မှာထက် ပြတ်တူနဲ့ ညှပ်သတ်မှာ ကြောက်ရှာတာ အခုဆိုရင် ကျုပ်တို့နိုင်ငံမှာ ပြည့်တန်ဆာမဆိုတာမရှိ၊ ခင်ဗျားတို့ အစိုးရလည်း တကယ်တမ်းပြည့်တန်ဆာမ ပ, ပျောက်စေချင်တယ်ဆိုရင် အဲဒီအကြံပေးပါလားဗျ"

"ကျုပ်တို့အစိုးရစေတနာက တကယ် ပပျောက်စေချင်တာတော့အမှန်ပဲဗျ။ ဒါပေမဲ့ လုပ်မယ်မထင်ဘူး။ ဘာကြောင့်လည်းဆိုရင် အခု ကျုပ်တို့ တိုင်းပြည်နဲ့ မလျော်ကန်သေးတဲ့ မြင်းပွဲ ဖျက်သိမ်းဖို့ ကိစ္စတောင် မြင်းပွဲနဲ့အသက်မွေးတဲ့ အများလူထုအကျိုးယုတ်စေတဲ့ လက်တစ်ဆုပ်စာ လူနည်းစုကလေးကို သက်ညှာအကြောင်းပြနေသေးတာ ပြည့်တန်ဆာမ ပပျောက်ရေးကျတော့ အဲ...မြင်းပွဲနဲ့ အသက်မွေးတဲ့ လူတွေကမှ ဗမာပြည်မှာ ရန်ကုန်နဲ့မန္တလေး နှစ်မြို့ထဲ ရှိတယ်။ ပြည့်တန်ဆာနဲ့ အသက်မွေးတဲ့ လူတွေကျတော့တစ်နိုင်ငံလုံး မြို့တိုင်းနယ်တိုင်း အနှံ့အပြားရှိတာဗျ။ ဒီတော့ အဲ့ဒီ ဖာခေါင်းတွေ ဖာအုံနာတွေ ဖာဂျော်ကီတွေ သက်ညှာအကြောင်းပြနေဦးမယ် ထင်တယ်ဗျ"

"ဒါဖြင့် ခင်ဗျားတို့ လွတ်လပ်သော ပြည်ထောင်စုသမ္မတ နိုင်ငံတော်ကလူနည်းစု ကောင်းကျိုးကြည့်တဲ့အစိုးရ အုပ်ချုပ်သလား။ အများလူထုကောင်းကျိုးကြည့်တဲ့ အစိုးရ အုပ်ချုပ်သလား"

ဤအခြေ၌ကား ကိုယ့်အစိုးရ ထိခိုက်လာ၍ ကျွန်တော် မခံမရပ်နိုင်တော့ဘဲ –

"အများလူထုကောင်းကျိုးအတွက် အုပ်ချုပ်တဲ့ အစိုးရပေါ့ဗျာ။ ခင်ဗျားအပြစ်တင် မစောပါနဲ့ဦး။ နောက်တော့ အခြေအနေအရ ကြည့်လုပ်ပါလိမ့်မယ်။ အခု ကျွန်တော်တို့ တိုင်းပြည်ဖြစ်နေပုံက"

သို့သော် ကျွန်တော် ဆက်လက်ပြောခွင့်မရတော့ချေ။ အကြောင်းမှာ

နောက်ထပ် အမှုသည်တစ်ဦး ရောက်လာသောကြောင့် ဖြစ်၏။

* * *

## ကချလာပြည်က ပန်းချီဆရာတို့ ဘေးရန်

ဌာနအုပ် "ဘယ့်နှယ် ပန်းချီဆရာကြီး ဦးတိုင်းကျော် ဘာကိစ္စ..."

ဦးတိုင်းကျော်သည် အလွန်စိတ်မချမ်းသာဟန်နှင့် ....

"ဟာ ... ဟိုကောင် တစ်ကောင်ခေါ်ပြီး ကြည့်ဆုံးမ ပေးပါဦးဗျာ"

"ဘယ်ကောင်လဲ"

"ပေစိဆိုတဲ့ကောင် .... ကျုပ်အိမ်လာ ပန်းချီဆွဲတာ ၊ ၃–၄ ရက် လောက်ကြာပြီ၊ သူ့ကိုယ်သူ "ဦးတိုင်းကျော်၏ သားတပည့် မောင်ပေစိ ... မောင်ပေစိနဲ့ လုပ်နေတယ်"

"ဒါ ... ဆရာက မဟုတ်တဲ့အကြောင်း သတင်းစာထဲကြော်ငြာလိုက် ပေါ့"

"ကြော်ငြာပြီးပြီ၊ ဒါပေမဲ့ ကြော်ငြာဆိုတာက လူတိုင်းလည်း ဖတ်တာ မဟုတ်ဘူး။ နို့ပြီး သူကလည်း မလျှော့ဘူး။ အခုအထိ သားတပည့် သား တပည့်နဲ့ လုပ်နေတယ်"

"ကောင်းပြီလေ ... ကျွန်တော် ခေါ်ပြောလိုက်ပါမယ်"

ဤနေရာ၌ကား ကျွန်တော် မအောင့်အီးနိုင်တော့ဘဲ ဦးတိုင်းကျော် အား ...

"နေပါဦး ဆရာကြီးရဲ့ ... ဆရာ့ပညာကို သဘောကျပြီး ချစ်ကြည် ညိုလို့ ဆရာ့သား တပည့်ခံတာ၊ အပြစ်ဆိုစရာလားဗျာ"

ဦးတိုင်းကျော်သည် ကျွန်တော့်ကို မျက်လုံးဖြဲကြည့်ကာ–

"ဒီလူက အူရန်ကော ... ဘယ်အရပ်သားများပါလိမ့်"

ဌာနအုပ် "ဘယ်အရပ်သားလည်းကို မေးမနေနဲ့၊ သူက ဒီကမ္ဘာက ကိုမဟုတ်ဘူး" ဟု ကျွန်တော့်အား ပန်းချီဆရာကြီး ဦးတိုင်းကျော်နှင့် မိတ် ဆက်ပေးပြီးနောက် "ဒါကြောင့် ဆရာတို့ကိစ္စ သူ နားမလည်တာ၊ သူတို့ဆီ က ပန်းချီဆရာတွေ သတင်းကောင်းပါးရအောင် ဆရာတို့ ကြုံတွေ့ရပုံတွေ ပြောပြလိုက်ပါဆရာ"

ဤတွင်မှ ဦးတိုင်းကျော်သည် ကျွန်တော့်ကို မျက်လုံးဖြဲကြည့်ကာ "အော..." ဟု ဆို၍ ပြောပြသည်မှာ–

"ကျုပ်တို့ဆီမှာ ဒီလိုဗျ၊ ပေစိလို မတောက်တစ်ခေါက် ပန်းချီဝါသနာပါတဲ့ ကောင်လေးမျိုးတွေက ကျုပ်တို့လို နာမည်ရတဲ့ ဆရာကြီးတွေဆီမှ ခဏတဖြုတ်သာ ရေးပုံရေးနည်း မဖြစ်စလောက်ဆည်းပူးပြီး၊ တစ်ချောင်းချောင်ကနေ သားတပည့်ဆိုတဲ့ နာမည်ခံရော၊ သူတို့တတ်သလောက် မှတ်သလောက်ပုံတွေဆွဲရော။ ဒီတော့ ကျုပ်တို့မှာ သူတို့လက်ရာတွေက အသုံးမကျသလောက်၊ ဆရာ တပည့်မကောင်း ဆရာ့ခေါင်း ဆိုပြီး အချောင်နာမည်ပျက်ရ ကရောဗျ...။ နို့ပြီး ဒါလောက်မကသေးဘူး၊ တစ်ခါတစ်ခါ သားတပည့်ခံနေရာကနေ ပွက်တတ်ကြသေးတယ်။ "ငါ့ဆရာကြီး ဘယ်သူက ကချလာပြည် ပန်းချီဆရာတွေရဲ့ ဖခင်" နောက်တစ်ယောက်ကလည်း အားကျမခံ "အမယ် ငါ့ဆရာကြီး ဘယ်ခါကမှ ပန်းချီဆရာတွေ ဘိုးအေပါကွ" ဘယ်သူလက်ရာက ဘယ်နေရာမှာ ဘယ်လိုနေပါတယ်။ ဘာညာနဲ့ သူတို့ နားလည်သလောက် ဝေဖန်ကြတော့ ဒီကလူကြီးတွေမှာ အနေရအထိုင်ရ ကျပ်လို့ဗျ။ သူတို့က ဂုဏ်တုဂုဏ်ပြိုင် အသံကောင်းလွှင့်တာနဲ့ပဲ ကျုပ်တို့အချင်းချင်းမှာ တစ်ယောက်တစ်ယောက် မာန်စောင်ရဦးတော့မလိုလိုဗျ။ အဟုတ်လိုဗျာ ... ကျောင်းသားကလေးတွေက နောက်ကနေ သူ့ဘုန်းကြီးမြန်တယ် ငါ့ဘုန်းကြီး ခြေလှမ်းကြဲတယ်နဲ့ မြှောက်ပေးတော့ ကိုယ်တော်နှစ်ပါး သင်းပိုင်ခါးထောင်းကျိုက်ပြီး ဒုံးစိုင်းပြေးရတဲ့ အပေါက်မျိုး ဖြစ်ရတယ်ဗျ။ ဒါကြောင့် ကျုပ်တို့တိုင်းပြည်က ပန်းချီဆရာတွေမှာ သားတပည့်ဆိုတဲ့ကောင်တွေပဲ ကြောက်ရတယ်ဗျ။ သူတို့က သောက်မြင်ကတ်လို့ ချောက်တွန်းတာပဲလား ဒါမှမဟုတ် တကယ့်စေတနာနဲ့ပဲလားတော့ မပြောတတ်ဘူးဗျာ ... လူကြီးတွေ ဒုက္ခရောက်တာတော့ အမှန်ပဲဗျ။ အဲ...ခင်ဗျားတို့ တိုင်းပြည် ပြန်ရောက်တော့ ပြောလိုက်ပါဗျာ ... ပန်းချီဆရာ တစ်ယောက်ယောက်သောက်မြင်ကတ်ရင် သားတပည့်ဆိုတဲ့ နာမည်သာခံလိုက်လို့"

* * *

## နိုင်ငံတော်အလံ

ကချလာပြည်က ဝန်ကြီးများမှာ ကျွန်တော့်ညွှဲ့ခံကော်မတီ ပြောသကဲ့သို့ပင် တိရစ္ဆာန်ရုံထဲက ဝက်ဝံမဟုတ်သဖြင့်၊ ပိုက်ဆံ တစ်မတ်ပေးရုံနှင့် ကြည့်ချင်တိုင်း မကြည့်ရပဲ၊ ရိုသေလေးမြတ်စွာ ကြိုတင်ခွင့်တောင်းပြီးမှ တွေ့ရှိနိုင်လေသည်။

နဖူးဦးကင်းတွင် ရွှေချရသည်အထိ၊ ဝိသေသနကြီးမားတော်မူထသော ကချလာ ဘဏ္ဍာရေးဝန်ကြီးမှာ ပြောပလောက်အောင်ပင် ဘုန်းတန်ခိုး အာနုဘော်ကြီးမြတ်တော်မူလှပေသည်။ သူ့နဖူးက ရွှေရောင်သည် တစ်ပြောင်ပြောင် တောက်ပလှသောကြောင့် (နဖူးကို နေရောင်ဟပ်အောင် ရုပ်ရှင်ရိုက်သကဲ့သို့ မှန်ထောင်ပြနေရသော ကိုယ်ရံတော်များလည်း ရှိ၏) ကျွန်တော်မှာ ညွှဲ့ခံကော်မတီက ကြိုတင်သိမြင်လေသည့်နှင့်အညီ နေကာမျက်မှန်တစ်ခု ပေးထားသည်ကို အထူးတလည် ကျေးဇူးတင်ရပေသည်။ သို့မဟုတ်လျှင် ထိုဘဏ္ဍာရေးဝန်ကြီး၏ လေးထောင့်ကြသောမျက်နှာ ပေါ်လွင်သောနှာတံ၊ ပြန့်ကျယ်သော ဦးကင်းတို့ကို ဖူးမြင်ရသည် မဟုတ်ချေ။ အသံသာလျှင် ကြားရပေတော့မည်။ အသံမှာလည်း သူ့ရာထူးဂုဏ်နှင့်လိုက်လျောညီထွေပင် လွန်စွာပြင်းထန်ပြတ်သားလှလေသည်။

"ဟေး ... မင်းတို့ဆီမှာ နိုင်ငံတော်အလံရှိရဲ့လား"

ကျွန်တော်မှာ ပြတ်ပြတ်ပြောတတ်သူကို ပြတ်ပြတ်ပြောမှပဲဟု ...

"ရှိတာပေါ့ဗျ"

"လူတွေက အလေးပြုရဲ့လား"

"ပြုတာပေါ့"

"အဲဒါ ... တော်သေးတယ်"

"ဘာ"

"ပြန်မေးမနေနဲ့ နေ့စဉ် ကပွဲပြပွဲတွေမှာကော ထားသလား"

"ထားတယ်"

"ဘယ်အချိန် အလေးပြုခိုင်းသလဲ"

"အရင်တုန်းကတော့ ကပွဲပြပွဲအပြီးမှာပဲ၊ ဒါပေမဲ့ လူတွေက တစ်စထက်တစ်စ ဝုန်းဝုန်းလစ်ပြေးကြလွန်းလို့ အခုတော့ မပြခင် အရင်လုပ်ထားရ

တယ်။ အလေးပြုဖို့အကြောင်းလည်း ပထမ စာတန်းထိုးပေးရသေးတယ်”

“အင်း ... အဲဒါတော်လာပြီ”

“ဘာ”

ပြန်မေးမနေနဲ့ဆို မင်းသိချင်တာပြောရရင် ဒို့နိုင်ငံမှာ လူထုဆီက ဘဏ္ဍာငွေလိုချင်သလောက်ရအောင် ဒို့အစိုးရအဖွဲ့ကြိုးပမ်းလိုက်တာ နောက်ဆုံးအခြေကတော့ လူတွေ မသွားမဖြစ်တဲ့ နေရာတကာ လမ်းရှိသမျှတွေမှာ နိုင်ငံတော်အလံတိုင်တွေ မွမွကြဲအောင်စိုက် အောက်မှာ ပိုက်ဆံပုံးတစ်ခုစီထားပြီး ‘အလံတော်ကို အရိုအသေပြု မပြုချင်လျှင် အိတ်ထဲပါသမျှ ပိုက်ဆံအကုန်ထည့်၊ ပိုက်ဆံမပါသူများ ဖြတ်သန်းသွားခြင်း မပြုရ’ ဆိုတဲ့ စာရေးထားလိုက်ရုံကလေးနဲ့ နေ့စဉ်ပိုက်ဆံပုံးတွေထဲက ချော်လော်ဂါးနဲ့ လိုက်သိမ်းရသည့်အထိပဲ မင်းနားလည်ရဲ့လား။ ကဲ ... အဲသည့်နည်း မင်းတို့ပြည်ယူသွားပေတော့”

ကျွန်တော့်မလည်း နှစ်လုံးဆတ်ဆတ်တုန်ကာထ၍ ခုန်လိုက်မိပြီး။

“ဒါ ခင်ဗျားတို့ဆီမှာသာဖြစ်တာ ကျုပ်တို့နိုင်ငံမှာ မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး”

သူလည်း ဒေါဖောင်းကာ ...

“အောင်မာ ... ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ မင်းတို့ဆီမှာ အခုလိုအကောက်ခွန်တွေ နင်းကန်ယူ၊ ကုန်ဈေးတွေ သိပ်မြင့်၊ လူတွေဆင်းရဲ၊ လက်တစ်ဆုပ်စာ လူတစ်ယောက်သာ ကောင်းစားပြီး အခုပြည်တော်သာစီမံကိန်း သုံးမယ့် ငွေ ၄၉ ကုဋေကို ခြကြီးခြင်ယ်တွေ ဘုံးပစ်ကြမယ်ဆိုရင်...

ကျွန်တော် သူ့စကားကို ဆုံးအောင်နားမထောင်နိုင်တော့ပဲ ...

“ကြည့်စမ်း ... ကြည့်စမ်း ...ဒါတွေ ခင်ဗျား ဘယ်ကသိတာလဲ။ ဒါ... ကျွန်တော်တို့ပြည်က နိုင်ငံဝန်ထမ်းလူကြီး လူကောင်းတွေကို သက်သက်စော်ကားတာပဲ၊ ခင်ဗျား ... ပြောသလို ကျုပ်တို့ဆီမှာ... မဖြစ်ရဘူး... မဖြစ်ရဘူး... မဖြစ်ရဘူး...”

ကျွန်တော် မျက်လုံးပြူးကာ ကျယ်လောင်စွာ အော်ဟစ်လိုက်လေသတည်း။

* * *

ကျွန်တော်တို့သည် မြင့်ရာမှနိမ့်ရာသို့ ဒုတ်ခနဲကျ၍ထိတ်လန့်ကာ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ၌ ပေါ်အူးသည် ကျွန်တော့်နံဘေးတွင် မတ်တတ်ရပ်နေလျက် ...

"ဘယ့်နှယ်ဆရာ ...'မဖြစ်ရဘူး မဖြစ်ရဘူး' နဲ့ ဘာတွေ အော်နေတာလဲ"

ကျွန်တော် ယခုမှ အလန့်ပြေကာ ...

"ဟော့ ... ပေါ်အူး ငါ...တွေ့ကရာ ရှစ်သောင်း အိပ်မက်တွေ လျှောက်မက်နေတယ်ကွာ"

"နေ့လယ်မှာ ဒီလောက်ကြာကြာ အိပ်တာ မကောင်းဘူး ဆရာ"

"ငါ... ခါတိုင်း ဒီလိုမအိပ်တတ်ပါဘူး၊ မင်း ချက်ကျွေးတဲ့ ငါးသေတ္တာ၊ တညင်းသီး၊ ကလောင်ကြော်တွေက တက်တာနဲ့"

"ဟုတ်တယ်ဆရာ... ကျွန်တော် ပို့စမင်းလာ စာပေးတုန်းကတည်းက နိုးမယ်ကြံသေးတယ်"

"ဟေ..." ကျွန်တော့် အိပ်ရာမှ ဝေါက်ခနဲထလိုက်ကာ "ဘယ်ကစာလည်း ဝေ့ဆီက... ဝေကလေးဆီကမဟုတ်လား"

"မလွဲပါဘူး ဆရာ"

"ဟင်း...ဒီလိုဆို ငါ့ချက်ချင်းနိုးရောပေါ့ကွာ ... နောက်ဆက်တွဲ ဆိုးဝါးတဲ့ အိပ်မက်ကြီးလည်း မက်ရမှာ မဟုတ်ဘူး မှန်း ...ပေး ...ဒီစာ"

ယခုအချိန်၌ ကျွန်တော်မှာ အံ့ဟိုကမ္ဘာရောက်သွားသော အိပ်မက်ထဲက မောင်ပုလောင်မဟုတ်တော့ပဲ၊ မိတ်ဆွေသိခဲ့သော ယခင်က မောင်အေးဆွေပင် ဖြစ်သွားကာ ပေါ်အူးဆီက စာအိတ်ကလေးကို ဖောက်လိုက်လေသည်။

❑

## အခန်း (၇)

ခရစ်သက္ကရာဇ် ၁၉၅၂ခုနှစ် မြန်မာနိုင်ငံတော် ရန်ကုန်မြို့ ယူနီဗာစီတီ တက္ကသိုလ် အထူးစာမေးပွဲတစ်ခု၌ 'လောကတွင် ရှိသမျှစာပေတို့ အနက်၊ အဘယ်မည်သော စာပေအမျိုးအစားသည် လူတို့အား နှစ်သိမ့်ဆုံးဖြစ်စေနိုင်ပါနည်း' ဟူသော မေးခွန်းကို အဘယ်ကျောင်းသားမျှ မယ်မယ်ရရမဖြေနိုင်၊ သူတို့ ဆရာများကိုယ်တိုင်လည်း မဝေခွဲနိုင်ဘဲ မချင့်မရဲဖြစ်နေချိန်၌၊ ထိုစာမေးပွဲကို ဖြေဆိုခဲ့ရသော မာဂရက်ခင်သန်းမြင့်နှင့် ကျွန်တော်စကားစပ်မိ၍ အမှုမဲ့အမှတ်မဲ့ပင်

"ဟဲ့ ကိုယ့်ရည်းစားဆီက စာပေါ့ဟ"

ဟုပြောလိုက်မိရာ မကြာမီ၌ ဤစကားပေါက်ကြားသွားသည်ဆိုပါအံ့။ ၎င်းမေးခွန်းကို ကြိုးစားပမ်းစား ထုတ်ရရှာသော တက္ကသိုလ်ပေါ်မောက္ခကြီးသည် ကျွန်တော့်အိမ်သို့ သုတ်သီးသုတ်ပြာရောက်လာပြီး

"ဆရာ ... ဘာကြိုက်တတ်လဲ"

ဟု ကျွန်တော့်ကို မေးရာ၊ ကျွန်တော်က

"အို ... ဆရာလို ပုဂ္ဂိုလ်ကြီးက ကျွန်တော့်လို လူမလိုပါဘူး... ကျွန်တော်ပညာတော်လို့ မဟုတ်ပါဘူး။ အကြောင်းအားလျော်စွာ ဖြစ်ပါလိမ့်မယ်"

ကြီးမှ ပညာကို လွန်စွာလေးစားသူဖြစ်၍

"အမေး နွားကျောင်းသား၊ အဖြေ ဘုရားလောင်းပါ"

ဟုပြောလျက် သူနှင့်ကိုယ်ချင်းစာကာ စကော့ချ်ဝီစကီပုလင်း တစ်ဒါဇင်တိတိ ကန်တော့သွားလိမ့်မည် အမှန်ပင် ယုံကြည်မိပါတော့၏၊ ဘုရားကိုစူးပါစေရဲ့....

အကြောင်းသော်ကား ကျွန်တော်သည် အောက်ပါစာကို ထပ်ကာထပ်ကာ၊ ၇၅ ခါမက ဖတ်မိလျက် ရှိနေပါသောကြောင့်တည်း ...။

'မောင့် ... အချစ်ဆုံးမောင့်... မောင်ရေ

မောင့်ဆီက စာအိတ်ပြာလှလှကလေးလေ မနေ့က နေ့ခင်းရောက်လာတော့ ဝေ ဝမ်းသာလိုက်တဲ့ဖြစ်ခြင်း မောင်ရယ် မေမေက ကော်ဖီသောက်ရအောင်ခေါ်နေတာတောင် 'အို... မေမေ ... ဝေ မဆာသေးဘူး ဆာမှ ဝေ့ဟာဝေ သွားသောက်မယ်လို့ပြောပြီး အိပ်ခန်းထဲ တစ်ခါတည်းဝင် တံခါးပိတ်ပြီး ဖတ်တာပဲ ... ဒီအချိန်မှာဆိုရင်လေ မောင်ဟာ ဝေ့နားရောက်နေသလိုပါပဲ သိရဲ့လား။ ဝေ့စိတ်ထဲမှာက မောင့်စာအိတ်ကလေး ဂုက်ကိုင်လာရတာကိုပဲ မေမေ မသိအောင်မောင့်လက်ကိုဆွဲပြီး ဝေ့အိပ်ခန်းထဲ တိတ်တိတ်ကလေးခေါ်လာရသလိုထင်မိတယ် မောင်ရဲ့ ...

ဘာရယ်... မောင်..၊ ဝေနဲ့မောင် ညားတော့( မောင်က 'ဝေ' ဝေက 'မောင်' နဲ့ 'ဝေမောင်' နဲ့ တတွတ်တွတ်ခေါ်နေကြမှာပဲနော်)တဲ့ ကြည့်စမ်းပါဦး မောင်ရယ် မောင်က ဝေ့ကို 'ဝေ' ဝေကမောင့်ကို 'မောင်' မောင်ရယ်... ဟင်... ပြောစမ်းပါဦး၊ ကဲ... ဝေက မောင့်ကို 'လင်လင်လေးရေ'လို့ခေါ်မယ် ဒီတော့မောင်ကဝေ့ကို ဘယ်လိုပြန်ခေါ်မလဲ။ ကဲ... မောင်... ပြောစမ်း ... ပြောစမ်း၊ အဟင့်... အခုပြောရမယ် ...

(ခဏ... ခဏ... ခဏကလေးသည်းခံပါ မိတ်ဆွေ) ဤနေရာ၌ ကျွန်တော့်ကိုယ်သည် မိုးသားမိုးလိပ်တို့ဖြင့် ထွေးလုံးရစ်ပတ်ကာ တာဝတိံသာသို့ ကျွမ်းထိုးမှောက်ခုံ ဒလိမ့်ခေါက်ကွေး တက်ကြွသွားလျက်...

'အဟင့်... ဝေက မောင့်ကို 'လင်လင်ရေ ... လင်လင်လေးရေ' ခေါ်တော့ မောင်ကလဲ ဝေ့ကို 'ယားယားရေ..ယားယားလေးရေ' လို့ခေါ်မှာပေါ့ အဟိ...'

သြော်... ဆောရီးမိတ်ဆွေ ကျွန်တော့်စိတ်ကူးကျွန်တော်သဘောကျ၍ ရယ်လိုက်မိပါသည်။ မခန့်လေးစား လှောင်ပြောင်လိုက်ခြင်းမျိုးမဟုတ်ပါ။

ဤနေရာ၌ မိတ်ဆွေတော့အတော် အော်ဂလီဆန်လှုပြီထင်ပါသည်။ သို့သော် တောင်းပန်ပါတယ် မိတ်ဆွေကိုယ်စည်းစိမ်နှင့်ကိုယ်ပါ။ မိတ်ဆွေသည် ကြုံတွေ့ဖူးခဲ့ပြီ (ဝါ) ကြုံတွေနေဆဲ ဖြစ်လျှင် ကိုယ်ချင်းစာတတ်ပါလိမ့်မည်။ သို့မဟုတ် မကြုံတွေ့ရသေးဘူးဆိုပါက ဤအခြေအနေ၊ ဤအဆင့်အတန်းမျိုးရောက်အောင် အမြန်ကြိုးစားပါ၊ (အမောင်တို့ အမိတို့ သမီးရည်းစားထားဖို့ မြှောက်ပေးနေတယ်လဲ မထင်လိုက်ကြပါနဲ့၊ အချစ်ဆိုတာ အဲလိုစိတ်ကူးယဉ်ထဲမှာ ရှိသတဲ့ဗျ) ကျွန်တော့်စာကို ဆက်ဖတ်ရပါဦးမည်။

'အမယ်လေး ... မောင်ရယ် ... မောင်ရယ် ...ဘာတဲ့ (ဝေနဲ့မောင်ဟာ လင်မယား.. လင်မယား လင်မယား... ဖြစ်ကြတော့ရင်လေ ညအိပ်တဲ့အခါမှာ မောင်က ဝေ့ကို ပိုက်ထွေးချီ ချော့ပြီးသီချင်းဆိုသိပ်မယ်၊ ဝေကမအိပ်ချင်သေးဘူးဆိုရင် ထမ်းပြီးလမ်းလျှောက်နေဦးမယ်။ နောက်ဝေကလေး အိပ်ပျော်သွားမှလေ မောင်ကဝေ့ပါးပြင်ကလေးတွေ၊ နဖူးပြင်လေးတွေ၊ မျက်ခွံလေးတွေ၊ အသာကလေးနမ်းပြီး မောင်အိပ်မယ်။ မနက်ကျတော့လဲ မောင်က အရင်ထပြီး ဝေရဲ့ မှေးမှိုမှိုနေတဲ့ မျက်ခွံလေးကို မျက်တောင်ကော့လေးတွေလှုပ်သွားအောင်အသာလေး လေနဲ့မှုတ်နိုးမယ်နော်... ဒီတော့ စိတ်ဆိုးနဲ့နော်... သိလားတဲ့ ကြည့်ပါဦး ... ကြည့်ပါဦးမောင်ရယ် ဒါကမယားဝတ်ငါးပါးထဲမှာ မယားကသာ လင့်နောက်မှအိပ်၊ လင့်အရင်ထပြီး ပြုစုရမယ့်ဝတ္တရားတွေပါလားကွယ် ... မောင့်ရဲ့ကြင်နာမှုတွေ၊ မောင့်မယားကလေးကျေးဇူးတင်လှပါသော်လည်း ဝေ့ဝတ္တရားချို့ယွင်းနေမှာပေါ့ မောင်ရဲ့... ဒါကြောင့် ဒီအခွင့်အရေး ဝေ့တာဝန်ကလေးတွေတော့ တောင်းပန်ပါရစေ လင်လင်ရယ်...၊ သည့်ပြင်ဟာဆိုရင် လင်လင်ဝေ့ဆီက ဘာပဲ တောင်းတောင်းခေါင်းဆောင်လမ်းပြ အစ်မကြီး မေရှင်သီဆိုထားတဲ့ သက်ဝေသီချင်းထဲကအတိုင်းပဲ အသွေးလှူလှူ အသားယူယူ စိတ်တူတယ်ရီရီပြုံး ပြုံး ...'

'ထွီ'

ဘာလဲဗျ ... လူများစာဖတ်ကောင်းနေတုန်းမှာ ...

'ဒါမျိုးတွေပေါ့ ...' မိတ်ဆွေက လူကြီးတစ်ယောက်အနေနှင့် ပြောချင်ပါလိမ့်မည်။ 'ညားလို့ အခါလည်မပြည့်သေးဘူး၊ တစ်ယောက်တစ်ယောက် ဖနှောင့်ပေါက်၊ ကျောက်ပြင်နဲ့ကိုင်ထု၊ သနပ်ခါးတုံးနဲ့ လှမ်းပစ်၊ မအေနှမကိုင်တုပ် လုပ်ကြတာတွေ...'

ဒါတော့ ကျွန်တော်က တိမှမတိတေးတာဘဲဂျ၊ ဒီစာမျိုးတွေ ရေးဖတ်ရတာပဲ ဇိမ် ... ဇိမ် ... ဇိမ်တွေနေတာပေါ့ ...။

သို့သော် ဤအခြေအနေမျိုး၌ပင်လျှင် ကိုယ်နှင့်သက်ဆိုင်ရာ ကိုယ့်ရည်းစားသာလျှင် ကိုယ့်အဖို့ကောင်း၍ အခြားသူအတွက်ဟူမူ လွန်စွာအော်ဂလီဆန်စရာကောင်းကြောင်း ကျွန်တော် ရေးယခင်ကပင် တင်မောင်ကိုဆီက သင်ခန်းစာရခဲ့ပါသည်။ အသို့ဟူမူ ဒီကောင်သည် ကျောင်းသားဘဝကပင် သူ့လို ရှုးရှုးမှုးမှုးကလေးမမျိုးတွေနှင့်'ဝက်ကန်းအိမ်သာထဲကျ' ကြ၍ အသွားအပြန် စာပေးစာယူလုပ်ကြသည်၌ သူသည် သူ့ရည်းစားစာများကို ကျွန်တော့ဆီယူလာပြီး အလိုက်ကန်းဆိုးမသိစွာ အခေါက်ခေါက်အခါခါ အားမနာပါးနာ ဖတ်ပြတတ်ပါသည်။

ဤအခါ၌ ကျွန်တော့်မှာ တစ်ခါတစ်ရံ အိပ်ပျော်သွားတတ်ပါသည်။ သို့မဟုတ် 'ငါ ဝမ်းနုတ်ဆေးစားထားလို့ပါကွာ' ဟု ပြောပြီး အိမ်သာထဲသွားထိုင်နေရပါသည်။

ဟော ... အခု ကိုယ့်စာနဲ့ကိုယ်ကျတော့မှ အလဲ့ ... တယ်ဇိမ်ရှိပါလား ...။

ယခုအချိန်ခါ၌ ပေါ်အူးသာ စကားပရိယာယ်သုံးလိုပါလျှင်'ဟော အခုတလော ကျွန်တော့်ဆရာ စာပေနယ်မှာ စိတ်ဝင်စားနေလိုက်ပုံများဖြင့် စာနဲ့မျက်ခွက်နဲ့ကို ပြတ်တယ်မရှိဘူး' ဟု ကြွားဝါနိုင်ပါသည်။

ကျွန်တော့်အဖို့မှာလည်း ဤစာတွေကို ဘယ်လောက်ပင်ဖတ်ရဖတ်ရ မပန်းမလျ အရသာမပျက် ဆထက်ထမ်းပိုးတိုး၍သာ နှစ်သိမ့်နေရပါဘိသည်။

ထို့ကြောင့် ...

ခရစ်သက္ကရာဇ် ၁၉၅၂ ခုနှစ် ရန်ကုန်မြို့တွင် ယူနီဗာစတီ တက္ကသိုလ် အထူးစာမေးပွဲတစ်ခု၌ 'လောကတွင်ရှိသမျှ စာပေတို့အနက် အဘယ်မည်သောစာပေအမျိုးအစားသည် လူတို့အားအနှစ်သိမ့်ဆုံးဖြစ်စေနိုင်ပါမည်နည်း' ဟူသော မေးခွန်းကို ကျွန်တော်က 'ကိုယ့်ရည်းစားဆီကစာပေါ့'ဟု အမှုမဲ့အမှတ်မဲ့ ပြောကြားလိုက်မိခြင်းဖြင့် ဤမေးခွန်းထုတ်သော တက္ကသိုလ်ပါမောက္ခကြီးကိုယ်တိုင် ကျွန်တော့်အိမ်လာရောက်ပြီး၊ ဂျော်နီဝါကား၁၂ပုလင်းနှင့် ကန်တော့သွားသည်ဟု ဥပစာပြုခဲ့ပါသည်။ လွန်တာရှိလျှင် ဝန္ဒာမိ

ပါ။ လူကြီးမင်းများစိတ်ဆိုးကြလျှင်လည်း ပညာရှိအမျက် ပြင်မထွက်ကြပါနဲ့။ ရည်းစားစာကို စာပေထဲသွင်းထားသည်ကိုလည်း ခွင့်လွှတ်တော်မူကြပါ။ ကျွန်တော်ဆိုလိုရင်းမှာ လူ၏ တစ်သက်တာတွင် ဖတ်ရသည့်စာမျိုးတို့၌ ရည်းစားထားရချိန် ရည်းစားစာဖတ်ရခြင်းသည် အနှစ်သိမ့်ဆုံးဟု ...

ဟော ... ယခု ကျွန်တော့်ရည်းစားစာကို ဆက်ဖတ်ပြန်ပါသည်။

'မောင့် ... မောင့် ... မောင်ရယ် ... ဝေနဲ့မောင့်လိုချစ်တဲ့လင်မယားမျိုး လောကမှာရှိမယ်မထင်ဘူးနော်.... ဤကမ္ဘာမြေပြင်မှာဖြင့် 'ချစ်ခြင်းပြိုင်လို့ နိုင်လိမ့်မယ်လဲ ကေန်အမှန်ထင်မိတယ်.... အိစက်ညက်ညောတဲ့ ဖဲမွေ့ရာပေါ်ဝယ်ချစ်တလင်းခေါ်မယ် ချစ်ဗျူဟာကျင်းစို့ တူမောင်မယ်....'ဟင်... မောင့် ဒီနေရာမှာတော့ အမိမြန်မာပြည်ကြီးရဲ့ အချစ်လမ်းပြဆရာမကြီး မမေရှင် ဆိုတဲ့သီချင်းက တယ်ပြီး ယဉ်ကျေးသိမ်မွေ့ပါလားနော်...၊ ငံပြာရည်ပုလင်း ရေ မွှေးတံဆိပ်ကပ်ထားတဲ့ အတိုင်းပဲ။ ဝေ့ရင်ထဲ ဘယ်လိုဖြစ်သွားမှန်း မသိဘူးကွယ်...၊ မောင့် ... မောင့် မောင်ကော ... ဟင် ... ဖဲမွေ့ရာပေါ်ဝယ်... ချစ်တလင်းခေါ်မယ် ချစ်ဗျူဟာကျင်းစို့..'ဆိုတာက ဘာလဲမောင်...မောင် သိရဲ့လားဟင်...'

'နို့ပြီး မောင်ရေ ... ဝေ့လင်လင်ရေ ... ဝေနဲ့မောင်ဟာလေ လောကုတ္တရာချစ်ခရီးလမ်းမှာလည်း ဟို ... ဝေငယ်ငယ်တုန်းက ကြားဖူးခဲ့တဲ့ ပုံပြင်ထဲက 'တိသ မောင်မမြလေးတို့လိုပ၊ မောင်ပေးလျှင် မယ်ကြည်ဖြူ မယ်လှူလျှင် မောင်ရွှင်ပျကာပ ရေစင်တော်အတူချမယ်လို့ (ချစ်တဲ့မောင်ရေ...) တွေးဆစိတ်ကူး...× × × ...'

ကလင် ... ကလင် ... လင်လင် ... လင် ...

အရေးကောင်းဒိန်းဒေါင်းဖျက် ညှော့်ခန်းကတယ်လီဖုန်းဘဲလ်သည် ကျွန်တော့်ကို အရွဲ့တိုက်ကာ ကလင် ... ကလင်မြည်နေလေသဖြင့် ကျွန်တော့်စည်းစိမ်မှာ ဝါဂွမ်းထဲကကြက်ဥ ပုဆိန်နှင့် ထုသလိုဖြစ်သွားလျက် ရတ်တရက်နားနှစ်ဖက်ကိုပိတ်လိုက်ပြီး အောင့်ညစ်ညစ်ဆောင့်ကန်ကန်အသံနှင့်...

"ဟေ ... ပေါ်အူး ဒီဖုန်းကို သွားကိုင်လိုက်စမ်းကွာ ... ဒါမှမဟုတ် တင်းပုတ်နဲ့ရိုက်ခွဲပစ်လိုက်"

"ဟုတ်ကဲ့ ဆရာ"

ကျွန်တော်အမှန်ပင် ဤတယ်လီဖုန်းကိုစထွင်သူအား သတ်ချင်စိတ်ပေါ်သွားပါသည်။ သို့သော် တော်ပါသေး၏။ သူ့ဘာသာသူ သူ့ရောဂါနှင့်သေသွားတာကြာပြီမို့၊ သက်သက် ဒီလူကျွန်တော့်ကို ဒုက္ခပေးဖို့ လူ့ပြည်ကျွန်တော့်အရင်ရောက်နှင့် ခဲ့တာထင်ပါတယ်။

ဧည့်ခန်းသို့ လျှောက်သွားသော ပေါ်အူး၏ ခြေသံကြားရပြီးနောက်ဖုန်းဘဲလ်သံရပ်သွားကာ...

"ဟဲလို ... ဘယ်ကပါလဲခင်ဗျာ... ဪ ... ဟုတ်ကဲ့... ဒီမှာ ဆရာ့ကိုစကားပြောချင်လို့တဲ့ ဆရာ"

ကျွန်တော့်ကို လှမ်းပြောသည်၌...

"ဟော့ ... ပေါ်အူး ... ငါမရှိဘူးပြောလိုက်၊ သေပြီလို့ပြောလိုက်ကွာ"

"ဒေါ်ကြီးစိုးရယ် ... ဆရာ"

"ဟေ ... ဒေါ်ကြီးစိုး"

ကျွန်တော့်မျက်ခုံးနှစ်ဖက်သည် ဘယ်တော့မှ အောက်သို့ပြန်မဆင်းတော့ဘူးကဲ့သို့ အထက်သို့မြင့်တက်သွားကာ လက်ထဲကဝေ့စာလည်းလွတ်ကျသွားလျက် ငမိုးရိပ်ကို ကြိမ်စကြာရိုက်ခေါ်သည်မှ ငမိုးရိပ်မှာ မိချောင်းအမိုက်မို့ လျှာရှည်ချင်ရှည်နေဦးမည်။ ကျွန်တော်ကား နောက်ထပ်မဟာဝံ့တော့ပဲ ဖုန်းကိုသာ အသာကလေးသွားကိုင်ရကာ ...

"ဟဲလို ... ဒေါ်ကြီးစိုး ဘယ်ကနေပြောနေတာလဲ မန္တလေးကလား"

သူနှင့်ကျွန်တော့်မှာ မိုင်၃၀၀ကျော်မျှ ကွာနေပါစေဟူသော ဆုတောင်းနှင့်မေးလိုက်ပါသည်။ သို့သော် ... သူ့ ကျွန်တော့်အပေါ် သုံးနေကျလေသံအတိုင်း ...

"ဟဲ့ ငအေန္တ ... ကရင်သောင်းကျန်းသူ ထပြီးကတည်းက မန္တလေးနဲ့ရန်ကုန် ဖုန်းဆက်မရတော့ဘူးဆိုတာ နင်မသိဘူးလား။ ငါအခု မောင်ကြီးဇိုင်း အိမ်က သိရဲ့လား"

ကျွန်တော့်အား ဗုဒ္ဓဝင် မဟာဝင်တွေ ဖတ်ပြပြီး တရားချလေ့ရှိသော ဒေါ်ကြီးစိုး မောင်၊ မြမြတို့ ရီရီတို့အဖေ၊ ကျွန်တော့် ဦးကြီးဇိုင်းကို မိတ်ဆွေသိပြီးဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။

"ဟင် ... ဘယ်တုန်းကရောက်တာလဲ ဘယ်သူပါသေးလဲ"

"ဘယ်သူမှ မပါဘူး၊ အခုမနက်ပဲ"

"ကျွန်တော့်အိမ်တော့ ဘာလို့ တိုက်ရိုက်မလာတာလဲ"

သူမလာသည်ကို ကျေးဇူးတင်နေရသော်လည်း လောကွတ်ပြု၍ မေးရပါသည်။

"နင့်အတွက် မောင်ကြီးဖျိုင်းနဲ့ တိုင်ပင်စရာရှိလို့ပေါ့ ... လာ အခု နင့်ကို တို့ မျက်နှာစုံညီပြောစရာရှိတယ်"

"ဘာကိစ္စလဲ ဒေါ်ကြီး"

"လာလို့ ... ဆိုတယ် ရှည်မနေစမ်းနဲ့"

သူဖုန်းကိုချလိုက်လေသည်။ ကျွန်တော် ဘာမျှ မတတ်နိုင်တော့ပါ။

"ပေါ်အူးရေ"

"ဆရာ"

"ငါအပြင်ထွက်ဖို့ အဝတ်ပြင်ပေးကွာ"

"အသင့်ပါပဲဆရာ"

ကျွန်တော် မကြာမီ၌ ပြည်လမ်း ဦးကြီးဖျိုင်းတို့ အိမ်သို့ ရောက်ခဲ့ရလေ၏။

"အစ်ကိုဆွေတစ်ယောက်တော့ ဇွဲတော့မယ်ဟေ့"

ကျွန်တော်ကားပေါ်မှဆင်း၍ သူတို့အိမ်ပေါက်ဝ ဝင်လိုက်လျှင် ဝင်လိုက်ခြင်း သံတံခါးဆီးဖွင့်ပေးသော ကျွန်တော့်ညီမရီရီနှင့်မြမြ နှစ်ယောက်က သံပြိုင်ဟစ်လိုက်သည်၌ ကျွန်တော့်စိတ်တွင် 'အင်း ငါနဲ့ဝေ ဖြစ်တာတော့ သင်းတို့မသိတန်ရာ' ဟု အောက်မေ့လျက် ...

"ဘာဇွဲရမှာလဲ မျက်ခမ်းဇွဲရမှာလား၊ ငါက နင်တို့ကို တစ်ခုခုပေးပြီး ဘယ်တော့ပြန်တောင်းဖူးလို့လဲ"

"မျက်ခမ်းဇွဲမှာလား ဘာဇွဲမှာလား ဆိုတာ တော်ကြာသိမှာပေါ့ အစ်ကိုဆွေရ၊ လာပါ အပေါ်မှာ ကြီးကြီးနဲ့ ဖေဖေရယ် စောင့်နေတယ်"

ဟု ပြောလျက် သူတို့နှစ်ယောက်က အိမ်ပေါ်ထပ်လှေကားကို ဦးဆောင်သွားသည်၌ ကျွန်တော်က နောက်ကလိုက်သွားရပါသည်။

တစ်မူးတန် မန္တလေးနဂါးဆေးပေါ့လိပ်ကြီးကို (မန္တလေးမြို့ကြီးတစ်မြို့လုံးကို တစ်မူးတန်ဟု ပြောခြင်းမဟုတ်ပါ။ ကျွန်တော့်မှာ စာကိုရေလည်စွာ ရေးတတ်သူမဟုတ်၍ ရှင်းရပါသည်။ နဂါးဆေးပေါ့လိပ်တစ်မူးတန်ကိုသာ ဆိုလိုပါသည်)လက်ကြားညှပ်နေသော ဒေါ်ကြီးစိုးအားလည်းကောင်း၊ ဆင်

နှစ်ကောင်ကို ပါးစပ်ခဲနေသော ဦးကြီးဖျိုင်းအားလည်းကောင်း၊ (ကျွန်တော့် ဦးကြီးကို မချီးကျူးပါနှင့်၊ ဆင်နှစ်ကောင်တံဆိပ် ဆေးပြင်းလိပ်ကိုဆိုလိုပါသည်) ခမ်းနားသော ဆိုဖာကြီးပေါ်၌ ဣန္ဒြေရရကြီး တည်မြဲနေကြသည်ကို တွေ့ရပါသည်။

ဤအချိန်၌ ကျွန်တော့်မှာ 'ယုန်လျှင် ကြံ့ကြံ့ဖြင့် ဦးခေါင်းငုံ့၍' ဆိုဖာတစ်ခုပေါ်တွင် ထိုင်လိုက်ပြီး ...

"ဟိုကလူတွေ မာကြရဲ့နော် ဒေါ်ကြီး"

"မာကြပါတယ်"

"ကိုကြီးဝင်းမောင် အလုပ်အကိုင်ကကော"

"သူကတော့ ဘာမှပြောစရာမရှိဘူး။ လူများ မျက်ခုံးမွေးပေါ်မှာ စကြိန် လျှောက်နိုင်တဲ့ကောင်"

"နို့ ကျွန်တော့်ဦးလေး ကိုဘဖုံကြီးတစ်ယောက်ကော"

"ဘဖုံကတော့ သူများဖိနပ်ကွဲ၊ အခုကြွေးတွေ ပတ်ပတ်ဝိုင်းလို့"

"ဟင်... အရင်တုန်းကတော့ သူ ပွဲရုံတစ်ခုဖွင့်တာ နာမည်က ဘာပါလိမ့်'ခရေပွင့်'ဆိုလား"

"ခဝဲပွင့်ပါ ကွဲ့"

"အင်း ... အင်း... ဒီ'ဒီခဝဲပွင့်'ပွဲရုံအလုပ်နဲ့ တော်တော်ဟန်နေဆို..."

"အလုပ်ကဟန်ပါတယ် လူက အသုံးမကျတာ"

ဦးကြီးဖျိုင်းက ဖြတ်၍ ...

"အေး ... အေး ဘဖုံအကြောင်း ကြားရတယ်ကွဲ့ ဘယ်လိုဖြစ်တာလဲ ပြောစမ်းပါဦး မစိုး"

"အလုပ်ကဟန်လို့ လက်ထဲငွေကလေး တော်တော်များ ကိုင်မိတော့ လူကမလည်ရှုပ် လူပါးဝချင်တာ မောင်ကြီးဖျိုင်းရဲ့၊ သူ့လို အူအ, အ, အကောင်ကလူများမြှောက်ပေးလို့ ဖဲရိုက်တော့ ရှုံးတာပေါ့... တော်ရုံတန်ရုံ အရှုံးမှာ မရပ်ဘဲ ငွေများ ငွေနဲ့လိုက်ဟဲ့ဆိုပြီး တတိတတိနဲ့ တော်တော်ပျက်စီးသွားတယ်။ အဲဒီအခါမှာ သူ့ပွဲရုံလာအပ်ထားတဲ့ ပစ္စည်းရှင်တွေက ခါတိုင်းလို ငွေမှန်မှန်မပို့လို့ လူကိုယ်တိုင်လိုက်လာတာနဲ့၊ ဟိုကနေ တရားစွဲမယ်၊ နုတ်တစ်စ်ပေးတာနဲ့၊ လူ့ကိုဂျင်ဂျင်လည်သွားတာပဲ။ အဲဒီအတွင်းမှာကောင်က စိတ်လေပြီး မယားငယ်ယူလိုက်ပြန်သေးတယ်"

"ဟင် … သူ့မိန်းမ မြအေးနဲ့ဘာဖြစ်ကြလို့လဲ"

"ဘာမှတော့ ဖြစ်တယ်မဟုတ်ပါဘူး။ဒါပေမဲ့ ဒီလိုလင်စိတ်လေနေတဲ့ အခါမျိုးမှာ မယားရဲ့အအုပ်အထိန်းကလည်း လိုတယ်ပေါ့လေ… မြအေး လည်း မောင်ကြီးသိတဲ့အတိုင်းပဲ နာမည်နဲ့လိုက်အောင် ရိုးရိုးအေးအေးပဲနေ တတ်တော့ခက်တာပေါ့လေ …"

"နို့ မင်းတို့ ဆွေမျိုးလူကြီးတွေထဲကကော ကြည့်ရှုမပြောကြဘူးလား ကွဲ့"

"ပြောပြီးလား မောင်ကြီးရယ်… အစဦး နားမထောင်ဘူး။ အခုလူကို ချွတ်ချုံကျတော့မှ သံဝေဂရပြီး … ပြန် အဖတ်ဆယ်တယ်။ တော်ပါသေးရဲ့… ပစ္စည်းတော်တော်ချမ်းသာတဲ့ ပွဲကတော်တစ်ယောက်က သူ့နဂိုရိုးသားတဲ့ စိတ်ဓာတ်သိတာနဲ့ ဖဲမရိုက်ဖို့ မယားငယ်ဖြတ်ပစ်ဖို့ ကတိတောင်းပြီး ငွေ ထုတ်ပေးလို့ အခုတော်တော် အလုံးလည်သွားပါပြီ …"

"အေး ဒီလိုဆိုဝမ်းသာပါတယ်ကွယ်… မင်းတို့ကလည်း ကြည့်ရှုပြော ကြပါ"

"ပြောပါတယ်။ အခုလာခါနီးတောင် မှာခဲ့ရသေးတယ်။ 'ဘဖုံ' နင် မငယ်တော့ဘူး။ နင့်သမီးလေးတောင် အပျိုဖြစ်နေပြီ။ နင် မမိုက်နဲ့တော့ နင် ဒီအလုပ်ကလေးက အကျိုးပေးတာ ရိုးရိုးမှန်မှန်လုပ်၊ နင့်နာမည်ပျက်ကို ပြန်အဖတ်ဆယ် အသုံးအစားဆင်ခြင်၊ ကြွေးတွေကို ကျေအောင်ဆပ်၊ ငွေ ထုတ်ပေးတဲ့ ကျေးဇူးရှင်ကိုမမေ့နဲ့၊ မိတ်ကောင်းဆွေကောင်းကို သတိရ၊ သာ ပေါင်းညာစားတွေကို ရှောင်ကြဉ်၊ ကိုယ်အရေးနိမ့်တုန်းက ကိုယ့်အပေါ် သည်းခံခဲ့တဲ့ ကိုယ့်အလုပ်ဆက်သွယ်ဘက်တွေ အကျိုးဆထက်ထမ်းပိုးတိုး အောင် ဆောင်ရွက်လို့ပြောခဲ့ရတယ်။ အခုတော့ သူအတော် နောင်တရဟန် တူပါတယ် မောင်ကြီးဖျိုင်းရဲ့"

"အေး … အဲလို… အမှားသိလို့ နောင်တရသွားတဲ့ လူဟာ ရှေ့ဆက် ကောင်းတတ်ပါတယ်ကွယ်။ ဒါနဲ့ … ဒီဘဖုံဆိုတဲ့ သူငယ်ဟာ … ဘယ်လိုမှ တိုက်ချွတ်မရတဲ့ သွားနီကြောင်ကျားနဲ့ဟာ မဟုတ်လားကွဲ့၊ ငါသိသလောက် မှာ ဒီကောင်လေးဟာ လူရိုးလူကောင်းကလေးပဲ…"

"အဲလို… ရိုးလွန်းကောင်းလွန်းလို့ ခက်တာပေါ့…မောင်ကြီးရဲ့…လူ တစ်ဖက်သားကို ယုံတတ်တယ်၊ ခင်တတ်တယ်။ နေရာတကာ စိတ်သဘော

လွယ်တတ်တယ်။ ဟော ... ဟော ... ဟော့ဒီဟာနဲ့ အတူတူပေါ့"

ဦးလေးဘဖုံပြောနေမှ ကျွန်တော့်ဘက်သို့ လှည့်လာပြီ။

"လူအပျော့စား အညံ့စားတွေလေ ... လူချင်းယှဉ်လိုက်ရင် သူတို့ခံဘက်ကချည်းပဲ။ ဒါကြောင့် သူ့ကို အိမ်ထောင်ချဖို့ ကိစ္စမှာ"

ကျွန်တော်အသဲယား၍ သွားပါသည်။

"ဘဖုံမိန်းမလို အင်းမလှုပ် အဲမလှုပ်ဟာမျိုးမဟုတ်ဘဲ လင်ကို အစစအရာရာ ထိန်းသိမ်းစောင့်ရှောက်နိုင်မယ့်... သူငယ်မမျိုးကိုရွေးရတာ မောင်ကြီးဖျိုင်းရဲ့..."

"အေးလေ ဒါကြောင့် မစိုး စီစဉ်တာကို မောင်ကြီးသဘောကျတယ်ပြောမှပဲ"

ကျွန်တော်မျက်လုံးပြူးကာ

"ဘာ .. ဘာ ... ဘာ သဘောကျတာလဲ ဦးကြီးဖျိုင်းရဲ့"

ဒေါ်ကြီးက ... ဇက်ကဲ့လက်ကဲ့နှင့်

"နင့်ကို မိန်းမပေးစားမလို့ဟဲ့"

ရုတ်တရက် ကျွန်တော့်မျက်စိထဲ ဝေ့မျက်နှာကလေး ကွက်ခနဲပေါ်လာကာ...

"ဟာ ... ဟာ ... မလုပ်ပါနဲ့ ဒေါ်ကြီးစိုး ကျွန်တော် အိမ်ထောင်မပြုချင်သေးပါဘူး"

"ဘာမပြုချင်ရမှာလဲ။ နင့်အသက် မငယ်တော့ဘူး။ နင့်ကိုငါ့စိတ်တိုင်းကျ နေရာချပြီးမှ ... ငါအသေဖြောင့်တော့မှာပဲ ငါ့အသက်လည်း အခုမငယ်တော့ဘူး"

"ဒေါ်ကြီးစိုး အသက်မငယ်လို့... သေချင်လဲ အေးအေးဆေးအေးပဲသေသွားပါ။ ကျွန်တော့်အတွက်တော့ ဒုက္ခမရှာပါနဲ့ ကျွန်တော်က ဒါမျိုးဝါသနာမပါလို့ပါ"

ဦးကြီးဖျိုင်း

"ဘယ့်နှယ် ... ဝါသနာမပါရမှာလဲကွဲ့၊ အချိန်အရွယ်အလျောက် 'သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်' ဆိုတဲ့ စကားရှိတယ်မဟုတ်လား ..."

"ဒါက သစ်ပင်တွေအတွက် ပြောတာပဲဗျ၊ လူက ... ဘယ့်နှယ်လုပ်သီးရပွင့်ရမှာတဲ့လဲ"

"ဟဲ့ လူကို သစ်ပင်နဲ့ဥပမာတင်စားပြီး ကိုယ့်မျိုးရိုးလုပ်စဉ်ကို ပွား စည်အောင်လုပ်ရမယ်လို့ ပြောတာကွဲ့"

"အို မောင်ကြီးဖျိုင်း"

ဒေါ်ကြီးစိုးက

"သူ့လို လူစကားနားမလည်တဲ့ဟာကို ဒါတွေပြောမနေနဲ့ လေကုန်ရုံ ရှိမယ်"

ဟုပြောပြီး ကျွန်တော်ဘယ်လုည့်ကာ

"ဟော့ ဒီမှာဟော့"

ပြတ်ပြတ်တောင်းတောင်းအသံနှင့်

"အိမ်ထောင်ပြုရမယ်လို့ မင့်ကိုငါကပြောနေတယ် ဒါပဲ"

ပိုင်စိုးပိုင်နင်းရှိလှပါသည်။ ယင်းအကြိုက်၌ ကျွန်တော်၏ အသက် အရွယ်သည် လွန်ခဲ့သော နှောင်းအတိတ်ကာလအောက်ခြေသို့ ဝုံးဒိုင်းဗလုံး ဒိုင်းနှင့် နောက်ကျွမ်းပြန်၍ လိမ့်ဆင်းသွားကာ ၄–၅ခါလည်သားကလေးမျှ ဖြစ်သွားလျက် ဒေါ်ကြီးစိုးက ညနေခင်းကစားဖော်တို့ထံမှ ပြန်ခေါ်၍ 'သွား ရေချိုး' ဟူ၍လည်းကောင်း၊ နေ့လည် လူကြီးတွေအလစ်ကြောင်အိမ်ထဲက ငါးကြော်ခိုးစားတာမိ၍ 'သွား ... နံရံမျက်နှာအပ်ပြီးဒူးထောက်နေ'ဟူ၍လည်း ကောင်း၊ လက်ညှိုးငေါက်ငေါက်ထိုးကာခိုင်းစေသည်နှင့် ဘာမျှမခြားတော့ ပြီ။ ဒေါ်ကြီးစိုးအသက်သည် ကျွန်တော့်ထက် အနှစ်၃၀ကျော် အမြဲတမ်း မှန်မှန်ကြီး၊ ကြီးနေဘိသကဲ့သို့သူ၏ ဩဇာအာဏာမှာလည်း ကျွန်တော့် အပေါ်ထာဝစဉ် တည်တည်ကြီး လွှမ်းမိုးလျက်ရှိပါသည်။

ကျွန်တော်သည် ဘာတတ်နိုင်တော့သနည်း။ သူ့အမိန့်ကို မငြင်းဆန် နိုင်ပါ။ သို့သော် ....

"အိမ်ထောင်ပြုဆိုပြုပါမယ် ဒေါ်ကြီးရယ်... ဒါပေမဲ့ ကျွန်တော်ယူ မယ့်မိန်းမ ... ကျွန်တော်ရှာပါရစေ"

"ဘာ"

ကျွန်တော်က ဤမျှအောက်ချတောင်းပန်သော်လည်း သူက ဘယ် တော့မှမလျှော့။

"နင်ယူမယ့်မိန်းမနင်ရှာတော့ နင့်လိုဟာ နင်တွေ့မှာပေါ့ဟဲ့၊ဒီတော့မှ ဒင်္ဂါး အ–အ ချင်းတီးသလို နင်အသုံးမကျမှန်းပိုပြီး သိသာတော့မပေါ့ဟဲ့"

ကျွန်တော်မျက်နှာအောက်ချ၍ နေရပါသည်။ ဤတွင်ဦးကြီးဖျိုးက လူကြီးဆိုသူတို့ ထုံးစံအတိုင်း ...

"မောင်ဆွေက မစိုးစကား နားထောင်လိုက်လေ၊ လူကြီးက သင့်လျော်လို့ စီမံတာ မမှားဘူးကွဲ..."

ကျွန်တော်က အောင့်ညှစ်ညှစ်နှင့်

"မမှားဘူးဆိုတာတော့သိပါတယ်။ ဒါပေမဲ့ ကျွန်တော်မကြိုက်တာကြီးဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ..."

ဒေါ်ကြီးစိုး ...

"ဟဲ့ငါယူခိုင်းတာကို နင်မကြိုက်တာ မဖြစ်ရဘူးဟဲ့ နင်ကြိုက်ရမယ်"

"ဘယ် ဟိမဝန္တာကမှ မဟုတ်ဘူး။ ရန်ကုန်မြို့ အင်းယားကန်နံဘေးကပဲ၊ ဦးတောက်ထွန်းသမီး တင်မမကြီး"

ဘုရား ... ဘုရား ... ဟိုနီရီယာတောက်ထွန်း၊ ကျွန်တော်မသိဘဲ နေပါ့မလား။ မိန်းမကိုယ် ယောကျ်ားစိတ်နဲ့ဟာကြီး။ ရုပ်ရှင်မင်းသမီး ခင်အုန်းမြင့်တို့အရွယ် ပမာဏရှိသည်။ ယူနီဗာစီတီတွင် ရေကူးချန်ပီယံဘွဲ့ရဖူးသည်။ အမျိုးသမီးအဖွဲ့တစ်ခုမှာ သိုင်းဆရာမဖြစ်သည်။ ဘောက်ဆင်ကောင်းကောင်းတတ်သည်။ လုလင်တစ်ယောက်က သူ့ကို'ဂနိုရီယာ တောက်ထွန်း ...'ဟု နောက်ပြောင်မိရာ၊ ထိုသူကို နောက်ကောက်ချပစ်လိုက်သည်။ လွန်ခဲ့သောနှစ်က မန္တလေးကျားဘညိမ်းရန်ကုန်ဘီအေအေတွင် လာရောက်ဗိုလ်စွဲ နေသည်ကို ကျားဘညိမ်းကသာ လက်ခံလျှင် တက်၍ထိုးမည်ဟု ပြောဖူးသည်။ ကျွန်တော် မယုံမကြည်မရှိချေ။

အင်ပို့လိုင်စင်တွေ ခေတ်ကောင်းစဉ် ၁၉၅၀ခုနှစ်ကပဲထင်သည်။ ကျွန်တော့်တို့ မိတ်ဆွေဆိုင်းဘုတ်ဆွဲကုန်သည်ကြီး ဦးလှဘူးက နိုင်လွန်နှစ်သိန်းဖိုး လိုင်စင်ကျ၍ ကျင်းပသော ဖေါ်ချင်းလောချင်းပါတီတစ်ခု၌ လူနောက်တစ်ယောက်က 'မိန်းကလေးတွေ ဘယ်လောက်ပဲ သိုင်းပညာတတ်တတ် တကယ့်အရေးယောကျ်ားနဲ့တွေ့တော့ ငြိမ်ကျသွားတာပါပဲကွာ'ဟု နောက်ပြောင်သလို ပြောမိရာ၊ ဟိုနီရီယာသည် ချက်ခြင်းချဲလင်းချ်လုပ်၍ ထိုလူကိုကိုင်ပေါက်ပြလိုက်လေသည်။ ကျွန်တော့်အားလည်း တစ်ခါတွင် အလှူအိမ်တစ်ခု၌ ကျွန်တော်က ညီမ ရီရီမြတို့ကို အကြောင်းပြု၍ မိန်းကလေးလူအုပ်ဆီသို့ သွားရောက်ရစ်သီမိရာ၊ သူက ကျီစားသည့်သဘောနှင့်'ရီရီတို့ ကိုကို့ကို

ဝိတ်မသလို ကိုင်မြှောက်ပြမယ်ကွ' ဟု ထဘီပြင်ဝတ်လေသဖြင့် ကျွန်တော်မှာ ခွေးပြေးဝက်ပြေး ပြေးခဲ့ရဖူးပါသည်။ ဤအချိန်မှစ၍ ကျွန်တော်သည် သူ့ရှိရာအရပ်ဆိုလျှင် ထီးချက်စောင့်နတ်သမီးက 'ဘက်တီဂရေဘယ်လ်' စတိုင်မျိုးနှင့် မျက်စိတစ်ဖက်မှိတ်ကာ ခေါ်နေပါစေ၊ ဆလံမာလေးကွန်း။

ဤတင်မမကြီးခေါ် ဟိုနိုရီယာတောက်ထွန်းတို့အိမ်သားစုမှာ ရန်ကုန်နယ်မြေတွင် နာမည်ကြီးဖြစ်၍ မျက်နှာကြီးရပ်ကွက်တွင် သူတို့ကို မသိသူရှားလေသည်။ ကျွန်တော့်နှင့်ဆိုလျှင်ကား လူကြီးချင်းပါသိကြသည်။ ထို့ကြောင့် ဒေါ်ကြီးစိုးနှင့် စကားစပ်မိလာဟန်တူပါသည်။ သို့သော် ကျွန်တော်စဉ်းစားမိသည်မှာ ဟိုနိုရီယာလို မိန်းမအာဇာနည်က ကျွန်တော်ကဲ့သို့ လူအေးလူပျော့ကို သူ၏အိမ်ဦးနတ်ရှင်လင်သခင်အဖြစ် စိတ်ကူးထည့်ပါ့မည်လော။ သူနှင့်ကျွန်တော်မှာ မင်းပွဲစိုးပွဲပါတီများ၌ မကြခဏ တွေ့ဆုံလေ့ရှိပါသည်။ သူ ကျွန်တော့်ကို ကြည့်ပုံရှုပုံနှုတ်ဆက်ပုံမျိုးမှာ အချင်းချင်း ဂေါ်စက်ဝိုင်းအတွင်း၌ရှိကြကုန်သော အပျိုလူပျိုများဖြစ်ပေကြသည်ဟူ၍ သဘောထားပုံမရ။ တစ်ခါတစ်ရံ၌ ကျွန်တော့်ပခုံးကိုပုတ်လိုက်ကာ 'ဟဲလို ကိုအေးဆွေ ဝလို့လှလို့ပါလားဟေ့' ဟု ဦးလေးကြီးက တူမချောကျောကိုသတ်၍ မသိမသာအရသာခံသည့် အပေါက်မျိုးပင် ပြုတတ်ပါသည်။

ထို့ပြင် ဤသို့ အသိမိတ်ဆွေတွေခေါ်၍ ယောကျ်ားမိန်းမ သိုက်သိုက်ဝန်းဝန်းနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပသောအိမ်များ၌ ကျွန်တော်ကယောကျ်ားဝိုင်းတွင် သူငယ်ချင်းမြေးတော်များနှင့် ကစားပျော်ပါးနေသောအခါတို့၌ သူသည် ကျွန်တော့်အား 'အလကားမောင်' ပဲဟု မနှစ်မြို့သော မျက်နှာထားမျိုးနှင့် အပေါက်ဆိုးဆိုး ကြည့်တတ်ပါသည်။ ထို့ကြောင့်...

"နေပါဦး ဒေါ်ကြီးစိုးရဲ့ ကျွန်တော်က သဘောကျပြီပဲ ထားပါဦးတော့ သူက ကျွန်တော့်ကို ယူနိုင်ပါ့မလားတဲ့"

"ဟေ့ ဒီမှာ အေးဆွေ၊ ငါက မသေချာဘဲနဲ့ မင်းကို ပြောပါ့မတဲ့လား။ နို့ပြီး ဒီကိစ္စမျိုးမှာ ငါကလဲ ဘယ်တော့မှ အောက်ကျခံပြောတာမဟုတ်ဘူး။ သူတို့က ကိုယ့်လာစလို့..."

"ဟင် ... ဘယ်လိုလာစလို့လဲ"

"တယ်"

ဒေါ်ကြီးစိုးက စိတ်မရှည်သလိုလုပ်လေရာ ဦးကြီးဖျိုင်းက သူ့ပါးစပ်

က ဆင်နှစ်ကောင်ကို ဖြုတ်လိုက်ပြီး

"ဒီလိုကွာ ကိုတောက်ထွန်းမိန်းမ ဒေါ်ခင်မြမြတို့ မိသားတစ်စုက ခုတလော မန္တလေးမှာ ဝန်ကြီးချုပ်ကိုယ်တိုင် အလေးဂရုပြုခဲ့ရတဲ့ဆာဒူးကြီး ရှိတယ်ဆိုတာကြားလို့ သွားကြရင်းနဲ့ မင်း ဒေါ်ကြီးအိမ်ရောက်ပြီး သား ကြောင်း သမီးကြောင်း ပြောကြတော့ မင်းနဲ့သူ့သမီးနဲ့ ပေးစားဖို့ သဘောတူ ကြသတဲ့"

"နေပါဦး သူတို့သမီးကော ပါလာလို့လား"

ဒေါ်ကြီးစိုး

"ပါတယ်... ပါတယ်... ငါတော့ဒီသူငယ်မကို အင်မတန်သဘောကျ တယ်။ တောင့်တောင့်တင်းတင်း ဖျတ်ဖျတ်လတ်လတ်နဲ့ ယောကျ်ားတစ် ယောက်ကို စီမံအုပ်ချုပ်နိုင်မယ့် စွမ်းရည်မျိုးရှိတယ်။ မင့်လို အကောင်နဲ့တော့ အဆင်သင့်ပဲ။ ဒါကြောင့် ငါကလည်းသဘောတူပြီး အခုလို အပူတပြင်းစီမံ တာပဲ"

"နေပါဦး ... သူကကော"

"ဘယ်သူကလဲ"

"ဟိုနီရီယာ ... တင်မမကြီးကလေ"

"သူမင့်ကို ဂရုစိုက်ကြည့်နေတာ တော်တော်ကြာပြီတဲ့၊ မင့်အနေ အထိုင် အမူအရာ အပေါင်းအသင်း ငွေကြေးအသုံးအစွဲကို နည်းနည်းကလေး မှ သဘောမကျဘူးတဲ့"

"ဟင်... ဒါနဲ့များ သူက ကျွန်တော့်ကို ဘာလုပ်ဖို့ယူဦးမှာတဲ့တုန်းဗျာ"

"ပြောတာနားထောင်ဦးလေ... ဒါပေမဲ့ မင့်ဒီအသုံးမကျတဲ့အချက်တွေ ဟာ စိတ်ရင်းသဘောကောင်းနဲ့ ရိုးအ, ဉာဏ်နည်းမှုတွေက ဖြစ်ပေါ်လာတာ မို့ သူပြုပြင်လိုက်ရင် လူကောင်းကလေးတစ်ယောက် ဖြစ်လာမှာပဲဆိုပြီးယူ မှာတဲ့..."

"ဗျာ"

ကျွန်တော်ညောင်နာနာကလေးနှင့် ပါးစပ်ကိုဖြဲ၍ နေလိုက်မိပါသည်။

"သူ့လက်ထဲရောက်မှ မင့်ကို သူကြိုက်တဲ့ပုံမျိုးသွင်းယူမတဲ့"

"အေး ... ငါတော့ သဘောကျတယ်"

"ကျွန်တော်က မကျနိုင်ပေါင်ဗျာ ... ။ ဘယ့်နှယ် လူသားပကတိပုံ

သွင်းရမယ်လို့ပဲ ကျွန်တော့်များ ဖယောင်းတိုးမှတ်နေသတဲ့လား"

"မင့်ကို ဖယောင်းတိုးမဟုတ်ဘူး။ တင်မမကြီးလိုကောင်မက ရွှံ့တုံး လောက်အောက်မေ့မှာဟဲ့"

"ဟုတ်ပါတယ်။ ကျွန်တော်သူ့ကိုကြောက်တယ်"

"အေး အဲလိုကြောက်မှ နင်လူဖြစ်မယ်။ ဘယ့်နှယ်လဲ မောင်ကြီးဗျိုင်း"

ဟု မောင်ကြီးဘက်လှည့်၍ အမေရိကန်က အင်္ဂလိပ်ကို တိုင်ပင်သလို ထောက်ခံချက်တောင်းလိုက်ရာ၊ ကုလသမဂ္ဂ အချုပ်အချာမိနေသော ငနဲကြီး ကလည်း ...

"အေး ငါသဘောကျတယ်လို့ ပြောနေ ... မစိုးနှယ် မြန်မြန်သာ စီမံကွယ်"

"ဟာ ... ကျွန်တော်တော့ သဘောမကျနိုင်ပေါင်ဗျာ"

"ဟဲ့ နင့်သဘောမကျချင်လို့ဖြစ်မလား ... ငါစီမံတဲ့ကိစ္စဟဲ့"

"ဟာ ဒေါ်ကြီးရာ ဒါကြီးနဲ့တော့ တောင်းပန်ပါရစေဗျာ။ မင်္ဂလာလေး ရွေမန်းမယ်ထဲကဆိုရင် ဘယ်ဒင်းပဲဖြစ်ဖြစ် အခုယူဆိုရင် ချက်ခြင်းကောက် ယူပါ့မယ်။ ဒီ ဟိုနီရီယာကြီးတော့ ရှိခိုးပါရဲ့ဒေါ်ကြီးရယ် ငယ်ငယ်တုန်းက လိုပဲ နံရံမျက်နှာကပ်ပြီး ဒူးထောက်ဆိုလဲထောက်နေပါ့မယ်"

"ကောင်းစေချင်လို့ နတ်ပြည်တင် ခွေးဖင်ဘုံမှတ်ဆင်းမနေနဲ့ ဟဲ့ အကောင် ငါ စီစဉ်ပြီးနေပြီ။ နက်ဖြန်ခါ အဝတ်အစားယူပြီး သူတို့အိမ်ကို သွား၊ ဟိုမှာ ၄–၅ ရက်နေရမယ်။ ဒီအတွင်းမှာ ဦးတောက်ထွန်းက မင့်အနေ အထိုင်ကို အကဲခတ်လိမ့်မယ်။ သူသဘောကျအောင်ကြည့်နေ သမီးနဲ့မအေ ကတော့ သေချာနေပြီ"

"ဟာ ... ဒေါ်ကြီးရာ"

"မရှည်နဲ့ နင် ဒီမိန်းကလေးရရင် ကံကောင်းတယ်အောက်မေ့လိုက် ပါ။ သူလိုသူငယ်မက ရန်ကုန်မှာထိပ်သီးထဲကတောင် ခေါင်းခေါက်ယူနိုင် တယ်။ ဒါပေမဲ့ နင့်ကိုသနားလို့တဲ့"

"မသနားဖို့ကိုအရပ်နဲ့ တောင်းပန်ပေးပါဒေါ်ကြီးရာ။ ဒီမှာ ... ဒေါ်ကြီး ကျွန်တော့်မှာလေ ..."

"ဟဲ့ အကောင်"

ကျွန်တော့်မှာ ရည်းစားရှိနေကြောင်းနှင့် ပြောမည်ပြုပါသည်။ သို့

သော် ရှေ့စကားမဆက်နိုင် ဒေါ်ကြီးစိုး၏ မျက်စိပြူးထွက်လာလျက်

"ပါးစပ်ပိတ် ... နက်ဖြန်သွားဖို့သာပြင်"

ကျွန်တော် နောက်ထပ်ဘာမျှ မဟဝံ့တော့ပါ။ ရင်ထဲမှာ သိမ့်သိမ့်ခါ၍ နေပါပြီ။ ဒါကြီးနဲ့များ လင်မယားတော်ရရင်တော့၊ ကျွန်တော် ငယ်ငယ်က ကြားဖူးခဲ့သော ရှေးလူကြီး သူမစကားကို သွား၍သတိရပါသည်။

တောနက်ထဲသို့ ခရီးလွန်သွားသော သူတို့အား လူဝံများက ဖမ်းဆီး တတ်၏။ သို့သော် လူဝံတို့သည် လူတို့ကို အရမ်းကာရော သတ်ပစ်တတ် ကြသည်မဟုတ်ချေ။ လူဝံထီးသည် လူမိန်းမကို တွေ့လျှင်မယားအဖြစ် ပေါင်းသင်းရန်လည်းကောင်း၊ လူဝံမသည် လူယောကျ်ားဆိုလျှင် လင်သား ပြုရန်လည်းကောင်း၊ ဆောင်ကျဉ်းသွားတတ်၏။ လူသားတို့မတက်နိုင် မဆင်းနိုင်အောင်ကြီးကျယ်မြင့်မားသည့် သစ်ပင်ဖျားရှိ သူတို့အသိုက်ဂေဟာ သို့ ရောက်သောအခါ၌ နေ့စဉ်မှန်မှန်သစ်သီးသစ်ဥပျားရည်ပျားနို့ စသည်တို့ ကို ရှာဖွေကျွေးမွေးကာ သူတို့ဆန္ဒအတိုင်းသာ ပြုကျင့်ကြတော့သည် ဟုဆို ၏။ လူမှာလူဖြစ်လျက် ကျိုးကြောင်းချင်းရာ မပြောနိုင်။ သူတို့အမိန့်ကိုလည်း မငြင်းဆန်ဝံ့ပဲ ကြီးစွာစိတ်ဆင်းရဲခြင်းဖြင့် အဆုံးကုန်သော တစ်နေ့၌သေခြင်း သို့ရောက်ရသောဟူ၏။

ဘယ့်ကလောက်ဆိုးဝါးပါသနည်း။

ကဲ ... အဲဒါသာ နမူနာထား စဉ်းစားပါတော့ မိတ်ဆွေ။ ကျွန်တော် သာ ဤဟိုနိုရီဟာ တင်မမကြီးနှင့်ညားရလျှင် လူဝံမလင်နှင့် ဘာမျှခြားတော့ မည် မဟုတ်ချေ။ သူက ကျွန်တော့်ကို သူ့စိတ်တိုင်းကျပုံသွင်းမလို့တဲ့။ သူ့ စကားနားမထောင်လျှင် ကျွန်တော့်ကို ဘောက်ကဆင်ပလေးပစ်လိမ့်မည်။ ကိုင်ပေါက်ပစ်လိမ့်မည်။ အမျိုးသမီး သိုင်းဆရာခင်ဗျားရဲ့...။ နို့ပြီး ... ဘောက်ကဆင်မှာဆိုလဲ မန္တလေး ကျားဘညိမ်းတောင် အလဲထိုးမလို့တဲ့။ အမယ်လေးဟဲ့ ကြောက်စရာဟာမကြီး။

သြော် ... ဒေါ်ကြီးစိုး ဒေါ်ကြီးစိုး ရွှေမန်းက ကျောင်းအစ်မကြီးရယ် အကြံပက်စက် ဖန်ခွက်လောက်မှ အရောင်မလက်လေခြင်းနော်။ သို့သော် ကျွန်တော် ဘာတတ်နိုင်တော့သနည်း။ ဟစ်တလာကြီးအမိန့်ကို ခေါင်း ညိတ်၍သာ ပြန်ခဲ့ရပါတော့၏။

အင်း ... မနက်ဖြန်ခါတော့ လူဝံမကြီး၏ ရိပ်မြုံ၊ တောရဂုံတည့်၊

ရန်ကုန်ပြည်လမ်း၊ ခြောက်မိုင်စခန်းအလွန်၊ အင်းယားကန်မြောက်ယွန်းက ဘွေ့ငူစွန်းမြင့်ခြေရှိသူတို့ဂေဟာ'ညို့ရိပ်သာ'သို့သွားရချေတော့မည်။ ဘုရား... ဘုရား ...

ယခုအချိန်၌ ကျွန်တော်မည်မျှစိတ်ဆင်းရဲလေမည်နည်း။ ရည်းစားနှင့် ခွဲ၍မချစ်မနှစ်သက်သူနှင့် ပေးစားခြင်းခံရသော မိန်းကလေးများကား ကိုယ်ချင်းစာတရားနှင့်နှိုင်းဆချင့်ချိန်၍ သိနိုင်ပါလိမ့်မည်။ မိတ်ဆွေက ဤအဖြစ်မျိုး မကြုံတွေ့ဖူးသေးပါမူ၊ ၎င်းမိန်းကလေးမျိုးကို ရှာဖွေ၍ မေးမြန်းပါလေ။ ဒီကလေးမမျိုးတွေ တယ်ပြီးမရှားပါ။ မိတ်ဆွေ၏ ခေါင်းရင်းခုနစ်အိမ်၊ ခြေရင်းခုနစ်အိမ် အတွင်း၌ပင် အနည်းဆုံးသုံးလေးယောက်တော့ ရှိတတ်သည်၊ သွားပါ။ ယခုပဲ (ဤစာအုပ်ချထားခဲ့ပြီး) လိုက်မေးပါ။ ကျွန်တော်ကတော့ ကျွန်တော့်သောက ကျွန်တော်မဖော်ပြနိုင်တော့ပြီ။ ခွင့်လွှတ်ပါတော့။ ကိုယ်ရေးကြုံတော့ သက်လုံမကောင်းနိုင်ဘူးဗျ။ ရင်မှာဆို့၍နစ်၍ အဟင့် ... အဟင့်... အီး ...

*(စာရေးသူ၏ အရေးပေါ် ကြားဖြတ်မှာကြားချက်၊ဝတ္ထုဆိုတာ အလွမ်းကလေးတော့ပါမှ ကောင်းသည်ဟု ကြားဖူးသလိုရှိ၍ ကျွန်တော့် ဇာတ်လိုက်ကို ငိုခိုင်းရခြင်းဖြစ်ပါသည်။ဤနေရာ၌ စာဖတ်သူသည် အလွန်ပင် သနားမိလိမ့်မည်ဟု မျှော်လင့်ပါ၏။ ကျွန်တော့်မျှော်လင့်ချက်မှန်၊ မမှန်ကို ဤစာဖတ်ပြီးသောအခါ၌ ကျွန်တော့်ထံ အမြန်စာရေးအကြောင်းကြားစေလိုပါသည်။ ကြိုတင်ကျေးဇူးတင်လျက် ...*

**သော်တာဆွေ)**

(အော် ... နေဦးဗျ ... သူ ငိုချင်းချလိမ့်ဦးမယ်၊ ကျွန်တော်က မေ့နေလို့ ကဲ ... ပစ်ခတ်လွမ်းကြပေရော့...)

'အပူလွန်သမျှ ဘဝဖိုပါတယ်
လူဝံမလင်လို ကျွန်တော်ဖြစ်ရတော့မယ်ဗျ။
မလျော်တဲ့စနစ်ကို တမင်ကြံကြတာပေါ့
အို ... ရွှေနန်းရှင်ရဲ့(အယ် ... ဟုတ်ပါဘူး) အို ... ဒေါ်ကြီးစိုးရဲ့
မလျော်တဲ့စနစ်ကို တမင်ကြံကြတာလား
အမြင်မှန် မတရား ... အားဟာ ... အားဟာ'

ထိုနောက် မင်းသားအသံပြောင်း၍ နဖူးပေါ်လက်တင်ကာ ...

"ကြဲ့သေးတယ် ... ကုန်ဆွေးဗျာထုကြွယ်... ဘယ်ရှေ့ကံငယ်...စီမံဖန်လာချယ်...။ အို ...ဝေလေးရေ ..." ကုပ်ချိချိကလေး ပြေးရင်း "ဝေးပေါ့ ...ဝေးပေါ့ ထင်ရဲ့...အဟီး ... အီး ..."ဟု ငိုပြီး ဒူးထောက်လဲကျသွားလေ၏။

ဤတွင် ပြည်ဖုံးကားချ။ တစ်ခန်းရပ်

❑

# အခန်း (၈)

## ပျောက်ကွယ်နေသော တင်မောင်ကို

မိတ်ဆွေ သူ့ကိုမေ့များနေပြီလား။ ကျိုက္ကဆံမြင်းပွဲ၌ ရဲဘော်လင်းယုန်ကြီးသမီး ခင်မမကြူအတွက် ဂေါကွန်မြူနစ်တရားဟောနေစဉ် သူ့ ဦးကြီးစနက်ဖြင့် လက်ထိပ်ခတ်ခံရသည်ကိုတော့ မှတ်မိကြပါလိမ့်မည်။ ယင်းကိစ္စ၌ မိတ်ဆွေသည် ဒီကောင်ထောင်ကျသွားပြီဟု အောက်မေ့ကောင်းအောက်မေ့နေပါလိမ့်မည်။ သို့သော် သူအချုပ်ခန်းမျှပင် မရောက်ချေ။

တပ်ထားသော သူ့မှတ်ဆိတ်ကို ဆွဲဖြုတ်လိုက်၍ သူမှန်းသိလျှင်သိခြင်း သူ့ဦးကြီးသည် မူလကျီ – မာလကီးယား ယားပြီးနောက်

'မင့်မျက်နှာ ...ငါဘယ်တော့မှ နောက်ထပ်မမြင်ပါရစေနဲ့'ဟု ဩဘာစကားမြွက်ကြားပြီး ရဲများအား လက်ထိပ်ဖြုတ်၍ လွှတ်လိုက်စေလေ၏။

တင်မောင်ကိုမှာ ထောင်မကျသော်လည်း ဤကိစ္စတွင် ကံဆိုးရှာလေသည်။ အကြောင်းမှာ ရဲဘော်လင်းယုန်ကြီးတို့ လူစုကလည်း သူ့အား အရင်းရှင် ဘူဇွာ၏တူ၊ သိုးရေခြုံသော မြေခွေးဟု ပြောဆိုကာ ကန်ထုတ်လိုက်ကြလေသည်။ ဤနေရာ၌ ခင်မမကြူအတွက် သူ့ဂေါ်ပြိုင်ဘက်လွင့်စင်သွားသဖြင့် ရဲဘော်ဘဝင်း ဝမ်းသာ၍ လက်ပန်းပေါက်ခတ်လိုက်ပုံမှာ သူ့ကိုယ်ကာယနှင့်မျက်လှည့်ပွဲက ကမ္ဘောဒ်ခန်းရုပ် ခုန်နေသည့်အတိုင်းပင် (သူတို့အကြောင်း ကျွန်တော်နောက်ထပ်ကြားရသည့်သတင်းမှာ ရဲဘော်လင်းယုန်ကြီးအား 'သူပုန်ကြီး'နှင့် 'ပြည်တွင်းစစ်'တရားဟောတာမိသွား၍ ပုဒ်မ–၅ဆွဲလိုက်သည်။ ရဲဘော်ဘဝင်းနှင့် ခင်မမကြူကား တရုတ်ပြည်သို့ လစ်ကြသလိုလို)

တင်မောင်ကိုသည် ဤအချိန်မှစ၍ ပျောက်ကွယ်သွားလေရာ ယင်းသည့်နေ့ ဒေါ်ကြီးစိုးက ကျွန်တော့်အား ဟိုနိုရီယာတို့ဂေဟာ 'ညို့ရိပ်သာ' သို့ ၄–၅ ရက်သွားနေရမည်ဟု အမိန့်ထုတ်ခါ ကျွန်တော့်မှာ သောကတောင်ထုနှင့် မူးလိုက်ဘားတွင် အရက်သောက်နေစဉ် သူ့ကိုတွေ့ရလေသည်။

"ဟော့ ... ဘွိုင် ... ဂျင်"

ကျွန်တော်သည် ချောင်ကျကျစားပွဲတစ်ခု၌ တစ်ယောက်တည်း စကော့ချ်ဝီစကီ စတုတ္ထမြောက် ဖန်ခွက်ကို မော့နေစဉ် အခြားစားပွဲတစ်ခုမှ ယင်းအသံကြားလိုက်ရသဖြင့် အံ့သြစွာ လှည့်ကြည့်မိလိုက်ရာ၊ တင်မောင်ကို...

ကျွန်တော် ဤအချိန် သူ့ကို တွေ့လိုက်ရကတည်းက မိမိမှာ သောကပင်လယ်၌ သောင်မမြင် ကမ်းမမြင် ရှက်လွင့်နေရစဉ်၊ သစ်တုံးတိုတစ်ခု မျောလာသည်ကို တွေ့ရဘိသို့ ဝမ်းသာအားရနှင့် ထိုင်ရာမှထလိုက်ပြီး။

"ဟေး ... သူငယ်ချင်း"

သူသည် ဝမ်းသာစွာနှင့် ...

"ဟာ .... အေးဆွေ"

"ဘယ့်နှယ်ဂျင်လဲကွ ... ကမ်းမွန်း .... ဗျိုင်းဝစ်သမီး၊ လောကမှာ အရက်တကာတို့ဘုရင်ဟာ စကော့ချ်ဝီစကီမဟုတ်လားကွ..."

သူ ကျွန်တော့်စားပွဲ ကူးလာပြီး

"ဟုတ်တာပေါ့ကွာ... ဒါပေမဲ့ ... အခြေအနေအရ ဂျင်ကြိုက်နေရတယ်ကွ"

"ဘယ်အခြေအနေအရလဲ မင်းအခုဘယ်မှာနေလဲ"

"ယောက္ခမလောင်း အိမ်မှာဆိုပါတော့ကွာ"

"ဘာ ယောက္ခမလောင်း၊ ဒါဖြင့် မင်း အခု နောက်တစ်ယောက်တွေ့နေပြန်ပြီဆိုပါတော့"

"မလွဲပါဘူး သူငယ်ချင်း"

"မြန်လှချည်လားကွာ"

"မြန်ဆို ... အဲဟိုနေ့က ခင်မမကြူတို့ သားအဖနဲ့ ဂွကျပြီး မြင်းပွဲထဲက ထွက်လာလာချင်းပဲကွ"

"ဟင် ... ဘုရား ... ဘုရား ဘယ်လိုများလဲ"

“ငါ့စိတ်ညစ်ညစ် ခေါင်းငိုက်စိုက်နဲ့ မြင်းပွဲပြင်ဘက်ရောက်ရောက်ချင်းကွ၊ (အဲ ... အဲ... အဲ့လို... မြင်းပွဲမပြီးခင် ဒီစတိုင်မျိုးနဲ့ထွက်လာတာဟာ ရှိတာကုန်ခဲ့လို့ပဲမြင့်ရဲ့)ဆိုတဲ့ မဒီသံကြားရတာနဲ့လှည့်ကြည့်လိုက်တော့လား လားပက်ကပ်ကားကြီးထဲမှာ မြာ အနိပ်သုံးယောက် ဆရာရေ့... ၃ယောက် စလုံး ဂေါ်ချင်စရာချည်းပဲကွာ။ ဒါနဲ့ငါက ရှေ့ဆက်မသွားတော့ပဲ ရက်ပြုံး ကလေးလုပ်ပြီး ‘မလွဲပါဘူးခင်ဗျာလို့ပြောလိုက်တော့ ကလေးမတွေသဘော ကျလွန်းလွန်းလို့ သူတို့သန္တာနီနှုတ်ခမ်းငုံထဲက ပုလဲလုံးကလေးတွေ ထုတ်ပြကြပြီး အခုန အသံရှင်ကပဲ ‘ဒီမှာရှင့်... ခဏကလေး ကျွန်မတို့နဲ့ စကားပြောပါလား’ ဆိုတော့ငါက ဆွမ်းစားပင့်ခံရတဲ့ ဘုန်းကြီးလို ဘယ်ငြင်းနိုင်မလဲ သူတို့ကားနံဘေးချဉ်းကပ်သွားတော့တာပေါ့ကွ “ရှင်ဘယ်လောက်များ ရှုံးခဲ့သလဲတဲ့” “၅၀၀လောက်ပါ”၊ “ဒီငွေတွေ မနမြောဘူးလားရှင်”၊ “ဟာ ... နမြောပြီလားခင်ဗျာ”ဒါနဲ့ “နမြောရင်ဘာလို့မြင်းလောင်းရသေးသလဲ”၊ “နိုင်မလားလို့ပေါ့ခင်ဗျာ” နိုင်ဖို့အများကြီးခဲယဉ်းတယ်ရှင့်...၊ ဒီမှာရှင်တို့ လူထုလောင်းလိုက်တဲ့ ငွေအားလုံးကို ပထမဆုံး ဒိုင်က၄၀ရာခိုင်နှုန်း ဖြတ်ယူတယ်။ ကျန်တဲ့၆၀ကိုမှ ဝင်းတစ်ကောင်ရယ်၊ ပလေးနစ်ကောင်ရယ်၊ ၃ကောင်မျှ လျော်တယ်။ ဒီတော့ ... ရှင်တို့ မြင်းပွဲထဲလာတဲ့ လူစုရဲ့ငွေဟာ လောင်းလိုက်ပြီဆိုကတည်းက ဒိုင်ဆီမှာ၄၀ရာခိုင်နှုန်း ရှုံးဝါးရှုံးနေပြီ။ နို့ပြီး ပြန်လျော်တယ်ဆိုတဲ့ ၆၀ရာခိုင်နှုန်းကလဲ ရှင်တို့ငွေနဲ့ ရှင်တို့အချင်းချင်း တိုက်ယူရတာပဲ၊ ဒီလိုတိုက်ယူရတာမှာလဲ ရှင်တို့က ဘယ်လောက်အခွင့်အရေးနည်းသလဲ၊ ဥပမာ မြင်း၁၆ကောင်ပြေးတဲ့ပွဲဆိုရင် လက်မှတ်တစ်စောင်အတွက် မျှော်လင့်ချက်ဟာ ၁၆ပုံတစ်ပုံပဲရှိတယ်။ ဒီထဲမှာ ရှင်တို့က ဘယ်လိုပဲ ရှုံးဝါး တွက်တွက် အုံနာနဲ့ဂျော်ကီတွေရဲ့ ကလိန်ကျမှာတွေက ရှိသေးတယ်”။ ဘာညာနဲ့ ငါပြောခဲ့တဲ့တရားမျိုးတွေ ငါ့ပြန်ကြိတ်နေတာ။ ငါကလည်း သူ့ရှုပါရုံ ညွှတ်ကွင်းဖွတ်နင်းနေပြီကိုးကွ။ အင်မတန် တရားကျတဲ့ဟန်နဲ့ ငြိမ်နားထောင်ပြီး၊ “ကျွန်တော်နောင်တရပါပြီခင်ဗျာ... နောက်နောင် ဘယ်တော့မှာမြင်းပွဲမလာတော့ပါဘူး” ပြောလိုက်တော့ ကလေးမကြီးတွေ သဘောကျလွန်းလို့ဟော့ပီတီလှိုင်းကြွနေလိုက်တဲ့ သူတို့မျက်နှာတွေ ငါ့အခုအထိမြင်ယောင်နေတယ်ကွာ။ ပြီးမှ ခုနကလေးမကြီးကပဲ စကားဆက်တယ်။“လူတွေဟာရှင့်လိုသာနားလည်မှုရှိရင် ဘယ်လောက်ကောင်းမလဲ။ မြင်းပွဲလာ

ကြတာတွေဟာ အများအားဖြင့် ရုံးကစာရေးစာချီလခစားတွေပဲ။ အဲဒီအစိုးရ အမှုထမ်းတွေ လာဘ်စားမှု၊ ခြကိုက်မှု ဖြစ်ရတာတွေမှာ ဒီကျိုက္ကစံက အကြောင်းခံတစ်ချက်ဆိုတာသိရက်သားနဲ့ အလကား၊ အစိုးရဟာ မြင်းနဲ့အ သက်မွေးတဲ့လူတွေအတွက် ဘယ့်နှယ်လုပ်မလဲဆိုတဲ့ အကြောင်းပြချက်နဲ့ ဂျော်ကီထရိန်နာ စတဲ့လူနည်းစုကလေးကြောင့် အများလူထုနစ်နာနေတဲ့ မြင်းပွဲကို မပိတ်ဘဲထားတယ်။ နိုင်ငံရေးစကားပြောရရင် မြန်မာတွေကို မှိုင်းချ ခဲ့တဲ့အရင်းရှင်အင်္ဂလန်နယ်ချဲ့ရဲ့အမွေကိုခံယူထားတယ်။ ဒီတော့အစိုးရဟာ ဘယ်လောက်ပဲ လမ်းလွှဲလွှဲ... လူတွေက နားလည်မှုရှိပြီး ဒီမြင်းပွဲကို သပိတ် မှောက်ပစ်လိုက်ရင် ဘယ်လောက်ကောင်းမလဲ မဟုတ်ဘူးလားရှင်" အမယ် သူကလည်း စကားပြောမခေဘူးဆရာ၊ ဒီတော့ ... ငါကလဲ "ဟုတ်တာပေါ့ ခင်ဗျာ" ထောက်ခံလိုက်တော့ "ဒါဖြင့် ရှင်တို့ရုံးက မြင်းပွဲသွားတတ်တဲ့ ရှင့် အပေါင်းအသင်းတွေပြောပါရှင်၊ ရှင်ဘယ်ရုံးမှာ လုပ်သလဲ" မေးလိုက်တော့ ငါကလဲ ရှတ်တရက်အမှန်အတိုင်းပဲ ဘယ်ရုံးမှ မလုပ်ပါဘူးခင်ဗျာ၊ ပြော လိုက်မိတယ်။ ဒီတော့သူကအံ့ဩဟန်နှင့်"ဟင် ... ဘယ်ရုံးမှမလုပ်ဘူး၊ ရှင့် အင်္ကျီကြည့်ရတာ ဂရယ်ဂျူယိတ်ပါပဲ"လို့ သူက မြှောက်သလိုပြောလိုက် တော့ ငါကလည်း ဟိုအင်္ဂလန်သွားတဲ့ ငါ့သူငယ်ချင်းဝင်းစိန်ဆီက ယူထား လိုက်တဲ့ လက်မှတ်သတိရတာနဲ့ "ဟုတ်ကဲ့ ... ကျွန်တော် ဘီအေ၊ ဘီအီးဒီ ပါ"ပြောလိုက်တော့ ငနဲမ အံ့အားသင့်ပြီး "သြော် ... ဒါနဲ့များ ဘယ်မှာမှ မလုပ်ဘူး၊ ဘီအီးဒီ ဆိုတော့ ခုနေတိုင်းပြည်မှာ ကျောင်းဆရာတွေ အင်မ တန်လိုနေပါတယ်ရှင်၊ တစ်နေရာရာမှာ ဝင်လုပ်ဖို့ ကျွန်မ တိုက်တွန်းပါရ စေ"ဆိုတော့ ငါကလည်း ရှတ်တရက်ဉာဏ်ရတာနဲ့ "ဟုတ်ကဲ့ လုပ်မယ်လို့ စိတ်ကူးပါတယ်။ ဒါပေမဲ့ ခုခေတ်အလုပ်လုပ်ဖို့က ပညာတတ်ရုံနဲ့ မဟုတ် ဘူး။ ပါတီ အကပ်အရပ်တွေရှိဦးမှ လခကောင်းကောင်းရနိုင်တာ" လို့ပြော လိုက်တယ်။ ဒီတော့ သူက အမယ်လေး ဒါတော့မပူပါနဲ့၊ ရှင့်မှာ ဘီအေ၊ ဘီအီးဒီ လက်မှတ်သာရှိပါစေ။ ကျွန်မ ဖေဖေ့ကို ပြောခိုင်းပေးပါ့မယ်။ ဒီ အတွင်းမှာ ရှင် အလကား မနေချင်ရင် ကျွန်မအိမ်က မောင်လေးကို ကျူရှင် ပေးနေပါ။ ဖေဖေက လိုချင်နေတာနဲ့ အဆင်သင့်ပဲ" ပြောလိုက်တော့ သူငယ် ချင်း အတိုချုပ်ပြောရရင် ငါအခု သူတို့အိမ်မှာ သူ့မောင်လေး စာသင်ပေး ရတဲ့ ကျူတာဖြစ်နေတယ်ကွ။ ဂေါ်လမ်းကတော့ အဲ့လောက်ဖြောင့်ဖြူးနေ

တယ်ဟေ့"

ဝမ်းသာအားရပြောပြပါသည်။ စင်စစ် ဒီကောင်မှာ အိုင်အေမျှမအောင် ခဲ့ဘဲနှင့် သူ့သူငယ်ချင်း ကိုဝင်းစိန်ဆိုသူ၏ ဘီအေဘီအီးဒီ လက်မှတ်ကိုပြ ကာ ဝင်းစိန်နာမည်ဖြင့်၊ ယခင်ကလည်း မန္တလေးတွင် ဦးသံပြင်၏သမီး ခင်ဖဲပြင်ကို ဂေါရင်း ဒေါ်ကြီးစိုးအိမ်မှပင် ကျွန်တော့်ညီဝမ်းကွဲ ဘိုးတီအား စာသင်နေခဲ့သည်ကို မိတ်ဆွေမှတ်မိကောင်းမှတ်မိပါလိမ့်မည်။ သူက ဤမှာ ဘက်တွင်လည်ပြီးသားဖြစ်၍ ယခုလည်း ဤလမ်းစဉ်အတိုင်းပင် ...

ကျွန်တော်သည် သူ့စကားနားထောင်ရာမှ လက်ထဲကဖန်ခွက်မော့ချ လိုက်ပြီး ...

"ဘယ့်နှယ် ... မင့်အခုမြာက တော်တော်နိုပ်ရဲ့လား"

"အမယ်လေး ... မင်းမြင်ရရင် အံ့သြမှာပဲ"

"အေး ... မင့်ဟာတွေဆိုရင် ငါအံ့သြစရာချည်းပေါ့ကွာ။ အရင်ဟာ တွေထက်ပဲ အံ့သြရမယ်မဟုတ်လား"

"ဒီတခါတကယ်ဆရာ၊ ခင်ဖဲပြင်တို့ နာစ် မခင်မေတို့ ဆိတ်မတို့ ခင်မမကြူတို့နဲ့ ဘာမှမဆိုင်ဘူး။ ချော၏ လှ၏ တောင့်၏ ဖြောင့်၏ ရုပ်ရှင် မင်းသမီး အက်စသာဝီလီယန်အတိုင်းပဲ ဆရာ"

"အင်း ... နာမည်က ဘယ်သူတဲ့လဲ"

"ဟိုနီရီယာ"

"ဟိုနီရီယာ"

ကျွန်တော် မျက်လုံးကို လိုက်ဖြဲကာ

"ဟိုနီရီယာတောက်ထွန်းမဟုတ်လား"

"အစစ်ပေါ့... မင်းသိတယ်လား"

"အေး...သိတယ်...သိတယ်... ဘယ့်နှယ်လဲ မင်းတို့အခု အခြေအနေ သေချာသလောက်ပလား၊ မင်း ... သူ့ဖွင့်ပြောပြီးပလား"

ကျွန်တော်ကဒီကောင်နှင့်မြန်မြန်စွန်သွားပါစေဟု စိတ်အားထက်သန် စွာမေးပါသည်။ သို့သော် သူက ခပ်လေးလေးပင်။

"ဖွင့်တော့မပြောရသေးဘူးကွ။ ဒါပေမဲ့ သူ့မျက်စိ ငါ့ကြည့်ပုံက"

"ဘာလဲ မင့်လည်ကုပ်ညှပ်ပြီး ကိုင်ပေါက်လိုက်ချင်တဲ့ပုံမျိုး မဟုတ် လား..."

"နိုး ...။ ငါ့လည်ကုပ်ရိုးလေးခိုပြီး ငုံ့ရင်ခွင်ထဲမှီနေချင်တဲ့ ဟန်မျိုး ဆရာ။ သူသွားပုံလာပုံ မျက်စိကြည့်ပုံမျိုး အင်မတန် သိမ်မွေ့နူးညံ့တယ်။ ဒါလောက် ကျက်သရေရှိတာ ကမ္ဘာမှာ ငါတစ်ခါမှ မတွေ့ဖူးသေးဘူး"

"ဟ ... ဟ နေပါဦး"

ကျွန်တော်မှာ လူဝံမကြီးလောက် ယူဆထားသဖြင့်

"တို့အခုပြောနေကြတာဟာ ဒီမိန်းကလေးတစ်ယောက်ထဲမှ ဟုတ်ရဲ့လား။ သူ့မြန်မာနာမည်က ဘယ်သူတဲ့လဲ"

"တင်မမကြီးကွာ၊ ဦးတောက်ထွန်း ဒေါ်ခင်မြမြတို့သမီး သူတို့အိမ်က အင်းယားကန်မြောက်ယွန်းက ညို့ရိပ်သာ"

မလွဲတော့ပြီ ...

"အင်း ... အင်း ... ဟုတ်တယ်။ အား ဒါကြီးကများ မင်းကို သိမ်မွေ့တဲ့ မျက်လုံးမျိုးနဲ့ ကြည့်တယ်ဆိုတာ ... မင်း အင်မတန်ကုသိုလ်ထူးတာပဲကွာ..."

"အမယ်လေး ... သိမ်မွေ့တယ်မောင်၊ အမူအယာက သိပ်ပြီးနူးညံ့ ညက်ညောတယ်။ ကမ္ဘာပေါ်မှာ သူ့လောက်ကျက်သရေရှိတာ ငါ တစ်ခါမှ မတွေ့ဖူးသေးဘူး။ ငါသူ့ကိုချစ်ရုံတင်မကဘူး။ ကြည်ညိုတယ်။ မြတ်နိုးတယ်။ လေးစားတယ်။ သူနင်းသွားတဲ့ ခြေရာကွက်ကမြေမှုန့်ကို ငါ ဒူးထောက်ပြီး လက်ခုပ်နဲ့ကြုံးပြီး နမ်းမိတယ်။ သူကသာ ခွင့်ပြုမယ်ဆိုရင်၊ ငါထိုင်ထိုင်ပြီး ရှိခိုးနေချင်တယ်။ ဒီအထိပဲကွာ။ ငါအခုအသက်အရွယ်အထိ တွေ့ခဲ့တဲ့ မိန်းမတွေထဲမှာ ငါမင့်ကို စကားကုန်ပြောထားလိုက်မယ်။ တကယ်လို့သာ ဖွဟ.. လွဲပါစေ..၊ ဖယ်ပါစေ။ မပြောကောင်းမဆိုကောင်း တောက်တဲ့ ခေါင်းပေါင်းပေါင်းသူနဲ့ ငါသာလွဲရမယ်ဆိုရင်ဖြင့် ငါ့ကိုယ်ငါ သတ်သေရင် လည်းသေမယ်။ ဒါမှမဟုတ် အဖန်ငါးရာငါးကမ္ဘာကြောက်ပြီး ရဟန်းဘောင် ဝင်သာသနာ့ ဝန်ထမ်းချင်လဲ ထမ်းနေတော့မယ်။ အဲဒါ မင့်ငါအချစ်ဆုံး သူငယ်ချင်းမို့ နောက်ဆုံးစကားပြောတာပဲ"

"အေးကွာ မင့်ကို ကူညီပါဦးမယ်။ သူတို့နဲ့ငါနဲ့သိတယ်။ ငါနက်ဖြန် လာခဲ့မယ်"

"ဟော့ ... လာရင် ငါနာမည် စိန်ဝင်းကွနော်"

"အေးပါ ငါသိပါတယ်"

* * *

ကမ္ဘာမီးလောင် သားကောင်ချနင်း၊ကိုယ်ရေးကြဲဘြိ၊ အမိသော်လဲ သားတော်ခဲ၊ ကျွန်တော်မတတ်နိုင်တော့ပြီ။ မိတ်ဆွေ ကျွန်တော့်ကို အပြစ်ဆိုရင်လဲဆိုပါတော့။ ဟိုနိုရီယာ၏ ရန်မှ ကျွန်တော့်အန္တရာယ်ကို ကာကွယ်ရန်တင်မောင်ကို ကျွန်တော်၏အချစ်ဆုံးသော သူငယ်ချင်းကိုပင် မြေကတုတ်လုပ်လိုက်ရပေတော့မည်။ အိမ်ရောက်သောအခါ၌ ပေါ်အူးထံမှ အကြံညဏ်တောင်းကာ သူတို့နှစ်ယောက်ညားအောင် ဆောင်ရွက်ပေးလိုက်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ပါ၏။

သို့သော် ... ကြည့်စမ်းပါဦး မိတ်ဆွေရယ်၊ ပေါ်အူး ပေါ်အူး ကျွန်တော်က သူ့ကိုအားကိုကြီးနှင့် အာသီသထားခဲ့သည်။ ယခုတော့ ခင်ဗျာ၊ ကြည့်စမ်းပါဦး။

ကျွန်တော်အိမ်ရောက်သောအခါ၌ သူ့မှာမိတ်ဆွေတစ်ယောက်ရောက်နေသည်ဆို၍ ကျွန်တော်က ကိစ္စကို ချက်ခြင်းမပြောသေးပါ။သူ့ညီသည်နှင့်သူ လွတ်လွတ်လပ်လပ် နေပါစေဟု သူ့ကိုဘာမျှခေါ်ခြင်းမပြုဘဲ ကျွန်တော့်ဖာသာ ကျွန်တော်ရေမိုးချိုးကာ ကိုယ်လက်သန့်ရှင်းစွာ အိမ်ရှေ့ခန်းမှာ နေပါသည်။ သို့နေရာမှ ကျွန်တော်သည် ဝီစကီတစ်ခွက်လောက် သောက်ချင်သည်နှင့် နောက်ဖေးဆောင်သို့ (သူတို့အနှောင့်အယှက်ဖြစ်မှာစိုး၍) ခြေလှမ်းခပ်ဖွဖွပင်နင်းခဲ့ရာ၊ သူ့ အခန်းဝနား ရောက်သည်၌ အခန်းတံခါးမှာ အနည်းငယ်ဟနေသဖြင့်၊ အထဲမှာ"ကျုပ်ဆရာက ဗျ" ပေါ်အူး၏ အသံကြား ရ၍ ကျွန်တော့်စိတ်ထဲ၌(အင်း ငါ့လူတော့ သူ့ဆရာဂုဏ်သူဖော်တော့မှာပဲ)ဟု အသာကလေးပေ၍ နားထောင်လိုက်ပါသည်။ သို့ရာတွင် သူဆက်လက်ပြောသည်ကား"လူအေးသဘောကောင်းပါပဲ၊ ဒါပေမဲ့ ဦးနှောက်မရှိဘူး၊ လုံးဝမရှိဘူး။ လူအလပိန်းတုံး သက်သက်...."

ကျွန်တော်ဆက်လက်နားမထောင်တော့ပါ။ ရှက်လိုက်တဲ့ဖြစ်ခြင်း၊ ကိုယ့်လည်ပင်းကိုယ်ဓါးနဲ့သာ လှီးပစ်ချင်စိတ်ပေါ်ပါတော့သည်။ ကြည့်စမ်းဗျာ... ကျုပ်အိမ်ခိုင်းထားတဲ့လူက ...

မိတ်ဆွေသာ ကျွန်တော့်နေရာ၌ ဖြစ်ဘိမူ၊ မည်သို့ရှိချေမည်နည်း။

ကျွန်တော် ပထမဦး သူ့ကိုအလွန်အကျူးစိတ်ဆိုးမိပါသည်။ ဝုန်းဒိုင်းဝလုံးဒုံးနှင့် စားပွဲတွေ ကုလားထိုင်တွေပင် ဆူဆောင့်ပစ်လိုက်မည်ဟု စိတ်ကူးမိပါသေးသည်။ သို့သော် အဖြစ် ဆင်ခြင်လိုက်တော့ ကျွန်တော်က သူတို့

ချင်း အခန်းတွင်း ပြောနေတဲ့စကား သွားနားထောင်ပါလား။ ကိုယ်သာရပ်နားထောင်မနေဘဲ ကိုယ့်ကိစ္စရှိရာ ကိုယ်သွားလိုက်ပါလျှင် ဤစကားကြားရမည်လား။ နို့ပြီး ... လူတစ်ယောက်က လူတစ်ဦးကို ဒီမိုကရေစီ သဘောတံရားအရ၊ လွတ်လပ်စွာ ဝေဖန်ခွင့်ရှိရတယ်မဟုတ်လား။ သူ၏ ယူဆချက်မမှန်ကြောင်း သိစေလိုလျှင် မိမိကအလုပ်ဖြင့်သာ ရှင်းပြလိုက်ရမည်မဟုတ်ပါလား။ ဤအခါ၌ သူ့အမှား သူသိ၍ ပြောင်းလဲသွားမည် မဟုတ်ပါလား။

ထို့ကြောင့် ကျွန်တော်သည် ကိုယ့်တပည့်သားပင် ဖြစ်လင့်ကစား ဘာမျှ ကျွန်တော်ပြောဆိုခြင်းမပြု၊ ပညာရှိအမျက် အပြင်မထွက်စေဘဲ ကြိတ်မှိတ်မျိုသိပ်ထားကာ၊ သူ့ဧည့်သည်ပြန်သွား၍ ညအိပ်ရာဝင်ခါနီး အေးအေးဆေးဆေးရှိမှ ကြည်သာစွာပင်...

"ပေါ်အူးရေ"

"ဆရာ"

"မင်းမြန်မာ့ရာဇဝင်ကို တော်တော်လေးသင်ခဲ့ရဖူးဆို ထင်ပါကွယ်"

"ဆိုပါဆရာ"

"တစ်နေ့သ၌ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးဟာ ညီလာခံသဘင်တွင် လက်ရုံးတန်း၍ ကြိမ်းဝါးလိုက်တဲ့အခါ လက်ပျဉ်းကျတာမြင်တော့ မှူးမတ်တွေက ဘာပြုကြသတဲ့လဲကွာ"

"ရယ်ကြသတဲ့ဆရာ"

"အေး ... ဒီတော့ မင်းကြီးက ဘာမှပြန်မပြောဘဲ ၃ရက်လောက်ကြာတဲ့ အခါမှာရယ်တဲ့မှူးမတ်တွေ ခေါ်ပြီးတော့ ကဲ ... မှူးမတ်များ ပေါက်ပြားတောင်ခြေမှာ"

"တူရွင်းတောင်ခြေမှာပါဆရာ"

"အေး ... အေး ... တူရွင်းတောင်ခြေမှာ ဦးပေါင်းကျားနဲ့ မြင်းကျားစီးတဲ့ လူစွမ်းကောင်းတစ်ယောက် သောင်းကျန်းနေလေရဲ့ သွားရောက်နှိမ်နင်းကြရမယ်လို့ အမိန့်ထုတ်လိုက်တယ်။ နောက် နောက်တစ်နေ့ မှူးမတ်တွေပြန်လာပြီး ဦးခေါင်းပေါင်းကျားနဲ့ မြင်းကျားစီးတဲ့လူဟာ တကယ့်လူစွမ်းကောင်းပါဘုရား ကျွန်တော်မျိုးတို့ မနိုင်ပါဘူးလို့ လျှောက်တဲ့အခါမှာ မင်းကြီးက ဘာပြန်ပြောသလဲ..."

"အဲဒါ ငါပဲလို့ ပြောပါတယ်ဆရာ"

"အေး ... လူတွေဟာ ဒီလိုပဲ၊ ကိုယ်မြင်တာနဲ့ လွဲတတ်တယ်ဆိုတာတို့ သိထားရမယ်ကွဲ့"

"ဟုတ်ကဲ့ဆရာ"

ဤနေရာ၌ ကျွန်တော်ငနဲ၏မျက်နှာကဲကို ခတ်လိုက်ပါသည်။ သူ တော်တော်အမူအရာပျက်သည်ဟု ထင်ပါသည်။ သို့သော် ကျွန်တော်က ဘာမျှ လေးလေးနက်နက်ပုံသဏ္ဌာန်မပြဘဲ၊ ဤစကားနှင့် ဘာမျှမဆိုင်ဘိသို့...

"ဩော် ဒါနဲ့ ပေါ်အူးရေ"

"ဆရာ"

"ငါ နက်ဖြန်ခါ ဦးတောက်ထွန်းတို့ 'ညို့ရိပ်သာ' သွားပြီး လေးငါးရက်လောက် နေရလိမ့်မယ်"

"ဟုတ်ကဲ့ဆရာ"

"အဲဒီမှာငါ ငှါ့သူငယ်ချင်း တင်မောင်ကိုအတွက် အင်း ငါ့အတွက် ရောဆိုပါတော့လေ... တော်တော်လေးဦးနှောက်သုံးရမယ့်ကိစ္စ ရှိတယ်..."

"အမိန့်ရှိပါ ဆရာ"

ဤပြဿနာ မည်မျှခဲယဉ်းနေသည်ကို သူသိထားနှင့်အောင်တော့ လိုရင်းအချက်လောက် ထုတ်ပြောထားလိုက်ပါသည်။

"ဒါပဲကွာ"

"ကျွန်တော့် အကူအညီလိုပါသလားဆရာ"

"အို ... မလိုပါဘူး ... မလိုပါဘူး။ ကျေးဇူးတင်ပါတယ် နက်ဖြန်ခါငါ သွားဖို့အတွက် ပြင်ပေးဖို့သာပြောတာပါ"

"ကောင်းပါပြီဆရာ"

"ဂွဒ်နိုက် ပေါ်အူး"

ကျွန်တော်သူ့ကို ဤမျှနှင့် စကားဖြတ်ပစ်လိုက်ပါသည်။

"ဂွဒ်နိုက်ဆရာ"

* * *

## အကြံကောင်းတစ်ပွင့်

ပေါက္ကံပြည့်ရှင်အလောင်းစည်သူမင်းကြီးသည် သူ့ကို အထင်သေး

သောမျှုးမတ်တို့အား ကိုယ်စွမ်းပြရန် ဦးပေါင်းကျားနှင့်မြင်းကျားကိုစီးကာ နံနက်မိုးမလင်းမီကပင် ကြိုတင်၍ ပေါက်ပြားတောင်ခြေ(အယ် မဟုတ်ပါဘူး)တူရွင်းတောင်နှခြေသို့သွားနှင့်နေပေလိမ့်မည်။

ကျွန်တော့်ကားနောက်တစ်နေ့နံနက်၌ ဝေကလေးဆီက စာတွေပြန်ဖတ်ရ၊ သူ့ဆီ စာရေးရနှင့် နေ့လည်နာရီပြန်တစ်ချက်ခန့်ကျမှပင် ဦးထုပ်ပြာနှင့် မော်တော်ကားခိုပြာရောင်စီး၍ အင်းယားကန်မြောက်ယွန်းက ဟိုနိုရီယာတို့ ဂေဟာ 'ညို့ရိပ်သာ' သို့ လာခဲ့ရပါသည်။

ကံကောင်းချင်၍ပဲထင်သည်။ သူတို့အိမ်ရောက်လျှင်ရောက်ခြင်း ဟိုနိုရီယာကြီးကို မတွေ့ရ၊ သူ့မေမေကသာ ဆီးကြိုလျက်...

"ဩော် ... မောင်အေးဆွေ မနက်တုန်းကတည်းက အန်တီတို့ မျှော်နေတယ်..."

"ဟုတ်ကဲ့ ... ကျွန်တော် စောစောလာဖို့ပါပဲ ဒါပေမဲ့သွားခါနီး အိမ်မှာကိစ္စလေးတွေ စီမံနေရတာနဲ့ပဲ"

"မင်း .... နမလည်းပဲ မင့်ကိုမျှော်ရင်းမျှော်ရင်းနဲ့ မနက်စာစားပြီးတော့ 'သူ ညနေမှလာမှာ ထင်ပါရဲ့' ဆိုပြီး သူ့သူငယ်ချင်း ဦးလွမ်းပွေသမီး 'ဒက်ဖနီ' ဆီတဲ့ ကားနဲ့ထွက်သွားလေရဲ့ ညနေ ၄နာရီလောက်တော့ ဒက်ဖနီပါ ခေါ်ပြီး ပြန်ခဲ့မယ်ပြောတာပဲ"

ကျွန်တော့်စိတ်ထဲတွင် 'အင်း... ကလေးမတွေတော့ ငါ့ကိုနှစ်ယောက်ပေါင်းပြီး ကြဲကြဲတော့မှာ ထင်ပါရဲ့' ပို၍ အသည်းထိတ်သွားပါသည်။ သို့သော် ယောကျ်ားကောင်းတို့ သတ္တိနှင့် ဣန္ဒြေမပျက်စေဘဲ....

"ဟုတ်ကဲ့ ... အန်ကယ်ကော"

"မင့် အန်ကယ်လည်း ကိစ္စနဲ့ အပြင်ထွက်သွားလေရဲ့ အခုအိမ်မှာရှိတာ တော့၊ ဩ ... မောင်ဝင်းစိန်ဆိုတာ မင်းသိလား၊ ဘီအေ ဘီအီးဒီ မင့်အသက် လောက်ပဲ၊ ယူနီဗာစီတီမှာ မင်းနဲ့တစ်ချိန်တည်းကျလိမ့်မယ်ထင်တယ်..."

"ဩော် ... သိပါတယ်ခင်ဗျာ... ကျွန်တော်နဲ့ တော်တော်ရင်းနှီးပါတယ်"

"အန်တီတို့သားလေး'နယ်လ်ဆင်'ကို ကျူရှင်ပေးဖို့ အိမ်မှာခေါ်ထားတယ်ကွဲ့၊ ခုအချိန်သူတို့ နောက်ဖေးကန်စပ်မှာ ရှိလိမ့်မယ်ထင်တယ် ခေါ်

ခိုင်းလိုက်ပါ့မယ်”

“မခေါ်ခိုင်းပါနဲ့ အန်တီ ကျွန်တော် သူ့တို့ဆီ သွားပါ့မယ်”

“အေး ... ကောင်းသားပဲကွဲ့... ကန်ဘေးလေညင်းခံရင်း”

ကျွန်တော့်တွင်ပါလာခဲ့သော ပစ္စည်းများကိုကား သူတို့အစေခံများက ကျွန်တော့်အတွက် အခန်းထဲ၌ နေသားတကျ ပြုလုပ်ပြီးလေပြီ။

အပြင်ပ၌ လေစိမ်းလေအေးအေးတိုက်ခတ်နေသဖြင့် ကျွန်တော်သည် အပေါ်အင်္ကျီကိုမျှ မချွတ်ဘဲ နောက်ဘေးကန်စပ်သို့ လျှောက်ခဲ့သည်။ သူတို့ ခြံဝင်းကြီးမှာ အင်းယား ကန်ပေါင်ကို နောက်ခံထား၍ လွန်စွာမှသာ တောင့်သာယာရှိလှပါသည်။ သစ်ပင်ရိပ်မြိုင်ကြီးတွေ လွှမ်းမိုးလျက်ကျေးငှက်သာရကာတွေ စာစာညံ၍ မြို့ကြီးရန်ကုန်ထက် ရဂုံတွေမှာဝေဟာ ဆောက်ထားသည်နှင့် တူပါတော့၏။

ဝင်းစိန်အမည်ခံ တင်မောင်ကိုနှင့် ဆယ်နှစ် ဆယ့်တစ်နှစ်အရွယ် ချာတိတ်ကလေး နယ်လ်ဆင်ကို ကန်ထဲ ဆယ့်ငါးပေမျှရောက်အောင် လုပ်ထားသောသစ်သားတံတားဦးစွန်းပေါ်၌ တွေ့ရပါသည်။ နယ်လ်ဆင်မှာ ငါးမျှားလျက်...

ကျွန်တော်က တင်မောင်ကိုကို သတိကြီးစွာနှင့် နှုတ်ဆက်လိုက်ရပါသည်။

“ဟဲလို ... ကိုဝင်းစိန်”

“ဟဲလို ... အေးဆွေ .... ဒါ ... နယ်လ်ဆင်ကွ”

ဆိုပြီး ချာတိတ်အား

“နယ်လ်ဆင် ... ဒါ ... တီချာ သူငယ်ချင်း အေးဆွေကွ”

ချာတိတ်သည် ခေါင်းမျှမော်မကြည့်ဘဲ...

“သိပါဗျာ ... ခင်ဗျားတို့ ... စကားပြောချင်ရင် ကမ်းပေါ်သွားကြစမ်းပါ ငါးလှန့်တဲ့ အပေါက်မျိုးတော့ မလုပ်ကြစမ်းပါနဲ့...”

အဆင်သင့်ပင် ကျွန်တော်တို့သည် သူ့အား ကျေးဇူးတင်လှစွာ သူ့အနားမှ ဖဲကြဉ်ခဲ့ကြလေသည်။ ပန်းချုံကြီးတစ်ခုကို ကျောခိုင်းဆောက်ထားသော တန်းလျားရှည်ကြီးပေါ်တွင် ထိုင်ကြပြီး ကျွန်တော်က...

“ဘယ့်နယ် ... မင်း ဒီကောင်လေးနဲ့ နေရတာ ရုပ်ကလေးက ကျွတ်ဆတ် ဆတ်နဲ့ အပေါက်ဆိုးကလေးပဲ”

"ငါးဟင်းစားချင်လို့ တီကောင်ကိုင်ရတဲ့ သဘောမျိုးပေါ့ကွာ"

"ဘာလဲ မင်းက သူ့ငါးမျှားဖို့ တီကောင် ဖမ်းဖမ်းပေးရသေးသလား၊ တော်တော်တော့ ရွံစရာကောင်းမှာဘဲ"

"ရွံစရာကောင်းတာမှ တစ်ခါတလေ ငါ အစိမ်းလိုက်ဝါးစားပစ်ချင တယ်"

"ဘာ ... တီကောင်ကို"

"ထွီ ... မင့်စကားပြောရတာလဲကွာ၊ ဒီကောင်လေးကိုဟော့ ရွံလို့ အမြင်ကပ်လို့ ပြောတာကွ"

ဤတွင်မှ ကျွန်တော်နားရှင်းကာ...

"သြော် ... အေး ... ငါလဲ သူ့ပြောပုံဆိုပုံကြားရတာနဲ့ မြင်မြင်ခြင်း အမြင်ကပ်တယ်"

"ဒါပေမဲ့ သူ့အမေရဲ့ အသက်ဘူးကွ၊ ငါ့အချစ် ဟိုနိုရီယာရဲ့အသည်း ကျော်ကလေးမို့၊ ငါ့မှာ အမြင်ကပ်သော်လည်း ပင့်သက်ရှူနေရတာ"

"ဟော့ ... ဒါဖြင့် တင်မောင်ကို"

"ဝင်းစိန်ပဲ ခေါ်စမ်းပါကွာ မတော်တဆ ကြားသွားပါ့မယ်"

ကျွန်တော် ရတ်တရက်အကြံရကာ ဤအချိန် တဒင်္ဂပဟန်ကလေး အတွင်း၌ ကျွန်တော့်ကိုယ်ပင် ကျွန်တော် မယုံကြည်နိုင်လောက်အောင် အံ့ သြမိပါသည်။ ကျွန်တော်၏ နဂိုဗီဇက အများချီးမွမ်းလောက်အောင် စိတ်ကူး ဉာဏ်မထက်မြက်ခဲ့ဘူးဆိုတာ ဝန်ခံပါ၏။ သို့သော် ယခုအရေးတွင်ကား အလောင်းစည်သူမင်းကြီးက သူ့ကိုရယ်သွမ်းသွေးသူများအား 'အဲဒီခေါင်း ပေါင်းကျားနဲ့မြင်းကျားရှင်ဟာ ငါပဲကွ'ဟု မိန့်တော်မူနိုင်သကဲ့သို့ ကျွန်တော် ကလည်းမိမိကိုအထင်သေးနေသော ပေါ်အူး(အင်း)ငပေါ်အူးအား 'ဤကိစ္စ အီဖေ ကြံတာပဲကွ' ဟုပြောနိုင်ရန် နတ်ကောင်းနတ်မြတ်များက ကူညီဟန် တူပါသည်။ ဤနေရာ၌ ဝိညာဉ်လောက(**Spirit World**)တော့ မယုံဘူးပြော လျက် သူ့ရဲခြောက်မှာတော့ ကြောက်နေသေးသည်ဖြစ်သော လက်ဝဲမာ စတာအချို့က 'ဒီငအေးဆွေဟာ နတ်တွေနက်တွေယုံနေသေးတဲ့ အလကား ကောင်ပဲ'ဟု ကဲ့ရဲ့ကြပါလိမ့်မည်။ သို့သော် စင်စစ် ကျွန်တော့်ဆန္ဒမှာ နတ် ကိုယုံသည်မယုံသည်ထက် မိမိကိုယ်မိမိနှိမ်ချလိုသော သဘောဖြင့်သာ ပရိ ယာယ်ပြုလိုက်ခြင်းဖြစ်ကြောင်း၊ မြွေမြွေချင်း ခြေမြင်ဘိသကဲ့သို့ ပညာရှိ

များကတော့ သိရှိကြပါလိမ့်မည်။ ကဲ... တစ်ဆင့် ဤနည်းဖြင့် ကျွန်တော့် ကိုယ် ကျွန်တော် ပညာစားရင်းသွင်းလိုက်သည်ကိုလည်း မနာလိုသူများက နှာခေါင်းရှုံ့ကြလိမ့်မည်ထင်ပါသည်။ သို့သော် တောင်းပန်ပါရစေ။ လူတစ်ဖက်သားကို အရမ်းအထင်မသေးချင်ကြပါနှင့်၊ အောက်ပါ ကျွန်တော်၏ အကြံထူး ဉာဏ်ထူးကို ကြည့်ကြပါဦး။

"ဟော့... ဒီမှာ တင်မောင်ကို... အဲ... ဝင်းစိန် မင်နဲ့ဟိုနိုရီယာနီးဖို့အရေး ဟာမှည့်ဝင်းနေတဲ့ သစ်သီးလှမ်းချူဖို့လောက်ဖြစ်နေပေမယ့် မင်းကမစဝံ့တာနဲ့ အချိန်ဟာ မကြာသင့်ဘဲနဲ့ ကြာနေတာဖြစ်ရမယ်"

"အေး ... ဟုတ်တယ်ကွ"

"အေး ... ဒီတော့ရင် လေလာရင် ကြွေပါလိမ့်မယ်လို့ စောင့်နေရုံနဲ့ မပြီးဘူး၊ မင်းတို့အကြားမှာ ရုတ်တရက်မမျှော်လင့်တဲ့ဟာတစ်ခု ဖြစ်လာဖို့လိုတယ်"

"ဘယ်လိုဟာလဲ"

"ဘယ်လိုဟာလဲဆိုရင် အဲ့ဒီဟာက မင့်ကို ကောင်မကြီးက"

"အမယ်လေး ... အမယ်လေး"

ဒီကောင် သူ့ကိုကင်းထိုးလိုက်ဘိသို့ ဆတ်ဆတ်ထိ အော်သဖြင့် ကျွန်တော် လန့်ဖျပ်ကာ ...

"ဟဲ့ ... ဘာဖြစ်တာလဲ"

"ကောင်မကြီးတဲ့ ငါ့အသက် ငါ့အချစ် ငါ့အသည်း ငါ့ကလီစာ ငါ့အမြတ်ရတနာကို မင်းမို့ပြောရက်တယ်ကွာ။ ငါ့ရင်ဝ ဖနောင့်နဲ့ ပေါက်တာနဲ့ အတူတူပဲ။ တောက် ... တော် မင်း စကားမပြောဘဲနေရင် ကောင်းမယ်ထင်တယ် မကူညီချင်နေပါ၊ မနှောင့်ယှက်ပါနဲ့"

"ဟ ... ဒါဖြင့် ကောင်မလေးပြောရမှာလား"

"အမယ်လေး ... ကောင်မလေးလဲမပြောပါနဲ့"

"နို့ ... ဘယ်လိုပြောရမှာလဲ"

"မင်း မနေနိုင်လို့ ပြောချင်ရင် မြန်မာလိုတော့မရှိဘူး အင်္ဂလိပ်လို 'ဟာမယ်ဂျက်စတီ' ပဲပြောပါ"

"ကောင်းပါပြီကွာ မင့်ကိုမင်း 'ဟာမယ်ဂျက်စတီ'က ကျေးဇူးတင်ရမယ့် ချီးကျူးရမယ့်ဟာမျိုးဖြစ်ရမယ်ကွ"

"အင်း ... ဟုတ်တယ် အဲဒီဟာ ဖြစ်အောင်က ဘယ်လိုလုပ်ရလဲ"

"ဟော့ ဒီမှာ ငါ့အကြံနားထောင် မင့် 'ဟာမယ်ဂျက်စတီ'ကလည်း သူ့မောင်လေးကို သိပ်ချစ်တယ်မှုတ်လား"

"အင်း"

"ဩော် ... နေဦး ဒီမသာကလေးက ဒီနေရာမှာ ဘယ်အချိန်ထိ ငါးမျှားနေမလဲ"

"ညစာစားမခေါ်မချင်းဘဲ"

"အောရိုက် ... အဲ... နောက်ပြီး နေဦးမင်း 'ဟာမယ်ဂျက်စတီ'က ညနေ ၄နာရီလောက်ပြန်ရောက်မယ်လို့ပြောတယ်၊ သူ ဒီရေကန်စပ်ကိုလာ တတ်သလား"

"ညနေတိုင်းလာတယ်"

"ကိုင်း ... ဒါဖြင့် ကောင်းပြီ။ သူလာတဲ့အချိန်မှာ ငါက ကောင်က လေးကို ရေထဲကျသွားအောင် တစ်နည်းနည်းနဲ့လုပ်ပြီး အမယ်လေး ကယ်ကြ ပါ ကယ်ကြပါ၊ ကလေးရေထဲကျသွားပြီလို့ အော်မယ်။ အဲ့ဒီအခါမှာ မင်းက ပြေးလာပြီး တာဇံစတိုင်မျိုးနဲ့ ဒိုင်ဗင်ထိုးချပြီး ဆယ်ပေတော့"

ကျွန်တော့် စကားမဆုံးသေးပါ။ ဒီကောင်သည် ကျွန်တော့်ကိုယ်ကို အရမ်းပစ်ဖက်ကာ....

"အမယ်လေး ... အေးဆွေ... အေးဆွေ ငါနားလည်ပြီ၊ ငါနားလည်ပြီ၊ မင်း ... မင်း ဒီအကြံဘယ်က ရတာလဲဟင်၊ ပြောစမ်း ပေါ်အူးဆီက မဟုတ်လား"

"အမယ်လေးမဟုတ်ပါဘူးကွာ။ ဘုရားစူးပါရစေရဲ့ မိုးကြိုးပစ်ရပါစေ ရဲ့၊ ကာလနာ တိုက်ရပါစေရဲ့၊ ခုဝင်မယ့် နေနဲ့ အတူသေရပါစေရဲ့၊ ကျော ကုန်း အနာပဆုပ် ပေါက်ရစေရဲ့၊ ငါ့ကိုယ်ပိုင်ဉာဏ် 'အော်ရီဂျင်နယ်' သက် သက်ပါကွာ၊ မင့်ဟာက မရှိ ခိုးနိုးမရတောင်းနိုး အကြံကောင်း ဉာဏ်ကောင်း မှန်သမျှ ပေါ်အူးဆီကချည်းဖြစ်ရမယ် အောက်မေ့နေသလား ငါ့မလည်း ကိုယ်ပိုင်ဦးနှောက်နဲ့ပါကွာ"

"မင့်ဆီကဒီလိုအကြံဉာဏ်မျိုးထွက်လာတော့ ငါအံ့သြတယ်ကွာ၊ ငါ ဘယ်တုန်းကမှ ဒါလောက်မမျှော်လင့်ခဲ့ဘူး"

"ဒါတော့ ရှာနွားရှာသား မကြိုက်ဆိုသလို အချင်းချင်း အထင်သေး

လို့ပါကွာ”

“အမယ် အထင်မသေးတာ မင့်ဆီက အရင်တုန်းက ဒီလို အကြံကောင်း ဉာဏ်ကောင်းများကော ဘယ်တုန်းကထွက်ခဲ့ဖူးလို့လဲ”

“အေး ... ဒါတော့ ငါဝန်ခံရမယ်၊ ဟေ့”

ကျွန်တော်သူ့ပခုံးပုတ်လိုက်ကာ

“ငါ ခုမှစဉ်းစားမိပြီဟေ့၊ ငါ ဒီအကြံရတာဟာ ငါ့အိမ်ကပေါ်အူးကို စိတ်ကောက်ခဲ့လို့ကွ...”

“ဘယ်လိုစိတ်ကောက်တာလဲ”

ကျွန်တော်ဖြစ်ပျက်ပုံကို ပြောပြပြီး

“အဲ့လို သူကင့်ါကွယ်ရာမှာ လူအ နလပိန်းတုံး”ဆိုနေတော့ ငါဒေါသဖြစ်တာပေါ့ကွ။ ငါအစဉ်း သူ့ပါ ဒီခေါ်လာပြီး သူ့အကူအညီယူမလို့ပါပဲ။ အဲလိုလဲဖြစ်လိုက်ကရော ငါ့စိတ်က ဒင့်ကလောက်လား ငါလဲ ဦးနှောက်နဲ့ပဲ၊ တစ်ပွဲတစ်လမ်းတော့ အကဲစမ်းပြလိုက်ဦးမပေါ့ဆိုပြီး သူ့မခံချင်စိတ်နဲ့မို့ ဒီအကြံထွက်လာတာပဲကွ။ ငါ့မှာက အမှန်ကိုယ်ပိုင်ဉာဏ်ရှိတယ်ကွနော်။ ဒါပေမဲ့ ဒီကောင့်အားကိုးပြီး ကိုယ့်ခေါင်းကိုမသုံးဘဲ ထားတာနဲ့ ဦးနှောက်မှိုတက်သလိုဖြစ်နေတာကွ။ ဟော... အခုတော့ တစ်ချက်ထဲ စိတ်တင်းလိုက်ရတယ်။ မီးခဲပြာဖုံးလေသလပ်လိုက်သလိုပဲ တောက်မယ့်မီးခဲ ရဲခနဲ ထွက်လာတာပဲ။ နောက်နောင်များတော့ ဘာကိစ္စပဲဖြစ်ဖြစ် ‘ဟေ့ ပေါ်အူး မင်းမလိုတော့ဘူး ‘နို့သိုင့်ခ်’ လို့ပြောလိုက်တော့မယ်”

ကျွန်တော့်ကိုယ် ကျွန်တော် ဉာဏဂုဏ်မာန်တက်တာ ပြောမိပါသည်။ တက်သင့်မတက်သင့်လည်း မိတ်ဆွေ စဉ်းစားကြည့်ပါ။

“ဟင် ဘယ့်နှယ်လဲဟေ့ ... တင်မောင်ကို အဲ ဝင်းစိန် ငါပေးတဲ့အကြံ”

ဒီကောင်ပင် အူလှိုက်အသည်းလှိုက်ရှိ၍ ...

“အို ... ဘဲရီးဂွဒ် သိပ်ကောင်းတယ်ကွာ၊ မင့် ငါချီးကျူးတယ်၊ ငါတစ်ခုစိုးရိမ်တာက ကောင်လေးက မင့်ကြောင့် ရေထဲကျရတယ်ဆိုတာ လူကြီးတွေတိုင်ပြောတော့”

“အို ... ဒါမလိုပါဘူး”

အမှန်မှာ ကျွန်တော့်အဖို့ ဟိုနိုရီယာတို့ သဘောမကျလေ ကောင်းလေဖြစ်နေသောကြောင့်

"ငါမင့်အတွက် အနစ်နာခံမယ်။ သူတို့က ဘာပဲပြောပြော ဘယ်လိုပဲ ထင်ထင် မင့်အဖို့ ကောင်းသွားရင်ပြီးရောကွာ...."

သူ ကျွန်တော့်ကို ဖက်ပြန်ကာ

"အို ... ဒါမှ ငါ့အကောင်းဆုံး အချစ်ဆုံးသူငယ်ချင်းကွာ မင့်ကျေးဇူးကို ငါဘယ်လိုလုပ် ပြန်ဆပ်ရပါ့မလဲ..."

"အို ... မလိုပါဘူးကွာ သူငယ်ချင်းချင်း ဝတ္တရားပေါ့"

"ဒီမှာဟေ့ တင်မောင်ကို အဲ ... ဝင်းစိန် ... နားထောင်စမ်း"

စင်စစ် ကျွန်တော့်မှာ ကျေးဇူးတင်ခံလိုသည်ထက် ကိုယ်စွမ်းပြရန်သာ ဖြစ်ခြင်းကြောင့်၊ ထို့ပြင် ကျွန်တော့်မှာ တစ်စုံတစ်ယောက်၏ ကျေးဇူးတင်ခံနေရလျှင် အမှန်ပင် မျက်နှာပူတတ်သောကြောင့်၊ သူ့စကားပြတ်သွားရန် အရေးကြီးသော အမူအယာဖြင့်...

"မင်းသိထားရမှာက ဟိုနိုရီဟာ ရောက်လာတဲ့အခါမှာ မင်းကတစ်နေရာရာ၊ အဲ ... အဲ ဟောဟိုချုံပုတ်ကွယ်မှာ ရေထဲဒိုင်ဗင်ထိုးဆင်းဖို့ အသင့်ပြင်သာပြင်နေ၊ ဒီအတွင်း ငါကြည့်လုပ်မယ်၊ အဲ ငါက အမယ်လေး ကလေး ရေထဲကျလို့ ကယ်ကြပါအော်လိုက်တဲ့အခါ မင်းချက်ချင်းရောက်လာမစေကွဲ့နော်"

"စိတ်ချပါကွာ .... ဒါတော့... ငါ့အတွက်ပဲ"

"နို့ပြီး ... အခု ကောင်လေး ငါးမျှားနေတဲ့ အောက်က ရေကောတော် တော်နက်ရဲ့လား..."

"ဆင်တစ်ရပ်မကဘူးကွ"

"အို...ကေ..."

* * *

## တီးရိုး၏အောင်ဆု

ကျွန်တော်တို့မျှော်လင့်နေသော အချိန်မှာပင် ဟိုနိုရီယာသည် သူ့သူငယ်ချင်း ဒက်ဖနီ လွမ်းပွေနှင့်အတူ ရောက်လာလေသည်။ ဒက်ဖနီလွမ်းပွေမှာ ဝန်ကြီးများစံရာ ဝင်ဒါမီယာ သံကြိုးဝိုင်းအတွင်း၌ ကြီးပြင်းခဲ့ရတာ ၅ နှစ်မျှပင် ကြာပြီဖြစ်၍ လွန်စွာမှ ချောမွေ့လှပပါသည်။ ဝင်ဒါမီယာသံကြိုးဝိုင်းဆိုသည်မှာ ဂုဏ်ကြီးဒြပ်ကြီး ဝင်ငွေကြီးသူများသာ စုရုံးနေထိုင်ကြရသည်

ဖြစ်၍ အခြားရပ်ကွက်များကဲ့သို့ ဆင်းရဲသူများ၊ ဘိုင်ကျသူများ၊ အစားကောင်းမစားနိုင်သူများ၊ အဝတ်ကောင်းမဝတ်နိုင်သူများ စသော အောက်တန်းစားတို့ကို မမြင်ရ မကြားရ မနီးပါးရဘဲ ဖွန်းများ ခက်ရင်းများ ဒင်းနားဘရိတ်ဖတ်စ် ကော့က်တေးလ်နှင့် ပိုးထည် သက္ကလပ်ထည် နိုင်လွန်အုပ်မော်တော်ကား ကျောက်သံပတ္တမြားတို့၏ အရိပ်အရောင်များသာ သူ့ကိုယ်မှာ ထင်ဟပ်နေ၍ အင်မတန်မှ ကျက်သရေရှိလှပါပေသည်။ တော်ရုံတန်ရုံ လူမြင်လျှင် သူ့ကိုထိုင်၍ ရှိခိုးပေလိမ့်မည်။

ကျွန်တော်ပင်လျှင် ဟိုနီရီယာက သူနှင့်မိတ်ဆက်ပေးသောအခါတွင် စကားစမြည်ပြောကာ သူ့ရူပါရုံ အလှဂုဏ်ကို သာယာနေချင်ပါသေးသည်။ သို့သော် ကျွန်တော့်မှာ အလုပ်တာဝန်ရှိနေ၏။ တင်မောင်ကိုသည် ဤအချိန်၌ ကျွန်တော်ညွှန်ပြထားသော ပန်းချီတစ်ဖက်၌ ပုန်းကွယ်လျက်ရှိလေပြီ။ ထို့ကြောင့် ကျွန်တော်သည် ယခုမှ ရောက်လာကြသော သူတို့မိန်းကလေးဖော်နှစ်ယောက် လွတ်လပ်စွာနေပါစေ ဟူသော အမူအရာဖြင့်(စင်စစ် ကောင်လေးကို ရေထဲဘယ်လိုတွန်းချရပါ့မလဲဟု စိတ်ကူးရန်) သူတို့ထံမှ ခွင့်ပန်ပြီး ရေစပ်နားသို့ လျှောက်ခဲ့ပါသည်။

သို့ရာတွင် ကန်ရေပြင်ကို မျက်နှာပြု၍ စီးကရက်တစ်လိပ်ကို သောက်ညှိကာ လေးငါးဖွာမျှ ရှိသေးသည် ဟိုနီရီယာတစ်ဦးသည် ကျွန်တော့်အနီးရောက်လာကာ...

"ဟင်... ကိုအေးဆွေ... ယူက အိုင်နဲ့ တစ်ယောက်ချင်းစကားပြောချင်တယ်ဆိုပါတော့။ အိုင်သိပါတယ်... ကဲ ပြောစမ်းလေ ဘာပြောမလဲ ဒက်ဖနီ မမြင်ရတော့ပါဘူး။ သူဟို ချုံကွယ်ရောက်သွားပါပြီ ... ကဲ ဘာကစပြောမလဲ"

ကိုင်း ခက်ချည်ခရို့၊ ကျွန်တော်ဘာပြန်ပြောရမှန်းမသိပါ။ သူ့ကိုသာ ကြောင်ကြည့်နေမိပါသည်။ ယခုအချိန်၌ သူ့ကိုယ်က ကုတ်အင်္ကျီရှည်မှာ ခါးဆီ၌ ကြယ်သီးနှစ်လုံးသာ တပ်ထားသည်ဖြစ်၍ အတွင်း၌ ရေကူးဝတ်စုံနှင့်ဖြစ်ကြောင်း သူ့ရင်ညွှန့်ကို မြင်ခြင်းဖြင့် သိနိုင်ပါသည်။

သူသည် ရုတ်တရက် ကုတ်အင်္ကျီအပေါ်ဘက် ဟနေသည်ကို စုလိုက်ကာ...

"အိုး ... ဘာကိုစိုက်ကြည့်နေတာလဲ... ကဲ ... ပြောမှာသာ ပြောစမ်း

ပါ”

“အို ... ဆောရီး”

ကျွန်တော် ရှက်သွားပါသည်။ စင်စစ် ကျွန်တော် ဤသို့ မိုက်ရိုင်းသူ မဟုတ်ပါ။ သူ့ကို ဘာပြန်ပြောရမှန်းမသိသည်နှင့် စိုက်မိစိုက်ရာကြောင်၍ ကြည့်နေမိလိုက်ခြင်းသာ ဖြစ်ပါသည်။

“ကိုင်း ဘာပြောမလဲဆိုနေ”

ကျွန်တော်တံတွေးကို အနိုင်နိုင်မျိုချလိုက်ပြီး ...

“ဘာမှ ပြောစရာမရှိပါဘူး”

“အို ... မညာနဲ့ ယူ့မျက်စိကို အိုင်မြင်တာနဲ့ သိတယ်။ ပြောပါ ပြောချင်တာကို ရဲရဲရင့်ရင့်သာ ပြောလိုက်စမ်းပါ...”

ကိုင်း ... ဒါလောက်တောင် ဖြစ်လှတာ ကျွန်တော့်စိတ်ထဲ ခပ်ချဥ်ချဥ် ရှိလာသည်နှင့်...

“ကဲ ပြောမယ် ခင်ဗျားကိုလေ မရမနေ အသေအလဲ ချစ်နေတဲ့လူ တစ်ယောက်ရှိတယ်ဗျ...”

သူ ဝမ်းသာလာဟန်နှင့်..

“အဲ... ဟုတ်ပြီ... ဟုတ်ပြီ... အဲ့ဒါဘယ်သူလဲ... ကဲ... ဆက်ပြော”

“ကျွန်တော့်သူငယ်ချင်းတစ်ယောက်”

“ဩော် ... ယူ့သူငယ်ချင်းကို... ဟစ်ဟစ်... ဟီးဟီး ... အောင်မလေး ကိုအေးဆွေရယ် ဟစ်ဟစ်ဟီးဟီး .... ဒီကွေ့ရောက်အောင် လော့်လာပြီးတော့ မှပဲ ဟစ်ဟစ် ဟီးဟီး ... ဟစ်ဟစ်ဟီးဟီး ...”

သူ၏ရယ်သံမှာ တော်တော်နှင့်မဆုံးပါ။ လက်နှစ်ဖက်ကို ယှက်၍ ကိုယ့်ကိုကြုံကာ ကွေးကာ ကော့ကာနှင့် ဘယ်လိုမှလည်း သုတိသာယာ မရှိ။ သွပ်ခေါင် မိုးပေါ်က ကျောက်ခဲလုံးတစ်ခု ဒလဟောဒိုး လိမ့်ဆင်းလာ သည်နှင့်သာ တူပါတော့သည်။ ဤတွင် တံတားဦးပေါ်၌ ငါးမျှားနေသော သူ့မောင်တော် နယ်လ်ဆင်က ဒေါသသံနှင့်....

“ဒီမှာ မမ ခင်ဗျားကြီး ဒီလောက်တောင် ဟီနေချင်ရင် အဲဒီလူကြီး ပါခေါ်ပြီး ဟိမဝန္တာတောင်ခြေရောက်အောင် သွားကြစမ်းဗျာ ... ကျူပ်ငါး မျှားချိတ်လာဟပ်မယ့် ငါးတွေနင်တဲ့ အပေါက်တော့ လုပ်မနေစမ်းပါနဲ့ ဘယ့် နှယ်... အပျိုတဲ့ဗျာ ... ဒီလောက်သံကြောင်သံရှည်တွန်တဲ့ အပျိုမျိုးလည်း

ကျူပ် တစ်ခါမှ မတွေ့သေးပါဘူး....”

အရွယ်လေးနဲ့မလိုက်အောင် ကြိတ်လိုက်ရာ၊ ယင်းမှ ကမြင်းမကိုယ် ရှိန်သတ်၍ အရယ်ရပ်သွားကာ (ရှက်လည်းရှက်သွားဟန်သည်) ခပ်တိုးတိုး အသံဖြင့်...

“သြော် ... ကြည့်စမ်းနယ်လ်ဆင် သူ ခုလို နေပုံမျိုးဟာ ... ရေထဲ လိမ့်ကျမှာ စိုးရတယ်”

ဤတွင် ကျွန်တော် ရုတ်တရက်အကြံရ၍....

“အို ... ဟုတ်တယ် ကျွန်တော်သွားပြီး ကြည့်ပြောလိုက်ပါ့မယ်”

ချက်ခြင်းပင် ကျွန်တော် သူ့အနားမှ ခွာခဲ့ကာ၊ နယ်လ်ဆင် ကျော နောက်ရောက်သည်တွင် သူ့ပုခုံးကို ပုတ်လိုက်၍....

“ဟေ့ ... မင်းရေထဲလိမ့်ကျမှာစိုးတယ်ကွ၊ မင့်မမ ပြောနေတယ်”

ပြောပြောဆိုဆိုနှင့်ပင် ကျွန်တော်သည် မျက်စိမှိတ်၍ နောက်က အသာ ဒူးနှင့် တွန်းချလိုက်လေသည်။

ပုံးကနဲ ရေသံကြီးကိုကြားရပြီး ... ကျွန်တော်မျက်စိဖွင့်ကြည့်လိုက် သောအခါ၌ နယ်လ်ဆင်သည် ရေပေါ်သို့ ယက်ကန်ယက်ကန်နှင့်ပြန်ပေါ် လာပြီ။ ဤတွင် ကျွန်တော်က...

“အမယ်လေး ကယ်ကြပါ ကယ်ကြပါ၊ အရပ်ကတို့ ကလေးရေထဲ ကျလို့...”

ကျွန်တော့်အမူအရာ မခေပါ။ တံတားပေါ်မှာ ဆွေ့ဆွေ့ခုန်ကာအော် လိုက်ပါသည်။ ဟိုကောင်ပေါ်မလာသေး။ တဖန် သူရှိရာ ချုံဖက်သို့ လှည့် ၍ပိုမိုကျယ်လောင်စွာ အော်လိုက်ပြန်ပါသည်။

“အမယ်လေး ... အမယ်လေး ... ကယ်ကြပါ အရပ်ကတို့ ကလေး ရေထဲကျလို့...”

သို့တိုင်လည်း တင်မောင်ကိုကို အစွန်းအစမမြင်ရ။ ချုံကွယ်ပိုးထိလို့ များသေနေရော့လား။ နောက်ဆုံးသုံးကြိမ်မျှ အော်ပြီးသောအခါကောင်လေး သာ အချောင်သေဖို့ ရှိတော့သည်။ ကျွန်တော်ကိုယ်တိုင်ဆယ်မှပဲဟု ကိုယ် မှာ အပေါ်အင်္ကျီချွတ်ပြီး အလျင်အမြန် ရေထဲခုန်ဆင်းလိုက်ရလေတော့သည်။

ကျွန်တော် ခုန်ချလိုက်သောအရှိန်နှင့်ရေအောက်တော်တော်နစ်သွား ပြီး ပြန်ပေါ်လာသောအချိန်၌ ကြည့်စမ်း ဟိုကောင်လေး အစဦးတော့ တစ်နေ

ရာထဲ ယက်ကန်ယက်ကန်လုပ်နေပြီး ယခုမှ ကျင်လည်စွာ ကမ်းဆီသို့ ကူး ပြေးလေပြီ။

ဟော ... ခက်တာက ကျွန်တော်ဗျ။ အပေါ်အင်္ကျီ ချွတ်ပစ်ခဲ့သော်လည်း ရှူးဖိနပ်၊ ရှပ်လက်ရှည်။ ပုဆိုးဗွေသီပတ်သီကြီးနှင့် ဖြစ်နေ၍ကူး၍မရ။ ပုဆိုးခါးတောင်းကျိုက်မှ ဖြစ်လေတော့မှာပဲဟု ကိုယ်ကိုအနစ်ခံ၍ငုံ့ကာ အောက်ပိုးကျိုက်လိုက်ပြီး ပြန်ပေါ်လာသောအခါ၌ အလိုလေး ဘုရား ... ဘုရား ...

ရေကူးဝတ်လွှာနှင့် တောင့်တင်းသော ကိုယ်ကာယသည် တံတားစွန်းပေါ်မှ ကျွန်တော့်အပေါ် ပျံဝဲလာတာမြင်လိုက်ရပြီး သူ့ကိုယ်ကျသောအရှိန်နှင့် ကျွန်တော်နစ်မြုပ်သွားပြန်ပါတော့၏။

ကျွန်တော် ယက်ခတ်၍ ရေပြင်ပေါ်ပြန်ရောက်သည့်တစ်ခဏ၌ မျက်စိဖွင့်မကြည့်ရမီ၊ လေးလံသော အရာဝတ္ထု တစ်ခု ကျွန်တော့်မေးရိုးကို လာဆောင့်လိုက်ကြောင်းသာ သတိထားလိုက်မိတော့သည်။ နောက်ဆုံး၌ကား ဟိုနိုရီဟာသည် ကျွန်တော့်ကိုယ်ကို ပိုက်ချီကာ ကမ်းပေါ်ရောက်နေပြီ ဆိုတာ သိရတော့၏။

ကျွန်တော် ရှက်ရှက်နှင့် သူ့ရင်ခွင်မှ ရုန်းထွက်သောအခါတွင် သူက ပြုံးစိစိ မျက်နှာထားနှင့်...

"ဘယ့်နှယ် ... လည်ပင်းတော်တော်အောင့်နေလား။ ဒီလိုပဲ လူကြီး ရွယ်တူချင်းဆယ်တော့ ... သတိမေ့အောင် နောက်ကောက် ထိုးလိုက်ရတယ်..."

ကျွန်တော်ဘာမျှ ပြန်မပြောနိုင်ပါ။

သူသည် ကျွန်တော့်ကို သူ့ရင်ခွင်မှ ချလိုက်သော်လည်း ကျွန်တော့် ပခုံးကိုဖက်ကာ ....

"ဒီမှာ ကိုဆွေရယ်"(အလိုဘုရား ... ဘုရား သူ ကျွန်တော့်ကို 'ကိုဆွေ' ခေါ်လေပြီ) ကိုဆွေ ဟိုနိုရီယာကို ဘယ်လောက်ချစ်တယ်ဆိုတာ သိပါပြီကွယ်... ကိုဆွေ့အကြံက ကျွန်မမောင်လေးကို ရေထဲကျအောင်လုပ်ပြီး အသက်စွန့်ကယ်ဆယ်တဲ့သဘောနဲ့ ဟိုနိုရီယာကို ဘယ်လောက်ချစ်တယ်ဆိုတာပြတာမဟုတ်လား။ နယ်လ်ဆင်ကို ဒူးနဲ့အသာကလေးတွန်းလိုက်တာ ဟိုနိုရီယာမြင်ပါတယ်။ အဲဒီထဲက ရိပ်မိတာပေါ့... ဒါပေမဲ့ နယ်လ်ဆင်က

ရေကူးကျင်လည်ပြီးသားမို့၊ ပုဆိုးကြီးနဲ့၊ ရှူးဖိနပ်နဲ့ခုန်ချလိုက်တဲ့ ကိုဆွေအတွက်သာ စိုးရိမ်တယ်။ ဒါကြောင့် ဟိုနီရီယာက အသင့်ပဲ ဟိုချုံကွယ်သွားအင်္ကျီနဲ့ ထဘီချွတ်ထားလိုက်ပြီး ကိုဆွေ့ကိုဆင်းဆယ်ရတာပေါ့၊ အိုမိုင်ဘွိုင်း မိုင်ဆွိ"

ဟု ဆို၍ သူ့ပါးပြင်နှင့် ကျွန်တော့်နားရွက်ကပ်လိုက်ကာ

"ဟိုနီရီယာ ဝမ်းသာလိုက်တာကွယ် ... ကိုဆွေ့ကိုစိတ်မဆိုးပါဘူး။ ကိုဆွေဟာ ... တစ်နေ့နေ့မှာ ဒီလိုဘဲ အို ... ဒီလောက်တောင်မကဘူးလေ။ ဟိုနီရီယာကို ချစ်တဲ့ဇောပြချင်တာနဲ့ အိမ်ကိုမီးရှို့ပြီး မီးတောက်မီးလျှံကြားထဲက ဟိုနီရီယာအသက် ကယ်ဆယ်တဲ့အလုပ်မျိုးတောင် လုပ်ပြလိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ ဟိုပါတီပွဲတွေမှာ မျက်စိချင်း ခဏခဏ ဆုံကတည်းက သိနေတာပါ..."

အင်း ... သူနှင့်ကျွန်တော် ဟိုဟိုဒီဒီတွေမှာ အကြည့်ချင်း ခဏခဏဆုံသည်ဆိုတာကို ကျွန်တော်ဝန်ခံပါသည်။ သို့သော် ကျွန်တော့်အပေါင်းအသင်းများနှင့် သောက်စားပျော်ပါးနေရာမှ မကြာခဏ သူ့လှမ်းကြည့်ရသည်မှာ ဘုရားစူးပါရစေရဲ့၊ မိုးကြိုးပစ်ရပါစေရဲ့ ကာလနာတိုက်ရပါစေရဲ့၊ သူ့ကိုကြိုက်လို့ မဟုတ်ပါ။ ဖော်ပြခဲ့သည့်အတိုင်း သူက ကျွန်တော့်ကို မနှစ်မြို့သောမျက်နှာထားနှင့် စိုက်၍စိုက်၍ကြည့်တတ်သဖြင့် ဒီဟာကြီး ... ငါ့များမျက်မုန်းကျိုးပြီး ... ဘောက်ကဆင်ပလေးလေမလား။ အရင်တစ်ခါ ဟိုလူတုန်းကလို ကိုင်ပေါက်ပစ်လိမ့်မလား' ဟု စိုးရိမ်သောစိတ်နှင့်သာ သူလာလျှင် သုတ်ခြေတင်ရန် အရိပ်အခြေကြည့်နေရခြင်းဖြစ်ပါသည်။

ဟင် ... ခုတော့ သူက အထင်လွဲနေချေပေါ့။

ယခုအချိန် ကျွန်တော်က မဟုတ်ကြောင်း အမှန်အတိုင်းရှင်းပြလိုက်ပြန်ကလည်း သူရှက်ပြီး၊ အို ... ကျွန်တော် မတွေးဝံ့တော့ပါ သူ့လက်ထဲက ရေပမာဖြစ်နေပါသည်။ သို့သော် ... တော်ပါသေး၏။ နောက်ဆုံး၌....

"ကဲ ... အိမ်ပေါ်သွား ... ရေမြန်မြန်ချိုးပြီးအဝတ်လဲ နို့မဟုတ်ရင် အအေးမိမှာစိုးရတယ်..."

ကျွန်တော် သူ့အမိန့်အတိုင်း လာခဲ့ရပါသည်။

ဒါ ... ကျွန်တော့်အချစ် ဝေလေးများသိသွားရင် ဘယ်လောက်အသည်းနာလေမလဲ။

ကျွန်တော်အဝတ်လဲပြီးသောအခါ၌ ဟိုကောင်ကို မတွေ့တွေ့အောင် ရှာလေရာ အဆင်သင့်ပဲ သူ့အိမ်ခန်းထဲ၌ မျက်နှာချင်းဆိုင်၍ဒေါသထွက်ထွက်နှင့်...

"ဟေး ... ကောင်"

သို့သော် သူသည် မည်သို့မျှ ဣန္ဒြေမပျက်ဘဲ...

"ဟာ ... အေးဆွေ ... မင့် ငါတွေ့ချင်နေတာ ဒီမှာဟေ့... မင်းနဲ့ငါ လူချင်းခွဲသွားတဲ့ အချိန်ကလေးအတွင်းမှာ ငါ ဘာဖြစ်သလဲ မင်းသိလား"

"ငါ ... မင့်မြွေကိုက်သေပြီ အောက်မေ့နေတာ"

"ဘယ်မြွေကိုက်လိမ့်မလဲ မောင် ဟေ့ဒီမှာ မြင်လျှင်မြင်ချင်း အချစ်ဆိုတာ မင်းယုံလား ... ငါတော့ ဒီနေ့ကိုယ်တွေ့ပဲ မောင်၊ ငါတစ်ယောက်ထဲ ချုံကွယ်သွားနေတော့လေ ... မဒီလေးတစ်ပါးရောက်လာတယ်ဆရာ၊ သိပ်လှအလွန်ချော ... အံ့ရော ... အံ့ရော... ငါမြာတွေ ကြိုက်ခဲ့ဖူးပေါင်းများပါပြီ ... သူ့ကိုငါမြင်မြင်ချင်းချစ်တဲ့ အချစ်မျိုးလောက် ပြင်းထန်တာ တစ်ခါမှ မကြုံဖူးသေးပါဘူးကွာ၊ ငါ.... ချက်ခြင်းနှုတ်ဆက်... စကားပြော သူ့ကို ပန်းတွေခူးပေး၊ သူကလည်းသဘောကျ၊ အို ... ငါလေ ... လောကကြီး တစ်ခုလုံးကို မေ့သွားတာပဲကွာ ... သူ့နာမည်က ဒက်ဖနီတဲ့ နာမည်လေးကိုက ချစ်စရာ..."

ကျွန်တော်ဒေါသထွက်ကာ...

"မင်း ... မင်း ... ငါ အော်နေတာကော မကြားတော့ဘူးလား"

"ကြားသားပဲ ဒါပေမယ့် မင့်ဟိုနိုရီယာကြီး ငါမှ မကြိုက်တော့ ဘာလုပ်တော့မလဲ။ ဒက်ဖနီလေးကတောင် မင့်အသံကြားလို့ 'ဟင် ဘာပါလိမ့်' မေးတော့ ငါက 'အို ... ဒီကောင် ရူးကြောင်ကြောင်ပါ၊ တစ်ခါတလေ ဒီလိုပဲ အလန့်တကြား အော်တတ်တယ်' လို့ ပြောလိုက်သေးတယ်"

ဟင်း ... ဘယ်လောက်များ ကောင်းတဲ့လူစားလဲ ...

ကျွန်တော် နောက်ထပ်ဘာမျှမပြောတော့ပဲ သူ့ထံမှ ဖဲကြဉ်ခဲ့လေတော့သည်။

❑

## အခန်း (၉)

ကျွန်တော့်တစ်သက်တာမှာဖြင့် အရှက်တကွဲအကျိုးနည်းဖြစ်ခဲ့ရပါပြီ။ လူတစ်ထောင်လျှင် တစ်ကောင်မျှပင် 'တစ်မောင်'မျှပင်(ဟင်...ရိုင်းရော့မယ်... ရွှေမန်းသုံးကလေးနဲ့) ကြုံတွေ့ရန် ခဲယဉ်းလှသော အဖြစ်မျိုးဖြင့်ရေတိမ်တွင် မှောက်ရက်လဲခဲ့ရပါသည်။

ကျွန်တော်သည် မှန်တင်ခုံရှေ့တွင် တွေတွေကြီးရပ်ကာ မိမိလကျာ်ပါးပြင်ကို လက်ဝဲလက်ဖြင့် အထပ်ထပ် ပွတ်သပ်လျက်ရှိပါသည်။

အပျိုကိုယ်မဟာ ... ဟိုနိုရီယာ၏ နှာခေါင်းသရမ်းလိုက်သည့် ဒဏ်ချက်...

မိမိအလိုမတူ မကြည်ဖြူပါဘဲလျက် အတင်းဖက်ရမ်း အနမ်းခံလိုက်ရခြင်းသည် မည်မျှလောက်.... နာကျည်းစရာ ကောင်းပါသနည်း။ ကျွန်တော်ကဲ့သို့ ကိုယ်တွေ့ကြုံဖူးသော မိန်းကလေးများဖြင့် နှိုင်းစာချင့်ချိန်နိုင်ပါလိမ့်မည်။ သို့သော် ကျွန်တော်၏ ခံစားရချက် ဒင်ပြည့်ကျပ်ပြည့်ထိအောင်တော့ သူတို့ စာနာနိုင်လိမ့်မည်မထင်ပါ။ အကြောင်းမှာ သူတို့နှင့် ကျွန်တော်သည် အမျိုးအစားခြင်းမတူချေ။ သူတို့အမျိုးမှာ မိတ်ဆွေစဉ်းစားကြည့် သိမှာပေါ့။ ကျွန်တော်တို့ကသာ နမ်းရမည်မဟုတ်ပါလား။ ယခုတော့ 'အိုးကမပူ စလောင်းကပူ' ဖြစ်အောင် ဖိုခနောက်ခွင် ဓောက်ထိုးတင်လိုက်သည့်နှယ်... သမင်ကိုကျားကမစား၊ ဖားကမြွေကို မျိုလိုက်တော့ အရပ်ကတို့ရယ်၊ ကြားလို့မှ လျော်ကြသေးပါရဲ့လား။

အကယ်တန္တိ ကျွန်တော်က မိန်းကလေးဖြစ်၍ သူကယောကျာ်းကြီး

မို့ ကိုဟိုနိုရီယာက မအေးဆွေကို နမ်းလိုက်ပြီဆိုပါအံ့။ ကျွန်မမအေးဆွေမှာ… 'ဟယ်… ငါတို့ဘဝကိုက သူတို့အနမ်းခံရဖို့ အမျိုးပါလား။ သူလစ်လို့ပိုင်လို့လည်းသလို နှိပ်လိုက်တာ ကျိန်မိုတ်သာခံပေါ့ကွယ်…'ဟု ကိုယ့်စိတ်ကိုယ်ဖြေစရာ အကြောင်းရှိလိမ့်ဦးမည်ထင်ပါသည်။(ဤနေရာ၌ အမိတို့မိန်းကလေးများနှင့် သဘောကွဲလွဲလျှင်လည်း သည်းခံပါ။ ကျွန်တော်၏တင်ပြချက်မျှသာ ဖြစ်ပါသည်)

ယခုတော့ မိတ်ဆွေရယ်… ကျွန်တော့်နေရာ ဝင်ကြည့်စမ်းပါ တောက်… ဘယ်မျှလောက် နာကျည်းစရာကောင်းပါသနည်း။ ကြက်ဖက တွန်ရမည့်ကိစ္စ၊ ကြက်မက အောက်ကလိအာ၍သွားပါသည်။

ထို့ပြင် ကျွန်တော်မှာ … တစ်နေ့သ၌ မိမိကိုယ်မိမိ ပုံအပ်တော့မည်ဟု ရည်ရွယ်ထားသူလည်းရှိနေပြီ မဟုတ်ပါလား။ နို့ပြီး ကျွန်တော်မှာ အချို့ကိုယ့်ကိုယ်ကို တန်ဖိုးမထားတတ်။ သို့မဟုတ် ကိုယ်ကကိုဝါသနာပါသောမိန်းကလေးများကဲ့သို့'အို… မမြင်ကွယ်ရာ လူသိတာမှတ်လို့ ငါ့အသားပဲ့သွားတာမှလဲ ဟုတ်ဘဲ၊ ဟင့်… ပြီးတာပြီးပါစေတော့' ဟု ဖြေဖျောက်နိုင်သူလည်းမဟုတ်ပါ။ ဘယ်သူကမှ မမြင်… မြင်၊ မသိသိ သူတော်ကောင်းတို့ ထုံးနှလုံးမူကား၊ ကိုယ့်လိပ်ပြာ ကိုယ်ရှက်ပါသည်။ ဝေနှင့်နှစ်ယောက်တွေ့ကြသောအခါလည်း ဤအကြောင်းကို ဖွင့်ပြောလိုက်ရမှ ကျွန်တော့်ကိုယ် ကျွန်တော်သန့်ရှင်းသွားပါလိမ့်မည်။ အမှန်အတိုင်း ဝန်ခံလိုက်ရမှပဲ အေးမှာ..

သို့သော် ကျွန်တော် စဉ်းစား၏။ ဒါကိုဝေသိသွားတော့ ကျွန်တော့်အပေါ် စိတ်သဒ္ဒါပါဦးမည်လား …။ ပညာရှိ အချစ်ဝတ္ထုရေးဆရာများ၏ဇာတ်အိမ်ဇာတ်ကွက်တွေထဲမှ … ကျွန်တော် ဖတ်ဖူးကြားဖူးသည်တို့မှာမိန်းကလေးများ ဘက်ကသာ ဒါမျိုးဖွင့်ဟပြောတတ်သည်ရှိ၍၊ ဤအခါတွင်ယောကျ်ားများသာ သဘောထားကြီးစွာနှင့် ခွင့်လွှတ်ကြသောဟူ၏။ ယောကျ်ားများကျတော့ သူတို့ ပြည့်တန်ဆာမနှင့်၇၅ခါမက ကျိုးခဲ့ကြဖူးသည့်တိုင်၊ တုတ်တုတ်မျှမလှုပ် နှုတ်ဆိတ်ကြသည်သာ၊ ယင်းနေရာ၌ ကျွန်တော် တွေးတောပြန်၏။ မိန်းမဆိုတော အူတိုမျိုးမို့ သည်းမခံနိုင်မှာစိုး၍မိမိတို့အပြစ်ကိုတော့ ဖွင့်လှစ်ခြင်းမပြုကြဘဲ၊ အတောင်နှစ်ဆယ်ဝတ်ဟု ဘွဲ့မည်တပ်ခဲ့ကြသော မင်းယောကျ်ားကြီးများကသာ ချီးမွမ်းဖွယ်ကောင်းလောက်အောင် စိတ်နှလုံး မြင့်မြတ်လှစွာနှင့် ခွင့်လွှတ်ရန် အလို့ငှာ မိန်းမ

တွေကိုသာ စီစစ်ရိုး ထုံးစံရှိနေပြန်တာလား၊ ကျွန်တော့်ကိုယ်ပိုင် ဉာဏ်ဖြင့်တော့ မဝေခွဲနိုင်တာ အမှန်ပါ။ထို့ကြောင့် ဝေနှင့်ကျွန်တော် တွေ့ကြသော အခါ၌ ဤအကြောင်းကို ထုတ်ဖော်သင့် မဖော်သင့် မိတ်ဆွေက အကြံဉာဏ်ပေးစေလိုပါသည်။ ဘယ်တော့ တွေ့ကြမလဲတော့ မသိရသေးပါဘူး။ သူတစ်နေ့နေ့ မမျှော်လင့်ဘဲနှင့် ရန်ကုန်သို့ ရောက်လာကောင်း ရောက်လာပေလိမ့်မည်တော့ စာရေးဖူးပါသည်။

အိုး … ဟိုနိုရီယာလက်တွင်းက လွတ်ကင်းဖို့ ပထမအရေးကြီးလှပါသည်။

ပေါ်အူး … ပေါ်အူး … ကျွန်တော့် ကိုယ့်တပည့်ကိုယ် အားခံမိပါသည်။ သူ့ဆီက အကြံဉာဏ်ပြန်တောင်းမှပါပဲ….

သို့သော် ကျွန်တော် ယခုအချိန်၌ ဟိုနိုရီယာတို့ အိမ်မှာပင်နေပါသေးသည်။ ရှိနေရသည့် အကြောင်းမှာ ဒေါ်ကြီးစိုး၏ မိန့်မှတ်ချက်ရက်မပြည့်သေး၍ပင်၊ ဤအကြိုက်တွင် ဟိုနိုရီယာသည် ကျွန်တော့်ကို 'ပုံသွင်း' ရာ၌ ဘယ်နေရာကစ,ကိုင်ရမည်ကို စမ်းသပ်လျက်ရှိသည်ဟုဆိုပါသည်။

ယခု သူပြုမူနေပုံမှာတော့ ကျွန်တော့်ကို အချိန်မှန်အိပ်စေသည်၊ စားစေသည်။ အထူးသဖြင့် ကျွန်တော့်ကြည့်ရတာ 'လူဖြော့တော့တော့နေသည်' ဟုဆို၍ နံနက်ကော်ဖီသောက်ရာ၌လည်းကောင်း၊ ထမင်းစားပြီးသည့် တို့၌လည်းကောင်း၊ ကြက်ဥဟတ်ဘွိုင်တစ်လုံးစီ သောက်စေပါသည်။ ညစာစားရာတွင် ကျွန်တော်က သောက်နေကျမို့ အရက်မပါလျှင်ထမင်းမမြိန်ဟု အရဲစွန့်ပြောသောကြောင့် တီအက်စ်တီ ဘရန်ဒီကိုပေးပါသည်။ ဒါတော့ ကျွန်တော် သူ့ကို ကျေးဇူးတင်ရမည်။ သို့သော် ဘုရားမကြိုက်တဲ့အစာ တစ်နေ့နေ့တော့ ဖြတ်ပစ်ရမည်ဟု ဆိုချေသေး၏။ ဤနေရာ၌ ကျွန်တော်က ဘုရားမကြိုက်တာသာ လူတွေက ရှောင်ကြဉ်ရလျှင် ဘုရား ဆေးလိပ်သောက်သလား ဟု ပြန်မေးချင်ပါသည်။ သို့သော် မဝံ့။

ထို့ပြင် နေ့လယ်နေ့ခင်းများ၌ ကျွန်တော့်အား သူ ရွေးချယ်ပေးသော စာအုပ်များကို ဖတ်စေ၏။ သူကိုယ်တိုင် ဖတ်ပြ၏။ ယင်းသို့ စာအုပ်များဖတ်ပြခြင်း၊ ဖတ်စေခြင်းပြုသည်မှာ ကျွန်တော့်အဖို့ မဆန်းပါချေ။ မိတ်ဆွေသိပြီးဖြစ်လိမ့်မပေ့ါ။ ဦးကြီးဗျိုင်းလည်း ဤအပေါက်မျိုးအကြိမ်ကြိမ်ပြုခဲ့ဖူးပြီ မဟုတ်ပါလော။ ငါးရာ့ငါးဆယ်နိပါတ်တော် ဇိနတ္ထပကာသနီ၊ သို့သော်

ဦးကြီးဖျိုင်းနှင့် မတူ တစ်မူထူးသည်မှာ ဟိုနိုရီယာသည် ကျွန်တော့်ကို ပျော့ပျော့ကလေး ချော့မောဖျားယောင်းကာ

'ကိုဆွေ ... ဒါကလေး ဖတ်လိုက်ပါကွယ် ဟိုနိုရီယာဖတ်ပြတာစိတ်ဝင်စားရဲ့ မဟုတ်လားမောင်'

စသည့်စကားလုံးတို့ဖြင့် ကိုယ်ချင်းပွတ်တိုက်၍လည်းကောင်း၊ အမှတ်မထင် ကျွန်တော့် ပခုံးဖက်၍လည်းကောင်း၊ မသိမသာကလေးမထိတတိ ပါးချင်းအပ်၍

သို့သော် ကျွန်တော် မတတ်နိုင်ပါ။ ဝတ်ရေးစားရေးကြောင့် 'နှာစေး၍နေရသော ရုံးစာရေးမကလေး' ကဲ့သို့ပင် သိလျက်မူ ဝိပါက်ကြမ္မာဟူ၍ ငြိမ်ခံနေရပါတော့သည်။ ဟိုကောင့်အတွက်နှင့် ကျွန်တော်၏အကြံတခြား အလုပ်တလွဲဖြစ်သွားသည်၌ ရေကန်စပ်တွင် အတင်းပင်ဖက်နမ်းခြင်း ပြုခဲ့ပြီမဟုတ်ပါလား။ ယခုလည်း တစ်တက်စားလည်း ကြက်သွန်နှစ်တက်စားလည်း ကြက်သွန်ဆိုပြီး ထပ်မံမပြုမူသည်ပင် ကျေးဇူးတင်နေရပါသေး၏။

ဤနေရာ၌ မိတ်ဆွေသည် တင်မောင်ကို ကို သတိရသွားပါလိမ့်မည်။ သို့သော် မေ့ပစ်လိုက်ပါ။ ဒီကောင် ဤအိမ်၌ မရှိတော့ပါ။ ဒက်ဖနီကို တွေ့ကတည်းက၊ ဟိုနိုရီယာကို မေ့ပြီး ဤဂေဟာမှပြေးလေပြီ။ ဒက်ဖနီကိုသာ အရကြံတော့မည်ဟု ပြောသွားသည်။ သူ့'ကဇီဖတ်' ကြီးသာ ကျွန်တော့်အပေါ် တိုးလို့တန်းလန်း ကျန်ခဲ့ပြီ။ ကျွန်တော် ဒီဝဋ်တောင်မှလွတ်အောင် ဘယ်သို့ ရုန်းပါ့မလဲ။

ခြောက်ရက်မြောက်သောနေ့၌ ဒေါ်ကြီးစိုးရောက်လာကာ ဟိုနိုရီယာ၏ မိဘများနှင့် စကားပြောကြပါသည်။ ဒေါ်ကြီးစိုးမျက်နှာမှာ ကျွန်တော့်အပေါ် မကြည်မသာရှိပါသည်။ ကျွန်တော်နှင့် တစ်ယောက်ချင်းတွေ့သောအခါ၌

"မင်း ... သူတို့သားကလေး နယ်လ်ဆင်ကို ရေထဲတွန်းချတယ်ဆို"

ကျွန်တော် ရုတ်တရက် ဘာပြန်ပြောရမှန်းမသိ...

"ဟုတ် ... ဟုတ်.. အိုး ... မဟုတ်ပါဘူး ဒေါ်ကြီး မတော်တဆပါ"

မျက်မှောင်ကုတ်၍ အံကြိတ်ခါ...

"မင်း ... တယ်ခက်သကွယ် ဒါကို ဦးတောက်ထွန်းက မင့်အပေါ် ဘယ်လိုယူဆနေသလဲ သိရဲ့လား"

"သေကြောင်းကြံစည်တယ်များလား။ ဒါတော့ မဟုတ်ရပေါင်ဗျာ... အဖြစ်ကို ကျွန်တော် ပြောပြဦးမယ်"

ကျွန်တော်ဟုတ်တိုင်းမှန်ရာ ဖွင့်ဟတော့မည်ဟု နှုတ်ပြင်ပါသည်။ သို့သော် ဟိုနိုရီယာတိရိစ္ဆာန်မကြီးလာနေသည်ကို မြင်ရသဖြင့် ဒေါ်ကြီးစိုးက...

"ဟော့ ... တော်စမ်း၊ ဟိုမှာ မိန်းကလေးလာနေတယ်"

ခဏအတွင်း၌ ဟိုနိုရီယာရောက်လာကာ ကျွန်တော့်အနီးကုလားထိုင်တွင် ဝင်ထိုင်လိုက်ပြီး အောင်ပွဲခံသော မျက်နှာနှင့်....

"ကြီးကြီး တူတော်မောင်အတွက် ဘာမှမပူနဲ့တော့။ ဟိုနိုရီယာ လက်ထဲရောက်ရင် လိုချင်တဲ့ပုံစံမျိုးဖြစ်သွားတော့မှာပဲ။ အခု လေးငါးရက်အတွင်းမှာပဲ တော်တော်ပြောင်းလဲလာပြီ"

ဒေါ်ကြီးစိုးလည်း နှစ်ထောင်းအားရစွာနှင့်...

"အေး ... ကျေးဇူးပါပဲ တူမကြီးရယ်၊ ဒေါ်ကြီးတို့ကဖြင့် ပြင်မရတော့ဘူးထားတာ"

"အို ... ရပါတယ်၊ ရပါတယ်၊ နဂိုဓာတ်ခံက ဒီလောက်ရိုင်းတဲ့လူမှ မဟုတ်ဘဲ... နံဘေးပတ်ဝန်းကျင် အပေါင်းအသင်းတွေနဲ့ ခွာလိုက်ပြီး၊ ဟိုနိုရီယာနဲ့ နှစ်ယောက်ထဲနေရတော့ ကောင်းရမှာပေါ့ ကြီးကြီးရယ်၊ သူ ဟိုနိုရီယာကိုလဲချစ်တော့ ဟိုနိုရီယာ စကားလဲ နားထောင်ပါတယ်"

ဟု ဆိုပြီး ကျွန်တော့်ဘက်လှည့်ကာ

"နော် ... ကိုဆွေ ဟိုနိုရီယာကို ချစ်တယ်မှုတ်လား"

ခက်ချည့်ဗျာ။

ကျွန်တော်ဘာမျှမဖြေ။ တုဏှိဘာဝေတိတ်ဆိတ်နေလိုက်ပါသည်။ ဤတွင် သူငယ်မကြီးသည် ပြုံးအက်အက်ကြီး ပြုလိုက်ကာ။

"ကြည့်ကြည့်... ကြီးကြီး...ကြီးကြီးတူက အဲသလောက် ယောကျ်ားဖြစ်ပြီး ကိုယ်ချစ်တာမှ ချစ်တယ်ဖွင့်မပြောရဲဘူး။ ဒါပေမဲ့ ဟိုနိုရီယာကတော့ သူ ဟိုနိုရီယာကို ဘယ်လောက်ချစ်တယ်ဆိုတာ သိပါတယ်။ သိတာမှ ကြာလှပြီ။ သြော် ဒါနဲ့ ကိုဆွေ၊ ကိုဆွေခဏခဏ ပြောနေတဲ့ ကိုဆွေ့တပည့်နာမည် ဘယ်သူ၊ အင်မတန်အကြံဉာဏ်ကောင်း တယ်ဆိုတဲ့လူလေ"

"ပေါ်အုး"

"အို ... ရက်စ် အဲ့ဒီပေါ်အူးဟာ ကိုဆွေပြောသားအလိုဖြင့် ဟိုနိုရီယာ တွေးကြည့်ရတာ ကိုဆွေ့အပေါ်မှာ မကောင်းတဲ့သြဇာတွေ လွှမ်းနေတယ်လို့ ဆိုချင်တယ်။ ဒီတော့ ... ကိုဆွေနဲ့ ဟိုနိုရီယာ လက်ထပ်ပြီးတဲ့အခါမှာ သူ့ကို ထားလို့ မဖြစ်တော့ဘူး"

ကျွန်တော်မျက်လုံးပြူးကာ....

"ဘာ ... သူ့ကိုထားလို့ မဖြစ်တော့ဘူး.."

"ဟုတ်တယ် ကိုယ့်အိမ်ခိုင်းစေတဲ့လူက ကိုယ့်အပေါ် သြဇာပေးနေ တယ်ဆိုတော့"

"အို ... သူမရှိရင် ဒီကမှ နေလို့မဖြစ်တာ"

"ဘယ့်နှယ်မဖြစ်ရမှာလဲ။ ဟိုနိုရီယာတစ်ယောက်လုံးရှိနေမှာပဲ..မပူ ရမှာပူလို့ ကိုဆွေရယ်... ဟင် ဟုတ်ဖူးလား ကြီးကြီး ..."

ဒေါ်ကြီးစိုးကို စစ်ကူတောင်းလေရာ မသြဇာကြီးကလည်း..

"ဟုတ်သားပဲ၊ တူမကြီးရှိနေရင်...မင့်ပေါ်အူးမလိုတော့ပါဘူး"

ဟိုနိုရီယာသည် သူ့စကားအောင်၍ ဝမ်းသာသောမျက်နှာနှင့်ပတ်ဝန်း ကျင်ကိုကြည့်လိုက်ရာ မနီးမဝေး၌လာ၍ မတ်တပ်ရပ်နေတာကြာလှပြီဖြစ် သော သူတို့အိမ်က စားပွဲထိုး ကိုဘဖိုးကို မြင်သည်နှင့်....

"အိုး ကိုဘဖိုး ... ဘာကိစ္စ"

"ပြီးရင် အချိန်ကျ ခါတိုင်းလိုပဲ မောင်းတီးလိုက်ပေါ့ ကိုဘဖိုးရယ် ဒီနေ့မှ အဆန်းလုပ်လို့"

"ဩော် ဧည့်သည်တွေနဲ့ စကားပြောနေတော့"

"အို ... ကိစ္စမရှိပါဘူး"

* * *

ယခု အခြေအားဖြင့်ဆိုလျှင် ဒေါ်ကြီးစိုးကလည်း သဘောကျ ဟိုဟာ မကြီးကလည်း ကျွန်တော်က သူ့ကို ကြိုက်နေပြီဟု ယူဆသည်နှင့်အညီ သူတို့ဆန္ဒအတိုင်း မင်္ဂလာရက်ကန့်သတ်ဖို့သာရှိပေတော့သည်။ သို့ရာတွင် ဟိုနိုရီယာ၏ ဖခင် ဦးတောက်ထွန်းကို ကျေးဇူးတင်ရပေမည်။ သူ့သား ကလေးကို ရေထဲတွန်းချသည့် ကိစ္စနှင့်ပတ်သက်၍ ကျွန်တော့်အပေါ် မယုံ သင်္ကာရှိသည်နှင့် ခေတ္တဆိုင်းငံ့ရန်ဆိုသောကြောင့် နောက်တစ်နေ့၌ ကိုယ့်

အိမ်ကိုယ်ပြန်နှင်ခဲ့၍ 'ပိုနေမြဲ ကျားနေမြဲ' ဖြစ်ခဲ့ရပါသည်။

မင်္ဂလာဆောင်သောရက်၊ ကိုရင်လူထွက်သောနေ့၊ ထောင်မှ လွတ်သောအချိန်သည် ထိုသူအဖို့ အပျော်ဆုံးဟု လူတို့ဆိုစမှတ်ပြုကြသည်။ ကျွန်တော့်အတွက်မူ၊ ဟိုနိုရီယာထံမှ ဖဲကြဉ်ခဲ့ရခြင်းကို စာရင်းသွင်းရပေမည်။

"ဟော့ ပေါ်အူးရေ"

"ဆရာ"

ကျွန်တော် အိမ်မှထွက်စဉ်က သူ့ကို ခတ်ကန်ကန်လုပ်ခဲ့သည်မှန်သော်လည်း ကိုယ့်အကြံဖောက်ထိုးမိုးမျှော် ဖြစ်သွားသည်နှင့် ဆက်လက်မတင်းနိုင်ပဲ....

"ဟိုနိုရီယာတို့အိမ်မှာ ငါ့အခြေဘယ်လိုဖြစ်ခဲ့ရသလဲဆိုတာ မင်းသိလားကွာ"

"ကျွန်တော့်လူ ကိုဘဖိုးဆီက နေ့စဉ်သတင်းရပါတယ်ဆရာ"

"အို ... ဒါဖြင့် မင်း ငါ့ကိုပစ်မထားသေးဘူးပေါ့"

"ကျွန်တော့်ဆရာ ကျွန်တော် ဘယ်ပစ်ထားပါ့မလဲ ဆရာ"

"အေး ... ကျေးဇူးပါပဲကွာ ... အင်း"

ကျွန်တော် ခေတ္တစကားနှေးနေပြီး

"ဒါနဲ့ဟော့..ဒီမှာပေါ်အူး"

"ဆရာ"

"မင်းနဲ့ငါနဲ့ ဒီလိုပဲ ဥမကွဲသိုက်မပျက် နေသွားချင်တယ်မှတ်လားကွာ..."

"နေချင်တာပေါ့ ဆရာ"

"အေး ... ဒါဖြင့်ရင်လေ ဒီမှာကွာ... ဟိုနိုရီယာကြီးက မင်းငါနဲ့ခွဲဖို့ကို ဒေါ်ကြီးစိုးရှေ့မှာ ဘယ်လိုပြောလဲသိလား"

"ကိုဘဖိုးဆီက ကျွန်တော်ကြားပြီးပါပြီဆရာ"

"အေးကွာ... မင်းအကုန်သိပြီးဖြစ်မှာပါပဲ..ဒါဖြင့် ဒီမှာ ဦးတောက်ထွန်းရဲ့ 'ခေတ္တဆိုင်းငံ့ရေး' အဆိုကို ရာသက်ပန်ဖြစ်အောင် မင်းလုပ်ကွာ"

"ကျွန်တော် ကြိုးစားပါ့မယ်ဆရာ"

မိတ်ဆွေသည် စုံထောက်ဦးစံရှားဝတ္ထုများကို ဖတ်ဖူးသူဖြစ်ပါလိမ့်မည်။ ကျွန်တော် ကြားဖူးသည်မှာ မည်မျှခက်ခဲကြောက်မက်ဖွယ်ကောင်းနေ

သော အမှုပင်ဖြစ်ပါစေ ဦးစံရှား လက်ဝယ်ရောက်သွားပြီဆိုပါက အမှုသည်မှာ တစ်ဝက်တစ်ပျက် စိတ်အေးသွားသည်ကို တွေ့ရ၍ စာဖတ်သူမှာ အဆုံးသတ်၌ ကေန္တုရှင်းလင်းသွားတော့မည်ဖြစ်ကြောင်း စိတ်ချယုံကြည်ရသည်ဟုဆိုပါသည်။

ကျွန်တော်မှုကား ပေါ်အူး၏ အာမခံစကားကိုရသည်နှင့် တစ်ပြိုင်နက်စုံထောက်ဦးစံရှားဝတ္ထုထဲက အမှုသည်မျှမက စာဖတ်သူကဲ့သို့ပင် စိတ်ချယုံကြည်လှစွာနှင့် ရင်ထဲကအလုံးကြီးကျသွားလေသည်။ ကာယဗလ စာရိတ္တဗလ ဥက္ကဋ္ဌကြီး ဟိုနီရီယာမက သူ့အဖွဲ့က အမျိုးသမီးထုအားလုံး ဝိုင်းတိုက်ပါစေ ကျွန်တော်မကြောက်တော့ပြီ။ ဗ–တ–လ–စ နှင့် ငြိမ်းချမ်းရေးအမျိုးသမီးအဖွဲ့ကပါ ကူညီပါစေဦးတော့ ကျွန်တော်မမှုတော့ပါ။

ထို့ကြောင့် ကျွန်တော်သည် ရှေးယခင်ကဲ့သို့ပင် ပျော်ရွှင်ကာ အချစ်ဆုံးမောင်ရေ့ 'မောင့်အသည်းထဲက ဝေရေ့' ဟူသော ပဏာမတို့ဖြင့်သွားနေကျဘားများကိုသွားသည်။

"ဟေ့ အေးဆွေ ... အေးဆွေ"

သူနှင့်ကျွန်တော်မှာ ဟိုနီရီယာတို့အိမ်မှာ ခွဲပြီး ပထမအကြိမ်တွေ့ရခြင်းဖြစ်ပါသည်။

"ဟာ...ဘာတုန်းဟ ဂြိုဟ်ကောင်..မင့်တွေ့လိုက်ရရင် နောက်က ခွေးလိုက်ကိုက်နေတဲ့ အတိုင်းပဲ..."

"အရေးကြီးလို့ကွ ... လာစမ်းပါအုံး ဒီအပြင်ဘက်ကို"

"ဟင် ... ကြီးပြန်ပဟော့"

"တကယ်ပါကွ ... လာပါမြန်မြန်"

ကျွန်တော်ထိုင်မှ ထရကာ အပြင်ဘက်အခန်းစားပွဲတစ်ခု ရောက်သည်၌

"ကဲ ... ဆိုစမ်း ... ဘာတုန်း"

"ဒီမှာအေးဆွေ မင်းနဲ့ငါဟာ အချစ်ဆုံးသူငယ်ချင်းဖြစ်တဲ့အကြောင်း အစစ်အမှန်ပြဖို့ အချိန်တန်ပြီ မောင်ရေ့.."

"ဟင် ... လာပြန်ပဟော့"

"မင်းက ... ပေါ့ပျက်ပျက် မလုပ်စမ်းပါနဲ့ကွ... တကယ့်အရေးပါ"

"ဘာလဲ ... မိန်းမတစ်ယောက်နဲ့ ချစ်ပြန်ပြီဆိုပါတော့"

"အစစ် မလွဲဘူးမောင်ရေ့ ... တကယ့်အချစ်... တကယ့်အချစ်"

"ဘယ်သူလဲ .... ဒက်ဖနီနဲ့မဟုတ်လား"

"ဘယ့် ... ဒက်ဖနီလဲ"

"အလို မင်းကလဲ ငါ့ပြန်မေးပြန်ပြီ ညို့ရိပ်သာဂေဟာမှာလေ... မင်းပဲ 'သူ့မှမရရင်ဖြင့် ကိုယ့်ကိုယ်ကိုရင်လဲ သတ်သေရပါမယ်။ဒါမှမဟုတ် ရဟန်းဘောင်ဝင်ပြီး သာနသနာ့ဝန်ရင်လဲ ထမ်းနေရပါမယ်' ဆိုတဲ့ မင်းအင်မတန်ချစ်ခင်မြတ်နိုး လက်စုံမိုး၍ ရှိခိုးကော်ရော်ဖူးမျှော်ကန်တော့ချင်နေတဲ့ ဟိုနိုရီယာကို တစ်စက္ကန့်အတွင်းမေ့သွားပြီး ( Love at First Sight) မြင်လျှင်မြင်ချင်း အချစ်နဲ့ ကောက်ကောက်ပါအောင် လိုက်ပြေးတဲ့ ဒက်ဖနီလွမ်းပွေလေ ဝန်ကြီးသမီး ..."

"အို ... ဒီဝန်ကြီး သမီးလား ... အေးအေး ... မင်းပြောမှသိရတယ်။ မင်းတော်တော် မှတ်ဉာဏ်ကောင်းတဲ့ကောင်ပဲ၊ ဟုတ်တယ်..ငါအစဦး သူ့နောက်လိုက်သေးတယ်ကွ။ ငါ... ဒါနဲ့ ... ဒီငနဲမတော့ လူချင်းတွေ့ရဖို့မလွယ်ဘူး။ ပထမစာနဲ့ကျအောင်နှူးပြီး နောက် သူ့ဟာသူ မြူးထွက်လာမှပဲဟန်တော့မှာဆိုပြီး ဂေါ်ပါတီသုံး မိုးပြာရောင်စက္ကူနဲ့ မဲနယ်ရောင် စာအိတ်ဝယ်ရအောင် ၃၂လမ်းက မြန်မာ့ဂုဏ်ရောင် ကုလားစတေရှင်နရီ ရောက်တော့ အခု ငါ့အချစ်စစ်အချစ်မှန်ကလေးတွေကို တွေ့တာပေါ့၊ မဆန်းဘူးလား နာမည်က မေနှင်းမြိုင်တဲ့၊ မင်း ဒီနာမည်ကလေး ကြားလိုက်ရတော့ မင့်ရင်ထဲ ဘယ်လိုဖြစ်သွားသလဲဟင် ရေခဲစိမ်ထားတဲ့ ကျောက်ကျောတုံးမျိုချလိုက်ရသလို အေးစိမ့်မသွားဘူးလား ...."

"မသွားပေါင်ကွယ် ... ငါသောက်ထားတဲ့ ဘီယာအရှိန်ကလေးနဲ့ ရင်ထဲပူနွေးတာပဲ...."

"မင်း ... တယ်နားဝေးတဲ့အကောင်ပဲကွ ဒီမှာ 'မေနှင်းမြိုင်'ဆိုတဲ့ အက္ခရာကလေးတွေကို တစ်လုံးစီ ... တစ်လုံးစီခွဲခြား မင်း သေသေချာချာ စဉ်းစားစမ်း မင့်မျက်စိထဲမှာ နံနက်ယံမိုးသောက် နှင်းစက်တွေတစ်ဖျောက်ဖျောက်ကျနေတဲ့ စိမ့်ကြီးမြိုင်ကြီး ဂနိုင်ကြီးထဲမှာ 'မေ'ဆိုတဲ့နှင်းရည် ပက်ဖျန်းငွေခြည်လျှမ်းနေတဲ့ 'သဇင်ပန်းကလေး'ကို မြင်ယောင်မလာဘူးလား"

"မမြင်ပေါင်ကွယ်"

"မင်း .... တယ် ... ကဗျာဂီတ... စာအရသာနဲ့ အဆက်ဝေးတဲ့

အကောင်ပဲ ဟော့ ... ဒီမှာ နားထောင်စမ်း"

သူ တတ်သမျှ အသံကျကျနှင့်

"စိမ့်ကြီး မြိုင်ကြီး...ရိပ်ကြီးတောတောင် နေရောင်မခ ပန်းမျော့ပင်ဆင့် ရှုတိုင်းငယ်တင့်ပါတဲ့ ဇင်မင့်ထွတ်ခေါင်... ဆိုတဲ့ သီချင်းကြီးကြားဖူးလား"

"မကြားဖူးပါဘူး"

"အေး မကြားဖူးရင် မြန်မာဂီတဆရာကြီး ဦးချစ်မောင်ဆီ သွားပြီး နည်းနာနိဿယ ခံချည်ဦး။ ဒါမှမင်း ငါ့အချစ်ကလေးနာမည်ရဲ့ အရသာကို ခံစားနိုင်မယ်"

ကျွန်တော် စိတ်တိုလာကာ..

"ဟော့... နေပါဦး... မင်း ငါ့အရေးတကြီးပြောစရာရှိတယ်ဆိုတာ ဒါပဲလား"

"အို... ဆောရီး ငါက....ဒီနာမည်လေး စဉ်းစားမိတိုင်း ဒီလိုပဲ အတွေး ကျူးပြီး ကြည်နူးသွားတယ်လို့ကွာ သည်းခံပါ။ ငါခုနပြောတာတောင် ဘယ် ရောက်သွားလဲ"

"ဂေါ်ပါတီသုံးမဲနယ်ဆိုလား... အဲဒါဝယ်ရအောင် ကုလားဂုဏ်ရောင် စတေရှင်နာရီရောက်တော့ အခုန မိန်းကလေးကို တွေ့သတဲ့"

"နေပါဦး သူကလဲ မင့်လိုပဲ မဲနယ်ဝယ်လာရင်း ဆုံကြတာလား"

"အိုး ... မဟုတ်ဘူးကွ သူက အဲ့ဒီစတေရှင်နရီက ဈေးရောင်းတဲ့ စာရေးမ"

"ဟင်"

ကျွန်တော် မျက်နှာ ရှုံ့ကာ

"မင်းကလဲ ကြိုက်စရာရှားရှေ့လားကွာ"

"မင်းက ဈေးရောင်းတဲ့ စာရေးမဆိုတာနဲ့ အထင်သေးသလား၊ မင့် တက်တက်စင်အောင် မှားမယ်မောင်၊ မင်း ... သူ့ကို မြင်ရရင် အံ့သြမယ်"

"အင်း ... မင်းကြိုက်တဲ့ မိန်းကလေးမှန်သမျှ အံ့သြစရာချည့်ပေါ့ကွာ ဒါနဲ့... နေပါအုံး၊ ဒီမိန်းကလေးကကော မင့်ပြန်ကြိုက်ပလား"

"ကြိုက်ပြီဆရာ ငါ့ဦးကြီးပြောပြီး လက်ထပ်ရုံ ရှိတော့တယ်။ ဒါ ကြောင့် မင်းဟာ ငါ့အချစ်ဆုံးသူငယ်ချင်းဖြစ်ကြောင်း အစစ်အမှန်ပြဖို့ အချိန် တန်ပြီ ပြောတာပေါ့ကွ"

"ငါက ဘယ်လိုပြရမှာလဲ"

"ငါ့ဦးကြီးက အခု ငါ့ကို အိမ်ကနှင်ထုတ်ထားတာ ပြန်လက်ခံပြီး မေနှင်းမြိုင်ကလေးနဲ့ လက်ထပ်ခွင့်ပေးဖို့ပေါ့"

"ငါ့များ မင်းဦးကြီးအဖေ အောက်မေ့နေလား..လွယ်လိုက်တာ"

"မင့်အဖို့ လွယ်ပါတယ်ကွ"

"ဘယ်လိုလွယ်တာလဲ"

"ငါ အရင်ထွင်ထားတဲ့ လက်ငုတ်ရှိတယ်လေ၊ မင်းက စာရေးဆရာ ပပဝတီ၊ ငါ့ဦးကြီးက ပပဝတီကို အသည်းစွဲကြည်ညိုနေတယ်"

"ဒီတော့ ဘာဖြစ်ကရောလဲ"

"ဘာဖြစ်ရမလဲဟ မင်း နောက်ဆုံးရေးတဲ့စာတစ်အုပ် ပေးဖတ်ခိုင်းပြီး ငနဲကြီးနှူးရုံပေါ့ကွ"

"ငါ နောက်ဆုံးရေးတာဘာစာအုပ်လဲ"

"ဂုဏ်မတူနဲ့သူမို့လား ... တဲ့၊ အဲဒီဝတ္ထု သဘောသွားက..အခု ငါတို့ အခြေအနေနဲ့ သိပ်ဆီလျော်တာပဲတဲ့၊ ငါ့ ကောင်မလေးပြောတယ် မောင့် ဦးကြီးသာ စာပေဝါသနာပါလို့ ဒီဝတ္ထုသာ ဖတ်မယ်ဆိုရင် မောင်နဲ့မြိုင်ကို ဘာမှ သဘောမတူစရာအကြောင်းမရှိဘူးတဲ့ဆိုတာနဲ့ ငါ ဒီအကြံပြန်သတိရ တာကွ၊ မင်းအရင်လက်ငုတ်သာ ဆက်ပေရော့ကွာ"

ကျွန်တော့်မှာ ဟိုနီရီယာကိစ္စ ဒီကောင် ကဇိပက်ကြီးပြန်သတိရသည် နှင့် ခေါင်းကိုလေးလေးရမ်းကာ

"ငါ မင်းနဲ့ပတ်သက်ပြီး ဒီရှုပ်ရှုပ်ယှက်ယှက်ဟာမျိုးတွေ မလုပ်ချင် တော့ဘူးကွာ ဆောရီးပဲ..."

သူသည် ကျွန်တော့်ပခုံးကို ဆတ်ခနဲ ပုတ်လိုက်ကာ

"ဟေ့ ... အေးဆွေငါ့အတွက်လေ"

"မင့်အတွက်မကလို့ နောက်ထပ် မင့်လိုကောင်မျိုး ၇၅ကောင်တိုးအုံး တော့ ငါမလုပ်ဘူးဆို မလုပ်ဘူး..."

"ဟ ... ဟ .... ဟ..."

သူသည် မျက်လုံးမျက်ဆန်ပြူးကာ

"ငါ့သူငယ်ချင်းအေးဆွေက ငါ့အပေါ် ဒီလိုပြောသလားကွာ..."

"မင်းကြားတဲ့အတိုင်းပဲ"

ကျွန်တော်မှာ ခေါင်းမာစရာရှိ အလွန်မာတတ်သူဖြစ်ပါသည်။

"ဟင် ... မင်း အေးဆွေအစစ်မှ ဟုတ်သေးရဲ့လားကွာ"

"မသက်ာရင် အရပ်လူကြီး ခေါ်ပြကြည့်"

"ဘယ်မကောင်းဆိုးဝါးများ ဝင်ပူးပြောနေတာလဲ"

"ပယောဂဆရာ ပင့်ချည်လေ"

"ဟော့ ... အေးဆွေ မင်းနဲ့ငါနဲ့ သူငယ်ချင်းဖြစ်တာ ၁၅နှစ်ကျော်ပါပြီ ကွာ"

"အေး ... ကျုပ်တဲ့အသက်တာမှာ ငါ့ဖာသာငါအေးအေးနေတော့မယ် လို့ ဆုံးဖြတ်ချက်ချလိုက်ပြီ"

မိတ်ဆွေတော့ အံ့သြမည်။ တကယ်ပဲ ကျွန်တော် သည်အတိုင်းပြော လိုက်ပါသည်။ ဤနေရာ၌ ငနဲကောင် သနားလဲသနားပါရဲ့၊ မနေနိုင်မထိုင် နိုင်ဖြစ်ကာ ကုလားထိုင်ချင်းပူးလာပြီး ကျွန်တော့်ဒူးကို ဆုပ်နယ်တော့လျက်၊

"ဒီမှာ အေးဆွေ မင်းနဲ့ငါနဲ့ကျောင်း ..."

အလို ဘုရားရေလုပ်ပြီဗျ။ ကျွန်တော့်ရင်ထဲတွင် ထိတ်၍ပင်သွားပါ သည်။ ကျွန်တော်ထိုအချက်၌ကား ဆက်လက်မတင်းမာနိုင်တော့ပြီ။ အ ကြောင်းမှာ သူနှင့်ကျွန်တော် ကျောင်းနေဘက်မှစ၍ ကျွန်တော်တုပ်ကွေး ဖျားသည်၌ သူ ဆရာဝန်ခေါ်ပေးရသည်အထိ သူ၏ကျေးဇူးတော်အနန္တတွေ ကို သူပြောနေကျအတိုင်းပြောတော့မည်။ ဤအခါ၌ ကျွန်တော်ကလျှော့ပေး နေကျအတိုင်း လျှော့ပေးရတော့မည်။ ကျွန်တော့်စိတ် ကျွန်တော်သိသည်။ ဒီတော့ ဘာထူးတော့သလဲ၊ ထို့ကြောင့် အချိန်ကုန်မခံတော့ပဲ သူ့စကား စကားမျှနှင့်ပင်....."

"ကဲဟော့ တော်တော့ တင်မောင်ကို၊ ငါမင်းဆန္ဒအတိုင်း တသွေမတိမ်း ဆောင်ရွက်ပါတော့မယ်"

တင်းခဲ့သမျှကို အကြွင်းမဲ့ချကာ အာမဘဏ္ဍေ ပြုလိုက်ရပါတော့သည်။ သူ ကျွန်တော့်လက်ကို ရတ်တရက်ဖျစ်ညှစ်ကာ....

"ဒါမှ ငါ့သူငယ်ချင်းအစစ်ကွ"

စိတ်အားထက်သန်စွာ ဂုဏ်ပြုပါသည်။ သို့သော် ... ကျွန်တော် ဝမ်း မသာနိုင်ပါ။

"အေး...ဒါပေမဲ့ ငါတော့ဖြစ်နိုင်မယ်ဆိုရင် မင့်သူငယ်ချင်းအဖြစ်က

ရာသက်ပန်နုတ်ထွက်ချင်ပါတယ်ကွာ...ဘုရားစူးရပါစေရဲ့"

"ဟာ ... ဟ ... အေးဆွေကြည့်စမ်း၊ တယ်မိုက်တဲ့ကောင်ပါလား။ မင့်စကား ချက်ခြင်းပြန်ရုပ်သိမ်း၊ နို့မဟုတ်ရင် နောက် ငါးမိနစ်အတွင်းမှာ မင်းတစ်သက်တာအဖို့ ဝမ်းနည်းလို့ဆုံးတော့မှာ မဟုတ်ဘူး"

"ဘာကြောင့်လဲ ... မင်းက သေတော့မှာမို့လား"

"ထွီ ... နမိတ်ဆိုး နမာဆိုး၊ မကြာခင် မင်္ဂလာဆောင်တော့မယ် သတို့ သားလောင်းကိုကွာ။ ငါပြောတာ ငါးမိနစ်အတွင်း မင်း ငါ့ကောင်မလေးကို မြင်ရတဲ့အခါမှာ ဒီလောက်ချောမောကျက်သရေရှိတဲ့ သတို့သမီးရဲ့ ကြင်ယာလောင်းနဲ့ သူငယ်ချင်းအဖြစ်က ရာသက်ပန်ရုပ်စဲရမယ်ဆိုရင် မင့်တစ်သက် တာဝမ်းနည်းလို့ဆုံးမှာ မဟုတ်တော့ဘူးလို့ ပြောတာကွ...။ လာ... လိုက်ကြည့်လှည့် ငါစကားပြောမှန်မမှန်ကို မင်းဧကန်အံ့သြရမှာပဲ။ မင်း သူ့မျက်နှာမြင်မြင်ခြင်းမှင်တက်မိသလို မတ်တပ်ကြီးမေ့နေမယ်သိရဲ့လား"

"ဟာ ဒါဖြင့် ငါကြောက်တယ်ကွာ မကြည့်ပါရစေနဲ့တော့"

"ဒါလောက်လဲ မစိုးရိမ်ပါနဲ့လေ ... ငါအနားမှာ ရှိဦးမှာပဲကွ၊ ငါက သတိပေးပါ့မယ်။ လာပါ ဒီအချိန်မှာဆိုရင် သူ့ဆိုင်ကုလားကြီးတွေ ထမင်းစားတယ်။ မင်းနဲ့မိတ်ဖွဲ့ပေးမယ်..."

ပြောပြောဆိုဆို ဒီကောင်အတင်းဆွဲခေါ်သည်နှင့် မကြာမီတွင် ၃၂ လမ်းက မြန်မာဂုဏ်ရောင် ကုလားစတေရှင်နရီဆိုင်ရှေ့သို့ ရောက်ခဲ့ရပါသည်။ ကားပေါ်က ဆင်းကြသည်၌ တင်မောင်ကိုက

"မင်းက စာရေးစက္ကူလေးဘာလေး ဝယ်တာပေါ့ကွာ"

ဟု ပြောရင်း ဆိုင်တွင်းသို့ ရောက်ကြပါသည်။

အဆင်သင့်ပင် သူ့ကလေးမကို တွေ့ရပါ၏။

အင်း ... တော်တော်နိပ်ပေသည်။ ဒီကောင့်စကားမှာ ဒီတစ်ခါ ခါးလောက်တင်၍ ရင်လောက်ကျပါ၏။ သူ့စကားအတိုင်း ရန်ကုန်မြို့လယ်ခေါင်တွင် မြင်လျှင်မြင်ခြင်း သတိမေ့သွားအောင် ချောမောသောမိန်းကလေးကား အဘယ်မှာရှိအံ့နည်း။ သို့သော် ဤသူငယ်မရုပ်ရည်ကို သူ့ချစ်သူ ရည်းစားအနေက ဤမျှ ဥပစာတင်စားသည်မှာ မလွန်ပါချေ။ ဘယ်သို့ ဘယ်ပုံချောသည်ကိုကား ကျွန်တော် ရည်ရည်မွန်မွန် မပြောတတ်တော့ပြီ။ အထူးသဖြင့် ကျွန်တော် သဘောတွေ့သည်မှာ အတွင်းကပွေးညှင်းနှင့် မှည့်ခြောက်

ကိုပင် မြင်ရသော မှန်နိုင်လွန်ဖန်ပေါင်းချောင်ဇာနိုင်လွန် ဇကာကြဲတို့ကို ဝတ်နေသည့်ကာလ၌ ဤဈေးခေါ်ရှိုးပြ မိန်းကလေးက ဣန္ဒြေသိက္ခာရနေခြင်းပင် ဖြစ်ပါသည်။ သူ့အင်္ကျီဖျင်မှာ အဆင်းလှပနူးညံ့ညက်ညော၍ အထဲက ဇာဘော်လီပုံသဏ္ဌာန်ကို ထင်းထင်းမျှပေါ်အောင်ပါးသော်လည်း အတွင်းသားကို အကွင်းသာမြင်ရသည်အထိ ဟင်းလင်းကြီးတော့ ဖြစ်မနေဘဲ ခါးပြတ်ပြတ် ရင်ကြပ်ကြပ်နှင့်သပ်သပ်ချပ်ချပ်ယပ်ယပ် ရှိသည်။ လောကီ၌ အဘယ်မိန်းကလေးသည် မိမိ ကိုယ်အလှကို မပြချင်ပဲ ရှိအံ့နည်း။ သို့သော် ပြနည်းအမျိုးမျိုး၊ အယဉ်ပြ၊ အရိုင်းပြ၊ အနုူးပြ၊ အရူးပြ၊ အလိမ္မာပြ၊ အမိုက်ပြဟူ၍ တစ်ကြိမ်ကစကားစမိသည်နှင့် ကျွန်တော့်သူငယ်ချင်း အောင်မြသွင်က ပြောဖူးပါသည်။

ဘယ်အရာမျိုးမဆို အကုန်ပြ၍လည်းကောင်း၊ လိမ္မာပါးနပ်စွာ ချန်လှပ်ထားအပ်သည်။ အဆုံးကုန်ပြခြင်းသည် ကုန်ဆုံးသွားခြင်းပင်ဖြစ်သည်။ မြင်ရသူအဖို့ တွေးတောမက်မောစရာ မကျန်တော့။ မိန်းမတစ်ယောက်ကို အတုံးလိုက်အတစ်လိုက်မြင်ရ၍ ယောကျ်ားများအား ငေးစိုက်ကြည့်ခြင်းသည် ချစ်ခင်နှစ်သက်၍မဟုတ်။ သူတို့၏ တဏှာစိတ်ကို အပျင်းပြေလွှတ်ပေးခြင်းမျှ ဖြစ်သည်။ အသင်မိန်းကလေးသည် ယောကျ်ားတို့ တဏှာစိတ်အပျင်းဖြေရန်အလို့ငှါ အသုံးတော်ခံနေရပါသလော။ နို့ပြီး မင့်ကွယ်ရာ၌ သင့် ကိုအကောင်းပြောကြသည်မဟုတ်။ သင်ကြားခဲ့သော်လန့်ဖျပ်တက်ချက်၍ ပင်သွားချိမ့်မည်။ ထို့ကြောင့် မိန်းကလေးများ အလှပြရာ၌ တဏှာမဆန်ဘဲ ကဗျာဆန်ရမည်။ ဤနေရာတွင် ကဗျာဆန်သည်ဆိုရာ၌ အများနားလည်နေကြသကဲ့သို့ ကန့်ကရ ကလေးကလက် စသည်တို့ကို မဟုတ်။ တကယ့်ကဗျာကောင်းတို့မည်သည် (ဥပမာ တဂိုး၊ အိုမာခရမ်တို့ ကဗျာများကဲ့သို့) ဆိုလိုသောအဓိပ္ပာယ်ကို အတုံးလိုက်အတစ် လိုက်မပြတတ် သူအဖို့ တစ်ခါဖတ်ရုံနှင့်မပြီး။ ဖတ်ပြီးယင်း ဖတ်ချင်အောင် နက်နဲစွာသော အတွေးအခေါ်များ ချန်ပစ်ခဲ့ခြင်းမျိုးကိုဆိုသည်။

ဟုတ်ကဲ့ အခုမိန်းကလေးကိုမြင်ရမှ အောင်မြသွင်၏ 'မိန်းမတို့ အလှပြရာ၌ တဏှာမဆန်ဘဲ ကာဗျာဆန်ရမည် ဆိုသော စကားကို ကျွန်တော်သဘောပေါက်ပါသည်။ မထူမပါး အဝတ်အစားနှင့်သူ့အပျိုကိုယ်အတွင်းသားကို အထင်သားမမြင်ရသော်လည်း၊ အလုပ်ခွင်နှင့်သင့်လျော်သော အင်္ကျီ

လက်ပြတ် ဓာနှစ်ထပ်ကလေး၏ ကျေးဇူးကြောင့် သူ၏ ပြည့်ဖြိုးပြေလုံးကျစ်သည့် လက်မောင်းသားကိုမြင်ရခြင်းဖြင့် ကျွန်တော်တို့ ယောကျ်ားတွေ စွဲမက်အပ်သော သူ့ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ကို ခန့်မှန်းနိုင်ပါပြီ။ တွေးတောစိတ်ကူးယဉ်နိုင်ပါပြီ။ မှန်နိုင်လွန်ဇကာကြဲနှင့် ဓာဘော်လီရင်ဟိုက်ကြောင့် ရင်သားကြီးတွေ အတုံးလိုက်အတစ်လိုက်ပေါ်နေ၍ အမဲသတ်ကုလား မျက်စိမျိုးနဲ့ကြည့်ကာ 'ဒါကြီးတွေ ဓားနဲ့လှီးပြီး ချိန်ခွင်ထဲထည့်ချိန်လိုက်ရ ဘယ်လောက်သားတော့ရှိမှာပဲ' ဟု တိတိကျကျ စိတ်ကူးကြမ်းနိုင်လောက်အောင် ရှိုးပြထားသည့် တဏှာဆန်သောအလှမဟုတ်။ မြင်ရသူအဖို့ အတွေးအခေါ်နှင့် စွဲမက်စေသည့် ကဗျာဆန်သော အလှ"

ဂေါ်ပွင်းဆက်တင်မောင်ကို ယခုဝါတွင်းသုံးလပတ်လုံးအချိန်၌ဂေါ်ခဲ့သော ဆိတ်မ၊ ခင်မမကြူ၊ ဟိုနိုရီယာ၊ ဒက်ဖနီ ယခုသူ ၅ယောက်အနက် ကျွန်တော်သူ၏ဟန်ပန်သွင်ပြင်ကို သဘောအကျဆုံးဖြစ်ပါသည်။ ဒီကောင်ဘယ့်နှယ်များ ဘယ်နှယ်စွယ်ရွှပ်တွေ့ပါလိမ့်။ လူမိုက်ကံကောင်းဖြစ်တတ်ပေသည်။ သူတို့ချင်းမှာ အတော်ပင်ခရီးရောက်ဟန်ရှိပေပြီ။ တင်မောင်ကိုက ကျွန်တော်နှင့်မိတ်ဆက်ပေးသောအခါ၌ ...

"မြိုင် ... ဒါ... မောင့်သူငယ်ချင်း အေးဆွေလေ နာမည်ကြီး စာရေးဆရာပေါ့"

သွက်လက်ဖြတ်လတ်စွာနှင့်....

"ဪ ... စာရေးဆရာတစ်ယောက်နဲ့ သိရတာ သိပ်ဝမ်းသာတာပဲရှင်... ကလောင်နာမည် ဘယ်သူပါလဲ"

ကျွန်တော်က ဘာမျှပြန်မပြောရဘဲ တင်မောင်ကိုပါးစပ်မှ 'ပ' ဟုထွက်လာသည်နှင့် တစ်ပြိုင်နက် ကျွန်တော့်မှာ မဟုတ်တာ မပေါက်ကြားစေလို၍ သူ့ပေါင်ကို ဖြတ်ခနဲပုတ်လိုက်သည်တွင်

"အိုး မပြောချင်လဲ ကိစ္စမရှိပါဘူး တချို့စာရေးဆရာတွေဟာ ဒီလိုပဲကိုယ့်ကိုယ်ကို လျှို့ဝှက်နေချင်ကြတယ် မြိုင်သိပါတယ်။ တချို့စာရေးဆရာတွေကလဲကိုယ့်အိမ်ကိုယ် ဆိုင်းဘုတ်တပ်လိုတပ် ကိုယ့်မော်တော်ကား ကိုယ့်ကလောင်နာမည် ရေးလိုရေးနှင့် ဖိုးပေါ်ထင်ချင်တွေ လုပ်ကြတယ်။ အမျိုးမျိုးရှိတာပေါ့လေ ဆရာ စာရေးစက္ကူအလိုရှိတဲ့အခါမှာ မြိုင်တို့ဆိုင်ဝယ်ဖို့အခွင့်အရေးတောင်းပါရစေ"

ဤတွင် တင်မောင်ကိုက...

"အို... မောင်နဲ့ပတ်သက်နေပြီပဲဟာ ဝယ်ရမှာပေါ့ အခု သူစက္ကူဝယ်ရင်း လိုက်လာတာပဲ"

"ဒါဖြင့် ကျေးဇူးပါပဲဆရာ။ ဆရာဘယ်လိုစက္ကူရေးလေ့ရှိပါသလဲ အမိန့်ရှိပါ"

ကျွန်တော်မှာ ဘယ်နာမည် ပြောရမှန်းမသိသည်နှင့်

"အို... ဘာရယ်လို့မဟုတ်ပါဘူး အဆင်သင့်ရာရေးတာပါပဲ၊ ရေးကောင်းမယ့်ဟာသာ ကြည့်ပေးပါ"

ပြောရပါသည်။

"ဒါဖြင့် ဟောဒီစက္ကူဟာ အင်မတန် ရေးကောင်းပါတယ်။ ဖူးစကက် ဆိုက်ဖြတ်ထားတာ တစ်ရာမှ နှစ်ကျပ်မတ်တင်းပါ။ ဆရာသုံးရာယူရင် ငါးကျပ်နှင့် ပေးလိုက်ပါမယ်"

ကျွန်တော် တင်မောင်ကိုကြောင့် အလကားသက်သက် ငွေ ၅ ကျပ် ကုန်ခဲ့ရ စက္ကူထပ်ပိုက်ပြီး လာခဲ့ရပါသည်။

ကားပေါ်ရောက်၍ မောင်းထွက်ခဲ့သည်၌

"မင်းကရှည်တယ်ကွာ၊ ငါက ဒီစက္ကူကြီးတွေ ဘာသွားလုပ်ရမလဲ"

"မင့်ဟာမင်း လွှင့်ပစ်လေ၊ ငါကတော့ ငါ့ကောင်မလေးရောင်းရအောင်သာပြောရတာ"

"တယ်တော်တဲ့ကောင်"

"ဟေ့ ... ဘယ့်နှယ် နိပ်ရဲ့မဟုတ်လား"

"နိပ်ပါတယ် နိပ်ပါတယ်။ မင်းနဲ့တောင်မတန်ဘူး"

"အမယ်လေး တန်လို့ပဲရတော့မှာမောင်။ ဟေ့ ... ကွန်တီနယ်ရှေ့က စာအုပ်ဆိုင်တန်းမောင်းကွ"

"ဘာလို့လဲကွ"

"ဟို ပပဝတီရေးတဲ့ ဂုဏ်မတူနံ့သူမို့လား ဝတ္ထုဝယ်ပြီး မင့်နာမည်နဲ့ ငါ့ဦးကြီးပေးရအောင်လေ"

"အင်း ... အင်း ... မင်းမိန်းမ မြန်မြန်ရမှ ငါ မြန်မြန်အေးမှာပဲကွာ"

"အေး ... ငါကတော့ လမ်းခင်းထားပြီလေ မင်းကြိုးစားဖို့ပဲလိုတယ်"

* * *

ဟုတ်ကဲ့ ကျွန်တော့်မှာ သူ့အတွက် အရှောင်ကြိုးစားရပါတော့သည်။ ထိုပပဝတီရေးသော ဂုဏ်မတူနှံသူမို့လား စာအုပ် ပထမမျက်နှာတွင် 'ပပဝတီမှ ချစ်မိတ်ဆွေ ဦးကျော်မင်းသို့' ဟု ကျွန်တော့် လက်ရေးဖြင့်ရေးပြီး ပေါ်အူးကို အပို့လွှတ်လိုက်၍ နောက်တစ်နေ့မှပင် ဦးကျော်မင်း ဒရိုင်ဘာကားနှင့်ရောက်လာကာ ကျွန်တော့်ကို ခေါ်ပါတော့သည်။

ကျွန်တော်မှာ ဤစာအုပ်ဖတ်ထားသည် မဟုတ်၍ ဘယ်လိုလုပ်မီးစင်ကြည့်ကရမလဲဟု ရင်တဒိတ်ဒိတ်နှင့်ပင် ပါသွားပါသည်။ သို့သော် တော်ပါသေး၏။ ပပဝတီ ဝတ္ထုရှူးဦးပေါ်ပေါ်ကြီးသည် ကျွန်တော့်ကိုမြင်လျှင် မြင်ခြင်း ပြေးလာဖက်ကာ....

"အို ... ဆရာ... ဆရာ... ကျွန်တော့်ပီတိအိမ်ကို ဆီနဲ့စိမ်လိုက်ပြန်ပြီ။ ကောင်းလိုက်တဲ့ဝတ္ထုဆရာရယ် ရက်ရက်စက်စက်ဆရာ ဒီဝတ္ထုကို ကျွန်တော် ကောင်းကောင်းကြီး ယုံပါတယ်။ အမယ်လေး နာမည်လေးကိုက 'ဂုဏ်မတူနှံသူမို့လား'တဲ့ ကရုဏာသံပါလိုက်တာနော်..။ ကျွန်တော်ဒီဝတ္ထုဖတ်ရတော့ ကျွန်တော့်စိတ်ထဲ ဘာဖြစ်သွားလဲ သိလား ....။ ပြောပါရစေတော့ လူကြီးတန်မယ့် အို ... ဆရာ့အဖို့မှာတော့ ကျွန်တော်ဟာ ကလေးပါပဲ။ ဘာမှ ရှက်စရာမလိုပါဘူး။ အတိအလင်းဝန်ခံရမယ်ဆိုရင် ကျွန်တော့်ဇနီး မိဆိတ်ကလေးကိုလေ ဆထက်တံပိုး အချစ်တိုးပြီးတိုးသွားတယ်ဆရာရဲ့။ နို့ပြီး ဆရာဝတ္ထုထဲက ဇာတ်လိုက်လိုပဲ အဆင့်အတန်းနိမ့်တဲ့ မိန်းကလေးတွေကို တန်ဖိုး ထားပြီး မြှင့်တင်မြတ်နိုးလောက်အောင် သဘောထားရင့်ကျက်တဲ့ လူတစ်ယောက်အနေနဲ့ ဂုဏ်ယူမိတယ်ဆရာရဲ့။ အို ... ဆရာ့လိုလူသာ နှစ်ယောက်ရှိရင် ဒီကမ္ဘာလောကကြီးဟာ ဘယ်လောက်သာယာသွားမလဲ။ ဂုဏ်ဆင့်တန်းနိမ့်မြင့်ခွဲမှုကြောင့် ချစ်သောကရောက်တဲ့ လူစုဟာ လုံးလုံးပျောက်ကွယ်သွားမယ်။ ဆရာရဲ့ ဒါပေမဲ့ ဆရာ့လိုလူ နှစ်ယောက် ရှိဖို့ကလည်း ခဲယဉ်းလှပါတယ်။ ကျွန်တော် ဒီလိုပြောမိတာတောင် လွန်လှပါပြီ။ ဆရာ့လိုလူက ရာစုတစ်ခုမှာ တစ်ယောက်ပေါ်တာပဲ ဒီဘဒ္ဒကမ္ဘာဟာ ကံကောင်းလှပြီလို့ဆိုမယ် ဆရာရဲ့"

တကယ့်စာရေးဆရာများ ဤကဲ့သို့ အချီးမွမ်းခံရသော် မည်သို့ရှိမည်မသိ။ ကျွန်တော့်မှာ သူ့ကိုသနားသလို အားနာသလို အို ... ဘယ်လိုကြီးမှန်းမသိ။ အရသာရှိတယ်လည်းမဟုတ်။ မျက်မှောင်ကုတ်မိလို ကုတ်မိလိုက်

ကိုယ့်လက်သည်းကိုယ်ကိုက်မိလို့ ကိုက်မိနှင့် ဘာပြန်ပြောရမည်လဲ စဉ်းစား မရ။ အင်မတန်မှ အနေရအထိုင်ရကြပ်လှပါသည်။

ဒါနဲ့တောင် တချို့လူများသည် မိမိအောင်မြင်မှုကလေးတစ်ခုကို ချီးကျူးပွဲပြုရန် ကိုယ့်အိတ်ထဲတွင် ငွေပင်အကုန်ခံကြသေးသည်ဟု ကြားဖူး၏။ အချို့မှု မိမိအတွက် စပယ်ရှယ်မလုပ်သောကြောင့် စိတ်ကောက်ကာ တခြားအကြောင်းများကို မဆီမဆိုင်ပြုပြီး အသင်းအဖွဲ့ထဲမှာပင် နုတ်ထွက်သွားကြသေးသည်ဟုဆို၏။ ဘယ်လောက်မိုက်မဲသောလူမျိုးနည်း။ ဒီလူမျိုးကို ယခုကျွန်တော်နေရာ၌ သွင်းပေးလိုက်ချင်စမ်းသည်။ စင်စစ် ဝယဝုဒ္ဓိ ဂုဏဝုဒ္ဓိနှင့် ပြည့်၍ တစ်ဘက်သားအား မညာမတာ ချီးကျူးခြင်းကို အလေ့အကျင့်ရနေခြင်းဖြင့် ကောင်းကောင်းကြီး ချီးကျူးတတ်နေသော ချီးကျူးခြင်းဝိဇ္ဇာ၏ချီးကျူးခြင်းကို ခံရခြင်းသည် ချီးကျူးခြင်းခံရသူအဖို့မှာ အရူးဆေးကိုစားနေသည်နှင့်တူပါ၏။ တံလျှပ်ရေထင်ခြင်းပင်၊ ကျွန်တော့်သူငယ်ချင်း စာရေးဆရာအောင်မြသွင်က သူ၏ပတ်ဝန်းကျင်ကိုယ်တွေ့ထဲမှ ပြောဖူးပါသည်။ အချို့မှာ ဤကဲ့သို့ ချီးကျူးခြင်းများကို တစ်နာရီမျှ ခံလိုက်ရသည်နှင့်ပင် တစ်သက်တာအတွက် အောက်ခြေလွတ်သွားတော့သောဟူ၏။ ဘယ်လောက်ကြောက်စရာကောင်းပါသနည်း။

ယခု ကျွန်တော်မှာ မဆီမဆိုင် အချောင် ချီးကျူးခံနေရခြင်းပင်မသက်သာလှတော့ပါ။ သူ့စကားကို တားရန်ကြိုးစားပါ၏။သို့သော် ကျွန်တော့်နှုတ်ထဲ၌ စကားလုံးရှာမတွေ့။ ဦးကျော်မင်း၏ ချီးကျူးခြင်းကား မဆုံးသေးပေ။

"ဆရာ့ကျေးဇူးတော့ ကျွန်တော့်အပေါ်မှာ ကြီးလှပါပြီဆရာ။ မိဆိတ်ကလေးကိုယူဖို့လည်း ဆရာ့ကျေးဇူးပဲ အခုယူပြီးဆထက်တံပိုး အချစ်တိုးဖို့လည်း ဆရာ့ကျေးဇူးပဲ။ ကျွန်တော့်ကိုယ်ကျွန်တော် သာမန်လူတွေ အယူအဆနဲ့ဆန့်ကျင်ပြီး အချစ်ဟီးရိုးကြီးအဖြစ်နဲ့ ဂုဏ်ယူဝံ့ဖို့ဟာလည်း ဆရာ့ကျေးဇူးပဲ။ ဆရာ့ကျေးဇူးတွေဖြင့် ကျွန်တော့်တစ်သက်မှာ ဆပ်လို့ကုန်တော့မှာမဟုတ်ဘူး ဆရာ"

ဤတွင်မှ ကျွန်တော့်နှုတ်ထဲ စကားလုံးတွေကာ...

"ဆပ်လို့မကုန်မှာဖြင့်လဲ အလကားသက်သက် အပင်ပန်းခံလို့ဆပ်မနေပါနဲ့တော့ဗျာ။ အေးအေးပဲနေပါတော့....."

ကျွန်တော့်စိတ်ထဲရှိသာ ပြောလိုက်ပါသည်။ သို့တိုင် သူက မလျှော့။

"ဟာ ... ဘယ်ဟုတ်ဦးမလဲ ဆရာ။ တတ်နိုင်သလောက်တော့ဆပ်ဦးမှပေါ့... ဆရာ။ ကျွန်တော့်ဆီက ဘာအလိုရှိသလဲ အမိန့်ရှိပါဆရာ။ ကျွန်တော် တတ်နိုင်မယ့်ဟာဆိုရင် ဘာမှမငြင်းပါဘူး။ ကတိပေးပါတယ်ဆရာ"

ဤတွင် ကျွန်တော်သည် မိမိလိုရင်းကိစ္စကို ပြောရန်သတိရ၍...

"ဟော ... ကျွန်တော် ဦးဆီက လိုချင်တာတစ်ခုတော့ရှိတယ်..."

"အမိန့်ရှိပါဆရာ ... အမိန့်ရှိပါ ဆရာ့တာဝန် ထမ်းဆောင်ရတဲ့အနေနဲ့ ဂုဏ်ယူပါရစေ"

"တခြားတော့ မဟုတ်ပါဘူး ဦးတူ တင်မောင်ကို ကိစ္စ"

အဘိုးကြီးသည် ရုတ်တရက် မျက်လုံးကိုဖြဲကာ...

"ခင်ဗျာ"

"ဘာမှမငြင်းပါဘူးဆိုတဲ့ ဦးကတိကို သတိထားပါ။ စင်စစ်တော့ ဦးမှာတူရင်း ကျွန်တော်က သူငယ်ချင်းရယ်ပါ"

"ဒီကောင် အင်မတန်မိုက်တယ်ဆရာ"

"ဟုတ်တယ် သူမိုက်တဲ့အကြောင်းကို ကျွန်တော် စဉ်းစားလိုက်တော့ အင်း ..."

ကျွန်တော် ရုတ်တရက် ဘာဆက်ပြောရမှန်းမသိပါ။ နောက်မှ နှုတ်ထဲတွေ့မိတွေ့ရာပင်

"သူ့ကို လိမ္မာအောင်လုပ်ဖို့ လိုနေတယ်ဆိုတာကို သိရတယ် ကဲ ... ဒီတော့"

ကျွန်တော် ဘာဆက်ရမှန်း မသိတော့ပြန်ပါ။

ဦးကျော်မင်းက ကျွန်တော့်စကား နှေးကွေးနေသည်ကိုပြောရန် အားနာနေသည်မှတ်၍ အားပေးသောအမူအရာဖြင့်

"အမိန့်ရှိပါဆရာ"

"အင်း ... အမိန့်ရှိပါဆိုတော့၊ အယ် ဟုတ်ပါဘူး။ ဒီလိုလေ ကျွန်တော့်သဘောပြောရရင် မိုက်တဲ့အကောင်ကို မိုက်သလိုပစ်ထားရင်ပိုဆိုးမယ် ဒီတော့ ပထမတစ်အချက် သူ့ပြန်လက်ခံပြီး ... ဒုတိယနှစ်အချက် သူလိုချင်တဲ့ မိန်းမကို ကျွန်တော်တို့က သင့်၏မသင့်၏ကြည့်ပြီး ပေးစားလိုက်ဖို့ပဲ။ ဦးဆီက ကျွန်တော် လိုချင်တာက ဒါပါပဲ"

နောက်ဆုံးစကား၌ ကျွန်တော် ခန့်ခန့်ကြီး ပြောလိုက်ပါသည်။ ဤတွင် ငနဲကြီးသည် တွေတွေကြီးပြုံကာ ခေတ္တငိုင်နေပြီးမှ....

"ပြန်လက်ခံဖို့ဟာက လွယ်ပါတယ်လေ။ ကျုပ်စိတ်လည်း သူ့အပေါ် ဆိုးခဲ့တာကြာတော့ ပြေသွားပါပြီ။ သူကြိုက်တဲ့ မိန်းမပေးစားဖို့ဆိုတာက အင်း ... အခု သူ့မှာ ကြိုက်ပြီးသားရှိနေပတဲ့လား"

"ရှိနေပြီ။ ကျွန်တော့်ကို ဟိုနေ့ကပဲ ခေါ်ပြတယ်။ ကျွန်တော်တော့ အင်မတန် သဘောကျတယ်"

"ဘယ်လိုအတန်းအစားလဲဆရာ"

"ဘယ်လို အတန်းအစားလဲဆိုတာတော့ အထူးပြောစရာမရှိဘူး။ ကုလားစတေရှင်နရီတစ်ခုက ဈေးရောင်းတဲ့ မိန်းကလေးပဲ"

"ဟာ"

သူ ရုတ်တရက် မျက်လုံးပြူးသွားလေရာ ကျွန်တော် ဇတ်ခနဲအချက်ကိုတွေးမိသည်နှင့်

"ဘာလဲ ဦးက ဂုဏ်မတူနဲ့သူမို့လား"

ဤစကား၌ကား သူ ချက်ခြင်းရှက်အမ်းအမ်းကြီး ပြုံးကာ

"ဟာ ... မဟုတ်ပါဘူးဆရာ။ မဟုတ်ပါဘူး ဆရာ့ဝတ္ထုတွေဖတ်ပြီး ကတည်းက ကျွန်တော့်မှာ ဒီစိတ်မျိုး မထားခဲ့တော့ပါဘူး"

"ဒါဖြင့် သဘောတူလိုက်ပါ၊ မိန်းကလေးမှာ ရုပ်ဆင်းအင်္ဂါ ဣန္ဒြေ သမ္ဘတ္တိ ဘာမှပြောစရာမရှိဘူး။ ဦးဆီက ကျွန်တော် လိုချင်တာဟာ ဒါပါပဲ"

"ကောင်းပါပြီဆရာ ကျွန်တော့်ကတိအတိုင်း ဆရာ့ဆန္ဒကို ပြည့်စုံစေပါ့မယ်"

ကျွန်တော် ရုတ်တရက် လက်ကိုဆန့်တန်းကာ..

"ဂွဒ် ကမ်းမွန် ရှိတ်(က)ဟင်...."

နှစ်ယောက်သား လက်ချင်းဖျစ်ညှစ်လှုပ်ရမ်းကြသည်။

❑

# အခန်း (၁၀)

## ခင်မောင်ဇော်၏ ထမင်းစားပွဲ

ကျွန်တော်မှာ တင်မောင်ကိုအတွက် ရင်ထဲမှအလုံးကြီးကျသွားကာ သူ့အဖို့ အောင်မြင်စွာ ဆောင်ရွက်ပေးလိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိလှပါသည်။ ယခု သူတို့အခြေမှာ သမီးရည်းစားနှစ်ယောက်ပင် သူ့ဦးကြီး ထံမှောက် သွားရောက်တွေ့ဆုံကြပြီး၍ လက်ထပ်ရန် ရက်ကန့်သတ်ဖို့သာ ကျန်တော့သည်ဟုဆိုလေသည်။

ထိုအချိန်၌ ဝေ့ဆီက စာများလည်း ကျွန်တော့်ထံ မှန်မှန်လာ၍ ဟိုနီ ရီယာကြီးရန်လည်း ပေါ်အူးကို တာဝန်လွှဲပြီး မေ့မေ့ပျောက်ပျောက်နေသဖြင့် ကျွန်တော့်အဖို့ လောကကြီးမှာ သာတောင့်သာယာရှိလှပါပေသည်။

ယင်းသို့ အကြိုက် တစ်နေ့သောနံနက်ခင်းဝယ် ကျွန်တော် ကော်ဖီ သောက်နေစဉ်တွင် ပေါ်အူးက

"ဆရာ အခု မနက်စာအတွက် ကိုခင်မောင်ဇော်တို့အိမ်က ဖိတ်ထား တယ်ဆရာ"

"ဟေ ... ဟုတ်လား"

ခင်မောင်ဇော်မှာ ကျွန်တော်နှင့်ရင်းနှီးသော သူငယ်ချင်းဖြစ်ကြောင်း မိတ်ဆွေသိပြီးဖြစ်ပါသည်။

"ဘာအတွက်များတဲ့လဲကွာ ညစာလဲမဟုတ် မနက်စာကြီး"

"ဘာအတွက်မှမဟုတ်ဘူးတဲ့ဆရာ၊ ဆရာ သူတို့အိမ် မလာတာကြာတာနဲ့ ဆရာ့အတွက် စပါယ်ရှယ်ကျွေးချင်လို့တဲ့ ဆရာ"

"ငါ ... သူတို့အိမ် ရောက်ရင်တော့ ပျော်စရာကောင်းဦးတော့မှာပဲ။ တစ်လောကများ သူတို့မောင်နှမတွေ တိုင်ပင်ပြီး ငါ့ကို နတ်စိမ်းဖြစ်အောင်လုပ်ကြတယ်။ အာဂလူတွေကွဲ့"

"ဟုတ်ကဲ့ဆရာ အခုမနက် သူတို့အိမ်က ကားလွှတ်ခေါ်မတဲ့ဆရာ"

"ငါ့များ ဘယ်လိုကျီစားကြအုံးမယ် မသိဘူးဟေ့ အလကားသက်သက်တော့ မဟုတ်ဘူးကွ"

ကျွန်တော့်ထင်မြင်ချက် မလွဲပါ။ သူတို့ထမင်းစားပွဲက အထက်တန်းကျလှသည်။ ဦးကျော်မင်း အိမ်မှာတုန်းက ကဲ့သို့ပင် လူတစ်ယောက်လျှင် ဟင်းရံစုံ တစ်ပွဲစီ၊ ဧည့်သည်ဆို၍ကား ကျွန်တော်တစ်ယောက်သာ ရှိ၏။

အထူးသဖြင့် ကြက်သားဟင်းက ချိုချိုလေးလေးနှင့်ကောင်းလှသည်။ ကြက်သားဆု(ပ)က အရသာရှိလှသည်။ ကျွန်တော်မှာခါတိုင်းနှင့်မတူ ကိုယ့်ကိုယ်ကို မယုံနိုင်လောက်အောင်ပင် ထမင်းစားကောင်းလွန်းလှသည်။

ခင်မောင်ဇော် နှမခင်မေရီက ဤဟင်းတွေ သူချက်တာဟု ပြော၍ ဒီလိုထမင်းဟင်းချက်ကောင်းတဲ့ မိန်းမမျိုးကို ရှာယူနိုင်ပါ့မလားဆိုသည်။ ကျွန်တော်က

"ဘာအထူးရှာနေစရာ လိုတော့သလဲ"

ဟု ချိတ်ရာ၌ သူကလည်း

"မေကလဲ အဆင်သင့်ပါပဲ"

ဟု ပြန်ချေသည်။ ဤတွင် ခင်မောင်ဇော်တို့ အဒေါ်ကြီးက

"ကဲ ... ဒါဖြင့် ခဲဖိုးပေးကြ၊ ပြည်တော်သာမင်္ဂလာဆောင်လို့ ငါကဖိတ်စာရေးမယ်ကွ"

ဟု ဝင်သောသည်၌ အားလုံးပင် ပွဲကျ၍ရယ်မောကြသည်။

သို့ရယ်မောကြရာ၌ ကျွန်တော်မှာ အရယ်အသန်ဆုံးရယ်ကြောအရှည်ဆုံးဖြစ်နေပြန်သည်။ ဘာဖြစ်သည်မသိ။ ရင်ထဲတလှိုက်လှိုက်နှင့် ရယ်၍အလွန်ကောင်းနေသည်။ ရယ်ပြီးရင်း ရယ်ချင်ရင်း၊ ထမင်းစားပွဲမှထသည်ထိလည်း ကျွန်တော်မှာ အော်ကြီးဟစ်ကျယ်နှင့် တစ်ယောက်တည်းရယ်လျက်..

ခင်မေရီညီမ တင်မေစီက ကျွန်တော့်ကို စီးကရက်ညှိပေးပြီး ...

"ရော့ ဆေးလိပ်သောက်လိုက်ဦး ကိုကိုဆွေ၊ သိပ်ရယ်မနေနဲ့နော်... တော်တော်ကြာ ရယ်ပြီးရင် ငိုရတတ်တယ် သိရဲ့လား ..."

ဤသို့ သူပြောလိုက်မှပင် ကျွန်တော်မှ ငိုချင်စိတ်ပေါ်လာ၍ ငိုမိပြန်တော့သည်။ ခင်မောင်ဇော်က လာရောက်သတိပေးသည်နှင့် ကျွန်တော်ရုက် မိပြန်ကာ...

"ဟေ့ကောင် ငါဘာဖြစ်တာလဲကွာ..."

"ဘာဖြစ်ရမလဲ ခင်မေရီက မင့်ကိုကြိုက်လို့ အစာထဲဆေးခတ်တာ သိရဲ့လား၊ မင်း သူ့ကိုယူရင်ယူ မယူရင်သေအောင်လုပ်ပစ်မတဲ့ သိရဲ့လား"

သူတို့အဒေါ်ကြီးက ဝင်ပြောပြန်သည်နှင့် ကျွန်တော့်မှာ ငိုလက်စမှ ရယ်ရပြန်တော့သည်။ သူတို့အိမ်သားတွေနှင့် ကျွန်တော်မှာ အလွန်ပင်ခင်မင် ရင်းနှီးကြ၍ ဤအထိပင် နောက်လေ့နောက်ထရှိပါသည်။ အပျိုရယ် လူပျို ရယ်ဟု သဘောမထား၊ တစ်ယောက်တစ်ယောက် ပြောချင်တာပြောနိုင်သော သူငယ်ချင်းများလို နေကြသည်။ (မှတ်ချက် 'ဖြစ်လေရာဘဝယ်' ဝတ္ထုကို ဖတ်ဖူးလျှင် အေးဆွေနှင့်ဤအိမ်သားများ ပျော်ရွှင်တတ်ပုံကို သိပေမည်။)

ဤသို့ရှိစဉ်၌ တယ်လီဖုန်းဘဲလ်သံကြား၍ ခင်မောင်ဇော်က သွား ရောက်နားထောင်ကာ ကျွန်တော့်အိမ်မှာ ဧည့်သည်ရောက်နေသဖြင့် အမြန် ပြန်လာဖို့ ပေါ်အူးက ခေါ်ကြောင်းပြောပြပြီး ကားနှင့်လိုက်ပို့ပါသည်။

ကျွန်တော့်တိုက်ရှေ့ ပေါ်တီကိုအောက်ရောက်၍ ကားပေါ်ကဆင်းရ မည်၌ ကျွန်တော်မှာ ချောက်ကမ္ဘာကြီးထဲ ခုန်ချရတော့မည်ကဲ့သို့ ကြောက် ရွံ့နေသည်နှင့် ပေါ်အူးအကူအညီခေါ်ကာ သူ့ကို အတင်းတွဲဆင်းရပါသည်။

ဧည့်ခန်းရောက်သည်တွင် လူကြီးနှစ်ယောက် ထိုင်နေသည်ကို မြင်ရ သည်။ သို့သော် ကျွန်တော်မှာ ဘယ်သူဘယ်ဝါများဟု ရုတ်တရက်ဝေခွဲ၍ မရ၊ စိတ်ထဲဇဝေဇဝါနေသည်။ သူတို့နှင့် မျက်နှာချင်းဆိုင်ဝင်ထိုင်ပြီး ကြောင် ကြည့်နေကာ တော်တော်ကြာမှ အမှတ်ရလျက် လက်ယာဘက်က လူကို လက်ညှိုးထိုး၍...

"အို ... အို... ခုမှစဉ်းစားမိတယ်၊ ဒါက ကျွန်တော့်အချစ်တော်ကြီး ဟိုနီရီယာတို့အဖေ ဦးတောက်ထွန်းပဲ၊ အင်း ... နောက်တစ်ယောက်က...."

ကျွန်တော့်လက်ဝဲဘက်ကလူကို လက်ညှိုးထိုးပြန်ကာ

"အား ... အား ..ကျွန်တော့်မိတ်ဆွေဟောင်းကြီး ဒေါက်တာသိန်းဇံပဲ၊ မတွေ့ရတာ တော်တော်ကြာပြီနော် ... ဘယ့်နှယ် မြန်မာပြည်မှာ အရှုံးတွေ တော်တော်ပေါပြီး တော်တော်များကုရလို့ စီးပွားရေးအခြေအနေ လာဘ်သပ ကာ ရွှင်ပါစခင်ဗျာ..."

သူတို့နှစ်ယောက်မှာ ဘာမျှ ပြန်မပြော၊ အထူးသဖြင့် ဦးတောက်ထွန်း က အံ့သြစွာ ကြောင်ကြည့်နေသည်။

ဒေါက်တာသိန်းဇံမှာ နာမည်ကျော် စိတ်ရောဂါဆရာဝန်ဖြစ်ကြောင်း မိတ်ဆွေသိပြီး ဖြစ်ပါလိမ့်မည်။ သူသည် ၁၉၄၇ ခုနှစ် သူ့သမီးမယ်ဒဂုန်မြင့် တင်တင်ကို ကျွန်တော်ကြိုက်သည့်နေ့မှစ ကျွန်တော့်ကို စိတ်မကောင်းဟု စွပ်စွဲခဲ့သူဖြစ်ပါသည်။ ထို့အပြင် ရွှေမန်းမယ် ညွန့်လွင်လွင်နှင့် ကျွန်တော် မရအောင်လည်း သူပင် ဖျက်ခဲ့ပါသည်။ အောင်မြသွင်ကိစ္စနှင့် ကျွန်တော် မြောင်းမြသို့ သွားရတုန်းကလည်း သူပင် ကျွန်တော်ကို ခွေးပြေးဝက်ပြေး ပြေးရအောင်လုပ်ခဲ့ပါသည်။

ဤအကြောင်းများကို ပြန်ပြောင်းတွေးပြီး ကျွန်တော့်မှာ ရယ်ချင်စိတ် ပေါ်လာသည်နှင့် တဟားဟားရယ်မိပါတော့သည်။ သို့ရယ်နေရာမှ ဟိုနိုရီ ယာကြီး သွားသတိရသည်နှင့် ဦးတောက်ထွန်းဘက် ကြည့်ကာ....

"ဩော် ... ဦး ... ဦး ... ပြောရဦးမယ်။ အခု ကျွန်တော်ရယ်တာက 'အဟတ် ... ဟားဟား ... အဟတ် ဟားဟား .... မဟုတ်လား ဒါပေမယ့် ဦးသမီး ဟိုနိုရီယာ ရယ်တာက ဒီလိုမဟုတ်ဘူးခင်ဗျ ဟစ်ဟစ်... ဟီးဟီး... နဲ့ သွပ်ခေါင်မိုးပေါ် ကလောက်စာလုံးခုန်ပေါက်ကျလာတဲ့အတိုင်းပဲ ခင်ဗျ။ အဲဒါကို ဦးသားကလေး နယ်လ်ဆင်က ဘယ်လောက်နာမည်ပေးကောင်း သလဲဆိုရင်... အပျို တွန်တာတဲ့တယ်တော်တဲ့ကလေး၊ ဒါကို ကျွန်တော်က ထောက်ခံတယ်"

ကျွန်တော်ပြောချင်တာတွေ စိတ်ထဲရှိသမျှ လျှောက်ပြောမိရာ ဦး တောက်ထွန်း မျက်နှာမှာ ဒေါသယောင်သန်းလာသည်။ ပေါ်အူးက ကျွန် တော့်ပခုံးနှစ်ဖက်လာကိုင်ကာ....

"ဆရာ သတိထားပါဆရာ၊ သတိထားပါ၊ ဆရာအိပ်ချိန်တန်ပါပြီ"

ဟု ဆိုပြီး လူကြီးနှစ်ယောက်ဘက်လှည့်ကာ

"ဦးမင်းတို့ခင်ဗျား ကျွန်တော့်ဆရာနဲ့ ကိစ္စရှိရင် ကျွန်တော့်ကိုမှာခဲ့ပါ။

ခုချိန်မှာတော့ သူနဲ့ပြောလို့ မဖြစ်ပါဘူး”

ဤတွင် လူကြီးနှစ်ယောက်သည် ဘာကိစ္စမှမရှိဘူးဟုပြော၍ ထပြန်ကြသည်။ ကျွန်တော့်မှာ ကိုယ့်ကိုယ်ကို မစဉ်းစားတတ်အောင်ဖြစ်ကာ တွေငိုင်နေသည်၌ ပေါ်အူးသည် ဖြူဖြူရေတစ်ခွက်ကို ယူလာကာ

“ဒါသောက်လိုက်ပါဆရာ”

“ဘာလဲကွ”

“အိပ်ဆေးပါဆရာ”

“ဟော… ငါဘာဖြစ်တာလဲကွ”

“ဆရာ အိပ်ရာကနိုးတော့ ကျွန်တော်ပြောပါ့မယ်ဆရာ”

ကျွန်တော်နှစ်ခြိုက်စွာ အိပ်ပျော်သွားပြီး နေ့လည် ၃နာရီခန့်၌ ကြည်လင်စွာ နိုးလေသည်။ ပေါ်အူးက ဖရုဆော့တစ်ခွက်လာပေး၍ သောက်လိုက်ရပြီး …

“ကဲ… ပြောစမ်းဟေ့ ပေါ်အူး”

“ဆရာ… ဦးတောက်ထွန်းသမီး ဟိုနိုရီယာနဲ့ မပေးစားဖြစ်အောင်လုပ်ဖို့ ကျွန်တော့်ကို တာဝန်ပေးထားတယ်မဟုတ်လား”

“အေး … ဟုတ်တယ်ကွ”

“အမှန်က ဆရာတို့မှာ မင်္ဂလာဆောင်ဖိတ်စာ ရိုက်ဖို့ လက်မတင်ကလေးလိုတော့တယ်။ သူ့သားကလေး နယ်လ်ဆင်ကို ဆရာရေထဲတွန်းချတဲ့အတွက်ကြောင့်သာ ဦးတောက်ထွန်းက ဆရာ့ကိုတယ်စိတ်မနံ့ဘူးယူဆပြီး ခရီးထွက်နေတဲ့ သူ့မိတ်ဆွေဒေါက်တာသိန်းဖုံပြန်ရောက်မှ သေသေချာချာ စုံစမ်းပြီး ဆုံးဖြတ်ချက်ချမယ်လို့ သူ့မိန်းမဆန္ဒနဲ့ ဆရာ့ဒေါ်ကြီးစိုးအလောခတ်မှုကို တားထားတယ်။ ဒေါက်တာသိန်းဖုံပြန်ရောက်တဲ့အခါမှာ ဆရာ့ကို သတိမပေးဘဲ အမှတ်တမဲ့ ဆရာ့အနေအထိုင်လာကြည့်မယ်နေ့ကို ကိုဘဖိုးကျေးဇူးကြောင့် ကျွန်တော်ကြိုတင်သိရတယ်။ ဒါကြောင့် ကိုခင်မောင်ဇော်အိမ်မှာ ဆရာ့ကို ဟိုဟာနဲ့ဟိုဟာကျွေးဖို့ ကျွန်တော်စီမံရပါတယ်”

ကျွန်တော်အသိဉာဏ်ဝင်ကာ….

“အား … ငါအခုနဖြစ်တာ ဒါကိုးကွ”

“ဟုတ်ကဲ့ဆရာ”

“သူတို့ကတော့ ငါ့ကို တကယ်အရူးထင်သွားကြမှာပဲ”

"ဒါမှလဲ ဆရာဟိုနိုရီယာနဲ့ မပေးစားဖြစ်မှာဆရာ"

"အေး ... ကောင်းတယ်။ ဒါနဲ့ဒီအကြောင်း ဒေါ်ကြီးစိုးသိသွားတော့ တို့ တမင်လုပ်တယ်ဆိုရင်"

"ဒါတွက်မပူပါနဲ့ဆရာ၊ ကိုခင်မောင်ဇော်က ဆရာ့ကို ခေါ်ကျီစားတဲ့ နေ့မှ အကြောင်းအားလျော်စွာ တိုက်ဆိုင်သွားတာပါလို့ တာဝန်ယူပါလိမ့် မယ်ဆရာ"

"မင်းပြောပြီးပလား"

"ကျွန်တော်နဲ့သူနဲ့ တိုင်ပင်လုပ်တာပဲဆရာ"

"အေး ... ကောင်းတယ်ဟေ့၊ ဒါနဲ့တောင် ဒေါ်ကြီးစိုးက ဒီအကြောင်း သိသွားတော့ ဦးတောက်ထွန်းတို့ကို ရှင်းပြပြီး ပြန်ပေးစားဖို့စီမံနေဦးမှာ စိုးရ တယ်ကွ၊ သူကြီးက အင်မတန်သဘောတူနေတာ"

"ဒီအတွက်လဲ မစိုးရိမ်ပါနဲ့ဆရာ၊ ခုတစ်ထစ် မပေးစားဖြစ်ဘူးဆိုတာ နဲ့ ဦးတောက်ထွန်းက သူ့သမီးကို အမေရိက ပညာတော်သင်လွှတ်ဖို့ ဝန် ကြီးဦးလွန်းပွေနဲ့ စီစဉ်ပြီးနေပြီတဲ့ဆရာ"

"အေး ... ကောင်းတယ်... ကောင်းတယ်...။ ဒါကြီး မြန်မာပြည်မှာ မရှိရင် ငါ့အဖို့ရော မြန်မာပြည်အဖို့ရော ကောင်းတာပဲ ဝမ်းသာတယ်ကွာ.. ပေါ်အူး"

"ဟော ... ဒီမှာ ဆရာ ဝမ်းသာဖို့နဲ့တူပါတယ် ဆရာ"

ဟုဆို၍ စာအိတ်ပြာကလေးတစ်ခုကိုပေးရာ ကျွန်တော် ထခုန်တော့ ခမန်းဖြစ်သွားလျက်

"ဟား ... ဝေ့ဆီကစာပဲကွ ဘယ်အချိန်ရောက်နေတာလဲ"

"ဆရာ ... အိပ်နေတုန်းကဆရာ"

"ဝှဒ် ... ဝှဒ်... ဝမ်းသာစရာတွေ ဆုံလာတယ်ဟေ့"

ကျွန်တော် ဖွင့်ဖတ်လိုက်ပါသည်။

'အချစ်ဆုံးမောင်...

မောင့်... မောင်... မောင်... အဲ့လိုခေါ်တာလေစာနဲ့မဟုတ်ဘူး။ ဝေ့ နှုတ်က ရှမ်းသံဝဲဝဲကလေးပါ မောင်ကြားရတော့မယ်မောင်။ ဘာကြောင့်လဲ ဆိုရင် ဝေ ရန်ကုန်ကိုရောက်ရတော့မယ်သိလား၊ ဘယ်တော့လဲဆိုရင်ဖြင့် အခုဒီစာပါတဲ့ လေယာဉ်ပျံနဲ့ဝေတို့စီးခဲ့ရမှာမို့ မောင် ဒီစာဖတ်နေတဲ့ အချိန်

ဟာ ဝေ ရန်ကုန်မြေရောက်နေပြီပဲ အန်တီနဲ့အတူ မာဂရက်ခင်သန်းမြင့်တို့ အိမ်တည်းမှာပဲ။ မောင် သူတို့အိမ်လာနိုင်ပါမလား။ အို ... လာဖို့မလာဖို့ မဆုံးဖြတ်နဲ့အုံးလေ။ အခြေအနေကြည့်ပြီး စဉ်းစားကြသေးတာပေါ့....

မောင် ... စာရေးဆရာကြီး 'ပပဝတီ' အနေနဲ့ ရှမ်းနယ်ဇနပုဒ်က အသေးအနုတ် 'ဝေ' ဆိုတဲ့ ကောင်မလေးနဲ့ ချစ်နေတယ်ဆိုတာ မာဂရက် ခင်သန်းမြင့်တို့ အသိခံမလား ...

အို ... တွေ့မှ မောင့်ကို ရင်ခွင်ထဲဝင်ပြီး ပြောချင်တာတွေအများကြီးရှိ တယ်လေ။ မောင့်အိမ်မှာ တယ်လီဖုန်းရှိတယ်နော်၊ မာဂရက်တို့အိမ်မှာလဲ ရှိတယ်... အသာနေ သူတို့တွေအလစ်မှာ ဝေ ... မောင့်ဆီ ဖုန်းဆက်လိုက် မယ်သိလား။ မောင် ဒီစာရပြီးရင် အိမ်ကဘယ်မှ မသွားနဲ့နော်...."

ယင်းသည်အခိုက်မှာပင် တယ်လီဖုန်းဘဲလ်က ကလင်လင် ... မြည် လေရာ ကျွန်တော် ဝမ်းသာအားရထခုန်ပြီး

"ဟော့ ... ပေါ်အူးရေ ငါ့အဖို့မှာ တစ်နေ့ထဲ ရတနာပုံစုံဆိုက်နေတာပဲ ကွာ"

ဟု ပြောရင်း ဖုန်းကို သွားကိုင်လိုက်ပါသည်။

"ဟဲလို"

"ဟဲလို ... အေးဆွေ"

"ဟင် ... တင်မောင်ကို"

"ဟော့ကောင် ဘာလဲကွ"

"မင်းတော့ အကြီးအကျယ် ဂျောက်ကျပြီမောင်"

"ဘာ"

"ဒီနေ့မနက် ၉ နာရီလောက်ကစပြီး ငါတို့အိမ်မှာ ဘာဖြစ်ကြသလဲ ဆိုတာ မင်းသိရဲ့လား"

"ငါမှာ ဒိဗ္ဗစက္ခုမှ မရှိတာ ဘယ်သိမလဲ"

"အေး ဒါဖြင့် အခုသိပရော့၊ ဒီမနက် ငါ့ကောင်မလေးမြိုင်မြိုင်နဲ့ ဦး ကြီးဆီလာကြတယ်။ အဲဒီအခါမှ ဦးကြီးက မင်းပေးထားတဲ့ 'ဂုဏ်မတူနံ့သူမို့ လား'ဝတ္ထုကို ပြန်ဖတ်နေတယ်။ ဒါကိုမြင်တော့ မြိုင်ကမေးတယ်။ 'ဦးကြီး ကလဲ ပပဝတီကို ကြိုက်သလား'တဲ့၊ ဦးကြီးက 'အေးကြိုက်တယ်ကွ၊ မင်းတို့ ဆိုသာကြိုက်မှာပေါ့'ပြောတော့ မြိုင်က ဘာပြန်ပြောသလဲသိလား 'စာရေး

ဆရာမ ပပဝတီဆိုတာ ကျွန်မပဲတဲ့"

ကျွန်တော် ရုတ်တရက် မျက်လုံးပြူးကာ ....

"ဟော ပပဝတီဆိုတာ သူ..ဟုတ်နိုင်ပါ့မလားကွာ"

"ဦးကြီးက မင့်ထက်သာမယုံသေးသပ့်၊ သူ့လိုလူကြီးကို ဒီလိုရွှတ်နောက်ရတာမို့လားဆိုပြီး အကြီးအကျယ် ဒေါပွတယ်။ မြိုင်ကလဲ ပပဝတီဆိုတာ ကျွန်မ အစစ်ပါပဲ။ ဟိုတုန်းက ဘယ်သူမှ ထုတ်မပြခဲ့ဘူး။ အခုမှ အဓိဋ္ဌာန်စေ့လို့ ဖွင့်ပြောတာ။ ဦးကြီးကလဲ ငါ့ကို အရူးမလုပ်ချင်စမ်းပါနဲ့ ပပဝတီဆိုတာ ငါနဲ့လူချင်းအင်မတန် ရင်းနှီးပါတယ်။ ဘယ်သူပဲ ဘယ်ဝါပဲနဲ့ အချေအတင်တော်တော်ပဲ ပြောကြတယ်။ နောက်ဆုံးမှာ မြိုင်က သူ့လက်ရေးစာမူတွေနဲ့ သူ့စာအုပ်တွေထုတ်တဲ့ပတ်ဗလစ်ရှာခေါ်ပြသည်အထိ ရောက်တာပဲ။ ဒီတော့မှ ငါ့ဦးကြီး ဒေါသက မင့်အပေါ်ကျတော့ တာပေါ့"

"နို့ မင့်ဦးကြီးက မင့်ကိုကော မမေးတော့ဘူးလား"

"မေးတယ် ဒီတော့ ငါ့က 'ကျွန်တော်လဲ မသိဘူး၊ သူက သူ့ကိုယ်သူ ပပဝတီပြောလို့ ကျွန်တော်က ပြောရတာပဲ'လို့ ဖြေရတာပေါ့"

"ဟော့ ... မင်းက ဒီလိုဖြေတယ်၊ အဖြစ်မှန် ရှင်းမပြလိုက်ဘူးလား"

"ဘယ်ရှင်းပြလို့ ဖြစ်မလဲကွ၊ မင်းနဲ့ငါနှစ်ယောက်ပေါင်းလှည့်စားတာပေါ်သွားတော့ ငါ့ကိုမိန်းမမပေးစားတဲ့အပြင် အိမ်ကနှင်ပစ်အုံးမှာပေါ့ကွ၊ နို့ပြီး မိဆိတ်ကိုလိုချင်လို့ ဒီကိစ္စ စထွင်တယ်ဆိုတာ သူသိသွားတော့ကော ဘယ်ကောင်းမလဲ"

"ဟ ... အခု သူတို့ချင်း ညားပြီးလို့ပဲ ကြာလှမှဟာ"

"ဒါထက် အရေးကြီးတာက ငါကအခု မြိုင့်ကိုငါတစ်သက်တာမှာ ပထမဆုံး အချစ်ဦးလို့ ပြောထားတယ်"

"ဘာ ... မင့်ပထမဆုံး အချစ်ဦး"

"အေး ... မိန်းကလေးဆိုတာ ဒီလိုပဲ အချစ်ဦးပြောမှ ကြိုက်တာမဟုတ်လား။ ဒီတော့ ဒါကို အခုချက်ခြင်း အလိမ်ပေါ်သွားရင် ဘယ်ကောင်းမလဲကွ ဟုတ်ဘူးလား"

"အင်း ... မင်းတယ်တော်တဲ့ကောင်"

"ဟော့ ... ငါ့ကိုချီးမွမ်းနေဖို့မင့်မှာ သိပ်အချိန်မရှိဘူးထင်တယ်။ မင့်အန္တရာယ်တွေကို ကာကွယ်ဖို့ပြင်တော့ နံပါတ်(၁) ငါ့ဦးကြီး **သိပ်ရှက်နေ**

တယ်။ သူ့ကို ဘာကြောင့်လုည့်စားရသလဲဆိုတာ မျက်နှာချင်းဆိုင်ထုချေ လွှာတောင်းလိမ့်မည်။ (၂) ငါ့ရည်းစားမြိုင် ပပဝတီအစစ်က မင်း ဘာကြောင့် သူ့နာမည်အလွဲသုံးစားလုပ်ရတယ်ဆိုတာ ဖြေရှင်းချက်တောင်းလိမ့်မယ်။ နံပါတ်(၃) အဆိုးဆုံးက ဒီရန်ဘယ်ကလာသလဲဆိုတာတောင် မင်းသိဦးမှာ မဟုတ်သေးဘူး။ မင်းတောင်ကြီးက 'ဝေ'ဆိုတဲ့ ကောင်မလေးတစ်ယောက်ကို ပပဝတီနာမည်လိမ်နဲ့ ရည်းစားလုပ်ထားတယ်ဆို..."

"အား ... အား... အား"

ကျွန်တော် လန့်၍ပင်အော်မိကာ

"မင်း ... ဒါ ဘယ်ကသိတာလဲ"

"ဘယ်ကသိရမလဲ... အခု ဒီကောင်မလေးကမာဂရက်ခင်သန်းမြင့်တို့ အိမ်ရောက်နေတယ်။ နို့ပြီး မင်း ပပဝတီလိမ်ပေါ်သွားတာကလဲ ငါ့ဦးကြီး ဆီက တစ်ဆင့်တစ်ဆင့်နဲ့ မာဂရက်ခင်သန်းမြင့်တို့ရော၊ နယ်လီနေမျိုးတို့ ရောစမ်းစမ်းတို့ရော အကုန်သိကုန်ကြပြီ။ ငါ့ရည်းစားမြိုင်ပပဝတီအစစ်နဲ့လဲ သူတို့မိတ်ဆွေဖြစ်ကုန်ကြပြီ။ ဒီတော့ နက်ဖြန်ခါ ၈ နာရီ ၉ နာရီလောက်မှာ အဲဒီ ကောင်မလေးက မင့်ဆီက ရည်းစားစာတွေနဲ့ မင့်ဓာတ်ပုံပြန်တောင်းရ အောင် ငါ့ဦးကြီးရယ်၊ ငါ့ရည်းစားမြိုင်ရယ် သုံးယောက်ပေါင်းပြီး မင့်အိမ် ကို လာကြလိမ့်မယ်။ နဘေးပွဲကြည့်ပရိသတ်အဖြစ်က မာဂရက်ခင်သန်းမြင့် တို့ နယ်လီနေမျိုးတို့ စမ်းစမ်းတို့ လူသိုက်ပါလိမ့်မယ်။ အဲဒီပွဲမှာ မင်းဘယ် လိုနွှဲမလဲဆိုတာ ငါ သတင်းကောင်းကြားချင်တယ်ကွာ။ ငါတစ်ခု တောင်း ပန်ချင်တာကတော့ မင်း ပပဝတီ ဖြစ်ရတာ ငါ့ကြောင့်ဆိုတာ မဖော်ပါနဲ့ ဦးဟေ့ ... မင့်အတွက် မထူးတော့ပါဘူး။ ငါလက်ထပ်ပြီးရုံတင်ကလေးပဲ ဖြစ်ဖြစ်စောင့်ပါကွာ။ နောက်တော့မှ ဘာပဲဖြစ်ဖြစ်၊ စိတ်ချပါရစေနော်... သူငယ်ချင်း ချယ်ရီယို ..."

"အဲဒါ ပေါ်အူး မင့်ဘယ်လိုသဘောရလဲဟေ့"

"ကျွန်တော်သာ ဆရာ့နေရာမှာဆိုရင် ဆရာ မော်ဘီလုပဒါးရှာက ဆရာ့သူငယ်ချင်း ကိုအောင်ဖေမြိုင်နဲ့ မအေးကြည်လေးတို့က သူတို့ဆီ အလည်လာဖို့ ဖိတ်ထားတာ အခုညနေပဲ သွားလိုက်ဆရာ...."

"အေး ... အချိန်လဲ အဆင့်သင့်ပဲဟေ့ ... သူတို့ခေါ်နေတာလဲ ကြာလှပြီ၊ မင်းကော လိုက်နိုင်မယ်လား..."

"ကျွန်တော်လိုက်လို့ မဖြစ်သေးဘူး ဆရာ၊ မနက်ဖြန်လာမယ့် ဧည့်သည်တွေကို ဧည့်ခံမယ့်လူမရှိရင် ကျွန်တော့်တို့ ရိုင်းရာကျနေအုံးမယ် ဆရာ..."

"အေး ... ဟုတ်သဟေ့"

ထိုနေ့ညဉ့်ပင် ကျွန်တော်သည် မော်ဘီလုပဒါးရွာသို့ ရောက်ခဲ့လေ၏။ အောင်ဖေမြိုင်တို့လင်မယားမှာ သူ့အဒေါ်မိုးကုတ်က ဒေါ်လိပ်မ 'မြို့ကြီးရန်ကုန်'သို့ လိုက်လာသည့်ကိစ္စနှင့် ပတ်သက်၍ ကျွန်တော့်အိမ်တွင် လာရောက်ပြဿနာဖြေရှင်းသွားသည်မှ ယခု မတွေ့ရသည်မှာ အခါလည်နီးပါးရှိချေပြီ။ ကျွန်တော်ရောက်သွားသောအခါ၌ လင်မယားနှစ်ယောက်သည် ဝမ်းသာအားရရှိလှ၏။

ထိုရွာသည် လယ်ကွင်းပြင်ပတ်လည်ဝိုင်းလျက်ရှိသော ရွာသိန်ရွာငယ်ကလေးပင် ဖြစ်လင့်ကစား အောင်ဖေမြိုင်ဆီမှာ တီကောင်ကို ဆားပက်မောင်းနှင်၍လည်းကောင်း၊ ပီလောပင် ပက်ကျိတက်နေသည်ကို ကြည့်ရှု၍လည်းကောင်း၊ လောကသဘာဝသို့ လေ့လာကာ....

(၁) စောင့်ခေါ်ပါမေ..
မိုးရေထဲကို လမ်းလျှောက်သွားယင်၊
(၂) ထီးလဲမပါ၊
မိုးကာအင်္ကျီမရှိရင်တော့
ရွှံကုန်မှာပေါ့၊
နော့ပြီးတော့လဲ၊
ဘယ်မလဲပိုက်ဆံ၊ မုန့်ဝယ်စားဖို့။
(၃) လူထုဆင်းရဲ
မွဲလိုက်ချည့်ဖွတ်ဘိုးအေ
အမေရိကန်အင်္ဂလိပ်ကြောင့်
ပြာပုံအိပ်သည့် ခွေးဝဲစား ... ဂိန် ...

စသည့် သူ့ကဗျာများကို ရေးစပ်နေသော ကဗျာဆရာဖြစ်၍ သူ့တာဝန်နှင့်သူ၊ နှစ်သိမ့်ပျော်မွေ့လျက်ရှိချေသည်။

ကျွန်တော်မှုကား ဤရွာတွင် ၃ ရက်ထက်ပို၍ မနေချင်ပါချေ။ သို့သော် အခြေအနေကို စောင့်ရပါ၏။

၆ ရက်မြောက်သည်၌ တင်မောင်ကိုနှင့် ပပဝတီ မင်္ဂလာဆောင်ပြီး ကြောင်း ကြော်ငြာသည်လည်းကောင်း၊ ဟိုနိုရီယာကြီး အမေရိကသို့ ပညာ တော်သင်သွားကြောင်း ဓာတ်ပုံကြီးသည်လည်းကောင်း၊ သတင်းစာတစ်ခု ထဲမှာ တွေ့ရ၍ ကျွန်တော် ဝမ်းသာအားရဖြစ်မိပါတော့သည်။

နောက် ၃ ရက်အကြာ၌ ပေါ်အူးဆီက 'ဆရာပြန်လာလိုက လာနိုင်ပါ ကြောင်း' စာရ၍ ကျွန်တော်ချက်ခြင်းပင် လစ်ခဲ့ပါတော့သည်။

"ဘယ့်နှယ်လဲဟေ့ ပေါ်အူး အဲဒီနေ့မနက် သူတို့ တကယ်ပဲလာကြ သလား ..."

"လာတယ် ဆရာ"

"မင်း ဘယ်လို ရှင်းလိုက်သလဲ"

"ကျွန်တော် ဘာမှပြောစရာမလိုပါဘူး ဆရာ ... ဒေါက်တာသိန်းဇံနဲ့ တွေ့သွားကြတာပဲ"

"ဟေ့ ... ဒေါက်တာသိန်းဇံ ပါလာလို့လား"

"ကျွန်တော်က သူ့ကို ဆရာ့ကုဖို့တိုင်ပင်ရအောင်ဆိုပြီး အချိန်မီလူ ချင်းဆုံမိအောင် ခြေကြွပေးပင့်ထားတာပဲဆရာ..."

"ဟေ ... ဒါဖြင့် သူတို့က ငါ့ကို အရူးအဖြစ် ယူဆသွားကြတယ်ပေါ့"

"ဒါလဲ ခုနစ်ရက်လောက်ပါ ဆရာ၊ ကိုတင်မောင်ကိုတို့ မင်္ဂလာ ဆောင်ပြီး နှစ်ရက်အကြာမှာ ကိုခင်မောင်ဇော်ရယ်၊ ကျွန်တော်ရယ် ဦးကျော်မင်း အိမ်သွားပြီး အစအဆုံး ရှင်းပြလိုက်ပါတယ် ဆရာ...."

"ဦးကျော်မင်းက ယုံရဲ့လား"

"သူ့တူအကြောင်း သူသိပြီးသားမို့ ယုံပါတယ်ဆရာ"

"ဒါကို အရင် သူတို့ ကျွန်တော်တို့အိမ်လာတုန်းကတော့ ဘာကြောင့် မပြောလဲတောင် မေးသေးတယ်.."

"ဒီတော့ မင်းက ဘာပြန်ပြောသလဲ..."

"ကျွန်တော့်ဆရာက ဦးကျော်မင်း ဒေါသဖြစ်ပြီး သူ့ သူငယ်ချင်းတင် မောင်ကိုကို သူလိုချင်တဲ့မိန်းမနဲ့ မပေးစားရုံမက၊ အိမ်က ပြန်နှင်ပစ်မှာစိုး တဲ့အတွက် အမှန်ကိုမထုတ်ဖော်ပါနဲ့ဦး၊ သူ့ကို အရူးထင်ချင်ထင်ကြပါစေ မှာသွားလို့ပါ ပြောလိုက်တယ်။ ဒီတော့ ဦးကျော်မင်းက ဆရာ့ကို သူငယ် ချင်းအပေါ် အင်မတန်ကောင်းပြီး သဘောထားကြီးပါပေတယ်လို့ ချီးမွမ်း

သေးတယ် ဆရာရဲ့…”

“ဒါ မင့် ကျေးဇူးပေါ့ကွယ်… နို့ တင်မောင်ကိုတို့ လင်မယားကော ကွဲ့.”

သူတို့ မရှိတော့ဘူးဆရာ၊ မင်္ဂလာဆောင်ပြီး နောက်တစ်နေ့ပဲ ဟန်နီးမွန်းထွက်သွားကြတယ်”

ဤနေရာ၌ ကျွန်တော် သက်ပြင်းချလိုက်ကာ….

“အင်း … သူတို့ဖြင့် ဟန်နီးမွန်းတောင် ထွက်သွားကြပြီ၊ ငါ့မှာတော့ ငါ့ကောင်မလေး ငါ့အိမ်လာတာတောင် မတွေ့လိုက်ရဘူး…”

“မတွေ့လိုက်ရတာ ကောင်းပါတယ်ဆရာ”

“ဘာကြောင့်လဲကွ…”

“သူက ဆရာ့ကိုကြိုက်တာမှ မဟုတ်တာ ပပဝတီကိုကြိုက်တာပဲ ဆရာ…”

“နိပ်ကောနိပ်တဲ့လားကွ”

“ဆရာမသိတာ ကောင်းပါလိမ့်မယ်ဆရာ”

ရည်းစားစာရေးရာတွင် အပလီခရာ ကောင်းလှသော ရှမ်းပြည်နယ် တောင်ကြီးမြို့သူ စာပေမွေ့သူကလေးသည် လူကိုယ်တိုင်တွေ့ရသောအခါ ၌ အကယ်ပင် နိပ်လေသလော၊ သို့မဟုတ် အဘယ်သို့ ရှိလေသနည်း … ပေါ်အူးသည် အဖြေမှန်ကို မပေးချေ။

ကျွန်တော်မှု လူချင်းမတွေ့ဖူးဘဲလျက် ထူးဆန်းစွာ ချစ်ရည်သန်းခဲ့ သူကလေးကို ယနေ့တိုင် မမေ့နိုင်ပါတော့။

❑



# သော်တာဆွေ

# ပပဝတီ

TTS0011
MMK 3,000.00